နံနက်ခင်းနိုးကြားရေးအတွက် သန့်ရှင်းသောနှုတ်ကပတ်တော်

## ဆုတောင်းခြင်း
## နှင့်
## သခင်ဘုရား၏
## လှုပ်ရှားမှု

**Prayer**
**and the**
**Lord's Move**

# The Holy Word For Morning Revival

2012 Thanksgiving Weekend Conference

# ဆုတောင်းခြင်း
# နှင့်
# သခင်ဘုရား၏ လှုပ်ရှားမှု


| အပတ်စဉ် | ခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| ၁ | ***ဆုတောင်းခြင်း၏အရေးပါမှု၊ ဆုတောင်းခြင်း၏အလေ့အလာနှင့် အသင်းတော်၏ဆုတောင်းခြင်းအမှုတော်*** | |
| | Outline | ၇ |
| | Day 1 | ၁၀ |
| ၂ | ***ဆုတောင်းသော လူတစ်ဦး*** | |
| | Outline | ၂၉ |
| | Day 1 | ၃၇ |
| ၃ | ***မြေကြီးပေါ်၌ ဘုရားသခင်၏လှုပ်ရှားမှုအတွက် တိုက်ခိုက်မည့် ဗိုလ်ခြေကို ဖွဲ့စည်းရန်အလို့ငှာ နံ့သာပေါင်းမီးရှို့ရာယဇ်ပလ္လင်၌ ဆုတောင်းခြင်း*** | |
| | Outline | ၅၄ |
| | Day 1 | ၆၀ |
| ၄ | ***ဆုတောင်းခြင်း၌ ဇွဲလုံ့လရှိခြင်း*** | |
| | Outline | ၇၉ |
| | Day 1 | ၈၉ |

## ပါဝင်သောအကြောင်းအရာများ


| အပတ်စဉ် | ခေါင်းစဉ် | စာမျက်နှာ |
| --- | --- | --- |
| ၅ | ***ဘုရားသခင့်စီမံကိန်း၏ကြီးမားသောဘီးရှေ့လျားမှု၌ သုံးပါးတစ်ပါးဘုရားနှင့်တစ်လုံးတစ်ဝဖြစ်ခြင်း*** | |
| | Outline | ၁၀၉ |
| | Day 1 | ၁၁၅ |
| ၆ | ***ဘုရားသခင့်အလုပ်၏တုနှိုင်းရာမဲ့သောစမ်းချောင်း၌ရှိသည့် ဆုတောင်းသောအသင်းတော်*** | |
| | Outline | ၁၃၅ |
| | Day 1 | ၁၄၁ |


January, 2013

2012 Thanksgiving Weekend Conference

# ဆုတောင်းခြင်း
# နှင့်
# သခင်ဘုရား၏လှုပ်ရှားမှု

## ဆောင်ပုဒ်

ကျွန်ုပ်တို့သည် ဘုရားသခင် မြေကြီးပေါ်တွင် လှုပ်ရှားလုပ်ဆောင်နိုင်ရန်
အလို့ငှါ၊ ကြီးရင့်သောယုံကြည်သူများဖြင့် ဖွဲ့စည်းထားသောစစ်တပ်
ဖြစ်လာစေဖို့ ဆုတောင်းခြင်းဖြင့်
ခရစ်တော်၏ကြားခံဆုတောင်းပေးသောအသက်တာ၌ ပါဝင်ဆက်ဆံဖို့
လိုအပ်သည်။

ကျွန်ုပ်တို့သည် ဆုတောင်းခြင်း၌ မဆုတ်မနစ်ဇွဲလုံ့လရှိပြီး၊
ဝိညာဉ်၌ အချိန်တိုင်းဆုတောင်းခြင်းဖြင့် ဆုတောင်းခြင်းအသက်တာကို
ဆက်လက်ထိန်းသိမ်းခြင်းအတွက် နိုးနိုးကြားကြားရှိဖို့ လိုအပ်သည်။

ကျွန်ုပ်တို့သည် အပြန်အလှန်တည်နေခြင်းဖြင့် ဘုရားဆိုင်ရာစီမံကိန်း၏
ကြီးမားသောဘီး၏လှုပ်ရှားခြင်းအတွက် ဆုတောင်းခြင်း၌
ကိုယ်တော်နှင့်အတူ တစ်လုံးတစ်ဝတည်းရှိဖို့ လိုသည်။

ကျွန်ုပ်တို့သည် ဘုရားသခင်၏တုန့်ပြန်မှုမဲ့ အမှုတော်အလုပ်၏စမ်းချောင်း၌
ဆုတောင်းသောအသင်းတော်ဖြစ်လာရန်အလို့ငှါ ဆုတောင်းခြင်းဖြင့်
ဆုမတောင်းခြင်းအပြစ်ကို ဆန့်ကျင်ရပ်တည်ဖို့ လိုအပ်သည်။

# ဆုတောင်းခြင်း၏အရေးပါမှု၊ ဆုတောင်းခြင်း၏အလေ့အလာနှင့် အသင်းတော်၏ဆုတောင်းခြင်းအမှုတော်

ဖတ်ရန်ကျမ်း။ ။ မ၊၆း၉–၁၀။ ၁၈း၁၈– ၂၀။ယော၊၁၅း၇။ ဧ၊၆း၁၈။ ၁ယော၊၅း၁၄။ ယု၊ဒ၊ ၂၀

*Day 1*

**I. ဆုတောင်းခြင်း၏ အမှန်တကယ်အရေးကြီးခြင်းမှာ ကျွန်ုပ်တို့၏ ဝိညာဉ်၌ ဘုရားသခင်ကို ဆက်သွယ်ရန်နှင့် ဘုရားသခင်ကိုယ်တော်တိုင်ကို လုံးဝအာရုံစူးစိုက်စုပ်ယူရန် ဖြစ်သည် (ယု၊ဒ၊ ၂၀။ ယော၊၁၄း၁၃။ ၁၅း၇)။**

က။ ဆုတောင်းခြင်းသည် လူသားဝိညာဉ်ကို ဘုရားဝိညာဉ်တော်နှင့် ဆက်သွယ်ခြင်းဖြစ်သည်၊ ထိုအချိန်တွင် ကျွန်ုပ်တို့သည် ဘုရားကို ရှူသွင်းနေသည် (ယု၊ဒ၊ ၂၀။ ယော၊၄း ၂၄)။

ခ။ စစ်မှန်သော ဆုတောင်းခြင်းသည် ကျွန်ုပ်တို့၏ဝိညာဉ်၌ ဝိညာဉ်တော်ဘုရားနှင့်အတူ ရောနှောပေါင်းစည်းခြင်းဖြင့် ဆုတောင်းခြင်းဖြစ်သည် (ယု၊ဒ၊ ၂၀။ ဧ၊၆း၁၈။ ရော၊၈း၁၆။ ၁ကော၊၆း၁၇)။

၁။ ဆုတောင်းခြင်းမှာ ကျွန်ုပ်တို့၏ဝိညာဉ်နှင့် ဘုရားသခင်ကို ပေါင်းစည်းစေခြင်း၌ ပူးပေါင်းဆက်သွယ်သောဆုတောင်းခြင်း ဖြစ်ရမည်။

၂။ မှန်ကန်သောဆုတောင်းခြင်း– ဘုရားနှင့်လူ ပါဝင်သောဆုတောင်းခြင်းသည်– ဘုရား၏ဝိညာဉ်တော်နှင့်အတူ လူ၏ဝိညာဉ် ရောနှောပေါင်းစည်းခြင်းနှင့် လူ၏ဝိညာဉ်နှင့်အတူ ဘုရား၏ဝိညာဉ်တော် ရောနှောပေါင်းစည်းခြင်း၏ အကျိုးရလဒ်ဖြစ်သည် (ယု၊ဒ၊ ၂၀။ ရော၊၈း၄၊ ၂၆)။

၃။ ဆုတောင်းခြင်း၌ ဘုရားနှင့်လူကို အတူတကွပေါင်းစည်းစေသည်၊ ဘုရားသည် စတင်ဆောင်ရွက်သူနှင့် တွန်းအားပေးသူ ဖြစ်သည်။ ဘုရားသည် လူအထဲ၌ ဆုတောင်းခြင်း နှင့် လူသည် ဘုရားအထဲ၌ ဆုတောင်းခြင်း ဖြစ်သည် (ယော၊၁၅း၁၇)။

*Day 2*

ဂ။ ကျွန်ုပ်တို့သည် ဘုရားအားဖြင့် အစပြု၍ ဘုရားကို ထိတွေ့ဆုတောင်းသည့် စစ်မှန်သောဆုတောင်းခြင်းများ ရလိုပါက၊ ကျွန်ုပ်

တို့သည် သန့်ရှင်းသောဝိညာဉ်တော်၌ ဆုတောင်းရမည်။ သန့်ရှင်းသောဝိညာဉ်တော်၌ ဆုတောင်းခြင်းမှာ ဝိညာဉ်နှစ်ဝိညာဉ် မိတ်သဟာယဖြစ်ကာ အတူတကွ ဆုတောင်းကြခြင်းကို ဆိုလိုသည် (ယုဒ၊ ၂၀။ ၂ကော၊ ၁၃း၁၄။ ဖိ၊ ၂း၁)။

ဃ။ ဘုရားကိုဆက်သွယ်၍၊ ဘုရားကို ရှုသွင်းကာ၊ ဘုရားကို စုပ်ယူခြင်းဖြင့် ဘုရားနှင့်ပြည့်ဝစေသော ဆုတောင်းခြင်းသည်သာ စစ်မှန်သော ဆုတောင်းခြင်းဖြစ်သည်။ ထိုသို့ဆုတောင်းခြင်းသည်သာ ဘုရားထံတော်သို့ တက်ရောက်နိုင်မည်ဖြစ်သည်။

*Day 3*

**II. ကျွန်ုပ်တို့သည် ဆုတောင်းခြင်းအလေ့အလာအတိုင်း ဆုတောင်းဖို့လိုသည်။ ဆုတောင်းခြင်းအလေ့အလာအတိုင်း ဆုတောင်းသူများသာလျှင် အချိန်ကုန်တောင်းလျှောက်ရကျိုးနပ်ခြင်းအကျိုးရလဒ် ရရှိမည်ဖြစ်သည် (မ၊၆း၉–၁၀။ ယော၊၁၅း၇။ ၁ယော၊ ၅း၁၄)။**

က။ ဆုတောင်းခြင်း၏ အလေ့အလာဆိုသည်မှာ ဘုရားသခင်ကိုယ်တော်တိုင် အမှုတော်အလုပ်ကို နိုးထလုပ်ဆောင်ရန် ဘုရားသခင်ရှေ့တော်မှောက်တွင် ဘုရားသခင်၏ လူတို့ဆုတောင်းခြင်းဖြစ်သည် (မ၊၁၈း ၁၈–၂၀။ ယော၊၁၅း ၁၆)။

၁။ ဘုရားသည် တစ်ဦးတစ်ယောက်တည်း မလုပ်ဆောင်နိုင်ပါ။ ဘုရားသည် သူတစ်ဦးတည်းနှင့် အထမြောက်၊ ပြီးမြောက်အောင် မလုပ်ဆောင်နိုင်ပါ။ သူ၏ လူမျိုးတော်သည် သူနှင့်အတူ ဆုတောင်းသောအခါ၊ သဘောညီညွတ်၍ တစ်လုံးတစ်ဝရှိလာမှသာလျှင် သူ၏ အလိုတော်ကို ပြီးမြောက်စေမည်ဖြစ်သည် (ကော၊၁း၉။ ၄း၁၂)။

၂။ ဘုရားသခင်၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့၏ ဆုတောင်းချက်အားဖြင့် သူ၏ အလိုတော်ကို ပြည့်စုံစေလိုသည်။ ဘုရားနှင့်အတူတသားတည်းပေါင်းစည်း၍ ဆုတောင်းခြင်းအားဖြင့် ဘုရားအလိုဆန္ဒပြည့်ဝမည်ဖြစ်သည် (ယော၊၁၅း၇။ ၁ယော၊ ၅း၁၄)။

ခ။ ဆုတောင်းခြင်းဆိုသည်မှာ ကိုယ်တော်၏ အလိုတော်ကို ပြီးပြည့်စုံရန် ဘုရားနှင့်အတူ ယုံကြည်သူများလုပ်ဆောင်ရသောအလုပ် ဖြစ်သည် (ကော၊၄း ၂၊ ၁၂။ မ၊၆း၉–၁၀)။

Day 4

၁။ ဆုတောင်းရခြင်း၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့သည် ဘုရား အလိုတော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်ရန်ဖြစ်သည်။ ထိုသို့ တစ် လုံးတစ်ဝတည်းဖြစ်မှသာ ဘုရားသည် အလုပ်လုပ်နိုင်မည်ဖြစ် သည် (ဗျာ၊၄း၁၁။ ၅း၉။ ၈း၃–၄)။

၂။ ဆုတောင်းခြင်းသည် ဘုရား၏ အလိုတော်နှင့် ယုံကြည်သူများ ၏ အလိုဆန္ဒပူးပေါင်းကာ ဘုရားအလိုတော်ကို ယုံကြည်သူ များမှ ထုတ်ဖော်ပြောဆိုခြင်းဖြစ်သည်။ ဆုတောင်းခြင်းသည် ဘုရားအလိုတော်ပြီးပြည့်စုံရန် ဘုရားရှေ့တော်မှောက်၌ ယုံကြည်သူများ၏ တောင်းဆိုချက်ဖြစ်သည် (ယော၊၁၅း၇။ မ၊၆း၉–၁၀)။

၃။ ဆုတောင်းခြင်း၏ စစ်မှန်သောအဓိပ္ပါယ်မှာ ဆုတောင်းသော သူသည် သူတောင်းလျှောက်နေသောသူ၏ အလိုကို ပြည့်စုံစေ ရန် ရှာဖွေခြင်းဖြစ်သည် (၂၆း၃၉)။

(က) ဘုရားအလိုပြည့်စုံရေး ဘုရားကို ဆုတောင်းလျှောက်ရန်၊ ဘုရားရှေ့တော်တွင် ဘုရား၏ နှလုံးသားအလိုဆန္ဒကို ဘုရားထံ ပွဲတင်သံပြန်ကြားရန် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ၏ နှလုံးသားကို လွတ်လပ်ဗလာဖြစ်စေ၍ ဘုရားကိုသာ ရှာဖွေရမည်ဖြစ်သည်။

(ခ) ဤစကြဝဠာတစ်ခုလုံး၌ သဘာဝကျသော၊ တရားဝင်ဖြစ် သော ဆုတောင်းချက်တစ်ခုသာရှိပါသည်၊ ထိုဆုတောင်း ချက်မှာ ဘုရားအလိုတော် ပြည့်စုံစေရန် တောင်းလျှောက် သောဆုတောင်းချက်၊ ဘုရားကို ကျေနပ်နှစ်သိမ့်စေသော တစ်ခုတည်းသော ဆုတောင်းချက်ဖြစ်ပါသည် (၆း၉–၁၀။ ၇း၂၁။ ၁၂း၅၀။ ယောဟန်၊၆း၃၈)။

၈။ အကယ်၍ ကျွန်ုပ်တို့သည် ဆုတောင်းခြင်း၌ ဘုရားနှင့်အတူတကွ မလုပ်ဆောင်ပါလျှင် သို့မဟုတ် ဆုတောင်းခြင်းအားဖြင့် ဘုရား အလိုပြည့်စုံစေရန် လမ်းကြောင်းကို မပြင်ဆင်ခဲ့လျှင် သို့မဟုတ် လုံးလုံးဆုတောင်းခြင်းဖြင့် များလှသောစီမံမှုတို့ကို လှုပ်ရှားခြင်းငှာ တတ်စွမ်းနိုင်သော ဘုရားကို အခွင့်မပေးခဲ့လျှင်၊ ဘုရားသည် မလုပ် ဆောင်နိုင်ပါ၊ အလုပ်မလုပ်နိုင်ပါ (မ၊၆း၉–၁၀။ ၁၈–၂၀)။

၁။ ကျွန်ုပ်တို့၏ အရေးကြီးဆုံးသောအလုပ်မှာ ဘုရားအတွက် လမ်းဖွင့်ပေးရန်ဖြစ်သည်။ ဘုရားနှင့် အတူ ကရုဏာစိတ်၌ ဆုတောင်းခြင်းသည် အခြားအရာများလုပ်ဆောင်ခြင်းထက် ပိုမို၍ အရေးကြီးပါသည် (တ၊ဇ်း၄။ ၁၀း၉)။

၂။ ဘုရား၏ သားသမီးများသည် ဘုရားနှင့်အတူ ကရုဏာတရား ၌ အလေးထားသောအရာများအပေါ်တွင်သာ ဘုရားအလုပ် လုပ်နိုင်ပါသည်။ ကိုယ်တော်၏ လူတို့၏ အလိုဆန္ဒသည် ကိုယ် တော်နှင့်မပေါင်းစည်းသောနေရာ၊ ဆုမတောင်းသော နေရာတို့ တွင် ဘုရားအလုပ်မလုပ်ပါ (၁း၁၄။ ၄း၂၄–၃၁။ ၁၂း၅)။

ဃ။ ကျွန်ုပ်တို့သည် ဘုရားအမှုတော်၏ အလေ့အလာနှင့် ဘုရားလှုပ်ရှား မှု၏ သော့ချက်ကို မြင်ရမည် (ယော၊၁၅း၇)။

၁။ ဘုရားလုပ်စေလိုသောအရာကို လူမလုပ်ချင်သ၍ ဘုရားဘာမျှ မလုပ်ပေးနိုင်ပါ (၄း၃၄။ ၅း၃၀)။

၂။ ဤသည်မှာ ရှင်းလင်းသောအလေ့အလာဖြစ်သည်။ ဘုရားမှ လုပ်မည်ဟု ဆုံးဖြတ်ပြီးသားဖြစ်သော်လည်း၊ ကိုယ်တော်သည် ချက်ချင်း မလုပ်ဆောင်နိုင်ပါ (၁၅း၇)။

၃။ မြေကြီးပေါ်တွင် အလိုတော် ဝန်ခံချိန်နှင့် လုပ်ဆောင်မည်ဟု ဆုံးဖြတ်ချက်ချချိန်တို့၌သာ ဘုရားသည် မြေကြီးပေါ်တွင် သူ၏ လုပ်ဆောင်မှုအားလုံးကို ပြီးမြောက်ပြည့်စုံ စေနိုင်မည်ဖြစ် သည် (၁ယော၊၅း၁၄)။

၄။ ဘုရားနှင့်ဆိုင်သည့်အရာအားလုံးကို မြေကြီးပေါ်တွင် ဘုရား နှင့် ပူးပေါင်းလိုသောဆန္ဒရှိချိန်တွင်သာ ပြီးမြောက်နိုင်မည် ဖြစ်သည်။ လူ့အလိုနှင့် ဘုရားအလို တထပ်တည်းဖြစ်ရမည် (မ၊ဇ်း၉–၁၀။ ၂၆း၃၉)။

*Day 5*

င။ ဘုရားသခင်နှင့်အတူ အလုပ်လုပ်ခြင်း၏ အမြင့်ဆုံးသောအဆင့်မှာ ဘုရားသခင်ဖြစ်မြောက်လိုသောအရာကို ဖြစ်မြောက်စေရန်အတွက် တညီတညွတ်တည်း၌ ဆုတောင်းခြင်းဖြစ်သည် (တ၊၁း၁၄။ ဇ်း၄)။

**III. ဆုတောင်းအစည်းအဝေးသည် အသင်းတော်၏ ဆုတောင်းခြင်း အမှုတော်ကို ကြိုးစားလုပ်ဆောင်ခြင်း ဖြစ်သည် (တ၊၁း၁၄)။**

က။ အသင်းတော်၏ ဆုတောင်းခြင်းအမှုတော်ဆိုသည်မှာ ဘုရားမှ

သူလုပ်ဆောင်လိုသောအရာတို့ကို အသင်းတော်အားပြောကြား၍ အသင်းတော်မှ မြေကြီးပေါ်တွင် ဘုရားဖြစ်စေလိုသောအရာတို့ကို ဆုတောင်းကာ ထိုဆုတောင်းခြင်းသည် ဘုရားဖြစ်မြောက်စေလိုသောအရာတို့ကို ဘုရားထံတောင်းလျှောက်ခြင်းဖြစ်သည် (မ၊၁၈း ၁၈–၂၀)။

ခ။ ဘုရားသည် သူလုပ်လိုသောအရာကို သူတစ်ဦးတည်း မလုပ်ဆောင်နိုင်ပါ။ အသင်းတော်၏ ပူပေါင်းလုပ်ဆောင်ခြင်းအားဖြင့် သာ ဘုရားလုပ်ဆောင်နိုင်ပါသည် (တ၊၁၂း၅)။

ဂ။ အသင်းတော်၏ အမှုတော်သည် ကောင်းကင်၌ရှိသောအလိုတော်ကို မြေကြီးပေါ်သို့ ယူဆောင်လာရန်ဖြစ်သည် (မ၊၆း၉–၁၀)။

*Day 6*

၁။ အမှုတော်၏ သဘောသဘာဝအလေ့အလာ၌ ဆုတောင်းခြင်းသည် ဘုရားလိုချင်သောအရာတို့ကို လိုချင်ခြင်း၊ ဘုရားဘက်၌ တစ်လုံးတစ်ဝရပ်တည်ခြင်း ဖြစ်သည် (ကော၊၁း၉။ ၄း၁၂)။

၂။ အသင်းတော်၏ အကြီးမားဆုံးအလုပ်နှင့် အကြီးမြတ်ဆုံးသော အလုပ်သည် ဘုရား၏ အလိုတော်ကို ထွက်ပေါက်ပေးခြင်း ဖြစ်သည်။ အသင်းတော်သည် ဆုတောင်းခြင်းအားဖြင့် ဘုရားအလိုတော်ကို ထွက်ပေါက်ပေးရမည် (မ၊၆း၉–၁၀)။

ဃ။ အသင်းတော်၏ ဆုတောင်းခြင်းဆိုသည်မှာ ဘုရားမှ တစုံတခုလုပ်ဆောင်ရန် အလိုရှိချိန်တွင် အသင်းတော်မှ ရှေးဦးစွာ လုပ်ဆောင်ဆုတောင်းပေးခြင်းဖြစ်၍ ဘုရား၏ ပန်းတိုးတိုင်အထိ ပြီးပြည့်စုံစေခြင်း ဖြစ်သည် (၁၈း၁၈–၂၀)။

၁။ ကောင်းကင်၌ ဘုရား၏ တန်ခိုးသည် အကန့်အသတ်မရှိပါ။ သို့သော် မြေကြီးပေါ်တွင် ဘုရား၏ တန်ခိုးသည် အသင်းတော်ဆုတောင်းပေးသည့် အတိုင်းအတာပေါ်တွင် မူတည်သည်။

၂။ အသင်းတော်၏ အမှုတော်မှာ ဆုတောင်းခြင်းဖြစ်သည်။ အသင်းတော်သည် ကြီးမားသောဆုတောင်းခြင်း၊ အလေးအနက်ထားသောဆုတောင်းခြင်း၊ အားကြီးသော ဆုတောင်းခြင်း ရှိရမည်။ ဆုတောင်းခြင်းသည် ဘုရားကို ထင်ရှားစေရန်နှင့် ဘုရား၏ လှုပ်ရှားမှုအတွက် လမ်းဖွင့်ပေးရန်ဖြစ်သည် (ယော၊၁၄း၂၃။ ၁၅း၁၆။၁၆း၂၃–၂၄။ တမန်၊ ၄း၂၄–၃၁)။

## *နံနက်ခင်းကျေးမွေးခြင်း*

**ယော၊ ၁၄း၁၃** **သင်တို့သည် ငါ၏နာမ၌ ဆုတောင်းသမျှအတိုင်း ငါပြုမည်။ အကြောင်းမူကား၊ ခမည်းတော်သည် သားတော်၌ ဘုန်းထင်ရှားတော်မူခြင်းရှိမည်အကြောင်းတည်း။**

**၁၅း၇** **သင်တို့သည် ငါ၌တည်၍ ငါ့စကားသည် သင်တို့၌တည်လျှင်၊ သင်တို့သည် တောင်းချင်သမျှကို တောင်း၍ရကြလိမ့်မည်။**

ကျွန်ုပ်တို့၏ဝိညာဉ်ဆိုင်ရာအသက်၌ ဆုတောင်းခြင်းသည် ရှူသွင်းခြင်းဖြစ်သည်၊ ယုံကြည်သူအသစ်များအတွက် ရှူသွင်းခြင်းသည် မွေးကင်းစကလေးများကဲ့သို့ အရေးကြီးသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကယ်တင်ခြင်းခံရရန် သခင်ဘုရား၌ ယုံကြည်၍ နာမတော်ခေါ်ပြီးနောက်တွင်၊ ဆက်လက်ဆုတောင်းခြင်းဖြင့် သခင်ဘုရားကို ခေါ်ရမည်။ ထို့နောက် သခင်ဘုရား၏ အသက်ဝိညာဉ်တော်ဖြစ်သည့် ဝိညာဉ်လေကို ကျွန်ုပ်တို့ရရှိနိုင်မည်ဖြစ်၍၊ ကျွန်ုပ်တို့သည် ဝိညာဉ်အသက်၌ ကြီးထွားကာ သန်မာလာမည်ဖြစ်သည်။

မှန်ကန်အရေးပါသောဆုတောင်းခြင်းမှာ ကျွန်ုပ်တို့၏ဝိညာဉ်၌ ဘုရားကို ဆက်သွယ်ရန်နှင့် ဘုရားကိုစုပ်ယူရန် ဖြစ်သည်။ ဆုတောင်းခြင်းသည် လူသားဝိညာဉ်၌ ဘုရားဝိညာဉ်တော်နှင့် ဆက်သွယ်ခြင်းဖြစ်သည်၊ ထိုအချိန်တွင် လူသည် သူ၏ အထဲသို့ ဘုရားကို ရှူသွင်းရမည်ဖြစ်သည်။ ထို့ကြောင့် ဆုတောင်းခြင်း၌ အလေးထားရမည်မှာ ဘုရားကို တစ်စုံတစ်ရာအရာများ တောင်းဆိုခြင်းမဟုတ်ဘဲ၊ ဘုရားကို ဆက်သွယ်ခြင်းနှင့် စုပ်ယူခြင်းဖြစ်သည်။ (*Life Lessons*, vol. 1, p. 24)

## *ယနေ့ဖတ်စရာ*

မှန်ကန်သောဆုတောင်းခြင်းဆိုသည်မှာ လူသည် ဝိညာဉ်၌ ဘုရားနှင့်အတူ ရောနှောပေါင်းစည်းခြင်းဖြင့် ဆုတောင်းခြင်းဖြစ်သည်။ ထို့ကြောင့် စစ်မှန်သောဆုတောင်းခြင်းများအားလုံးသည် ဘုရားအားဖြင့် အစပြုခြင်းဖြစ်သည်။ ထိုသို့ဆုတောင်းခြင်းများ၌ ဘုရားသည် လူ၌ ဆုတောင်းပြီး၊ လူသည် ဘုရား၌ ဆုတောင်းနေခြင်းဖြစ်သည်။

ကျွန်ုပ်တို့၏ဝိညာဉ်သည် မှန်ကန်ပြီး စစ်မှန်သော ဆုတောင်းခြင်းအတွက် လိုအပ်ချက်တစ်ရပ်သာမဟုတ်ပါ။ ဆုတောင်းခြင်းသည် ကျွန်ုပ်တို့၏ဝိညာဉ်နှင့်အတူ ဘုရားကို ပေါင်းစည်းစေခြင်းဖြင့် ပူးပေါင်းဆုတောင်းခြင်း ဖြစ်ရမည်။ ဤဆုတောင်းခြင်း၌ ဘုရားသည် အစပြုသူနှင့် လှုပ်ဆော်သူဖြစ်၍၊ ဘုရားနှင့်လူသည် လုံးလုံးပေါင်းစည်းနေရမည်။ ဝိညာဉ်ဆိုင်ရာဆုတောင်းခြင်းကို ကျွန်ုပ်တို့၏ အသိဉာဏ်၊ မှတ်ဉာဏ် သို့မဟုတ်

စဉ်းစားခြင်းဖြင့် စီမံညွှန်ကြားခြင်းမဟုတ်ပါ။ ကျွန်ုပ်တို့၏ ဝိညာဉ်၌ ခံစားမှုသည် ၎င်းကို စီမံညွှန်ကြားပြီး၊ ဤခံစားမှုသည် ဘုရား၏ အစပြုခြင်းမှ လာခြင်းဖြစ်သည်။

ထို့ကြောင့် စစ်မှန်သောဆုတောင်းခြင်းသည် ဘုရားနှင့်အတူတကွ ကျွန်ုပ်တို့ဆုတောင်းခြင်းဖြစ်သည်။ ကိုယ်တော်အတူပါရှိခြင်းဖြင့် ကျွန်ုပ်တို့ဆုတောင်းခြင်းဖြစ်သည်။ ဘုရားပေးသောခံစားမှုအတိုင်း ကျွန်ုပ်တို့ဆုတောင်းခြင်းဖြစ်သည်။ ဤအရာက ဘုရားသခင်အား ကျွန်ုပ်တို့ဆုတောင်းခြင်း၌ ကျွန်ုပ်တို့နှင့်အတူ ဆုတောင်းရန် ဖြစ်လာစေသည်။ ကျွန်ုပ်တို့ဆုတောင်းနေခြင်းသည် ကိုယ်တော်လည်းဆုတောင်းနေခြင်းဖြစ်သည်။ ကိုယ်တော်နှင့် ကျွန်ုပ်တို့ အတူဆုတောင်းနေသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အတွင်းထဲတွင် ရှိသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့နှင့်အတူ တစ်လုံးတစ်ဝဆုတောင်းနေသည်။

ထိုသို့ ဆုတောင်းခြင်းများအတွက် အဖြေရခြင်း–မရခြင်းမှာ အဓိကမဟုတ်ပါ။ အဓိကမှာ ကျွန်ုပ်တို့၏ ဝိညာဉ်၌ ခံစားမှုနောက်လိုက်ခြင်းဖြင့် ကျွန်ုပ်တို့ဆုတောင်းရမည်ဖြစ်သည်။ ကျွန်ုပ်တို့၌ ကိုယ်တော်ဖြတ်သန်းခွင့်နှင့် ကျွန်ုပ်တို့နှင့်အတူ ကိုယ်တော့်ကို ပေါင်းစည်းခွင့်ပေးရမည်။ ဤနည်းလမ်း၌ ကျွန်ုပ်တို့သည် ဘုရားကို မွေ့လျော်ဝမ်းမြောက်ကာ စုပ်ယူလာမည်ဖြစ်သည်။ ကျွန်ုပ်သည် အသင်းတော်အတွက်၊ အလွန်လိုအပ်သောညီအစ်ကိုတစ်ဦးအတွက်၊ မိမိတို့အတွက် တောင်းလျှောက်ခြင်း၌ပင်လျှင်၊ ကျွန်ုပ်တို့၏ အဓိကခံစားမှုမှာ ဘုရားကိုစုပ်ယူခြင်းနှင့် ကိုယ်တော်နှင့်ပြည့်ဝခြင်းမှ ထွက်ပေါ် လာရောက်ခြင်းဖြစ်ရပေမည်။

ဤအရာမှာ ဆက်လက်ဆုတောင်းရန် နည်းလမ်းဖြစ်သည်။ ကျွန်ုပ်တို့သည် အတွင်းခံစားမှုနောက်သို့လိုက်ပါက၊ ဘုရား၏ ဝိညာဉ်တော်သည် ကျွန်ုပ်တို့ဆုတောင်းခြင်းနောက်သို့လိုက်လာ၍၊ ကျွန်ုပ်တို့သည် ပိုမိုခံစားမှုများကို ရရှိလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့၏ ဝန်တာမှာ ဤခံစားမှုများအတိုင်း ဆုတောင်းရန်သာဖြစ်သည်။ ခံစားမှုများ တစ်ခုပြီးတစ်ခုကို နှုတ်ဖြင့်ဆုတောင်းရမည်။ မှန်သောဆုတောင်းခြင်းသည် ဘုရားကို ရှူသွင်းခြင်းဖြစ်သည်။ ဤသို့ဆုတောင်းခြင်းဖြင့်၊ ကျွန်ုပ်တို့သည် ဘုရားသခင်၌ ရှိလာမည်၊ ကိုယ်တော့်ကို ရှူသွင်းလာမည်၊ ကျွန်ုပ်တို့၌ ဘုရားရှိလာမည်ဖြစ်သည်။ ဤသို့ဆုတောင်းခြင်း၌ ကျွန်ုပ်တို့၏ ဆုတောင်းခြင်းအဖြေများ မရမီပင်၊ ဘုရားကို ရရှိမည်ဖြစ်သည်။ ဆိုလိုသည်မှာ ဆုတောင်းခြင်းဖြင့် ဘုရားကို မွေ့လျော်ဝမ်းမြောက်ရပြီး၊ ကိုယ်တော့်ကို စုပ်ယူရသည်။

ကျွန်ုပ်တို့ဆုတောင်းခြင်း၌ ဘုရားနှင့်ကျွန်ုပ်တို့၊ ကျွန်ုပ်တို့နှင့်ဘုရားသည် အတူတကွ ပေါင်းစည်းလာမည်ဖြစ်သည်။ ကျွန်ုပ်တို့ဆုတောင်းသောအခါတိုင်း၊ ကျွန်ုပ်တို့၏

ဆုတောင်းခြင်းများသည် ဘုရားကိုထိတွေ့ခြင်းမှ ဖြစ်ပေါ်လာသည့် အတွင်းပိုင်းဆုတောင်းခြင်းများ ဖြစ်လာပေမည်။ ပုံမှန်ဆုတောင်းခြင်းများအားလုံးသည် ဝိညာဉ်၏ခံစားမှုအတိုင်းဆုတောင်းခြင်းဖြစ်သည်။ ထိုသို့ဆုတောင်းခြင်းများသည် ကျွန်ုပ်တို့ ဘုရားကို မွေ့လျော်ဝမ်းမြောက်ခြင်းမှ ပေါ်ထွက်လာပြီး၊ ဘုရားကို အမှန်တကယ်မွေ့လျော်ဝမ်းမြောက်ခြင်းလည်းဖြစ်သည်။ ဤနည်းလမ်းဖြင့် ကျွန်ုပ်တို့ပို၍ ဆုတောင်းလေလေ၊ ဘုရားကို ပို၍စုပ်ယူနိုင်ပြီး ပို၍မွေ့လျော်ဝမ်းမြောက်လာမည်ဖြစ်သည်။

မှန်ကန်သောဆုတောင်းခြင်း၌– ဘုရားနှင့် လူ– အဖွဲ့နှစ်ခုပါဝင်သည်။ ထိုသို့ဆုတောင်းခြင်းများသည် ဘုရား၏ဝိညာဉ်တော်ကို လူ၏ဝိညာဉ်ဖြင့် ပေါင်းစည်းခြင်းနှင့် လူ၏ဝိညာဉ်ကို ဘုရား၏ဝိညာဉ်တော်ဖြင့် ပေါင်းစည်းခြင်း၏ အကျိုးရလဒ်ထွက် ပေါ်လာသည်။ လူသည် ဆုတောင်းရန် သူ၏ဝိညာဉ်ကို လေ့ကျင့်သောအခါ၊ သူသည် သူ၏ဝိညာဉ်ဖြင့် ဘုရား၏ဝိညာဉ်တော်၌ ဆုတောင်းနေခြင်းသော်လည်းကောင်း၊ ဘုရား၏ဝိညာဉ်တော်သည် သူ၏ဝိညာဉ်၌ ဆုတောင်းနေခြင်းသော်လည်းကောင်း၊ ကျွန်ုပ်တို့ပြောဆိုနိုင်သည်။ ထိုသို့ဆုတောင်းခြင်း၌ လူ၏ဝိညာဉ်နှင့် ဘုရား၏ဝိညာဉ်တော်သည် လုံးလုံးအပြည့်အဝပူးပေါင်းနေသောကြောင့်၊ လူ၏ဝိညာဉ်က ဆုတောင်းနေသလား၊ ဘုရား၏ဝိညာဉ်တော်က ဆုတောင်းနေသလားဆိုသည်ကို ခွဲခြားသိရန် ခက်ခဲသည်။ ဆုတောင်းနေချိန်တွင် လူ၏ဝိညာဉ်နှင့် ဘုရားဝိညာဉ်သည် အတွင်းကျကျပူးပေါင်းလျက်ရှိသည်။ ကျွန်ုပ်တို့ဆုတောင်းသောအခါ၊ ဘုရားနှင့်လူသည် အသေအချာနှင့် အတိအကျနည်းလမ်း၌ အတူတကွပူးပေါင်းလုပ်ဆောင်လျက်ရှိသည်။ ဆုတောင်းခြင်းသည် ဘုရားကို လူနှင့် လုံးလုံးပေါင်းစည်းစေခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့အားလုံး နားလည်မည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။ ကျွန်ုပ်တို့၏ဆုတောင်းခြင်းများသည် ဝိညာဉ်တော်၌ဖြစ်ရပေမည်။ (*How to Enjoy God and How to Practice the Enjoyment of God,* pp. 231, 223-224, 229, 221)

*ပို၍ဖတ်ရန်-* *Life Lessons,* vol. 1, lsn. 4; *How to Enjoy God and How to Practice the Enjoyment of God,* ch. 20

***အလင်းဖွင့်ပြခံရခြင်းနှင့်နှီးဆော်ခံရခြင်း*** ––––––––––––––––––––––––

––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––

## *နံနက်ခင်းကျွေးမွေးခြင်း*

**ယုဒ၊ ၂၀ ချစ်သူတို့၊ သင်တို့သည် မိမိတို့၏အလွန်သန့်ရှင်းသောယုံကြည်ခြင်း အပေါ်မှာ မိမိတို့ကိုတည်ဆောက်လျက်၊ သန့်ရှင်းသောဝိညာဉ်တော်၌ ဆုတောင်းလျက်၊**

**ဧ၊ ၆း၁၈ အမျိုးမျိုးသောဆုတောင်းခြင်းနှင့် အသနားခံတောင်းလျှောက်ခြင်းတို့ဖြင့် လက်ခံရယူ၍၊ အချိန်တိုင်း ဝိညာဉ်၌ဆုတောင်းလျက်၊ သန့်ရှင်းသူအပေါင်းတို့အဖို့ ဇွဲလုံ့လရှိစွာနှင့် အသနားခံတောင်းလျှောက်ခြင်း၌ စောင့်ကြည့်နေကြလော့။**

ယုဒ၊ ၂၀တွင် အကြောင်းအရာနှစ်ခုကို ပြောထားသည်။ ပထမမှာ အလွန်သန့်ရှင်းသောယုံကြည်ခြင်း၌ တည်ဆောက်ခြင်းအကြောင်းဖြစ်သည်။ ၎င်းသည် နှုတ်ကပတ်တော်ကို ဖတ်ခြင်းနှင့်သက်ဆိုင်သည်။ ဒုတိယမှာ သန့်ရှင်းသောဝိညာဉ်တော်၌ ဆုတောင်းခြင်းဖြစ်သည်။ ၎င်းသည် ဆုတောင်းခြင်းနှင့် သက်ဆိုင်သည်။ ကျမ်းစာ၌ မည်သည့်ကျမ်းပိုဒ်မျှ ဆုတောင်းခြင်းအကြောင်းကို ဤကျမ်းပိုဒ်ကဲ့သို့ ပြည့်စုံအောင်ဖော်ပြထားခြင်း မရှိပါ။ ဆုတောင်းခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်၌ ဖြစ်ရမည်။ ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၌ ဆုတောင်းရမည်။ လူနှင့် ဘုရား အပြန်အလှန်ပူးပေါင်းခြင်း၏ အကြောင်းအရာဖြစ်သည့် ဆုတောင်းခြင်းတွင် သဘောသဘာဝနှစ်ခု ရှိသည်။ ဘုရားနှင့် ရောနှောပေါင်းစည်းခြင်းမရှိဘဲ၊ လူ့ထံမှသာလာသော ဆုတောင်းခြင်းသည် ဘာသာရေးဆိုင်ရာဆုတောင်းခြင်းမျှသာ ဖြစ်သည်။ သူတို့သည် ဘုရားကိုထိတွေ့ခြင်း၊ ဘုရားကိုရှုသွင်းခြင်း သို့မဟုတ် ဘုရားထံရောက်ရှိခြင်း မရှိပါ။ ထို့ကြောင့် ယုဒကျမ်းစာစောင်က ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၌ ဆုတောင်းရမည်ဟု ပြောဆိုခြင်းဖြစ်သည်။ *သန့်ရှင်းသောဝိညာဉ်တော်၌* ဆိုသည့်စကားသည် လွန်စွာကောင်းသည်။ Chinese Unoin Version၌ ဧ၊၆း၁၈ရှိ ဤအပိုဒ်အား *သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဆုတောင်းခြင်း*ဟု ဘာသာပြန်ဆိုသည်။ ဝိညာဉ်တော်အားဖြင့်ဆုတောင်းခြင်းဟုဆိုသည့် အဓိပ္ပါယ်သည် မရှင်းလင်းပါ။ သို့သော် ယုဒကျမ်းစာစောင်တွင် မှန်ကန်စွာ ဘာသာပြန်ဆိုထားသည်။ ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၌ ဆုတောင်းရမည်။ သန့်ရှင်းသောဝိညာဉ်တော်၌ ဆုတောင်းခြင်းဆိုသည်မှာ ကျွန်ုပ်တို့နှင့် ဝိညာဉ်တော်သည် အတူတကွဆုတောင်းရမည်ကို ဆိုလိုခြင်းဖြစ်သည်။ (*How to Enjoy God and How to Practice the Enoyment of God*, p. 211)

## ယနေ့ဖတ်စရာ

ခရစ်ယာန်အသက်တာ၏ လျှို့ဝှက်ချက်မှာ သန့်ရှင်းသောဝိညာဉ်တော်နှင့် ရောနှောပေါင်းစည်းရန်ဖြစ်သည်။ ခရစ်ယာန်တစ်ဦး၏ ဝိညာဉ်ရေးရာအသက်တာမှာ လူသည် သန့်ရှင်းသောဝိညာဉ်တော်နှင့် လုံးလုံးပေါင်းစည်းရမည့်အကြောင်း ဖြစ်သည်။ ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၌ ရှိနေချိန်သည် ကျွန်ုပ်တို့၌ ဝိညာဉ်ဆိုင်ရာအသက် ရှိနေခြင်းဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်၌ ကျွန်ုပ်တို့ မရှိချိန်သည် ဝိညာဉ်ဆိုင်ရာအသက်၌ ကျွန်ုပ်တို့ရှိမည်မဟုတ်ပါ။ ကျွန်ုပ်တို့တွင် ဘာသာရေးရာ လှုပ်ရှားလုပ်ဆောင်မှုများ ရှိကောင်းရှိနိုင်သည်၊ သို့သော် သန့်ရှင်းသောဝိညာဉ်တော်၌ ကျွန်ုပ်တို့ ရှိမနေပါက၊ ကျွန်ုပ်တို့သည် စစ်မှန်သောဝိညာဉ်ဆိုင်ရာအသက်ရှိရန် နည်းလမ်းရှိမည်မဟုတ်ပါ။ အထူးသဖြင့် ဤအရာအတွက် ဆုတောင်း၍ တောင်းဆိုရမည်။ သန့်ရှင်းသောဝိညာဉ်တော် မပါရှိပါက၊ ခရစ်ယာန်လောက၌ တွေ့နေကျဖြစ်သည့် ဘာသာရေးရာဆုတောင်းခြင်းများကိုသာ ကျွန်ုပ်တို့ပြုနေမည်ဖြစ်သည်။ ဤဆုတောင်းချက်များသည် ဘုရားမျက်မှောက်တော်ရှေ့တွင် တန်ဖိုးမဲ့ဝိညာဉ်ရေးသာ ဖြစ်နေမည်။ ကျွန်ုပ်တို့၏ ဆုတောင်းချက်များသည် ဘုရားသခင်ထံရောက်ပြီး၊ ဘုရားကို ထိတွေ့ကာ၊ ဘုရားကို ရှုသွင်း၍ ဘုရား၌ရှိသည့် စစ်မှန်သောဝိညာဉ်ဆိုင်ရာဆုတောင်းချက်များကို အလိုရှိပါက၊ ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၌ ဆုတောင်းရမည်။

သန့်ရှင်းသောဝိညာဉ်တော်၌ ဆုတောင်းခြင်းမှာ ဝိညာဉ်နှစ်ဝိညာဉ် အပြန်အလှန်မိတ်သဟာယပြုခြင်း၌ ဆုတောင်းခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ ဝိညာဉ်သည် ဝိညာဉ်တော်ကို ထိတွေ့နေပြီး၊ ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ ဝိညာဉ်ကို ထိတွေ့နေခြင်းဖြစ်သည်။ ဝိညာဉ်နှစ်ဝိညာဉ်သည် အတူတကွရောနှောပေါင်းစည်းနေရမည်။ ကျွန်ုပ်တို့သည် ဤနည်းလမ်း၌ ဆုတောင်းရန် ဝိညာဉ်တော်နောက်သို့ လိုက်သောအခါ၊ ကျွန်ုပ်တို့၏ ဝိညာဉ်၌ ဆုတောင်းနေခြင်းနှင့် သန့်ရှင်းသောဝိညာဉ်တော်၌ ကျွန်ုပ်တို့ဆုတောင်းနေခြင်းဖြစ်သည်။

ဆုတောင်းခြင်းသည် ကျွန်ုပ်တို့ကို ဘုရားသခင်၏ မျက်မှောက်တော်သို့ ပို့ဆောင်ခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့မကြာခဏ ပြောလေ့ရှိသည်။ သို့သော် ဆိုလိုရင်းအဓိပ္ပါယ်မှာ အဘယ်သို့နည်း။ ကျွန်ုပ်တို့သည် ဝိညာဉ်တော်၌ ဆုတောင်းသောအခါ၊ ကျွန်ုပ်တို့၏ ဆုတောင်းချက်များသည် ဘုရားသခင်၏ မျက်မှောက်တော်သို့ ရောက်ရှိသွားခြင်းဖြစ်သည်။ ထိုနောက် ကျွန်ုပ်တို့၏ ဆုတောင်းချက်၏ စာကြောင်းတိုင်းသည် ကျစ်လစ်ခိုင်မာပြီး၊ ဘုရားကို ထိတွေ့မည်ဖြစ်သည်။ ဤနည်းလမ်း၌ ကျွန်ုပ်တို့ ဆုတောင်းသောအခါ၊ ကျွန်ုပ်

တို့၏ ဆုတောင်းချက်သည် ဘုရားမျက်မှောက်တော်ကို ထိတွေ့မည်ဖြစ်သည်။

ညီအစ်ကိုအချို့နှင့် ညီအစ်မအချို့တို့က ကျွန်ုပ်တို့၏ ဆုတောင်းချက်သည် ကျစ်လစ်ခိုင်မာပြီး၊ ဘုရားကို ထိတွေ့စေသည်ဆိုသည့် အဓိပ္ပါယ်ကို နားမလည်ခြင်း ဖြစ်ကောင်းဖြစ်နိုင်သည်။ ကျွန်ုပ်တို့ဆုတောင်းသောအခါ၊ တစ်ခါတစ်ရံ စကားလုံးများသည် လေထဲ၌ ပျောက်ဆုံးသွားသည်ဟု ကျွန်ုပ်တို့ခံစားကောင်း ခံစားမိပေမည်။ ပစ်မှတ်ကို မထိဖြစ်ပေမည်။ မည်သည့်စကားလုံးမှ ဘုရားကို ထိတွေ့ခြင်းမရှိ၊ ဘုရားထံသို့ မဆက်ကပ်နိုင်သကဲ့သို့ ထင်မှတ်ရသည်။ ကျွန်ုပ်တို့၏ ဆုတောင်းချက်သည် ကျစ်လစ်ခိုင်မာမှု မရှိဆိုသည့် အဓိပ္ပါယ်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဝိညာဉ်တော်၌ ဆုတောင်းခြင်းမဟုတ်ကြောင်း ဖေါ်ပြနေသည်။ ကျွန်ုပ်တို့သည် ဝိညာဉ်တော်၌ တည်နေခြင်းမရှိကြောင်းလည်း ဖေါ်ပြနေသည်။ ကျွန်ုပ်တို့သည် ဝိညာဉ်တော်၌ ဆုတောင်းခြင်းမရှိသောကြောင့်၊ ကျွန်ုပ်တို့၏ ဆုတောင်းချက်သည် လေကိုသာ ထိနေပြီး၊ ခိုင်မာကျစ်လစ်ခြင်းမရှိ၊ ဘုရားကိုထိတွေ့ခြင်းမရှိ ထင်မြင်ရသည်။ ကျွန်ုပ်တို့သည် ဝိညာဉ်တော်၌ ဆုတောင်းသည့်အခါတိုင်း၊ ပို၍ဆုတောင်းလေ၊ ဘုရားကိုပို၍ ထိတွေ့ကာ၊ ကျွန်ုပ်တို့၏ စကားသံသည် ဘုရားကို ထိတွေ့ကြောင်း ကျွန်ုပ်တို့ခံစားရမည်ဖြစ်သည်။ ကျွန်ုပ်တို့၌ ဘုရားဖြင့်ပြည့်ဝလာသကဲ့သို့ ကျွန်ုပ်တို့ခံစားရသည်။ ကျွန်ုပ်တို့၏ ဘုရားသည် ကောင်းကင်၌သာရှိနေခြင်းမဟုတ်ပါ။ ကိုယ်တော်သည် ကျွန်ုပ်တို့အထဲသို့လည်း ဝင်ရောက်သည်။ အံ့သြဖွယ်ဖြစ်ပေသည်။ ဤနည်းလမ်းဖြင့် ကျွန်ုပ်တို့ပို၍ဆုတောင်းလေလေ၊ ကျွန်ုပ်တို့သည် အတွင်းထဲ၌ ၊ အလင်း၊ သက်သာခြင်း၊ ကျေနပ်ခြင်း၊ ကျွေးမွေးခြင်း၊ ဝမ်းမြောက်ခြင်းနှင့် ဘိသိက်ပေးခြင်းကို ပို၍ခံစားရလေလေဖြစ်သည်။ ဤခံစားမှုက ကျွန်ုပ်တို့ဆုတောင်းချက်၌ ဘုရားကို ကျွန်ုပ်တို့ရရှိကြောင်း ဖေါ်ပြနေသည်။ ဘုရားကို ကျွန်ုပ်တို့ရှုသွင်းရရှိခြင်းဖြစ်သည်။ ဤဆုတောင်းချက်ပုံစံသာလျှင် စစ်မှန်သော၊ ဝိညာဉ်ဆိုင်ရာတန်ဖိုးရှိသော ဆုတောင်းချက်ဖြစ်သည်။ ဤဆုတောင်းချက်မျိုးသည်သာ စကြဝဠာတိုင် ရောက်ရှိနိုင်မည်ဖြစ်သည်။(*How to Enjoy God and How to Practice the Enoyment of God,* pp. 211-212, 214-215)

*ပို၍ဖတ်ရန်- How to Enjoy God and How to Practice the Enoyment of God,* chs. 19, 21, 5

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ———————————————————————
————————————————————————————————————————
————————————————————————————————————————
————————————————————————————————————————

## ***နံနက်ခင်းကျွေးမွေးခြင်း***

**မ၊ ထို့ကြောင့် သင်တို့ ဆုတောင်းရမည်မှာ ကောင်းကင်များ၌ ရှိတော်မူ**
**၆း၉–၁၀ သော အကျွန်ုပ်တို့အဖ၊ ကိုယ်တော်၏နာမတော်သည် ရိုသေလေး မြတ်ခြင်း ရှိပါစေသော။ နိုင်ငံတော်တည်ထောင်ပါစေသော။ အလို တော်သည် ကောင်းကင်ဘုံ၌ ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာ ပြည့်စုံ ပါစေသော။**

ဆုတောင်းခြင်းသည် လျှို့ဝှက်ဆန်းကြယ်သည်။ ကျွန်ုပ်တို့သည် ဆုတောင်းခြင်း နှင့်ဆိုင်သည် မေးခွန်းအနည်းငယ်ကို ဖေါ်ပြပြီးနောက်၊ ဆုတောင်းခြင်းသည် မည်မျှ ဆန်းကြယ်နက်နဲသည်ကို ကျွန်ုပ်တို့ မြင်လာလိမ့်မည်ဖြစ်သည်။ ဤမေးခွန်းများသည် ဖြေဆိုရန် ခက်ခဲသည်။ သို့သော် ဆုတောင်းခြင်း၏ ဆန်းကြယ်နက်နဲခြင်းသည် မသိနိုင် သောအရာ၊ သို့မဟုတ် ဆုတောင်းခြင်းနှင့်ဆိုင်သော မေးခွန်းသည် မဖြေနိုင်သောမေး ခွန်းဖြစ်ကြောင်း ဆိုလိုခြင်းမဟုတ်ပါ။ အဖြေရသူများ အနည်းငယ်သာရှိကြောင်း ဆို လိုခြင်းဖြစ်သည်။ အကြောင်းမှာ ဘုရားသခင်အတွက် ဆုတောင်းခြင်း၌ လူအနည်းငယ် သာ အမှုတော်အလုပ်ကို ပြီးမြောက်အောင်မြင်နိုင်ကြသည်။ ၎င်းမှာ ကျွန်ုပ်တို့မည်မျှ ဆုတောင်းသည်ဆိုခြင်းအပေါ် မတည်ဘဲ၊ ဆုတောင်းခြင်း၏ အလေ့လာအတိုင်း မည်မျှ ဆုတောင်းသည်ဆိုခြင်းအပေါ် မူတည်သည်။ ဆုတောင်းခြင်းအလေ့အလာအတိုင်း ဆုတောင်းသူများသာလျှင်၊ အကျိုးရှိပေသည်။ (*The Collected Works of Watchman Nee*, vol. 8, p. 5)

## ***ယနေ့ဖတ်စရာ***

ကျွန်ုပ်တို့သည် ဘုရားသခင်၏ အလိုတော်ကို ကန့်သတ်ထားပါသလား။ ဘုရား သခင်သည် အမှန်ပင်အနန္တတန်ခိုးရှင်ပါလား။ ကိုယ်တော်သည် တန်ခိုးရှင်ဖြစ်ပါက၊ အ ဘယ်ကြောင့် ကျွန်ုပ်တို့၏ လွတ်လပ်သော တံခါးကို မဖွင့်နိုင်ပါသနည်း။ ကိုယ်တော်သည် တံခါးကို မဖွင့်မီ၊ ခေါက်လျက် ကျွန်ုပ်တို့ကို အဘယ်ကြောင့်စောင့်နေသနည်း။ ဘုရား သခင်သည် သူ၏ အလိုတော်ကို အမှန်တကယ်ပြီးမြောက်မည်လား။ ကိုယ်တော်ပြီး မြောက်လိမ့်မည်ဆိုပါက၊ တံခါးဖွင့်ခြင်း(ကိုယ်တော်၏ အလိုတော်)ကို အဘယ်ကြောင့် ကျွန်ုပ်တို့တံခါးခေါက်ခြင်း(ဆုတောင်းခြင်း)ဖြင့် ထိန်းချုပ်ထားရသနည်း။

ဤမေးခွန်းများကို ကျွန်ုပ်တို့မေးပြီးနောက်၊ ဆုတောင်းခြင်းသည် ကြီးမားသော နက်နဲခြင်းအမှန်ပင်ဖြစ်ကြောင်း ကျွန်ုပ်တို့မြင်လာလိမ့်မည်ဖြစ်သည်။ ဤနေရာတွင် ကျွန်ုပ်တို့သည် ဘုရားအလုပ်၏ အလေ့အလာကို မြင်နိုင်သည်။ ဤအလေ့အလာမှာ

ဘုရားသခင်သည် အမှုတော်အလုပ်ကို မနိုးထမီ၊ ဘုရားလူတို့သည် ဆုတောင်းဖို့ လိုခြင်းဖြစ်သည်။ ကိုယ်တော့်ကို ရရှိထားသောလူတို့၏ ဆုတောင်းခြင်းသည် ဘုရားအလိုတော်ကို ပြီးမြောက်စေသည်။ ယုံကြည်သူများ၏ ဆုတောင်းခြင်းသည် ဘုရားအလိုတော်ကို ပြီးမြောက်စေသည်။ ဘုရားတစ်ဦးတည်း သူ၏ အလိုတော်ကို မပြီးမြောက်နိုင်ပါ။ ကိုယ်တော်၏ လူတို့သည် ဆုတောင်းခြင်း၌ ကိုယ်တော်နှင့် လိုလားမှုရှိမှသာ၊ ကိုယ်တော်သည် အလိုတော်ကို ပြီးမြောက်နိုင်မည်ဖြစ်သည်။

ထိုကြောင့် ဆုတောင်းခြင်းသည် မည်သည့်အရာမျှမဟုတ်ဘဲ၊ ဘုရားနှင့်အတူ ယုံကြည်သူများအတူတကွလုပ်ဆောင်ခြင်း ဖြစ်သည်။ ဆုတောင်းခြင်းသည် ဘုရား၏ အလိုတော်နှင့် ယုံကြည်သူများ၏ အလိုဆန္ဒ ပူးပေါင်းခြင်းဖြစ်သည်။ မြေကြီးပေါ် တွင် ယုံကြည်သူများ၏ ဆုတောင်းခြင်းသည် ကောင်းကင်၌ ဘုရားသခင်၏ အလိုတော်ကို ဖွင့်ပြချက်စကားဖြစ်သည်။ ဆုတောင်းခြင်းသည် ကျွန်ုပ်တို့၏ အလိုဆန္ဒကို ဖွင့်ပြပြောဆိုခြင်းမဟုတ်ဘဲ၊ ဘုရားသခင်အတွက် ကျွန်ုပ်တို့ကြွေးကြော်ခြင်းနှင့် ကျွန်ုပ်တို့ဆန္ဒပြည့်စေရန် သနားခံတောင်းလျှောက်ခြင်းဖြစ်သည်။ ဆုတောင်းခြင်းသည် အတင်းအကျပ် ကိုယ်တော်၏ အလိုတော် ပြောင်းလဲရန်သော်လည်းကောင်း၊ ကိုယ်တော်မလုပ်လိုသောအရာကို လုပ်ဆောင်ရန်သော်လည်းကောင်း၊ အတင်းတောင်းဆိုနေခြင်းမဟုတ်ပါ။ ဆုတောင်းခြင်းသည် ယုံကြည်သူတို့၏ နှုတ်မှ ဘုရားသခင်၏ အလိုတော်ကို ဖွင့်ဟပြခြင်းဖြစ်သည်။ ဘုရားမျက်မှောက်တော်ရှေ့တွင် ယုံကြည်သူများက ကိုယ်တော်၏ အလိုတော်ကို ကိုယ်တော်ပြီးမြောက်စေရန် တောင်းပန်ခြင်းဖြစ်သည်။

ဆုတောင်းခြင်းသည် ဘုရားစီမံထားသောလမ်းကို ပြောင်းလဲစေရန် မဟုတ်ပါ။ ဆုတောင်းခြင်းသည် အဘယ်အရာကိုမျှ မပြောင်းလဲပါ။ ဆုတောင်းခြင်းသည် ဘုရားစီမံထားသောလမ်းကို ပြီးမြောက်အောင်မြင်ခြင်းသာဖြစ်သည်။ တစ်နည်းဆိုပါက၊ ဆုမတောင်းခြင်းနှင့် ဆုတောင်းရန်ပျက်ကွက်ခြင်းသည် အကြောင်းချင်းရာများကို ပြောင်းလဲစေမည်ဖြစ်သည်။ ဘုရားလူများသည် ဘုရားနှင့်အတူ မလုပ်ဆောင်ပါက၊ ကိုယ်တော်စီမံထားသောအရာများစွာတို့ကို လုပ်ဆောင်ရန် ခွင့်မပေးသောကြောင့်၊ နှောက်နှေးကြန့်ကြာကာ ပြည့်စုံနိုင်လိမ့်မည်မဟုတ်ပါ။

ဆုတောင်းခြင်း၏ စစ်မှန်သောအဓိပ္ပါယ်မှာ ဆုတောင်းသောသူသည် သူတောင်းလျှောက်သောသူ၏ အလိုကို ပြည့်စုံစေရန် ရှာဖွေခြင်းဖြစ်သည်။ ဆုတောင်းခြင်းမှာ ကျွန်ုပ်တို့သည် ဘုရားအလိုတော်ကို အလိုရှိကြောင်း ဖေါ်ပြခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ အလိုသည် ဘုရားဘက်တွင် ရပ်တည်ကြောင်း ဆိုလိုခြင်းလည်းဖြစ်သည်။ ဤဆုတောင်းခြင်း

မျိုးမရှိပါက၊ မှန်ကန်သောဆုတောင်းခြင်း ရှိမည်မဟုတ်ပါ။ ယနေ့ ဘုရားအလိုတော်ကို ထင်ရှားခြင်းအတွက် ဆုတောင်းခြင်း မည်မျှရှိပါသနည်း။ မိမိကိုယ်ကို ဘေးဖယ်ထားပြီး၊ ဘုရားအလိုတော်ပြီးပြည့်စုံခြင်းအတွက် ရှာဖွေသော ဆုတောင်းခြင်း မည်မျှရှိပါသနည်း။ ယုံကြည်သူများသည် ဆုတောင်းခြင်း၌ ဘုရားနှင့်အတူ အမှန်တကယ် အလုပ်လုပ်သူ မည်မျှရှိပါသနည်း။ ဘုရားရှေ့တော်တွင် နေ့တိုင်း ကိုယ်တော့်စိတ်နှလုံးအလိုဆန္ဒကို ပွဲတင်သံပြန်ကြားရန်၊ ကိုယ်တော့်ကို ဗလာစိတ်နှလုံးနှင့်ရှာဖွေရန်နှင့် ကိုယ်တော် အလိုရှိသည့်အရာကိုနားလည်၍ ပြည့်စုံစေရန် ဘုရားထံမည်သူ တောင်းဆိုသနည်း။

ဤစကြဝဠာတစ်ခုလုံး၌ သဘာဝကျသော၊ တရားဝင်ဖြစ်သော ဆုတောင်းချက် – ဘုရားကျေနပ်သောဆုတောင်းချက်– တစ်ခုသာရှိပါသည်၊ ထိုဆုတောင်းချက်မှာ ဘုရားအလိုတော်ပြည့်စုံစေရန် တောင်းလျှောက်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့လိုအပ်ချက်များသည် ဘုရားအလိုတော်၌ ပျောက်ဆုံးရမည်။ ကျွန်ုပ်တို့သည် လိုအပ်ချက်နှင့်ပတ်သက်၍ ဘုရားအလိုတော်ကို မြင်လျှင်၊ ဘုရားအလိုပြည့်စုံခြင်းနောက်သို့လိုက်၍ ချက်ခြင်း ကျွန်ုပ်တို့လိုအပ်ချက်ကို စွန့်ပစ်ရမည်။ လိုအပ်ချက်များ(လိုသည့်အရာများ) ပြည့်စေရန် တိုက်ရိုက်ဆုတောင်းခြင်းသည် အမြတ်ဆုံးဆုတောင်းခြင်းမဟုတ်ပါ။ တစ်ဦးတစ်ယောက်သည် ဘုရား၏ အလိုတော်ပြည့်စုံခြင်းအတွက် ရှာဖွေနေစဉ်တွင်၊ ပုဂ္ဂိုလ်ရေး လိုအပ်ချက်များအတွက် ဆုတောင်းချက်များအားလုံးကို သွယ်ဝိုက်စွာ ချပေးလိမ့်မည် ဖြစ်သည်။ ဤအရာသည် ဆုတောင်းခြင်း၏ လျှို့ဝှက်ချက်နှင့် ဆုတောင်းခြင်း၌ အောင်မြင်ရန် လျှို့ဝှက်ချက်ဖြစ်သည်။ (*The Collected Works of Watchman Nee*, vol. 8, pp. 6-7, 9-11)

*ပို၍ဖတ်ရန်-* *The Collected Works of Watchman Nee*, vol. 8, pp. 5-13; *Messages for Building Up New Believers*, vol. 1, ch. 10

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————————————————————————————————————————————————————————————————————————————————————————————————————————————————————————————————————————————————————————————————————————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**မ၊ ၁၈း၁၈–၁၉** **ငါအမှန်ဆိုသည်ကား၊ မြေကြီးပေါ်မှာ သင်တို့ချည်နှောင်သမျှသည် ကောင်းကင်ဘုံ၌ ချည်နှောင်ပြီးသားဖြစ်၏။ မြေကြီးပေါ်မှာ ဖြေလွှတ်သမျှသည် ကောင်းကင်ဘုံ၌ ဖြေလွှတ်ပြီးသားဖြစ်၏။ တစ်ဖန် ငါအမှန်ဆိုသည်ကား၊ မြေကြီးပေါ်မှာ သင်တို့တွင် နှစ်ယောက်တို့သည် မည်သည့်အရာကိုမဆို တညီတညွတ်တည်း၌ ဆုတောင်းလျှင် တောင်းသမျှတို့ကို ကောင်းကင်များ၌ ရှိတော်မူသော ငါ၏ခမည်းတော်သည် ပေးတော်မူလတံ့။**

အကယ်စင်စစ်၊ ဘုရားသခင်သည် အနန္တဘုန်းတန်ခိုးနှင့် ပြည့်စုံတော်မူသည်။ မည်သူမျှ ကိုယ်တော်၏အလုပ်ကို မဆန့်ကျင်နိုင်ပါ။ သင်နှင့်ကျွန်ုပ်သည် ဆုတောင်းခြင်း၌ ကိုယ်တော်နှင့်အတူ မလုပ်ဆောင်လျှင်သော်လည်းကောင်း၊ ဆုတောင်းခြင်းဖြင့် ကိုယ်တော်၏ အလိုဆန္ဒအတွက် နည်းလမ်းကို မပြင်ဆင်သော်လည်းကောင်း၊ ဆုတောင်းခြင်းနည်းလမ်းများအားဖြင့် စီမံညွှန်ကြားမှုများကို လှုပ်ရှားနိုင်ခွင့် ကိုယ်တော့်အား ခွင့်မပေးလျှင်သော်လည်းကောင်း၊ ကိုယ်တော်သည် အလုပ်ကို လုပ်ဆောင်နိုင်မည်မဟုတ်ပါ။ ယနေ့ ရထားစက်ခေါင်းများသည် တရုတ်နိုင်ငံအတွင်းထဲတွင် နေရာများစွာကို မသွားနိုင်ပါ။ သူတို့၏ အင်ဂျင်များ၌ စွမ်းအားမရှိသောကြောင့်မဟုတ်ဘဲ၊ သွားရန်ရထားလမ်းများ မရှိ၍ ဖြစ်သည်။ ဘုရားသည် အရာများစွာကို လုပ်ဆောင်ရန် ဝမ်းမြောက်စွာပင်၊ အလိုဆန္ဒရှိသည်။ သို့သော် သူ၏ သားသမီးတို့သည် ကိုယ်တော်နှင့်အတူ သူတို့၏ ကရုဏာကို ဖေါ်ပြခြင်းမရှိ၊ ကိုယ်တော့်ကို လမ်းဖွင့်ပေးခြင်းမရှိသောကြောင့်၊ ကိုယ်တော်သည် ကန့်သတ်ခြင်းခံနေရသည်။ ဘုရားကို အပြည့်အဝဆက်ကပ်နေသူ ကျွန်ုပ်တို့အားလုံးသည် ကိုယ်တော့်ကို နေ့တိုင်း ကျွန်ုပ်တို့ ကန့်သတ်မှုပြုနေသလားဆိုသည်ကို စဉ်းစားဖို့လိုသည်။

ထို့ကြောင့် ကျွန်ုပ်တို့၏ အရေးအကြီးဆုံးအလုပ်မှာ ဘုရားအတွက် လမ်းဖွင့်ပေးရန် ဖြစ်သည်။ (*The Collected Works of Watchman Nee,* vol. 8, p. 12)

## ယနေ့ဖတ်စရာ

ဘုရားသခင်၌ စွမ်းဆောင်လိုသောအရာများစွာရှိသည်။ သို့သော် ကျွန်ုပ်တို့သည် ကိုယ်တော့်အား လမ်းမဖွင့်ပေးပါက၊ ဤအရာများသည် ဖြစ်မလာနိုင်ပါ။ ထို့ကြောင့် ကျွန်ုပ်တို့၏ ဆုတောင်းချက်များသည် ဘုရားနှင့်သဘောတညီတညွတ်ရှိခြင်း၌ အမြဲပင်

တိုးတက်နေရမည်။ ကျွန်ုပ်တို့ အသေအချာဆုတောင်းကြပါစို့၊ ဘက်ပေါင်းစုံဖြင့် ဆုတောင်းကြပါစို့၊ သို့မှသာ ဘုရားအလိုတော်သည် နေရာအနှံ့သို့ ရောက်နိုင်မည်ဖြစ်သည်။ လူတွေအကြား ကျွန်ုပ်တို့၏ လှုပ်ရှားလုပ်ဆောင်မှုသည် အရေးကြီးပါသည်။ သို့သော် ဘုရားမျက်မှောက်တော်တွင် ကိုယ်တော်နှင့်အတူ ဆုတောင်းခြင်းဖြင့် လုပ်ဆောင်ခြင်းသည် ပို၍ အရေးကြီးသည်။ (*The Collected Works of Watchman Nee*, vol. 8, p. 12)

ကောင်းကင်၌ မလှုပ်ရှားမီ၊ မြေကြီးပေါ်တွင် လှုပ်ရှားရမည်။ ပထမဆုံး ချည်နှောင်ခြင်းသည် ကောင်းကင်၌ ဖြစ်ခြင်းမဟုတ်ဘဲ၊ မြေကြီးပေါ်တွင်ဖြစ်သည်။ ပထမဆုံး ဖြေလွှတ်ခြင်းသည် ကောင်းကင်၌ မဟုတ်ဘဲ၊ မြေကြီးပေါ်တွင် ဖြစ်ရမည်။ မြေကြီးသည် ချည်နှောင်ပြီးနောက်၊ ကောင်းကင်သည် ချည်နှောင်သည်။ မြေကြီးသည် ဖြေလွှတ်ပြီးနောက်၊ ကောင်းကင်သည် ဖြေလွှတ်သည်။ ကောင်းကင်၌ လှုပ်ရှားလုပ်ဆောင်ခြင်းကို မြေကြီးပေါ် လှုပ်ရှားလုပ်ဆောင်ခြင်းအားဖြင့် ထိန်းချုပ်ထားသည်။

ညီအစ်ကို၊ ညီအစ်မများဖြစ်သည့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ အလုပ်အလှေ့အလာနှင့် လှုပ်ရှားမှုသဘောချက်ကို မြင်ဖို့လိုသည်။ ဘုရားလုပ်ဆောင်လိုသည့်အရာကို လူကမလုပ်ပါက၊ ဘုရားသည် မလုပ်ဆောင်နိုင်ပါ။ ဘုရားလုပ်ဆောင်လိုသည့်အရာကို ကျွန်ုပ်တို့မရပ်တန့်နိုင်သော်လည်း၊ ကျွန်ုပ်တို့သည် ဘုရားမလုပ်လိုသောအရာကို ဘုရားလုပ်လာရန် မပြုနိုင်ပါ။ အောင်မြင်ခြင်းကို ကောင်းကင်၌ ဘုရားကဆုံးဖြတ်ချက်ချသော်လည်း၊ လူတို့ရှေ့တွင် အောင်မြင်ခြင်းကို မောရှေက ဆုံးဖြတ်ချက်ချသည်။ အစ္စရေးတို့ အောင်မြင်ရန် ကောင်းကင်ရှိဘုရားသည် အလိုရှိသည်မှာ မှန်ပါသည်၊ သို့သော် မြေကြီးပေါ်တွင် မောရှေသည် သူ၏လက်ကို မြှောက်မထားပါက၊ အစ္စရေးတို့ ကျဆုံးလိမ့်မည်ဖြစ်သည်။ သူလက်မြှောက်သောအခါ၊ အစ္စရေးတို့ အောင်မြင်သည်။ မြေကြီးသည် ကောင်းကင်ကို ထိန်းချုပ်ထားသည်။

ယေဇ၊၃၆း၃၇၌ “ယေဟောဝါသခင်ဘုရား မိန့်တော်မူသည်ကား၊ အစ္စရေးအမျိုးအဖို့ ဤအမှုကို ငါပြုရမည်အကြောင်း၊ သူတို့သည် ငါ့ကို တောင်းပန်ရကြမည်။ သိုးများပြားသကဲ့သို့ ထိုအမျိုးသားချင်းတို့ကို များပြားစေမည်”ဟူ၍ မိန့်ဆိုထားသည်။ ဘုရားသခင်၌ အစ္စရေးအိမ်ထောင်မိသားစု တိုးပွားရန် ရည်ရွယ်ချက်ရှိသည်။ သို့မှသာ သိုးစုကဲ့သို့ များပြားလာလိမ့်မည်ဖြစ်သည်။ ဘုရားအလိုတော်ကို မသိသူများက “ဘုရားသည် သိုးစုကဲ့သို့ အစ္စရေးတို့ကို များပြားရန် အလိုရှိပါက၊ ကိုယ်တော်သည် ဆက်လက်လုပ်ဆောင်ရမည်ဖြစ်သည်။ ကိုယ်တော့်ကို မည်သူရပ်စေနိုင်မည်နည်း”ဟုဆိုပေမည်။ သို့သော် ဤကျမ်းပိုဒ်က ဘုရားသခင်သည် သူတို့အတွက် ဤအရာကို မပြည့်စုံမီ၊ ပထမ

ဆုံး ဘုရားသခင်ကို ဤအကြောင်းမေးမြန်းကြမည်ဖြစ်ကြောင်း ဆိုထားခြင်းဖြစ်သည်။ ရှင်းလင်းသောအလေ့အလာပင်ဖြစ်သည်။ ဘုရားသည် ဤအရာအပေါ် ဆုံးဖြတ်ချက်ချထားစေကာမူ၊ ချက်ချင်းလုပ်ဆောင်မည်မဟုတ်ပါ။ ကိုယ်တော့်အား သူတို့သိလိုသမျှ မေးပြီးမှသာလျှင်၊ ကိုယ်တော်သည် အစ္စရေးမိသားစုတို့ကို များပြားစေမည်ဖြစ်သည်။ ကိုယ်တော်သည် မြေကြီးမှ ကောင်းကင်ကို ထိန်းချုပ်ရန် အလိုတော်ရှိနေသည်။

ဘုရားသခင်သည် တရားတော်အတိုင်း အလုပ်လုပ်နေသည်ကို ကျွန်ုပ်တို့မြင်တွေ့ဖို့လိုသည်။ မြေကြီးက ဖြေလွှတ်သည့်အတွက်၊ ကိုယ်တော်သည် သူ၏ အလိုတော်အားဖြင့် လူကို ပယ်ဖျက်လိမ့်မည်မဟုတ်ပါ။ ဤအရာသည် ထူးဆန်းသောအရာဟု ညီအစ်ကို၊ ညီအစ်မတို့ မထင်မှတ်ပါနှင့်။ ဤအရာသည် အကြောင်းအချက်ဖြစ်သည်။ ဘုရားသည် ကောင်းကင်၌ ရှိသည်။ မြေကြီးပေါ်တွင် ကိုယ်တော်လုပ်လိုသောအရာအားလုံးကို မြေကြီးကသဘောတူပြီး လုပ်ဆောင်ရန် ဆုံးဖြတ်မှသာလျှင် ပြီးပြည့်စုံနိုင်မည်ဖြစ်သည်။ ကိုယ်တော်သည် မြေကြီးပေါ်ရှိ လူ၏ အလိုဆန္ဒကို ဖယ်ထား၍မရနိုင်ပါ။ ကိုယ်တော်သည် မြေကြီးပေါ်တွင် လူ၏ အလိုဆန္ဒကို သိမ်းပိုက်လိမ့်မည်မဟုတ်ဘဲ၊ လွတ်လပ်စွာပြုမူစေမည် ဖြစ်သည်။ ကိုယ်တော်နှင့်ဆိုင်သည့်အရာတိုင်းကို ကိုယ်တော်နှင့်အတူ ပူးပေါင်းလုပ်ဆောင်ရန် မြေကြီးကအလိုရှိမှသာလျှင် ပြီးပြည့်စုံနိုင်မည်ဖြစ်သည်။ မြေကြီးက အလုပ်လုပ်သောအခါ၊ ဘုရားသခင်လုပ်ဆောင်မည်ဖြစ်သည်။ မြေကြီးက ဆုံးဖြတ်သောအခါ၊ ဘုရားက လုပ်ဆောင်မည်ဖြစ်သည်။ ဘုရားသခင်အတွက် သူ၏အလိုတော်နှင့် လူ၏ အလိုဆန္ဒ သဘောတညီတညွတ်ဖြစ်ဖို့ လိုအပ်သည်။ အလိုတော်နှင့် သဘောတညီတညွတ်ဖြစ်ခြင်းသည် ဘုရားအဖို့ ကြီးစွာသောဘုန်းအသရေဖြစ်သည်။ (Watchman Nee, *The Prayer Minstry of the Church,* pp. 8-9, 12)

*ပို၍ဖတ်ရန်-* *Life-study of 1 Timothy,* msg. 3; *The Collected Works of Watchman Nee,* vol. 37, pp. 193-199

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**တ၊ ထိုသူအပေါင်းတို့သည် ... အတူတကွ သဘောတညီတညွတ်တည်းဖြင့်**
**၁း၁၄ အစဉ် ကြိုးစား၍ ဆုတောင်းလျက်နေ၏။**
**၁၂း၅ ပေတရုသည် ထောင်ထဲ၌ အကျဉ်းနေရစဉ်၊ အသင်းတော်သည် သူ့အဖို့ စိတ်အားထက်သန်စွာ ဘုရားသခင်ကို ဆုတောင်းကြ၏။**

ဘုရားချည်နှောင်ရန် ရည်ရွယ်သည့်အရာကို ကျွန်ုပ်တို့ မည်သို့ ချည်နှောင်မည်နည်း။ ဘုရားဖြေလွှတ်ရန် ရည်ရွယ်သည့်အရာကို ကျွန်ုပ်တို့ မည်သို့ ဖြေလွှတ်မည်နည်း။ သခင်ဘုရား၏ အဖြေမှာ "စိတ်သဘောတညီတညွတ်၌ ရှိပါသလား"ဟု မေးမည်ဖြစ်သည်။ ဤအရာသည် ဆုတောင်းခြင်း၏ အဓိပ္ပါယ်နှင့် *ကိုယ်ခန္ဓာတော်* ၏ ဆုတောင်းခြင်းဖြစ်သည်။ ဘုရားနှင့်အတူတကွ ကျွန်ုပ်တို့အလုပ်လုပ်ခြင်း၏ အမြင့်ဆုံးအချက်မှာ ဘုရားပြီးမြောက်ရန် ရည်ရွယ်ထားသည့်အရာကို ပြည့်စုံစေရန် ဘုရားအတွက် သဘောတညီတညွတ်၌ ရှိသလားဟု မေးရန်ဖြစ်သည်။ (*The Collected Works of Watchman Nee*, vol. 8, p. 9)

## *ယနေ့ဖတ်စရာ*

ကျွန်ုပ်တို့သည် အသင်းတော်အစည်းအဝေးအတွက် ဆုတောင်းဖို့လိုသည်။ ကျွန်ုပ်တို့၏ သန့်ရှင်းသူများသည် တစ်ဦးချင်းဆုတောင်းဖို့လိုအပ်သလို၊ တစ်ပတ်တွင် အနည်းဆုံးတစ်ကြိမ် သန့်ရှင်းသူများအားလုံးအတူတကွ လာရောက်၍ ဆုတောင်းဖို့လည်းလိုအပ်သည်။ ဆုတောင်းခြင်းအစည်းအဝေးများသည် အသင်းတော်၏ဆုတောင်းခြင်းအမှုတော်ကို သယ်ဆောင်ခြင်းအတွက် ဖြစ်သည်။ (*Three Crucial Matters for the Increase and Building Up of the Church: Begetting, Nourishing, and Teaching*, pp. 45-46)

အသင်းတော်သည် ဘုရားသခင်ရွေးချယ်ထားသော ခွက်ဖလားဖြစ်သည်။ ဘုရားသခင်သည် ဤခွက်ဖလား၌ သူ၏ အလိုတော်ကို ထည့်ထားသဖြင့်၊ ၎င်းသည် မြေကြီးပေါ်တွင် ကိုယ်တော်၏ အလိုတော်ကို ကြွေးကြော်လိမ့်မည်ဖြစ်သည်။ မြေကြီးအလိုရှိသည့်အရာကို ကောင်းကင်သည်လည်း အလိုရှိမည်ဖြစ်သည်။ အသင်းတော်အလိုရှိသောအရာကို ဘုရားသခင်သည်လည်း အလိုရှိမည်ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်အလိုတော်ကို အသင်းတော်သည် ငြင်းပယ်မည်ဆိုပါက၊ ကောင်းကင်၌ ကိုယ်တော်ပြီးမြောက်ရန် အလိုရှိသောအရာကို ဘုရားသခင်သည် ပြည့်စုံရန် လုပ်ဆောင်နိုင်မည်မဟုတ်ပါ။

အသင်းတော်ဆုတောင်းခြင်းသည် ဘုံဘိုင်ခေါင်းကို ဖွင့်လိုက်သကဲ့သို့ ဖြစ်သည်။ ဘုံဘိုင်ခေါင်းကို ပို၍ဖွင့်လိုက်လေလေ၊ ဖိအားသည် ပို၍နည်းသွားမည်ဖြစ်သည်။ အသင်းတော်သည် ဆုမတောင်းပါက၊ ဖိအားများနေသည့် ဖိတ်ထားသောဘုံဘိုင်ခေါင်းနှင့်တူသည်။ ဘုရားသခင်သည် တစ်စုံတစ်ရာကို ပြည့်စုံရန် အလိုရှိသောအခါ၊ ညီအစ်ကို ညီအစ်မတစ်ဦးဦး၌သော်လည်းကောင်း၊ အသင်းတော်တစ်ခုလုံးအပေါ်၌သော်လည်းကောင်း၊ ဝန်တာ ရှိစေမည်ဖြစ်သည်။ အသင်းတော်သည် ဤဝန်တာကို ဆုတောင်း၍ ပြည့်စုံစေပါက၊ လွတ်ခြင်းအခွင့်ကို ခံစားရမည်ဖြစ်သည်။

အသင်းတော်ဆုတောင်းခြင်းအမှုတော်သည် မည်သို့နည်း။ ဘုရားသခင်လုပ်ဆောင်ရန် အလိုတော်ရှိသည့်အရာကို အသင်းတော်အား ပြောနေခြင်းနှင့် ဘုရားသခင် အလိုတော်ရှိသည့်အရာကို မြေကြီးပေါ်တွင် အသင်းတော်ဆုတောင်းနေခြင်းဖြစ်သည်။ ဤဆုတောင်းခြင်းမှာ ကျွန်ုပ်တို့က ကိုယ်တော့်ကို လုပ်ဆောင်စေလိုသောအရာ ပြည့်စုံရန် ဘုရားထံတောင်းခံခြင်းမဟုတ်ဘဲ၊ ကိုယ်တော်က လုပ်ဆောင်လိုသောအရာကို ပြည့်စုံစေရန် ဘုရားထံတောင်းခံခြင်းဖြစ်သည်။ ညီအစ်ကို ညီအစ်မတို့ အသင်းတော်၏ ဝတ္တရားမှာ မြေကြီးပေါ်တွင် ဘုရားအလိုတော်ကို ကြွေးကြော်ရန်ဖြစ်သည်။ မြေကြီးပေါ်တွင် အသင်းတော်သည် ဘုရားသခင်အတွက် "ငါအလိုတော်ရှိသည်မှာ ဤအရာဖြစ်သည်"ဟု ကြွေးကြော်ရမည်ဖြစ်သည်။ အသင်းတော်သည် ဤအကြောင်းအရာအတွက် ပျက်ကွက်သွားပါက၊ ဘုရားသခင်လက်တော်၌ အသုံးပြုနိုင်လိမ့်မည်မဟုတ်ပါ။ နောက်ထပ်အရာတိုင်းသည် ကောင်းနေစေကာမူ၊ ဤအရာ၌ ပျက်ကွက်ထားခြင်းကြောင့် အသုံးပြုလိမ့်မည်မဟုတ်ပါ။ အသင်းတော်ကို အကြီးမားဆုံးအသုံးပြုမှုသည် မြေကြီးပေါ်တွင် ဘုရားသခင်၏ အလိုတော်ကို ပြီးစီးအောင်လုပ်ဆောင်ခြင်းအတွက် ရပ်တည်ပေးခြင်းအပေါ်တွင် မူတည်သည်။

ဘုရားသခင်သည် ယနေ့ မြေကြီးပေါ်တွင် အရာများစွာကို လုပ်ဆောင်ရန် အလိုတော်ရှိသည်။ သို့သော် ကိုယ်တော်အလိုရှိသည့်အသင်းတော်မှာ အရာများစွာကို အသင်းတော်အားဖြင့် မပြည့်စုံမီ၊ ကိုယ်တော်ဘက်၌ ရပ်တည်နေမည့်အသင်းတော်ဖြစ်ရမည်။ ဘုရားသည် သူအလိုတော်ရှိသောအရာကို သူ့အားဖြင့် မလုပ်ဆောင်နိုင်ပါ။ ကိုယ်တော်သည် အသင်းတော်၏ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် လုပ်ဆောင်ဖို့လိုသည်။ အသင်းတော်သည် ဘုရားကိုယ်တော်တိုင်ကို ထင်ရှားစေသည့် နည်းလမ်းဖြစ်သည်။ ကျွန်ုပ်ထပ်ပြောလိုသည်မှာ အသင်းတော်သည် ရေဘုံဘိုင်ခေါင်းနှင့်တူသည်။ ဘုံဘိုင်ခေါင်းသည် သေးနေပါက၊ ဘုံဘိုင်ခေါင်းမှ ရေစီးဆင်းခြင်းပမာဏသည် ယန်ဇီမြစ်ကဲ့သို့ ရေများစွာရှိ

စေကာမူ၊ များများရလိမ့်မည်မဟုတ်ပါ။ ဘုရားသည် ကောင်းကင်၌ လုပ်ဆောင်ရန် အမှန်အလိုတော်ရှိနေသည်၊ သို့သော် ကိုယ်တော်မလုပ်ဆောင်မီ မြေကြီးလူပ်ရှားလုပ်ဆောင်ရန် စောင့်မျှော်နေသည်။ ဘုရားသခင်သည် ကောင်းကင်၌ ချည်နှောင်ရန် အလိုရှိသည့် အရာများစွာနှင့် ဖြေလွှတ်ရန် အလိုရှိသည့်အရာများစွာ ရှိသည်။ ဘုရားသခင်သည် ကိုယ်တော့်ကို ဆန့်ကျင်ဘက်ပြုနေသော လူများ၊ အကြောင်းအရာများစွာကို မြင်ပြီး ချည်နှောင်ရန် အလိုရှိသည်။ ကိုယ်တော်သည် ဝိညာဉ်ဆိုင်ရာ၊ အဖိုးထိုက်၊ အကျိုးရှိကာ သန့်ရှင်းသော အရာများစွာကို မြင်ပြီး ဖြေလွှတ်ရန် အလိုတော်ရှိသည်။ မေးခွန်းမှာ ဘုရားသခင်ချည်နှောင်လိုသောအရာကို ချည်နှောင်ရန်နှင့် ဘုရားဖြေလွှတ်လိုသည့်အရာကို ဖြေလွှတ်ရန် မြေကြီးပေါ်တွင် လူများ ရှိ–မရှိဆိုသည့် အမေးဖြစ်သည်။ ကိုယ်တော်သည် ကောင်းကင်ကို ထိန်းချုပ်ရန် မြေကြီးကို အလိုရှိသည်။ ဘုရားသခင်သည် ကောင်းကင်ကို ထိန်းချုပ်ရန် အသင်းတော်ကို အလိုရှိသည်။

အသင်းတော်၏ အမှုတော်မှာ မြေကြီးပေါ်တွင် ဆုတောင်းခြင်းဖြင့်၊ မြေကြီးသို့ ကောင်းကင်ရှိအလိုတော်ကို ယူဆောင်ရန် ဖြစ်သည်။ ဆုတောင်းခြင်းသည် လူအချို့ထင်သလို သေးငယ်ပြီး အရေးမပါဟု မထင်ပါနှင့်။ ဆုတောင်းခြင်းသည် မရှိမဖြစ်သောအရာဖြစ်သည်။ ဆုတောင်းခြင်းသည် အလုပ်ဖြစ်သည်။ ဆုတောင်းခြင်းမှာ အသင်းတော်သည် ဘုရားသခင်အား "ဘုရားသခင်၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏ အလိုတော်ကို အလိုဆန္ဒရှိကြပါသည်"ဟု ပြောဆိုခြင်းဖြစ်သည်။ ဆုတောင်းခြင်းမှာ အသင်းတော်သည် ဘုရားသခင်၏ စိတ်နှလုံးတော်ကို သိကျွမ်းခြင်းနှင့် ဘုရားစိတ်နှလုံး၌ရှိသည့်အရာကို တောင်းဆိုရန် နှုတ်ကိုဖွင့်ခြင်းဖြစ်သည်။ အသင်းတော်သည် ဤအရာကို မလုပ်ဆောင်ပါက၊ မြေကြီးပေါ်တွင် အသုံးဝင်မည်မဟုတ်ပါ။ (Watchman Nee, *The Prayer Ministry of the Church*, pp. 16-17, 14-15, 13)

*ပို၍ဖတ်ရန်-* *The Practical and Organic Building Up of the Church*, ch. 9; *Lessons for New Believers*, Lsn. 7

***အလင်းဖွင့်ပြခံရခြင်းနှင့်နိုးဆော်ခံရခြင်း*** ———————————————

——————————————————————

——————————————————————

——————————————————————

——————————————————————

——————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**တ၊ ထိုသူများတို့သည် ကြားရလျှင်၊ တညီတညွတ်တည်း ဘုရားသခင်ထံ**
**၄း၂၄ သို့ အသံကိုလွှင့်လျက်၊ ...**
**၃၁ ထိုသို့ ဆုတောင်းပြီးမှ၊ စုဝေးသောအရပ်သည် တုန်လှုပ်၍၊ ထိုသူ အပေါင်းတို့သည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်သဖြင့်၊ ဘုရား သခင်၏နှုတ်ကပတ်တော်ကို ရဲရင့်စွာဟောပြောကြ၏။**

သင်၏ဆုတောင်းချက်များအားလုံးသည် ဝိညာဉ်ဆိုင်ရာ တစ်စုံတစ်ရာကို ဝတ်ပြုခြင်း၊ မိတ်သဟာယပြုခြင်းနှင့် အသနားခံတောင်းလျှောက်ခြင်းအတွက် ဆုတောင်းချက်များဖြစ်နေပါက၊ ဤအရာများသည် အလွန်သေးငယ်ခြင်းသာဖြစ်သည်။ အမှုတော်၏သဘောသဘာဝလုပ်ဆောင်ခြင်း၌ ဆုတောင်းခြင်းမှာ သင်သည် ဘုရားဘက်၌ ရပ်တည်သောသူနှင့် ဘုရားလိုချင်သောအရာကို အလိုရှိသောသူဖြစ်သည်။ ညီအစ်ကို ညီအစ်မတို့၊ ဆုတောင်းခြင်းသည် ဘုရားအလိုတော်အတိုင်းဖြစ်ပါက၊ ၎င်းသည် တန်ခိုးစွမ်းအားအရှိဆုံးအရာဖြစ်သည်။ အသင်းတော်အတွက် ဆုတောင်းခြင်းဆိုသည်မှာ ဘုရားအလိုတော်ကို ရှာဖွေခြင်းနှင့် ဤအလိုတော်ကို ပြောထွက်ခြင်းဖြစ်သည်။ ဆုတောင်းခြင်းသည် တစ်စုံတစ်ရာအတွက် ဘုရားထံတောင်းလျှောက်ရုံမျှသာမဟုတ်ပါ။ အသင်းတော်အတွက် ဆုတောင်းခြင်းမှာ ဘုရားအလိုတော်ရှိသည့်အရာကို လူသည် အလိုရှိကြောင်း ဘုရားဘက်မှရပ်တည်ပြောဆိုခြင်းဖြစ်သည်။ အသင်းတော်သည် ဤသို့ပြောဆိုပါက၊ ထိရောက်သောပြောဆိုခြင်းဖြစ်သည်။ (Watchman Nee, *The Prayer Ministry of the Church*, p. 13)

## ယနေ့ဖတ်စရာ

ဆုတောင်းခြင်းသည် တစ်ဦးချင်းစီအတွက်၊ ဝိညာဉ်ဆိုင်ရာတစ်စုံတစ်ရာကို အလေးထားခြင်းအတွက်မျှသာ မဟုတ်ပါ။ ဆုတောင်းခြင်းသည် အမှုတော်အလုပ်အတွက်လည်းဖြစ်သည်။ ဤဆုတောင်းခြင်းသည် မြေကြီးပေါ်တွင် အသင်းတော်ကို အမှုဆောင်ခြင်းဖြစ်သည်။ အသင်းတော်၏ အလုပ်ဖြစ်သည်။ ဘုရားမျက်မှောက်တော်အတွက် အသင်းတော်ယူဆောင်ရမည့် ဝန်တာလည်းဖြစ်သည်။ အသင်းတော်၏ ဆုတောင်းခြင်းမှာ ကောင်းကင်၏ထွက်ပေါက်လည်းဖြစ်သည်။ အသင်းတော်၏ ဆုတောင်းခြင်းဆိုသည်မှာ ဘုရားလုပ်ဆောင်ရန် အလိုတော်ရှိသည့်အရာအတွက် ဆုတောင်းခြင်းဖြစ်သည်၊ အသင်းတော်သည် ထိုအရာအတွက် ပထမဆုံးဆုတောင်းရမည်၊ သို့မှသာ ထိုအရာကို ပြည့်စုံစေနိုင်ပြီး၊ ဘုရားသခင်၏ပန်းတိုင်ကို အောင်မြင်စေနိုင်မည်ဖြစ်သည်။

အသင်းတော်၏ အမှုတော်ဆိုသည်မှာ ခရစ်တော်ကိုယ်ခန္ဓာတော်၏ အမှုတော်ဖြစ်သည်။ ခရစ်တော်ကိုယ်ခန္ဓာတော်၏ အမှုတော်ဆိုသည်မှာ ဆုတောင်းခြင်းဖြစ်သည်။ ဤဆုတောင်းခြင်းသည် ဝိညာဉ်ဆိုင်ရာဝတ်ပြုခြင်းနှင့် တစ်ဦးချင်းလိုအပ်ချက်များအတွက်မျှသာမဟုတ်ဘဲ၊ "ကောင်းကင်"အတွက်လည်းဖြစ်သည်။ ကောင်းကင်၌ ဘုရားသခင်စီရီထားသောအရာများစွာ ရှိသည်။ ကိုယ်တော်သည် မြေကြီးပေါ်တွင် သူ့အတွက်ထွက်ပေါက်မရှိသောကြောင့်၊ ထိုအရာတစ်ခုကိုမှ မပြည့်စုံနိုင်ပါ။ ဘုရားသခင်သည် ထိုအရာများကို မဖြေရှင်းနိုင်ခြင်းမှာ အသင်းတော်သည် ဤအရာများကို ဘုရားဘက်မှရပ်တည်၍ ဘုရား၏ ပန်းတိုင်ပြည့်စုံစေရန် လွတ်လပ်သောအလိုဆန္ဒနှင့် လုပ်ဆောင်ခြင်းမရှိ၍ ဖြစ်သည်။ အသင်းတော်၏ အမြင့်မားဆုံးနှင့် အကြီးမားဆုံးသောအလုပ်မှာ ဘုရားအလိုတော်ကို ထွက်ပေါက်ပေးရန်ဖြစ်သည်။ အသင်းတော်ဆုတောင်းခြင်းသည် ဘုရားအလိုတော်ကို ထွက်ပေါက်ပေးခြင်းဖြစ်သည်။ ဤဆုတောင်းခြင်းသည် တစ်စိတ်တစ်ပိုင်းဆုတောင်းခြင်းမဟုတ်ဘဲ၊ အမှုတော်၏ အလေ့အလာ၌ ဆုတောင်းခြင်းနှင့် လုပ်ဆောင်ခြင်း၏ အလေ့အလာ၌ ဆုတောင်းခြင်းဖြစ်သည်။ ဘုရားသခင်သည် လူကို ရှုပါရုံပေးပြီး၊ ကိုယ်တော်၏ အလိုတော်ကို မြင်ရန် လူ၏ မျက်စိများကို ဖွင့်ပေးသည်။ ဤအရာဖြစ်လာသောအခါ၊ လူသည် ဆုတောင်းလာမည်ဖြစ်သည်။

ကျွန်ုပ်တို့သည် အသင်းတော်တွင် စစ်မှန်စွာရပ်တည်ခြင်းဖြင့်၊ ဘုရားမျက်မှောက်တော်ရှေ့တွင် ဆုတောင်းခြင်းအမှုတော်ကို ဝန်တာယူသောအခါ၊ ကျွန်ုပ်တို့ရပ်တည်နေသည့်အသင်းတော်၌ ဘုရားသခင်၏ အလိုတော်ကို လုပ်ဆောင်ရန် မြင်လာမည်ဖြစ်သည်။ ဘုရားသခင်၏ တန်ခိုးတော်သည် အသင်းတော်ဆုတောင်းခြင်းထက် ပိုသာနိုင်မည်မဟုတ်ပါ။ ယနေ့ ဘုရားသခင်၏ တန်ခိုးတော်သည် အသင်းတော်၏ ဆုတောင်းခြင်းအားကြီးမားသလောက်သာ အများဆုံးဖြစ်နိုင်သည်။ ဘုရားသခင်၏ တန်ခိုးတော်သည် ကောင်းကင်၌ အကန့်အသတ်ရှိသည်ဟု ဆိုလိုခြင်းအဓိပ္ပါယ်မဟုတ်ပါ။ ကောင်းကင်၌ ဘုရားသခင်၏ တန်ခိုးတော်သည် အကန့်အသတ်မရှိပါ။ သို့သော် မြေကြီးပေါ်တွင် ဘုရားသခင်၏ တန်ခိုးတော်သည် အသင်းတော်ဆုတောင်းခြင်း၏ အတိုင်းအတာအရ ထင်ရှားရခြင်းဖြစ်သည်။ အသင်းတော်ဆုတောင်းခြင်းပမာဏသည် ဘုရားသခင်၏ တန်ခိုးတော်ကို ထင်ရှားခြင်း၏ အတိုင်းအတာပမာဏ ဖြစ်ပေလိမ့်မည်။ သို့ဖြစ်၍ အသင်းတော်သည် ကြီးစွာဆုတောင်းခြင်းများကို သင်ယူခြင်းနှင့် ကြီးစွာသောအသနားခံတောင်းလျှောက်ခြင်းများကို လုပ်ဆောင်ဖို့လိုသည်။ အသင်းတော်သည် ထိုသို့ကြွယ်ဝချမ်းသာသောဘုရားထံသို့ လာရောက်ရမည်ဖြစ်သည့်အတွက်၊ သေးငယ်သောဆု

တောင်းခြင်းများနှင့် သေးငယ်သောတောင်းလျှောက်ခြင်းများ ဖြစ်မနေသင့်ပါ။ အသင်းတော်သည် ထိုသို့ကြွယ်ဝချမ်းသာသော ဘုရားထံသို့ လာရောက်ရမည်သည့် အတွက်၊ ကြီးမားသောအရာများကို ဖြစ်ပေါ်စေရမည် ဖြစ်သည်။ ဘုရားမျက်မှောက်တော်ရှေ့တွင် အသင်းတော်၏စွမ်းဆောင်မှုသည် သေးငယ်နေခြင်းသည် ဘုရားတန်ခိုးတော်ထင်ရှားခြင်းအတွက် အကန့်အသတ်ဖြစ်စေသည်။ အောင်မြင်သူများကို မဆုံးဖြတ်ရသေးခြင်းနှင့် စာတန်ကို အနက်ဆုံးတွင်းထဲသို့ မပြစ်ချရသေးခြင်း၏ မေးခွန်းကို ကျွန်ုပ်တို့သိပြီးဖြစ်သည်။ ဘုရားသခင်သည် သူစီမံထားသောအရာ မပြည့်စုံမပြီးမြောက်မီ၊ သူ၏ သက်သေခံခြင်းအတွက် ခွက်ဖလားကို ယူရဦးမည် ဖြစ်သည်။ အသင်းတော်သည် ကျွန်ုပ်တို့၏ ဘုရားသခင်ကြီးမားထင်ရှားရန် ကြီးစွာသော ဆုတောင်းခြင်းရှိဖို့လိုသည်။

ရင်းနှီးစွန့်စားထားခြင်းမှာ ဤအရာဖြစ်သည်၊– အမှုတော်အပေါ် သစ္စာရှိသည့် အသင်းတော်ကို ဘုရားသခင်ရနိုင်ပါမည်လား။ ဤအရာမှာ ကျွန်ုပ်တို့သည် အရည်အချင်းပြည့်မီသူများဖြစ်လာခြင်းအပေါ် နှင့် ဘုရား၏ပန်းတိုင်ကို ပြည့်စုံစေမည့် ဘုရား၏စစ်မှန်သောထည့်ခံခွက်ဖလား ဖြစ်လာခြင်းအပေါ် မူတည်သည်။ အသင်းတော်၏ အမှုတော်သည် ဆုတောင်းခြင်းဖြစ်သည်၊– ဆုတောင်းခြင်းမှာ သေးငယ်သောဆုတောင်းခြင်းမဟုတ်ဘဲ၊ ဘုရားအတွက် အစပြုနည်းလမ်း၌ ဆုတောင်းခြင်းဖြစ်ရမည်။ ဘုရားသခင်သည် သူ၏ အမှုတော်အလုပ်ကို ပြည့်စုံစေပြီးဖြစ်သည်။ သို့သော် အသင်းတော်သည် ပထမဆုံးဆုတောင်း၍၊ ဘုရားနည်းလမ်းမရှာမီ၊ လမ်းကို ပြင်ဆင်ထားရမည် ဖြစ်သည်။ အသင်းတော်သည် ကြီးစွာဆုတောင်းရမည်၊ အလေးထားဆုတောင်းရမည်၊ အပြင်းအထန်ဆုတောင်းရမည်။ (*The Prayer Ministry of the Church,* pp. 20-22)

*ပို၍ဖတ်ရန်-* *The Prayer Ministry of the Church,* ch. 1; *Fellowship concerning the Urgent Need of the Vital Groups,* pp. 135-138

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

***Hymns,* # E- 740**

ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ----------

# ဆုတောင်းသော လူတစ်ဦး

ဖတ်ရန်ကျမ်း။ ။ ယော၊၁၀း၃၀။ ၁၄း၃၀ခ။ ၁၅း၇။ လု၊၁၁း၅–၁၃။ ၁ဘုရင်၊ ၈း၄၈။ ဒံ၊၆း၁၀။ မ၊၂၆း၃၉

*Day 1*

**I. သခင်ယေရှုအားဖြင့် ကျွန်ုပ်တို့သည် ခရစ်ဝင်ကျမ်းများ၌ ဖော်ပြထားသည့် ဆုတောင်းသောလူတစ်ဦး၏စစ်မှန်သောပုံစံနမူနာကို မြင်တွေ့ရသည် (မ၊၁၄း၂၃။ မာ၊၁း၃၅။ လု၊၅း၁၆။ ၆း၁၂။ ၉း၂၈)။**

က။ ဆုတောင်းသောလူတစ်ဦးအနေဖြင့် သခင်ယေရှုသည် အမြဲတမ်း ဘုရားသခင်နှင့်အတူ တစ်လုံးတစ်ရှိသည် (ယော၊၁၀း၃၀)။

ခ။ ဆုတောင်းသောလူတစ်ဦးဖြစ်သော သခင်ယေရှုသည် မခြားမလပ် ဘုရားသခင်၏မျက်မှောက်တော်၌ အသက်ရှင်သည်။ ကိုယ်တော်က သူသည် တစ်ဦးတည်းမဟုတ်ကြောင်း၊ ခမည်းတော်သည် သူနှင့်အတူရှိကြောင်း၊ အချိန်တိုင်း ခမည်းတော်၏မျက်နှာတော်ကို ဖူးမြင်ကြောင်း ပြောဆိုထားသည် (တ၊၁၀း၃၈။ ယော၊၈း၂၉။ ၁၆း၃၂ခ။ ထွ၊၃၃း၁၄။ ၂ကော၊၂း၁၀)။

ဂ။ ဆုတောင်းသောလူတစ်ဦးဖြစ်သော သခင်ယေရှုသည် အမျိုးမျိုးသောဆင်းရဲဒုက္ခနှင့် ညှင်းပန်းနှိပ်စက်မှုအောက်၌ရှိစဉ် မိမိကိုယ်၌ ယုံကြည်ကိုးစားမှုမပြုဘဲ၊ ဘုရားသခင်၌သာ ယုံကြည်ကိုးစားသည် (၁ပေ၊၂း၂၃ခ။ လု၊၂၃း၄၆)။

ဃ။ ဆုတောင်းသောလူတစ်ဦးဖြစ်သော လူသားသခင်ယေရှု၌ လောကကိုအုပ်စိုးသူ စာတန်အဖို့ နေရာမရှိပါ(နေရာမရှိ၊ အခွင့်မရှိ၊ မျှော်လင့်ခြင်းမရှိ၊ မည်သည့်အရာ၌မျှ ဖြစ်နိုင်ချေမရှိ) (ယော၊၁၄း၃၀ခ)။

**II. ဆုတောင်းသောလူတစ်ဦးသည် အောက်ဖော်ပြပါ ထူးခြားချက်အစစ်အမှန်များဖြင့် ဆုတောင်းသည်။**

က။ ဆုတောင်းသောလူတစ်ဦးသည် လု၊၁၁း၁–၁၃၌ ဖော်ပြထားသည့်အတိုင်း ခမည်းတော်ထံမှ အသက်မစရာကို လက်ခံရရှိခြင်းငှါ မိမိကိုယ်တိုင်ဘုရားသခင်အထဲသို့ ဆုတောင်းသည်။

*Day 2*

၁။ ဆုတောင်းခြင်း၌ ကျွန်ုပ်တို့၏ရည်ရွယ်ချက်မှာ အသက်မစရာကို

ရှာဖွေခြင်းဖြစ်ရမည် – မုန့်များသည် ကုန်းမြေ၏ကြွယ်ဝခြင်းများကို ကိုယ်စားပြုပြီး၊ ငါးမှာ ပင်လယ်၏ကြွယ်ဝခြင်းများကို ကိုယ်စားပြုကာ၊ ဥများမှာ လေထဲနှင့် ကုန်းမြေပေါ်ရှိ တစ်စုံတစ်ရာကြွယ်ဝခြင်းများကို ကိုယ်စားပြုခြင်းဖြစ်သည် (ငယ်၊၅–၁၃)။

၂။ ဤကြွယ်ဝခြင်းများအားလုံးသည် သန့်ရှင်းသော ဝိညာဉ်တော်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားအထဲသို့ ကိုယ်တိုင်ဝင်ရောက်ဆုတောင်းသောအခါ၊ ကျွန်ုပ်တို့၏ အသက်မစရာဖြစ်သော သန့်ရှင်းသောဝိညာဉ်တော်ကို လက်ခံရရှိရန် ဘုရားသခင်၌ တည်နေရမည်ဖြစ်သည် (ငယ်၊၁၁–၁၃)။

၃။ ဤအသက်မစရာသည် ကျွန်ုပ်တို့ကိုသာ ကျွေးမွေးသည်မဟုတ်၊ ကျွန်ုပ်တို့၏ ဂရုစိုက်မှုအောက်၌ရှိနေသူများကိုလည်း ကျွေးမွေးသည် (၁ယော၊၅း၁၆က။ ၂ကော၊၃း၆။ တ၊၆း၄)။

၄။ ကျွန်ုပ်တို့၏ ဆုတောင်းခြင်းနည်းလမ်းသည် သခင်ဘုရားထံသို့ ကျွန်ုပ်တို့ အာရုံမရောက်၊ ကိုယ်တော့်အထဲသို့လည်း ကျွန်ုပ်တို့ ရောက်ရှိခြင်းမရှိ ဖြစ်နေပါက၊ ကျွန်ုပ်တို့၏ ဆုတောင်းခြင်းနည်းလမ်းကို ပြောင်းလဲရမည်ဖြစ်သည်။ ဆုတောင်းခြင်းမှာ ကျွန်ုပ်တို့ကိုယ်ကို ဘုရားသခင်အထဲသို့ ဆုတောင်းခြင်းဖြစ်သည်။

*Day 3*

၅။ ဆုတောင်းခြင်းဟူသည်မှာ ကျွန်ုပ်တို့သည် မိမိတို့အားဖြင့်၊ မိမိတို့နှင့်အတူ၊ မိမိတို့ကိုယ်၌သည် ဘာမျှမဟုတ်ကြောင်းကို သိရှိနားလည်ခြင်းဖြစ်သည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် မိမိတို့အားဖြင့် ဘာမျှလုပ်ဆောင်ရန် အလိုမရှိဘဲ၊ အရာအားလုံးကို ဘုရားသခင်၌၊ ဘုရားသခင်နှင့်အတူ၊ ဘုရားသခင်အားဖြင့် လုပ်ဆောင်ရန် အလိုရှိခြင်းဖြစ်သည်။

၆။ ကျွန်ုပ်တို့၏ ဆုတောင်းခြင်းသည် ဘုရားသခင်အား ကျွန်ုပ်တို့အထဲသို့ ဝင်လာရန်၊ ကျွန်ုပ်တို့၌ ဖြည့်ပေးရန်၊ ကျွန်ုပ်တို့၏ဖြစ်ခြင်း၌ ပျော်ဝင်ပြည့်ဝရန် လမ်းဖွင့်ပေးခြင်းဖြစ်သည်။ ထို့နောက် ကျွန်ုပ်တို့လုပ်ဆောင်သောအလုပ်ကို ဘုရားအပေါ် လုံးလုံးမှီခိုခြင်းဖြင့်သာ လုပ်ဆောင်လာမည်ဖြစ်သည်။

ခ။ ဆုတောင်းခြင်းဟူသည်မှာ ကျွန်ုပ်တို့သည် ဘာမျှမဟုတ်ကြောင်း၊ ဘာမျှမတတ်နိုင်ကြောင်းကို သိရှိနားလည်ခြင်းဖြစ်သည်။ ထို့ကြောင့် ဆုတောင်းခြင်းသည် မိမိကိုယ်ကို အမှန်ငြင်းပယ်ရမည်ဖြစ်ကြောင်း ဆိုလိုခြင်းဖြစ်သည် (မာ၊ဂ း၃၄။ ၉း ၂၉)။

၁။ ဆုတောင်းခြင်းမှာ အမှန်တွင် "ငါမဟုတ်၊ ခရစ်တော်သာ"ဟု ကြွေးကြော်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ဆုတောင်းခြင်းမှာ အခြေအနေတိုင်းကို ကိုယ်စွမ်းကိုယ်စဖြင့် မဖြေရှင်းကြောင်းကို သက်သေပြခြင်းဖြစ်သည် (ဂလ၊ ၂း ၂၀)။

၂။ "အိုသခင်ယေရှု"ဟူ၍ သခင်ဘုရား၏နာမတော်ခေါ်ခြင်း ဆုတောင်းချက်အတိုသည်ပင် "ငါမဟုတ်၊ ခရစ်တော်သာ" ဖြစ်ကြောင်းကို ဖော်ပြသည် (ရော၊၁၀း၁၂–၁၃)။

*Day 4*

ဂ။ ကျွန်ုပ်တို့၏ဆုတောင်းသံများကို ဘုရားသခင်နားညောင်းရန် အတွက် ကျွန်ုပ်တို့သည် သန့်ရှင်းသောမြေ၊ သန့်ရှင်းသောမြို့ တော်၊ သန့်ရှင်းသောဗိမာန်တော်တို့ဖြင့် ပုံဆောင်ထားသော ဘုရားသခင် စိတ်ဝင်စားရာများအတွက် ဆုတောင်းရမည်ဖြစ်သည် (၁ဘုရင်၊ ဂး၄ဂ)။

၁။ သန့်ရှင်းသောမြေမှာ ယုံကြည်သူများအတွက် ဘုရားသခင် ခွဲဝေသတ်မှတ်ပေးထားသည့် ဝေစုတည်းဟူသော ခရစ်တော်ကို ပုံဆောင်သည်(ကော၊၁း၁၂။ ၂း၆–၇။ တရား၊ဂး၇)။ သန့်ရှင်း သောမြို့တော်မှာ ခရစ်တော်၌ရှိသော ဘုရားသခင်၏ နိုင်ငံ တော်ကို ပုံဆောင်ပြီး(ဆာ၊၄ဂး၁–၂)၊ သန့်ရှင်းသော ဗိမာန် တော်မှာ မြေကြီးပေါ်ရှိ ဘုရားသခင်၏ အိမ်တော်၊ အသင်း တော်ကို ပုံဆောင်သည် (ဧ၊ ၂း ၂၁။ ၁တိ၊၃း၁၅)။

၂။ ဗာဗုလုန်၌ ဖမ်းဆီးခြင်းခံရစဉ်အတွင်း ဒံယေလသည် ယေရုရှ လင်မြို့သို့ ပြတင်းပေါက်ကိုဖွင့်ကာ တစ်နေ့လျှင်သုံးကြိမ် ဆု တောင်းခဲ့သည်။ ဤသည်မှာ ကျွန်ုပ်တို့၏ဆုတောင်းခြင်းသည် ဘုရား၏ထာဝရစီမံကိန်းပန်းတိုင်တည်းဟူသော ခရစ်တော် ထံသို့၊ ဘုရားသခင်၏နိုင်ငံတော်အဖို့၊ ဘုရားသခင်၏ အိမ် တော်အဖို့ ဆုတောင်းမည်ဆိုပါက၊ ဘုရားသခင်သည် ကျွန်ုပ်တို့

ဆုတောင်းသံကို နားညောင်းမည်ဖြစ်သည် (ဒံ၊၆း၁၀)။

၃။ ဤသည်မှာ ကျွန်ုပ်တို့သည် မည်သူ့အတွက် ဆုတောင်းပေးသည်ဖြစ်စေ၊ ကျွန်ုပ်တို့၏ ဆုတောင်းပေးခြင်းမှာ ဘုရားသခင်၏ စိတ်ဝင်စားမှုအပေါ် ရည်ရွယ်ချက်ထားရမည်ကို ဆိုလိုသည်။ ယင်းမှာ ဘုရားသခင်၏ စီမံကိန်းပြည့်စုံခြင်းအတွက် မြေကြီးပေါ်တွင် ဘုရားသခင်၏ စိတ်ဝင်စားသော ခရစ်တော်နှင့်အသင်းတော်ဖြစ်သည်။

**III. ဆုတောင်းသောလူတစ်ဦးသည် ဘုရားသခင်နှင့် ဘုရားသခင်၏ အလိုတော်ကို ရှာသောသူဖြစ်ရမည် (မ၊၂၆း၃၉။ ယော၊၄း၃၄။ ၅း၃၀။ ၆း၃၈)။**

**IV. ဆုတောင်းသောလူတစ်ဦးသည် ဘုရားသခင်၌ အသက်ရှင်သောသူ၊ ကိုယ်တော်နှင့်အစဉ်အမြဲမိတ်သဟာယရှိသောသူ ဖြစ်ရမည် (၁၅း၇။ ၁ယော၊၁း၃)။**

*Day 5*

**V. ဆုတောင်းသောလူတစ်ဦးသည် အာဗြဟံ၏စံနမူနာအတိုင်း ဘုရားရှေ့တော်၌ အစဉ်စောင့်ဆိုင်းနိုင်သောသူဖြစ်ရမည်။**

က။ ဘုရားရှေ့တော်၌ ဘုန်းထင်ရှားသောအာဗြဟံ၏ ကြားခံဆုတောင်းပေးခြင်းမှာ ဘုရားသခင်၏ စိတ်နှလုံးအလိုတော် ဖွင့်ပြခြင်းအတိုင်း မိတ်ဆွေနှစ်ဦးအကြား လူသားအနေဖြင့် ရင်းနှီးကျွမ်းဝင်စွာအပြန်အလှန်စကားပြောခြင်းဖြစ်သည် (က၊၁၈။ ရော၊ ၄း၁၂။ ၂ကော၊ ၂၀း၇။ ဟေရှာ၊၄၁း၈။ ယာကုပ်၊၂း၂၃။ သီ၊၁း၁–၄။ ဗျာ၊၂း၁၇။ ၁တိ၊၂း၁၊ ၈)။

ခ။ ဘုရားသခင်သည် အာဗြဟံထံသို့ လူတစ်ဦး၏ပုံသဏ္ဍာန်ဖြင့် လူ၏အနေအထား၌ ပေါ်ထွန်းခဲ့သည် (က၊၁၃း၁၈။ ၁၈း၁–၂၊ ၁၃–၁၅)။

ဂ။ အာဗြဟံသည် ဘုရားသခင်နှင့်ချိုမြိန်သော မိတ်သဟာယဖွဲ့ဝမ်းမြောက်နေစဉ်၊ လောဘက်၏ မွေးဖွားခြင်းနှင့် သောဒုံ၏ပျက်စီးခြင်းအကြောင်း ဖွင့်ပြခြင်းကို လက်ခံရရှိခဲ့သည် (ငယ်၊၉–၂၂)။

၁။ ဤသည်က ဘုရားသခင်၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့အထဲသို့ ခရစ်တော်အလုပ်လုပ်ရန်၊ ကျွန်ုပ်တို့အားဖြင့် ခရစ်တော်ထင်ရှားထွက်ပေါ်လာရန်၊ ကျွန်ုပ်တို့၏ မိသားစုအသက်တာ၊

အလုပ်ခွင်အသက်တာ၊ ကျွန်ုပ်တို့၏ ခရစ်ယာန်နှင့်အသင်းတော်အသက်တာတို့၌ "သောဒုံ"ကို ဖျက်ဆီးပစ်ရန်ဖြစ်ကြောင်းကို ဖော်ပြသည် (ဂလ၊၁း၁၅–၁၆။ ၂း ၂၀။ ၄း၁၉။ ၁ကော၊၅း၈)။

၂။ ဘုရားသခင်နှင့်အတူ ရင်းနှီးကျွမ်းဝင်သော မိတ်သဟာယဖွဲ့ခြင်း၌ မဖြစ်နိုင်သောအရာအာလုံးမှာ ခရစ်တော်နှင့်အတူ ဖြစ်နိုင်ကြောင်း ဖွင့်ပြခြင်းကို ကျွန်ုပ်တို့လက်ခံရရှိသည် (က၊ ၁၈း၁၄။ လု၊၁၈း ၂၇)။

*Day 6*

ဃ။ ဘုရားသခင်က သူသည် သောဒုံကို ဖျက်ဆီးမည်အကြောင်း၊ ထိုအတွက် ကြားခံဆုတောင်းပေးမည့်သူကို ရှာဖွေနေကြောင်းအာဗြဟံအား ဖွင့်ပြပေးခဲ့သည် (က၊၁၈း၁၇–၂၂။ ဟေဗြဲ၊၇း ၂၅။ ဟေရှာ၊ ၅၉း၁၆။ ယေဇ၊ ၂၂း၃၀)။

င။ က၊၁၈တွင် ကြားခံဆုတောင်းပေးခြင်း၏ အခြေခံအလေ့အလာများကို ရှင်းလင်းစွာဖွင့်ပြပေးထားသည်။

၁။ မှန်ကန်သောကြားခံဆုတောင်းပေးခြင်းမှာ လူအားဖြင့် အစပြုခြင်းမဟုတ်ဘဲ၊ ဘုရားသခင်၏ ဖွင့်ပြခြင်းအားဖြင့် အစပြုခြင်းဖြစ်သည်။ သို့ဖြစ်၍ ယင်းသည် ဘုရားသခင်၏ အလိုဆန္ဒကို ထင်ရှား၍၊ ဘုရားသခင်၏ အလိုတော်ကို သယ်ဆောင်ပေးသည် (အငယ်၊၁၇၊ ၂၀–၂၁။ ၁၉း ၂၇–၂၉။ ဆာ၊၂၇း၄–၈။ ဟေဗြဲ၊၄း၁၆။ ၇း ၂၅။ ယာကုပ်၊၅း၁၇)။

၂။ အာဗြဟံသည် သောဒုံမြို့အတွက် ကြားခံဆုတောင်းပေးနေပုံပေါ်သော်လည်း၊ အမှန်တွင် သူသည် သူ့ယ်ဝိုက်အားဖြင့် လောတအတွက် ကြားခံဆုတောင်းပေးနေခြင်းဖြစ်သည် (က၊ ၁၄း၁၂။ ၁၈း ၂၃။ ၁၉း၁၊ ၂၇–၂၉)။ ယင်းမှာ ကျွန်ုပ်တို့သည် လောကအထဲသို့ မျောပါသွားသောဘုရား၏ လူများအတွက် ကြားခံဆုတောင်းပေးရမည်ဖြစ်ကြောင်း ဖော်ပြနေသည်။

၃။ ကြားခံဆုတောင်းပေးခြင်းမှာ ကိုယ်တော့်စိတ်နှလုံးတော်၏ အတွင်းပိုင်းရည်ရွယ်ချက်အတိုင်း ဘုရားသခင်နှင့်ရင်းနှီးကျွမ်းဝင်စွာ စကားပြောနေခြင်းဖြစ်သည်။ ဤအရာအတွက် ကျွန်ုပ်တို့သည် ဘုရားသခင်၏ မျက်မှောက်တော်၌ တည်နေရန်

သင်ယူရမည်ဖြစ်သည် (၁၈း၂၃–၃၂။ မ၊၆း၆)။

၄။ ကြားခံဆုတောင်းပေးခြင်းမှာ ဘုရားသခင်၏ဖြောင့်မတ်ခြင်း နည်းလမ်းအတိုင်းဖြစ်သည်။ လောတအတွက် အာဗြဟံ၏ ကြားခံဆုတောင်းပေးခြင်း၌ သူသည် ကိုယ်တော်၏မေတ္တာ တော်နှင့် ကျေးဇူးတော်အတိုင်း တောင်းဆိုခြင်းမဟုတ်ဘဲ၊ ကိုယ်တော်၏ဖြောင့်မတ်ခြင်းနည်းလမ်းအတိုင်း ဘုရားသခင်ကို စိန်ခေါ် ခဲ့ခြင်းဖြစ်သည် (က၊၁၈း၂၃–၂၅။ ရော၊၁း၁၇)။

၅။ အာဗြဟံ၏ကြားခံဆုတောင်းပေးခြင်းသည် အာဗြဟံ၏ စကားပြောခြင်းဖြင့် အဆုံးမသတ်ဘဲ၊ ဘုရားသခင်၏စကား ပြောခြင်းဖြင့် အဆုံးသတ်ခြင်းက၊ စစ်မှန်သောကြားခံ ဆုတောင်းပေးခြင်းသည် ကျွန်ုပ်တို့၏စကားပြောခြင်း၌ ဘုရားသခင်၏ စကားပြောခြင်းဖြစ်ကြောင်းကို ဖော်ပြနေသည် (က၊၁၈း၃၃။ ရော၊၈း၂၆–၂၇)။

**VI. ဆုတောင်းသောလူတစ်ဦးသည် သူ၏အရာအားလုံးကို ဘေးဖယ် ထားရမည်။ အထူးသဖြင့် သူ၏တတ်စွမ်းခြင်းနှင့် ထင်မြင်ယူဆ ချက်များကို ဘေးဖယ်ထားရမည်ဖြစ်သည် (တ၊၁၀း၁၃–၁၅)။**

**VII. ဆုတောင်းသောလူတစ်ဦးသည် ဘုရား၏တောင်းဆိုမှုအားလုံး အတွက် မည်သို့သောအဖိုးအခမဆိုပေးနိုင်သူဖြစ်ရမည် (၂ကော၊ ၁၂း၇–၁၀)။**

**VIII. ဆုတောင်းသောလူတစ်ဦးသည် သူ၏ဆုတောင်းခြင်းနှင့်အညီ အသက်ရှင်သူဖြစ်ရမည် (၁း၁၂။ ၂း၁၀။ ၁သက်၊၅း၁၇။ မာ၊ ၁၁း၂၂။ ဟေဗြဲ၊၁၁း၅–၆)။**

## *နံနက်ခင်းကျွေးမွေးခြင်း*

**မ၊ ၁၄း၂၃** **စည်းဝေးသောသူတို့ကိုလွှတ်ပြီးမှ ဆုတောင်းသောငှါတောင်ပေါ်သို့ တစ်ဦးတည်းတက်ကြွသဖြင့်၊ ညအချိန်ရောက်သောအခါ၊ တစ်ဦးတည်းရှိနေတော်မူ၏။**

**ယော၊ ၁၄း၃၀** **… ဤလောကကိုအစိုးရသောမင်းသည် လာဆဲဖြစ်၏။ လာသော်လည်း ငါ၌အဘယ်အခွင့်အရာကိုမျှ မတွေ့ရ။**

**၁၀း၃၀** **ငါနှင့်ခမည်းတော်သည် တစ်လုံးတစ်ဝတည်းဖြစ်သည်ဟု မိန့်တော်မူ၏။**

သခင်ဘုရားသည် ဆုတောင်းသောလူတစ်ဦးအဖြစ် အသက်ရှင်ခဲ့သည်။ ကိုယ်တော်သည် ဘုရားထံသို့ လူအများ၏သာမန်ဆုတောင်းနေကျအတိုင်း၊ ဘာသာရေးကိုင်းရှိုင်းသောလူတို့၏ ဘာသာရေးနည်းလမ်းအတိုင်း ဆုတောင်းအသက်ရှင်ခဲ့ခြင်း မရှိသကဲ့သို့၊ ဘုရား၏ အဆင့်ဆင့်ဖြတ်ကျော်ရောက်ရှိခြင်းများနှင့် အောင်မြင်ရယူခြင်းများအတွက် ဘုရားကိုရှာဖွေသူတစ်ဦးအဖြစ်လည်း ဘုရားထံဆုတောင်း အသက်ရှင်ခဲ့ခြင်း မရှိပေ။ ကိုယ်တော်၏လူသားဖြစ်ခြင်း၌ဆုတောင်းခြင်းမှာ ကိုယ်တော်၏သာလွန်ကောင်းမြတ်ခြင်း၌ရှိသော ခရစ်တော်ကို ရရှိရန် အပြင်းအထန်ဆုတောင်းသည့် ခရစ်တော်ကိုရှာဖွေသူကဲ့သို့မဟုတ်ဘဲ (ဖိ၊၃း၁၂–၁၄၊ ၈)၊ ကိုယ်တော်သည် အသွေးအသား၌ရှိသောလူအဖြစ် ဘုရားဆိုင်ရာနက်နဲခြင်းနယ်ပယ်၌ အံ့ဖွယ်နက်နဲသောဘုရားသခင်ထံ ဆုတောင်းခြင်းဖြစ်သည်။ ခရစ်ဝင်ကျမ်းများ၌ ကိုယ်တော်သည် တစ်ခါတစ်ရံ ဆုတောင်းရန် တောင်ပေါ်သို့လည်းကောင်း၊ သီးသန့်နေရာသို့လည်းကောင်း သွားရောက်ကြောင်း ဆိုထားသည် (မ၊၁၄း၂၃။ မာ၊၁း၃၅။ လု၊၅း၁၆။ ၆း၁၂။ ၉း၂၈)။ (*The God-man Living*, p. 89)

## *ယနေ့ဖတ်စရာ*

ကျွန်ုပ်သင်ယူခဲ့သည့်အတိုင်းဆိုပါက၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏သာလွန်ကောင်းမြတ်ခြင်းရှိ ခရစ်တော်ကို ရယူရန် အပြင်းအထန်ဆုတောင်းသည့် ခရစ်တော်ကိုရှာဖွေသောသူတစ်ဦး ဖြစ်ကောင်းဖြစ်နိုင်သည်၊ သို့သော် ၎င်းမှာ ခရစ်ဝင်ကျမ်းများ၌ဖော်ပြထားသော ဆုတောင်းသောလူ၏စစ်မှန်သောပုံစံနမူနာ မဟုတ်ပါ။ အကယ်၍ ကျွန်ုပ်တို့သည် ခရစ်တော်ကို ရှာဖွေသူဖြစ်နေပါက၊ ကျွန်ုပ်တို့သည် သီးသန့်နှင့် ဝိညာဉ်ဆိုင်ရာဖြစ်သည်ဟု စဉ်းစားမိကြမည်ဖြစ်သည်။ သို့သော် ဆုတောင်းသောလူဖြစ်သည့် ပထမဆုံး ဘုရား–လူကို ဖော်ပြခြင်း၌ ကျွန်ုပ်သည် *ဝိညာဉ်ဆိုင်ရာ* စကားလုံးအသုံးပြု

ခြင်းကို ရှောင်ရှားခဲ့ပြီး၊ *ဘုရားဆိုင်ရာ နှင့် နက်နဲခြင်း* စကားကို အသုံးပြုခဲ့သည်။ ဘုရားဆိုင်ရာသည် ဘုရားဘက်အပိုင်းနှင့်ဆိုင်သည်။ နက်နဲခြင်းသည် လူ၏ အပိုင်းနှင့်ဆိုင်သည်။ ယေရှုသည် အသွေးအသား၌ လူဖြစ်သော်လည်း၊ ကိုယ်တော်သည် ဘုရားဆိုင်ရာနှင့် နက်နက်ခြင်းဆိုင်ရာ နည်းလမ်းနှင့် နယ်ပယ်၌ အံ့ဖွယ်နက်နဲသောဘုရားထံတော်သို့ ဆုတောင်းခဲ့ခြင်းဖြစ်သည်။

ကိုယ်တော်သည် ဘုရားသခင်နှင့်အတူတစ်လုံးတစ်ဝရှိသော ဆုတောင်းသောလူဖြစ်သည် (ယော၊၁၀း၃၀)။ ကျွန်ုပ်တို့သည် ခရစ်တော်ကို ရရှိရန် ပြင်းထန်စွာဆုတောင်းသော ခရစ်တော်ကိုရှာဖွေသူ ဖြစ်ကောင်းဖြစ်သော်လည်း၊ ဘုရားနှင့်အတူ တစ်လုံးတစ်ဝမရှိ ဖြစ်ကောင်းဖြစ်နိုင်သည်။ ကိုယ်တော်သည် စဉ်ဆက်မပြတ် ဘုရားမျက်မှောက်တော်၌ အသက်ရှင်သောလူလည်း ဖြစ်သည် (တ၊၁၀း၃၈၈။ ယော၊၈း၂၉။ ၁၆း၃၂)။ ကိုယ်တော်က သူသည် တစ်ဦးတည်းမဟုတ်ဘဲ၊ ခမည်းတော်နှင့် အတူရှိကြောင်း ကျွန်ုပ်တို့အား ပြောဆိုထားသည်။ ကိုယ်တော်သည် အချိန်တိုင်း ခမည်းတော်၏ မျက်နှာတော်ကို ရှုမြင်သောသူဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်ကို ရှာကောင်းရှာမည်ဖြစ်သော်ငြားလည်း၊ စဉ်ဆက်မပြတ် နီးကပ်စွာ ဘုရားမျက်မှောက်တော်၌ အသက်ရှင်နိုင်ကြမည်မဟုတ်ပါ။ ကိုယ်တော်သည် ဖိစီးနှိပ်စက်မှုနှင့် ဒုက္ခခံစားခြင်းအမျိုးမျိုးအောက်တွင်ရှိစေကာမူ၊ သူ့ကိုယ်သူမကိုးစားဘဲ၊ ဘုရားသခင်၌သာ ယုံကြည်ကိုးစားသူဖြစ်သည်။ ဆင်းရဲဒုက္ခခံစားခြင်းအလယ်၌ ကိုယ်တော်သည် ခြိမ်းခြောက်ခြင်းစကားကို မဆို၊ ဖြောင့်မတ်စွာစီရင်တော်မူသောသူ၌ အရာအားလုံးကို အပ်နှံထားတော်မူသည် (၁ပေ၊၂း၂၃ခ)။ ကိုယ်တော်သည် ကားတိုင်ပေါ်တွင် အသေခံနေချိန်တွင်၊ "အိုအဖ၊ အကျွန်ုပ်ဝိညာဉ်ကို ကိုယ်တော်လက်၌ အကျွန်ုပ်အပ်ပါ၏ "ဟု ဆုတောင်းတော်မူသည် (လု၊၂၃း၄၆)။ ကျွန်ုပ်တို့၏ နေ့စဉ်အသက်တာ၌ ကျွန်ုပ်တို့ဒုက္ခရောက်သောအခါ၊ ဘုရားသခင်၌ ကျွန်ုပ်တို့ ယုံကြည်ကိုးစားပါသလား။ လုံးလုံးမဟုတ်သော်လည်း အနည်းငယ်သောအတိုင်းအတာကို လုပ်ကောင်းလုပ်မည်ဖြစ်သည်။

သခင်ယေရှု၌ လောကကို အုပ်စိုးသူ စာတန်အတွက် မည်သည့် နေရာ၊ မည်သည့် အခွင့်အရေး၊ မည်သည့်မျှော်လင့်ချက်၊ မည်သည့်အရာမျှ ဖြစ်နိုင်စွမ်းမရှိကြောင်း ယော၊၁၄း၃၀တွင် ဖေါ်ပြထားသည်။ ကျွန်ုပ်တို့သည် အလင်းပေးခြင်းခံရပါက၊ ကျွန်ုပ်တို့တွင် စာတန်၏ အရာများစွာရှိနေကြောင်း ဝန်ခံလိမ့်မည်ဖြစ်သည်။ စာတန်အတွက် နေရာ၊ အခွင့်အရေး၊ မျှော်လင့်ချက်၊ ဖြစ်တန်စွမ်းအရာများစွာ ကျွန်ုပ်တို့၌ ရှိနေသည်။ သို့သော် ဤနေရာရှိဆုတောင်းသောလူက သူ၌ လောကကိုအုပ်စိုးသောစာတန်အတွက်

မည်သည့်အရာမျှမရှိကြောင်း မိန့်တော်မူထားသည်။ ဤအရာသည် ကျမ်းစာတစ်ခုလုံးတွင် သီးသန့်စာကြောင်း ဖြစ်သည်။ ထို့ကြောင့် ခရစ်တော်သည် ဘုရားသခင်နှင့်အတူ တစ်လုံးတစ်ဝရှိသော ဆုတောင်းသောလူ၊ စဉ်ဆက်မပြတ် ဘုရားမျက်မှောက်တော်၌ အသက်ရှင်သောလူ၊ ဒုက္ခဆင်းရဲခံစားခြင်းနှင့် နှိပ်စက်ခံစားခြင်း၌ ဘုရားကို ကိုးစားယုံကြည်သောလူနှင့် ကိုယ်တော်၌ စာတန်အတွက် နေရာမရှိသောလူ ဖြစ်သည်။ (*The God-man Living*, pp. 89-90)

လု၊၁၁း၁–၁၃၌ ကျွန်ုပ်တို့သည် ဆုတောင်းခြင်းအပေါ် လူသား–ကယ်တင်ရှင်၏ သွန်သင်ခြင်းကို မြင်တွေ့ရသည်။ ကျွန်ုပ်တို့သည် ဤအပိုင်းကို အသေအချာအဖန်ဖန်ဖတ်မည်ဆိုလျှင်၊ ဆုတောင်းခြင်းဆိုသည်မှာ ဘုရားသခင်အထံသို့ ကျွန်ုပ်တို့ကိုယ်တိုင် ဆုတောင်းခြင်းဖြစ်ကြောင်း မြင်လာမည်ဖြစ်သည်။

လု၊၁၁း၁၌ "တရံရောအခါ ကိုယ်တော်သည် တစ်စုံတစ်ခုသောအရပ်တွင် ဆုတောင်းတော်မူ၍ ပြီးလျှင်၊ တပည့်တော်တစ်ယောက်က သခင်၊ ဆုတောင်းစေခြင်းငှါ ယောဟန်သည် မိမိတပည့်တို့အား နည်းပေးသကဲ့သို့ အကျွန်ုပ်တို့အား နည်းပေးတော်မူပါ ဟုလျှောက်ကြောင်း" ဆိုထားသည်။ သခင်ဘုရားသည် မည်သည့်အရာအတွက် ဆုတောင်းသည်ကို ကျွန်ုပ်တို့မသိပါ။ တပည့်တော်တို့သည် ကိုယ်တော်ဆုတောင်းသည်ကို မြင်သောအခါ၊ ကိုယ်တော့်အား ဆုတောင်းရန် သူတို့ကို သွန်သင်ပေးရန် အလိုရှိကြသည်။ ထို့နောက် သခင်ဘုရားက ဆက်လက်၍ "သင်တို့သည် ဆုတောင်းလျှင် မြွက်ဆိုရမည်မှာ အဖ၊ ကိုယ်တော်၏နာမတော်အား သန့်ရှင်းစင်ကြယ်ခြင်းရှိပါစေသော။ နိုင်ငံတော်တည် ထောင်ပါစေသော။ အသက်မွေးလောက်သောအစာကို ကျွန်ုပ်တို့အား နေ့ရက်စဉ်တိုင်း ပေးသနားတော်မူပါ။ အကျွန်ုပ်တို့ကို ပြစ်မှားသောသူရှိသမျှတို့၏ အပြစ်ကို အကျွန်ုပ်တို့သည် လွှတ်သောကြောင့်၊ အကျွန်ုပ်တို့၏ အပြစ်များကို လွှတ်တော်မူပါ။ အပြစ်သွေးဆောင်ရာအထဲသို့ မလိုက်မပါစေပါနှင့်ဟု ဆုတောင်းကြလော့ဟု မိန့်တော်မူ၏"(အငယ်၊ ၂–၄)။ အကျွန်ုပ်သည် ဤကျမ်းပိုဒ်အတိုကို အချိန်များစွာယူ၍ စဉ်းစားခဲ့သည်။ ကျွန်ုပ်၏အဖြေမှာ ကျွန်ုပ်တို့သည် ဤနည်းလမ်းဖြင့် အဖန်ဖန်ဆုတောင်းပါက၊ ဘုရားသခင်အထဲသို့ ကျွန်ုပ်တို့ဆုတောင်းခြင်းအကျိုးကျေးဇူးရမည်ဖြစ်သည်။ တစ်နည်းဆိုသော်၊ ဤဆုတောင်းခြင်း၏ရလဒ်မှာ ဘုရားသခင်၌ ကျွန်ုပ်တို့ကို တွေ့မည်ဖြစ်သည်။ (*Life-study of Luke*, p. 230)

*ပို၍ဖတ်ရန်-* *The God-man Living*, msg. 10

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**လု၊ ၁၁း၁၁–၁၃ သင်တို့တွင် အဖဖြစ်သောသူ၌ သားသည် ငါးကိုတောင်းလျှင် မြွေကိုပေးမည်လော။ ဥကိုတောင်းလျှင် ကင်းမြီးကောက်ကို ပေးမည်လော။ သင်တို့သည် အဆိုးဖြစ်လျက်ပင် ကိုယ့်သားတို့အား ကောင်းသောအရာကို ပေးတတ်လျှင်၊ ထိုမျှမက ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဖသည် ဆုတောင်းသောသူတို့အား သန့်ရှင်းသော ဝိညာဉ်တော်ကို သာ၍ပေးတော်မူမည်မဟုတ်လော ဟု မိန့်တော်မူ၏ ။**

ကျွန်ုပ်တို့သည် ဘုရားသခင်အထဲသို့ ကျွန်ုပ်တို့ဆုတောင်းသည်နှင့်ပင်၊ ကျွန်ုပ်တို့သည် ဘုရား၌ရှိနေ၍ ယခု ကျွန်ုပ်တို့ဘာလုပ်မည်နည်း။ ကျွန်ုပ်တို့အထဲသို့ ကိုယ်တော်၏ ကြွယ်ဝခြင်းများနှင့်အတူ ကိုယ်တော့်ကို လက်ခံရယူရမည်သာဖြစ်သည်။ ကျဆင်းသော လူသားများဖြစ်သည့် ကျွန်ုပ်တို့သည် ဘုရား၏ အပြင်ဘက်တွင်သာ လုံးလုံးရှိနေကြသည်ဖြစ်၍ ကိုယ်တော်၏ကြွယ်ဝခြင်းများကို ဘာမျှမလုပ်ဆောင်နိုင်ပါ။ ထိုကြောင့် ကျွန်ုပ်တို့သည် ဘုရား၏ကြွယ်ဝခြင်းများကို မမွေ့လျော်နိုင်ပါ။ ကျွန်ုပ်တို့သည် ဘုရားအထဲသို့ ကိုယ်တိုင် ဆုတောင်းဖို့လိုသည်၊ ထိုနောက် ကိုယ်တော်၌ရှိသူများဖြစ်လာ၍၊ ကိုယ်တော်နှင့် သူ၏ကြွယ်ဝခြင်းများကို လက်ခံရရှိမည်ဖြစ်သည်။

လူအချို့က ကိုယ်တော်နှင့် သူ၏ကြွယ်ဝခြင်းများကို ရရှိရန် ဘုရားအထဲသို့ ကိုယ်တိုင် ဆုတောင်းဖို့လိုကြောင်း ကြားသောအခါ၊ သူတို့က “ကျွန်ုပ်တို့ ကယ်တင်ခြင်း မခံရမီ၊ ဘုရား၌ မရှိခဲ့ပါ။ ယခု ကျွန်ုပ်တို့သည် ဘုရားသားများဖြစ်ကြသည်”ဟုဆိုပေမည်။ ယုံကြည်သူများကျွန်ုပ်တို့သည် ဘုရားသားများဖြစ်သည်မှာ မှန်ပါ၏။ သို့သော် ကျွန်ုပ်တို့၏ တွေ့ကြုံခံစားခြင်း၌ တစ်ခါတစ်ရံ ကျွန်ုပ်တို့သည် ဘုရား၌ မရှိကြကြောင်းအချက်ကို သတိပြုရပေမည်။ ကျွန်ုပ်တို့သည် ဘုရား၌ အသက်မရှင်လျှင်၊ ကျွန်ုပ်တို့သည် ကိုယ်တော်၌ တည်မည်မဟုတ်ပါ။ ဥပမာ၊ အိပ်ရာမဝင်ခင်၊ ညီအစ်ကိုတစ်ယောက်သည် သူ၏ဇနီးနှင့် စိတ်ဆိုးပါက၊ နောက်နေ့နံနက် သူအိပ်ရာထသောအခါ၊ ဘုရား၏ပြင်ပ၌ သူနိုးထလာမည်ဖြစ်သည်။ သူဘာလုပ်သင့်သနည်း။ သူသည် ဘုရားအထဲသို့ ကိုယ်တိုင် ဆုတောင်းရမည်ဖြစ်သည်။ (*Life-study of Luke*, pp. 230-231)

# ယနေ့ဖတ်စရာ

တစ်ခါတစ်ရံ ကျွန်ုပ်တို့သည် ဘုရားထံသို့ အာရုံမရှိကြပါ။ ကျွန်ုပ်တို့သည် သတင်းစာရှိကြော်ငြာကြောင့် ကိုယ်တော့်ထံသို့ အာရုံမပြုရှိကောင်းရှိနိုင်သည်။ ကျွန်ုပ်တို့သည် ဘုရားထံမှ အလွယ်တကူ အာရုံပျက်နိုင်သောကြောင့်၊ နံနက်တိုင်း ကျွန်ုပ်တို့သည် ကိုယ်တော့်အထံသို့ ကိုယ်တိုင်ဆုတောင်းခြင်းဖြင့် ကိုယ်တော်နှင့်အချိန်ယူရခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ အားနည်းချက်များနှင့်ပတ်သက်၍ အသေးစိတ်ဆုတောင်းဖို့ မလိုပါ။ "အဖဘုရား၊ ကျွန်ုပ်ကို ခွင့်လွှတ်တော်မူပါ"ဟုလျှောက်ဆိုခြင်းဖြင့် လုံလောက်သည်။ အသေးစိတ်သွားနေရန် မလိုအပ်ပါ။ "အဖဘုရား၊ အကျွန်ုပ်သည် အခြားသူများကို ခွင့်လွှတ်သကဲ့သို့ အကျွန်ုပ်ကို ခွင့်လွှတ်တော်မူပါ"ဟုဆုတောင်းခြင်းသည် အားလုံးပါဝင်ပြီးဖြစ်သည်။ ထိုသို့ သင်ပို၍ဆုတောင်းလေလေ၊ သင်သည် ဘုရားအထံသို့ ကိုယ်တိုင်ဆုတောင်းလေလေဖြစ်ကြောင်း သင်သိနားလည်လာမည်ဖြစ်သည်။ ထိုနောက် ဘုရားထံ၌ သင်သည် အသက်မစခြင်းကို လက်ခံရလိမ့်မည်ဖြစ်သည်။

လု၊၁၁း၁–၁၃၌ ကျွန်ုပ်တို့သည် ခမည်းတော်ထံမှ အသက်မစခြင်းကို လက်ခံရရှိခြင်းအကြောင်း ရှိခြင်းကို မြင်တွေ့ရ၍ သင်သည် အံ့ဩသွားနိုင်သည်။ အသက်မစခြင်းကို အငယ်၊၁၁မှ ၁၃တို့တွင် ဖော်ပြထားသည်မှာ– "သင်တို့တွင် အဖဖြစ်သောသူ၌ သားသည် ငါးကိုတောင်းလျှင် မြွေကိုပေးမည်လော။ ဥကိုတောင်းလျှင် ကင်းမြီးကောက်ကို ပေးမည်လော။ သင်တို့သည် အဆိုးဖြစ်လျက်ပင် ကိုယ့်သားတို့အား ကောင်းသောအရာကို ပေးတတ်လျှင်၊ ထိုမျှမက ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဖသည် ဆုတောင်းသောသူတို့အား သန့်ရှင်းသောဝိညာဉ်တော်ကို သာ၍ပေးတော်မူမည်မဟုတ်လော ဟု မိန့်တော်မူ၏"။ ထိုနေရာတွင် အသက်မစခြင်းကို ငါး၊ ဥနှင့် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဖော်ပြထားသည်။ အငယ်၊၅၌ ပေါင်မုန့်အားဖြင့် ဖော်ပြထားသည်။ ပေါင်မုန့်ပါဝင်ပါက၊ ကျွန်ုပ်တို့သည် အသက်မစခြင်းအရာလေးခုကို မြင်တွေ့ရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားအထံသို့ ကိုယ်တိုင် ဆုတောင်းသောအခါ၊ ကျွန်ုပ်တို့၏ မစရာအဖြစ် ကိုယ်တော်၏ ကြွယ်ဝခြင်းများကို ရရှိမည်ဖြစ်သည်။

လု၊၁၁း၁–၁၃၌ သခင်ဘုရားမိန့်တော်မူသည်မှာ ဆုတောင်းခြင်း၌ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်မှာ ပေါင်မုန့်၊ ငါးနှင့် ဥများကို ရှာရန်၊ အသက်မစခြင်းကို ရှာရန် ဖြစ်သင့်ကြောင်း ဖော်ပြထားသည်။ မုန့်သည် မြေ၏ကြွယ်ဝခြင်းများ၊ ငါးသည် ပင်လယ်၏ကြွယ်ဝခြင်းများနှင့် ဥများသည် လေနှင့် မြေကြီးရှိ ကြွယ်ဝသောအရာများကို ကိုယ်စားပြုခြင်းဖြစ်သည်။ ထိုကြောင့် မုန့်၊ ငါးနှင့် ဥများသည် မြေကြီး၊ ရေနှင့် လေထဲရှိ ကြွယ်ဝခြင်းများ

ကို ပုံဆောင်သည်။ ဤအရာများသည် ကြွယ်ဝခြင်းအမျိုးမျိုးကို ပုံဆောင်သည်။ အငယ်၊၃၅ သန့်ရှင်းသောဝိညာဉ်တော်သည် ဤကြွယ်ဝခြင်းများ အားလုံးစုစုပေါင်းဖြစ်ကြောင်း ကျွန်ုပ်တို့ မြင်ရသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် မုန့်၊ ငါးနှင့် ဥတို့အားလုံးစုစုပေါင်းဖြစ်သည်။

သင်၏ဆုတောင်းခြင်းသည် ဘုရားသခင်အထဲသို့ မရောက်ရှိပါက၊ ဆုမတောင်းပါနှင့်။ ဤသည်မှာ သင်ဖျားနာနေပါက၊ သင်အနာငြိမ်းရန် သခင်ဘုရားထံမတောင်းဆိုပါနှင့်ဟု ဆိုလိုခြင်းအဓိပ္ပါယ်မဟုတ်ပါ။ ဤအချက်မှာ အနာငြိမ်းခြင်းအတွက် သင်ဆုတောင်းသောအခါ၊ ဆုတောင်းခြင်း၏ အုပ်စိုးခြင်းအလေ့အလာကို သင်သည် လိုက်နာ၍၊ ဘုရားသခင်အထဲသို့ ကိုယ်တိုင် ဆုတောင်းရမည့်အကြောင်း ဖြစ်သည်။ သင်၏ဆုတောင်းခြင်းနည်းလမ်းသည် သခင်ဘုရားထံ အာရုံမရှိ၍ ကိုယ်တော့်အထဲသို့ သင်မရောက်ရှိပါက၊ သင်၏ဆုတောင်းခြင်းနည်းလမ်းကို သင်ပြောင်းလဲသင့်သည်၊ ထိုသို့နည်းလမ်းရှာ ဆုတောင်းခြင်းသည် ဘုရားအထဲသို့ သင့်ကို ပို့ဆောင်မည်ဖြစ်သည်။

တစ်ခါတစ်ရံ ကျွန်ုပ်တို့သည် မှန်ကန်စွာဆုတောင်း၍ ဘုရားအထဲသို့ ကိုယ်တိုင်ဆုတောင်းကြောင်း သခင်ဘုရားနှင့်အတူ ကျွန်ုပ်တို့တွေ့ကြုံခံစားခြင်းမှ သိရှိနိုင်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၌ တည်နေသောအခါ၊ ကိုယ်တော်၏ဝိညာဉ်တော်၌ ကိုယ်ထင်ရှားသည့် ကိုယ်တော်၏ကြွယ်ဝခြင်းများကို လက်ခံရရှိမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် မုန့်၊ ငါးနှင့် ဥတို့ဖြင့် ပုံဆောင်သည့် ကျွန်ုပ်တို့၏အသက်မစခြင်းဖြစ်သော သန့်ရှင်းသောဝိညာဉ်တော်ကို ရရှိသောအခါ၊ ကျွန်ုပ်တို့ကိုယ်တိုင် စားသုံးရပြီး၊ ကျွန်ုပ်တို့ဂရုစိုက်နေရသောလူအားလုံးကိုလည်း ကျွေးမွေးနိုင်ပေမည်ဖြစ်သည်။ (*Life-study of Luke*, pp. 231-234)

*ပို၍ဖတ်ရန်-* *Life-study of Luke*, msg. 27

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ________________________

______________________________________________________

______________________________________________________

______________________________________________________

______________________________________________________

______________________________________________________

______________________________________________________

## နံနက်ခင်းကျွေးမွေးခြင်း

**မာ၊ ထိုအခါ တပည့်တော်တို့နှင့်ပရိသတ်များကို ခေါ်တော်မူပြီးလျှင်၊ အကြင်**
**၈း၃၄ သူသည် ငါ့နောက်သို့လိုက်ခြင်းငှါ အလိုရှိလျှင်၊ ထိုသူသည် ကိုယ်ကိုကိုယ် ငြင်းပယ်ရမည်။ ကိုယ်လက်ဝါးကပ်တိုင်ကို ထမ်း၍ ငါ့နောက်သို့လိုက်ရ မည်။**
**၉း၂၉ ကိုယ်တော်က၊ ဆုတောင်းခြင်းမှတစ်ပါး အဘယ်သို့သောအားဖြင့် ထိုဝိညာဉ်မျိုးသည် မထွက်နိုင်ဟု မိန့်တော်မူ၏။**

ဆုတောင်းခြင်းအဓိပ္ပါယ်မှာ ကျွန်ုပ်တို့သည် ဘာမျှမဟုတ်၊ ဘာမျှမလုပ်နိုင်ကြောင်း သိနားလည်ခြင်းဖြစ်သည်။ ထို့ကြောင့် ဆုတောင်းခြင်းသည် မိမိကိုယ်ကို အမှန်ပင်ငြင်းပယ်ခြင်းဆိုသည့် အဓိပ္ပါယ်ဖြစ်သည်။ ဆုတောင်းခြင်းမှာ ကျွန်ုပ်တို့သည် ဘာမျှမဟုတ်၊ မည်သည့်အရာကိုမျှ လုပ်ဆောင်ရန် မတတ်နိုင်ကြောင်းသိမှတ်ခြင်းဖြင့် မိမိတို့ကိုယ်ကို ငြင်းပယ်ခြင်းဖြစ်သည်။ ထို့အပြင် ဆုတောင်းခြင်းမှာ “ငါမဟုတ် ခရစ်တော်သာ”ဖြစ်ကြောင်း အမှန်ကြွေးကြော်ခြင်းဖြစ်သည်။

တပည့်တော်တို့သည် ဆုတောင်းရမည့်အစား နတ်ဆိုးကို ကြိုးစား၍ နှင်ထုတ်ကြသည်။ သူတို့က သူတို့ကိုယ်သူတို့ “ငါတို့သည် နှစ်နှစ်ကျော်မျှ သခင်ဘုရား နတ်ဆိုးများကို နှင်ထုတ်ခြင်းကို စောင့်ကြည့်ပြီးပြီ၊ ငါတို့ ကိုယ်တော့်ထံမှ သင်ယူပြီးပြီ၊ ဤကလေးထံမှ နတ်ဆိုးကို ငါတို့ နှင်ထုတ်နိုင်မှာပါ”ဟု ဆိုကောင်းဆိုပေမည်။ သူတို့သည် နတ်ဆိုးကို နှင်ထုတ်ရန် အားထုတ်ကြသော်လည်း၊ အောင်မြင်မှုမရှိပါ။ သူတို့သည် လိုအပ်သောတန်ခိုး၊ အင်အား၊ ဘုရားဆိုင်ရာစီးဆင်းခြင်း မပါဘဲ၊ နတ်ဆိုးကို ကြိုးစားနှင့်ထုတ်ကြသည်ဟု ကျွန်ုပ်တို့ဆိုကောင်းဆိုကြမည်။

မာ၊၉း၂၉ရှိ “ဆုတောင်းခြင်း”စကားလုံးသည် “ငါမဟုတ် ခရစ်တော်သာ”ဖြစ်ပေသည်ဟု အမှန်ပင်ဖော်ပြထားသည်။ ဤအကြောင်းအရာနှင့်ပတ်သက်၍ ဤအကြောင်းပြီးနောက် ချက်ချင်း ကျွန်ုပ်တို့၏ အစားထိုးခြင်းဖြစ်သော ခရစ်တော်ကို ဖွင့်ပြခြင်းနှင့် ကိုယ်ကိုယ်ကိုငြင်းပယ်ခြင်းဆိုသည့် သခင်ဘုရားမိန့်မှာချက်အား အဘယ်ကြောင့်ဆက်လက်ဖော်ပြသည်ကို ကျွန်ုပ်တို့ သိရှိနည်းလည်ဖို့လိုသည်။ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကို ငြင်းပယ်ဖို့လိုသည်၊ သို့မှသာ ခရစ်တော်သည် ကျွန်ုပ်တို့၏ အစားထိုးခြင်းနှင့် ကျွန်ုပ်တို့အတွက် အရာအားလုံးဖြစ်လာနိုင်မည်ဖြစ်သည်။ (*Life-study of Mark,* pp. 240-241)

## ယနေ့ဖတ်စရာ

ကျွန်ုပ်တို့သည် ရှည်လျားစွာ ဆုတောင်းဖို့ မလိုပါ။ "အို သခင်ယေရှု"ဟု ခေါ်ရုံဖြင့် လုံလောက်ပါသည်။ ဆုတောင်းချက်အတို "ငါမဟုတ် ခရစ်တော်သာ"ဖြစ်သည် ကိုလည်းဖေါ်ပြပေးထားသည်။ ကျွန်ုပ်တို့၏ဆုတောင်းခြင်းက အခြေအနေတစ်ရပ်ကို ဆက်ဆံဖြေရှင်းရန် သင်ကိုယ်တိုင်အားထုတ်လေ့ကျင့်ခြင်းမဟုတ်ကြောင်း သက်သေခံသည်။ ဤအစား သင်သည် ခရစ်တော်နှင့် လျှောက်လှမ်းရမည်ဖြစ်သည်။ ဤသည်မှာ ကျွန်ုပ်တို့၏ အစားထိုးခြင်းဖြစ်သည့် ကိုယ်တော်၏ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းနှင့်အတူ ခရစ်တော်နှင့် စပ်လျဉ်းသည့် ရုပါရုံကို လက်တွေ့လုပ်ဆောင်ခြင်းဖြစ်သည်။ (*Life-study of Mark*, p. 242)

ရှင်သန်သော ခရစ်တော်၏ ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်းအတွက်၊ ကျွန်ုပ်တို့သည် ဘုရားအသက်နှင့် ဆုတောင်းခြင်း လိုအပ်သည်။ ထည့်ဝင်ရာခွက်များအဖြစ် ကျွန်ုပ်တို့အား ဘုရားသခင်ဖန်ဆင်းထားခြင်းမှာ ဘုရားသခင်အလုပ်လုပ်ဆောင်နိုင်ရန်အတွက်ဖြစ်သောကြောင့်၊ ကျွန်ုပ်တို့သည် အခြားအသက်လိုအပ်ကြောင်း သိထားရမည်။ ကျွန်ုပ်တို့သည် ဆုတောင်းနေဖို့လိုသည်။ ဆုတောင်းခြင်းအဓိပ္ပါယ်မှာ ကျွန်ုပ်တို့အားဖြင့်၊ ကျွန်ုပ်တို့နှင့်အတူ၊ ကျွန်ုပ်တို့၌ အဘယ်အရာကိုမျှ မတတ်စွမ်းကြောင်း သိနားလည်ခြင်းကို ဆိုလိုသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် မိမိတို့အားဖြင့် မည်သည့်အရာကိုမျှ လုပ်ဆောင်ရန် အလိုမရှိပါနှင့်။ အရာခပ်သိမ်းကို ဘုရား၌၊ ဘုရားနှင့်အတူ၊ ဘုရားအားဖြင့် လုပ်ဆောင်ရန် အလိုရှိပါ။ ဆုတောင်းခြင်း၌ အရေးကြီးသောအချက်နှစ်ချက်မှာ၊– ကျွန်ုပ်တို့ဆုတောင်းသောအခါ၊ ဘုရားသခင်အထဲသို့ ကိုယ်တိုင်ဆုတောင်းရမည်မှာ ပထမအချက်ဖြစ်သည်။ ဒုတိယမှာ ကျွန်ုပ်တို့ဆုတောင်းသောအခါ၊ ဘုရားသခင်ကို ကျွန်ုပ်တို့အထဲသို့ ဆုတောင်းရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရား၌ များစွာမရှိ၍၊ ဘုရားလည်း ကျွန်ုပ်တို့၌ များစွာမရှိပါ။ ကျွန်ုပ်တို့သည် အာရုံထွေပြားနေသောကြောင့်၊ ဘုရား၏ အပြင်ဘက်တွင် ရှိနေကြသည်။ ကျွန်ုပ်တို့သည် ဘုရား၏ အလုပ်ကို လုပ်ဆောင်လိုပါက၊ ဘုရားအထဲသို့ ဝင်ရောက်ဖို့ လိုသည်။ သို့ပေမယ့် ဘုရားသခင်သည် ကျွန်ုပ်တို့၌ များစွာမရှိပါ။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အထဲသို့ ဘုရားသခင်ကို ဆုတောင်းဖို့လိုသည်။ ထို့နောက် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်အတူ ရောနှောပေါင်းစည်းခြင်းနည်းလမ်း၌ အလုပ်ကို လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဆုတောင်းခြင်းဖြင့် ဤအခြေအနေသို့ ရောက်ရှိလာနိုင်သည်။ ကျွန်ုပ်တို့ ဆုတောင်းသောအခါ၊ အကြောင်းအရာနှင့် အလုပ်အတွက် အလွန်များစွာဆုတောင်းဖို့ မလိုပါ။ ကျွန်ုပ်တို့သည် ဘုရား

သခင်အထဲသို့ ကိုယ်တိုင်ဆုတောင်းဖို့နှင့် ကျွန်ုပ်တို့အထဲသို့ ဘုရားသခင် ဆုတောင်းဖို့ လိုအပ်သည်။ ဤသည်မှာ ဆုတောင်းခြင်း၏ အလေ့အလာ ဖြစ်သည်။

ဆုတောင်းခြင်းဆိုသည်မှာ လုပ်ဆောင်ခြင်းအမျိုးမျိုးမှ ကျွန်ုပ်တို့ ရပ်တန့်လိုက်ရန် ဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တိုင် တစ်စုံတစ်ခုကို လုပ်ဆောင်နေနိုင်ပါက၊ ရပ်တန့်ပြီး ဆုတောင်းဖို့ လိုမည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် ရှေ့မှသွားနေနိုင်၍ ဤအရာကို ကိုယ်တိုင် လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဤနည်းလမ်း၌ အကြိမ်များစွာ အမှုဆောင်ခြင်းကို လုပ်ဆောင်နေကြသည်။ ကိုယ်တိုင် ဤအရာကို လုပ်ဆောင်ကြသည်။ မှားနေခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် မိမိတို့ကို ရပ်လိုက်ဖို့ လိုသည်။ ဓမ္မသစ်ကျမ်းစာကို ကျွန်ုပ်တို့ ဝင်ကြည့်ပါက၊ သခင်ယေရှုသည် အမြဲဦးစွာ ဆုတောင်းကြောင်း မြင်ရသည်။ ကိုယ်တော်၏ ဆုတောင်းခြင်းမှာ ခမည်းတော်မပါသည့်အရာလုပ်ဆောင်ခြင်းကို ရပ်တန့်ရန် ဖြစ်သည်။ သူ၏ ဆုတောင်းခြင်းသည် ခမည်းတော်နှင့်အတူ တစ်လုံးတစ်ဝအပြည့်အဝရှိခြင်း အခွင့်အရေး သူ့အား ဖြစ်လာစေသည်။ ထိုနောက် ခမည်းတော်ဘုရားသည် လူသားယေရှုအားဖြင့် အလုပ်ကို လုပ်ဆောင်ခဲ့သည်။ ကနဦးတမန်တော်များသည် ထိုနည်းတူပင်ဖြစ်သည်။ အမှုတော်လှုပ်ရှားမှုတစ်စုံတစ်ရာရှိသောအခါတိုင်း၊ တမန်တော်တို့သည် ပထမဆုံး ဆုတောင်းကြကြောင်း တမန်တော်ဝတ္ထုက ကျွန်ုပ်တို့ကို ဖော်ပြထားသည်။ သူတို့သည် ဆုမတောင်းဘဲ အလုပ်ကို အစပြုခြင်းမရှိပါ။ သူတို့သည် တစ်စုံတစ်ရာကို လုပ်ဆောင်လိုသည့်အချိန်တိုင်း၊ ဆုတောင်းခြင်းဖြင့် မိမိတို့ကိုယ်ကို ရပ်တန့်စေသည်။ သူတို့၏ ဆုတောင်းခြင်းသည် သူတို့အထဲသို့ လာရောက်ရန်၊ သူတို့ကို ပြည့်ရန်နှင့် သူတို့၏ဖြစ်ခြင်းတိုင်းကို ပျော်ဝင်ရန် ဘုရားသခင်ကို လမ်းဖွင့်ပေးသည်။ ထိုနောက်မှ တမန်တော်တို့သည် အလုပ်ကို အစပြုကြသည်။ တမန်တော်များသည် အလုပ်ကို ဘုရားထံမှ ကင်းကွာ၍ မည်သည့်အရာကိုမျှ မလုပ်ဆောင်ခဲ့ကြပါ။ (*The Practical and Organic Building Up of the Church*, p. 93)

*ပို၍ဖတ်ရန်-* *The Practical and Organic Building Up of the Church*, ch. 9; *Life-study of Mark*, msg. 27

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————

————————————————————————————

————————————————————————————

————————————————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**၁ဘုရင်၊ ၈း၄၈ သိမ်းသွားသော ရန်သူတို့၏ပြည်၌နေစဉ်၊ စိတ်နှလုံးအကြွင်းမဲ့ အထံ တော်သို့ ပြန်လာ၍၊ ဘိုးဘေးတို့အား ပေးတော်မူသောပြည်၊ ရွေး တော်မူသောမြို့ နာမတော်အဖို့ အကျွန်ုပ်တည်ဆောက်သော အိမ် တော်ကို မှီခိုလျက် ဆုတောင်းလျှင်လည်းကောင်း။**

**ဒံ၊ ၆း၁၀ … ဒံယေလ အိမ်သို့သွား၍ ယေရုရှလင်မြို့သို့ မျက်နှာပြုရာ အထက် ခန်းပြတင်းပေါက် ပွင့်လျက်ပင် အထက်ပြုလေ့ရှိသည်အတိုင်း တစ် နေ့သုံးကြိမ် ဒူးထောက်လျက် ဘုရားသခင်ကို ဆုတောင်း၍ ဂုဏ် ကျေးဇူးတော်ကို ချီးမွမ်းလေ၏**

၁ဘုရင်၊၈း၃၁–၄၈တွင် ကိုယ်တော်၏ရွေးချယ်ခံတို့၏ဆုတောင်းချက်များကို ဘုရားသခင်နားညောင်းတော်မူခြင်းနှင့်စပ်လျဉ်း၍ အကြောင်းအရာခုနစ်ချက်ကို ဖော်ပြထားသည်။ ၎င်း၌ နောက်ဆုံးအကြောင်းအရာသုံးချက်ကို အလေးထားဖော်ပြထားသည်မှာ(အငယ်၊၄၈)၊– ယုံကြည်သူများအတွက် ဘုရားသခင်ခွဲခန့်ထားသော ဝေစုဖြစ်သော ခရစ်တော်ကို ပုံဆောင်သည့် သန့်ရှင်းသောမြေ (တရား၊၈း၇ရှိ မှတ်စု၊၁ ကို ကြည့်ပါ)၊ ခရစ်တော်၌ ဘုရားသခင်၏နိုင်ငံတော်ကို ပုံဆောင်သော သန့်ရှင်းသောမြို့ (ဆာ၊၄၈း၁–၂)၊ နှင့် မြေကြီးပေါ်ရှိ အသင်းတော်၊ ဘုရားသခင်၏ အိမ်တော်ကို ပုံဆောင်သော သန့်ရှင်းသော ဗိမာန်တော် (ဧ၊၂း၂၁။ ၁တိ၊၃း၁၅)။ ၎င်းတို့သည် ဘုရားသခင်၏ စီမံကိန်းနှင့်စပ်လျဉ်း၍ အရေးကြီးသောအကြောင်းအရာသုံးခု ဖြစ်သည်။ ဗာဗုလုန်သို့ ဖမ်းဆီးခြင်းခံရချိန်အတွင်း ဒံယေလသည် ယေရုရှလင်မြို့ဆီသို့ မျက်နှာမူရာ သူ၏ပြတင်းပေါက်ကိုဖွင့်ကာ တစ်နေ့သုံးကြိမ် သန့်ရှင်းသောမြေ၊ သန့်ရှင်းသောမြို့နှင့် သန့်ရှင်းသော ဗိမာန်တော်အတွက် ဆုတောင်းခဲ့သည် (ဒံ၊၆း၁၀)။ ဤအရာက ဘုရားသခင်ထံသို့ ကျွန်ုပ်တို့ဆုတောင်းခြင်းသည် ဘုရားသခင်၏ ထာဝရစီမံကိန်းပန်းတိုင်ဖြစ်သော ခရစ်တော်၊ ဘုရားသခင်၏ နိုင်ငံတော်နှင့် ဘုရားသခင်၏ အိမ်တော်တို့အဖို့ ဖြစ်ပါက၊ ဘုရားသခင်သည် နားညောင်းလိမ့်မည်ဖြစ်ကြောင်း ဖော်ပြသည်။ ဆိုလိုသည့်အဓိပ္ပါယ်မှာ ကျွန်ုပ်တို့၏ဆုတောင်းခြင်းများသည် ဘုရားသခင်၏စီမံကိန်းပြည့်စုံခြင်းအတွက် မြေကြီးပေါ်တွင် ဘုရားသခင်စိတ်ဝင်စားသော ခရစ်တော်နှင့် အသင်းတော်ဖြစ်သည့် ဘုရားသခင်၏ စိတ်ဝင်ခြင်းများကို ရည်ရွယ်ရမည့်အကြောင်း ဆိုလိုသည်။ (1 Kings 8;48, foot-note 1)

# ယနေ့ဖတ်စရာ

သန့်ရှင်းသောမြေ၊ သန့်ရှင်းသောမြို့တော်နှင့် သန့်ရှင်းသောဗိမာန်တော်အားလုံးသည် ခရစ်တော်၏ ပုံဆောင်ချက်များဖြစ်သည်။ ခရစ်တော်သည် ကျွန်ုပ်တို့၏ ကောင်းသောမြေဖြစ်သည်။ ခရစ်တော်သည် ကျွန်ုပ်တို့၏ နိုင်ငံတော်၊ ကျွန်ုပ်တို့၏ မြို့တော်ဖြစ်သည်။ ခရစ်တော်သည် ဘုရားကိန်းဝပ်ရာနေရာ၊ ဗိမာန်တော်ဖြစ်သည်။ ယနေ့ ကျွန်ုပ်တို့၏ ဆုတောင်းခြင်းများသည် သန့်ရှင်းသောမြေ၊ သန့်ရှင်းတော်မြို့တော်နှင့် သန့်ရှင်းသောဗိမာန်တော်ကို ရည်ရွယ်ဆုတောင်းသင့်သည်။ ကျွန်ုပ်တို့၏ ဆုတောင်းခြင်းများသည် မြေကြီးပေါ် တွင် ဘုရား၏ စိတ်ဝင်စားခြင်းဖြစ်သော ခရစ်တော်နှင့် အသင်းတော်ဖြစ်သည့် ဘုရားသခင်၏ စိတ်ဝင်စားမှု၌ ရည်ရွယ်ဆုတောင်းရမည်ကို ဆိုလိုခြင်းဖြစ်သည်။

ဘုရားသခင်စိတ်ဝင်စားသည့် ဝိညာဉ်ဆိုင်ရာအရေးကြီးချက်မှာ ခရစ်တော်ကိုယ်တော်ဖြစ်သည်။ ဤသည်မှာ ကျွန်ုပ်တို့သည် မည်သူ့အတွက် ဆုတောင်းပေးသည်ဖြစ်စေ၊ ကျွန်ုပ်တို့၏ ဆုတောင်းပေးခြင်းမှာ ဘုရားသခင်၏ စိတ်ဝင်စားမှုအပေါ် ရည်ရွယ်ချက်ထားရမည်ကို ဆိုလိုသည်။ ကျွန်ုပ်တို့သည် သန့်ရှင်းသူများအတွက် ဆုတောင်းဖို့လိုသည်၊ သို့သော်လည်း ကျွန်ုပ်တို့၏ ဆုတောင်းခြင်းများသည် သူတို့ကို ရည်ရွယ်ချက်မထားသင့်ပေ။ တစ်နည်းဆိုပါက၊ ကျွန်ုပ်တို့သည် သူတို့အတွက် ဆုတောင်းသော်လည်း၊ အခြားတစ်နည်းဆိုသော် ဘုရားသခင်၏ စိတ်ဝင်စားမှုကြောင့် သူတို့အတွက် ဆုတောင်းပေးခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ ဆုတောင်းခြင်း၌ ဆုတောင်းပေးသူအတွက်ကိုသာ ရည်ရွယ်နေပါက၊ ရန်သူ၏ တိုက်ခိုက်ခြင်းသည် ဝင်ရောက်လာလိမ့်မည်ဖြစ်သည်။ ဤအရာသည် ဝိညာဉ်ဆိုင်ရာစစ်ပွဲ၌ ဝိညာဉ်ဆိုင်ရာမဟာဗျူဟာဖြစ်သည်။

ဆုတောင်းခြင်းတွင် အဖွဲ့ သုံးဖွဲ့ဖြစ်သည့်– ကျွန်ုပ်တို့၊ ဘုရားသခင်နှင့် စာတန်တို့ ပါဝင်နေကြောင်းကို ကျွန်ုပ်တို့သတိထားရမည်ဖြစ်သည်။ တစ်ခါတစ်ရံ ကျွန်ုပ်တို့သည် တစ်ဦးတစ်ယောက်အတွက် ဆုတောင်းသောအခါ၊ စာတန်သည် သူ့ထံသို့ တိုက်ခိုက်ရန် ဝင်လာသောကြောင့် သူ၏ အခြေအနေသည် ပို၍ဆိုးဝါးလာရသည်။ အကြောင်းမှာ ကျွန်ုပ်တို့၏ စိတ်ဝင်စားမှုသည် ဘုရားသခင်၏ စီမံကိန်း၌မဟုတ်ဘဲ၊ ထိုပုဂ္ဂိုလ်၌ ရှိနေသောကြောင့် ဖြစ်သည်။ မည်သူ့အတွက် ကျွန်ုပ်တို့ဆုတောင်းပေးသည်ဖြစ်စေ၊ ကျွန်ုပ်တို့၏ ဆုတောင်းခြင်းသည် ကိုယ်တော်၏ စီမံကိန်း၌ ဘုရားသခင်စိတ်ဝင်းစားသူ ဘုရားသခင်၏ ခရစ်တော်၌ ရည်ရွယ်ချက်ထားရမည်ဖြစ်သည်။

မှန်ကန်စွာဆုတောင်းရန်မှာ ကျွန်ုပ်တို့သည် ကိုယ်တော်၏ စီမံကိန်းအတွက် ဘုရားစိတ်ဝင်စားသောရည်ရွယ်ချက်ဖြင့်၊ သခင်ယေရှု၏ နာမတော်၌ ဘုရားသခင်ထံ ဆု

တောင်းရမည်ဖြစ်သည်။ ယေရှု၏ နာမတော်၌ ဆုတောင်းခြင်းမှာ ကျွန်ုပ်တို့အဖို့ ဘုရား၏ ဝေစု၊ ဘုရား၏ နိုင်ငံတော်နှင့် ဘုရားကိန်းဝပ်ရာနေရာဖြစ်သော ခရစ်တော်တည်းဟူသော မြေကြီးပေါ်တွင် ဘုရားသခင်စိတ်ဝင်စားခြင်းအတွက် ဆုတောင်းခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ ဆုတောင်းခြင်းသည် ဘုရား၏ စီမံကိန်းပြည့်စုံစေရန် ဘုရား၏ စိတ်ဝင်စားမှုအတွက် သာလုံးလုံးဖြစ်ရမည်။ (*Life-study of 1 & 2 Kings,* pp. 39-40)

လူပုဂ္ဂိုလ်တစ်ဦးသည် သူ့ကိုယ်သူနှင့် သူ၏ အလိုဆန္ဒကိုသာ မည်သို့ရှာရမည်ကိုသာ သိသူဖြစ်ပါက၊ သူသည် ဆုတောင်းသော်လည်း ဆုတောင်းသောလူတစ်ဦးမဟုတ်ပါ။ ဆုတောင်းသောလူတစ်ဦးသည် စကြဝဠာတစ်ခုလုံး၌ ဘုရားသခင်နှင့် ကိုယ်တော်၏ အလိုတော်ကိုသာ ဂရုစိုက်ပြီး၊ ဤအရာအပြင် အခြားမည်သည့်အလိုဆန္ဒမျှမရှိသူ ဖြစ်ရမည်။ ကျွန်ုပ်တို့၏ သခင်ယေရှုသည် ဤမြေကြီးပေါ်တွင် လူတစ်ဦးအဖြစ် အသက်ရှင်နေထိုင်ချိန်က၊ ကိုယ်တော်၌ ဤအသွင်သဏ္ဌာန်ကို ရှင်းလင်းစွာ ကျွန်ုပ်တို့မြင်တွေ့နိုင်သည်။ ကိုယ်တော်သည် ဂေသရေမန်အရပ်၌ ဆုတောင်းသောအခါ၊ ကိုယ်တော်အသေခံခြင်းအကြောင်းကို ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ရာတွင် "အကျွန်ုပ်အဖ၊ ဤခွက်သည် အကျွန်ုပ်ကို လွန်သွားနိုင်လျှင် လွန်သွားပါစေသော"ဟုဆုတောင်းသည်။ သို့သော် ကိုယ်တော်သည် "အကျွန်ုပ်အလိုရှိသည့်အတိုင်းမဖြစ်ပါစေနှင့်။ ကိုယ်တော်အလိုရှိသည့် အတိုင်းဖြစ်ပါစေသော"ဟူ၍လည်းဆုတောင်းသည် (မ၊ ၂၆း၃၉)။ ကိုယ်တော်သည် ဘုရားသခင်အား အကျွန်ုပ်အလိုရှိသည့်အတိုင်းမဖြစ်ပါစေနှင့်။ ကိုယ်တော်အလိုရှိသည့် အတိုင်းဖြစ်ပါစေသော်ဟု သုံးကြိမ်တိုင် ဆုတောင်းခဲ့သည်။

ခရစ်ယာန်တစ်ဦးသည် ဘုရားမျက်မှောက်တွင် အသက်ရှင်ရုံဖြင့် မလုံလောက်ပါ။ သူသည် ဘုရား၌ အသက်ရှင်ရန်လည်း သင်ယူရမည်။ သင်သည် သခင်ဘုရား၌ အသက်ရှင်မှသာလျှင်၊ ကိုယ်တော်နှင့် တစ်လုံးတစ်ဝဖြစ်လာနိုင်သည်။ ထိုနောက် သင်သည် "သခင်ဘုရား ကျွန်ုပ်တစ်ဦးတည်းဆုတောင်းနေခြင်းမဟုတ်ပါ၊ ကိုယ်တော်နှင့်ကျွန်ုပ်၊ ကျွန်ုပ်နှင့်ကိုယ်တော် အတူတကွဆုတောင်းနေပါသည်"ဟု သင်ဆိုလာနိုင်မည်ဖြစ်သည်။ (*Lessons on Prayer,* pp. 34-36)

*ပို၍ဖတ်ရန်-* *Life-study of 1 & 2 Kings,* msg. 6

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————

——————————————————————————————————

——————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ကၢ။ ယေဟောဝါ မတတ်နိုင်သောအမှု တစ်စုံတစ်ခုရှိသလော။ ချိန်းချက်**
**၁၈း၁၄ သော ဖွားချိန်စေ့သောအခါ သင့်ဆီသို့ ငါပြန်လာ၍ စာရာသည်**
**သား ကိုရလိမ့်မည်ဟု ယေဟောဝါဘုရားသည် အာဗြဟံအား မိန့်**
**တော်မူ၏**
**၁၆း၁၇ … အာဗြဟံသည်လည်း သူတို့ကို ပို့ခြင်းငှါ လိုက်လေ၏။ ယေဟောဝါ**
**ကလည်း ငါပြုမည်အမှုကို အာဗြဟံအား အဖော်ပြဘဲ ဝှက်ထားရ**
**မည်လော။**
**၂၂ … အာဗြဟံမူကား ယေဟောဝါရှေ့တော်၌ ရပ်နေလျက် ရှိသေး၏။**

ဆုတောင်းသောလူတစ်ဦးသည် ကိုယ်တော့်မျက်မှောက်တော်တွင် စိတ်နှလုံးအပြည့်နှင့် ဘုရားကိုစောင့်မျှော်၍၊ ကိုယ်တော်၌ တည်နေသူဖြစ်သည်။ ဆုတောင်းခြင်းသင်ခန်းစာများကို ကောင်းစွာသင်ယူထားသော လူတိုင်းသည် အမြဲတစေ ပထမဆုံးဘုရားမျက်မှောက်တော်ကို စောင့်နေပြီး၊ ထိုနောက်မှ ဆုတောင်းခြင်းအထဲသို့ တဖြည်းဖြည်းဝင်ရောက်ကြသည်။ သင်သည် ဆုတောင်းရန် လာသောအခါ၊ သင်၏စိတ်ကူးအတွေးကို ဖော်ပြရန်နှင့် သင်၏ခံစားချက်ကို ပြောပြရန် သင်၏နှုတ်ကို အလျင်အမြန်မဖွင့်ဟသင့်ပါ။ သင်၏စဉ်းထားခြင်းနှင့် ခံစားမှုကို ရပ်၍ ဘေးပယ်ထားမှသာ၊ သင်၏ဖြစ်ခြင်းတစ်ခုလုံးသည် ဘုရားမျက်မှောက်တော်ကို စောင့်မျှော်နိုင်မည်ဖြစ်သည်။

ထိုသို့သောပုံစံနမူနာများစွာ ဓမ္မဟောင်းကျမ်း၌ ရှိသည်။ ဥပမာ၊ ကမ္ဘာဦး၊၁၈၌ဘုရားသခင်သည် အာဗြဟံထံသို့ သီးသန့်လာရောက်သောကြောင့်၊ အာဗြဟံ၏တဲ၌ သူ၏ဧည့်ဝတ်ပြုခြင်းကို ခံယူသည့်မှတ်တမ်းရှိသည်။ ဤအဖြစ်အပျက်၌ အာဗြဟံသည်ဘုရားရှေ့တော်၌ စဉ်ဆက်မပြတ်အစေခံပြီး၊ ကိုယ်တော့်ကို ဘာမျှမေးမြန်းခြင်းမရှိပါ။ ဘုရားသခင်သည် မုန့်နှင့်အသားကို သုံးတော်မူပြီးနောက်၊ စာရာနှင့်စပ်လျဉ်းသည့်အရာကို ပြောတော်မူသည်။ ကိုယ်တော်သည် ထွက်ခွါရန် ထတော်မူ၍၊ အာဗြဟံသည် အတော်လှမ်းလှမ်း ကိုယ်တော်နှင့်အတူ လျှောက်လှမ်းချိန်တွင်၊ ဘုရားသခင်သည် ရပ်တော်မူကာ "ငါပြုမည်အမှုကို အာဗြဟံအား မဖော်ပြဘဲ ဝှက်ထားရမည်လော" ဟု မိန့်တော်မူသည် (ကၢ၊၁၈း၁၇)။ ထိုအချိန်၌ ဘုရားသခင်သည် သောဒုံမြို့ကို စီရင်ရန် မြေကြီးပေါ် သို့ ကိုယ်တော် ကြွလာခြင်းကို ရှင်းလင်းစွာ ဖော်ပြသည်။ အာဗြဟံသည် ဤအရာကို ကြားသောအခါ၊ ဘုရားသခင်၏ အလိုဆန္ဒကို သူချက်ချင်းနားလည်၍၊ ကိုယ်တော်သည် သောဒုံ

၌နေထိုင်ပြီး ဘုရားကို ရယူပိုင်ဆိုင်သော လောတနှင့်ပတ်သက်၍ဆိုကြောင်း အာဗြဟံ သိလေသည်။ ထိုနောက် အာဗြဟံသည် ချက်ချင်း ဘုရားသခင်အလေးထားသည့်အ တိုင်း ဆုတောင်းလေသည်။ ဤအရာက သူသည် ဘုရားရှေ့တော်၌ စောင့်ဆိုင်းသော သူစင်စစ် ဖြစ်ကြောင်း ဖော်ပြသည်။ (*Lessons on Prayer,* pp. 40-41)

## ***ယနေ့ဖတ်စရာ***

ကြားခံဆုတောင်းခြင်းနှင့်စပ်လျဉ်း၍ ဘုရားဖွင့်ပြခြင်းသည် "ပင်တေကုတ္တေ ဆိုင်ရာ"နည်းလမ်း၌ ချက်ချင်းအံ့သြဖွယ် ရောက်လာမည်ဟု မထင်မှတ်ပါနှင့်။ ဘုရား၏ စိတ်နှလုံးတော်မှ ထိုသို့ဖွင့်ပြခြင်းကို ရရှိရန် ကျွန်ုပ်တို့သည် ရှည်လျားသောအဆင့်ကို ကျော်ဖြတ်ရမည်။ ကျွန်ုပ်တို့သည် ခါလဒဲပြည် ဥရမြို့မှစ၍ ဟေဗြုန်မြို့ မံရေသပိတ်တော ရှိ တဲတံခါးသို့တိုင် နေရာများစွာကို ဖြတ်ကျော်ရမည်ဖြစ်သည်။ ဘုရားသခင်သည် ဟေဗြုန်မြို့မံရေသပိတ်တောရှိ အာဗြဟံထံသို့ ကြွလာခြင်းမှာ ဘုန်းတော်ပြည့်စုံသော ဘုရား၊ ကောင်းကင်နှင့် မြေကြီးကို ပိုင်ဆိုင်သည့်အမြင့်ဆုံးဘုရား၊ အဲရှာဒိုင်း (အနန္တ တန်ခိုးနှင့်ပြည့်စုံသောဘုရား)ကဲ့သို့ကြွလာခြင်းမဟုတ်၊ သူရင်းနှီးကျွမ်းဝင်သော မိတ်ဆွေ နှင့် ပျော်ရွှင်စွာစားသောက်ရန် လူသားတစ်ဦးကဲ့သို့ ကြွလာခြင်းဖြစ်သည်။ ထိုအချိန်၌ ဘုရားသည် သူ၏စိတ်နှလုံးတော် နောက်လိုက်သူကို ရှာတွေ့ခဲ့သည်။ ကမ္ဘာဦး၊၁၈၌ ဘုရားရှေ့တော်တွင် အာဗြဟံပြုသော ဘုန်းပြည့်စုံသောကြားခံဆုတောင်းခြင်းသည် ကောင်းကင်ရှိဘုရားကို မြေကြီးပေါ်ရှိလူမှ ဆုတောင်းခြင်းမဟုတ်ပါ။ မိတ်ဆွေ နှစ်ဦး အကြား လူသားအနေဖြင့် စကားပြောဆိုခြင်း ဖြစ်သည်။ ဘုရားသခင်သည် ကောင်းကင် မှဆင်းသက်၍၊ မိမိကိုယ်ကို နှိမ့်ချကာ၊ သေတတ်သော လူ၏ သဏ္ဍာန်ကို ယူဆောင်ခြင်း ဖြင့်၊ အာဗြဟံနှင့် စကားပြောခြင်းဖြစ်သည်။ ကြားခံဆုတောင်းခြင်းသည် ကိုယ်တော်၏ စိတ်နှလုံးအလိုဆန္ဒ၏ဖွင့်ပြခြင်းအတိုင်း ဘုရားနှင့်အတူ ရင်းနှီးကျွမ်းဝင်စွာ စကား ပြောဆိုခြင်းဖြစ်သည်။ ဤသည်မှာ ကြားခံဆုတောင်းခြင်း၏ ပထမဆုံး အလေ့အလာ ဖြစ်သည်။

ဘုရားသခင်သည် လူထံသို့ ကိုယ်တော်၏စိတ်နှလုံးအလိုဆန္ဒကို ဖွင့်ပြရန်တွင် လူ သည် ပြင်ဆင်ထားရမည်ဖြစ်သည်။ လူသန်းပေါင်းများစွာသည် ဘုရား၏နာမတော်ကို မွေ့လျော်ခံစားကြသော်ငြားလည်း၊ အနည်းငယ်သာလျှင် ပြုပြင်ခြင်း၊ ထိန်းသိမ်းကြပ် မတ်ခြင်း၊ လေ့ကျင့်ပေးခြင်း၊ အရေပြားလှီးခြင်းနှင့် အဆုံးသတ်ခြင်းကို ခံကြရသည်။

အာဗြဟံသည် ဘုရားနှင့်ချိုမြိန်သောမိတ်သဟာယဖွဲ့ခြင်းကို ဝမ်းမြောက်သော

အခါ၊ သူသည် ဣဇာက်ကိုမွေးဖွားခြင်းနှင့် သောဒုံကိုဖျက်ဆီးခြင်းနှင့်စပ်လျဉ်း၍ ကိုယ်တော့်ထံမှ ဖွင့်ပြခြင်းကို ရရှိခဲ့သည်။ ဣဇာက်ကိုမွေးဖွားခြင်းသည် ခရစ်တော်နှင့် သက်ဆိုင်ပြီး၊ သောဒုံမြို့ကို ဖျက်ဆီးခြင်းသည် အပြစ်ကို ဘုရားသခင်စီရင်ခြင်းနှင့် သက်ဆိုင်သည်။ ဤသည်မှာ ခရစ်တော်သည် ကြွလာ၍ အပြစ်သည် ထွက်သွားရခြင်းကို ဆိုလိုခြင်းဖြစ်သည်။ ယနေ့ ဘုရားသခင်သည် ခရစ်တော်ကို ထုတ်လုပ်ရန်နှင့် ကျွန်ုပ်တို့၏ အိမ်ထောင်အသက်တာ၊ အလုပ်နှင့် ကျွန်ုပ်တို့၏ ခရစ်ယာန်နှင့် အသင်းတော်အသက်တာ၌ ပင်လျှင် "သောဒုံ"ကို ဖျက်ဆီးရန် ရည်ရွယ်သည်။ ဘုရားသခင်ထံမှ ကျွန်ုပ်တို့ ရရှိပြီးသော၊ ရရှိလိမ့်မည်ဖြစ်သော ဖွင့်ပြခြင်းများအားလုံးသည် ဤအကြောင်းအချက်နှစ်ခုနှင့် အများဆုံး သက်ဆိုင်သည်။

ကၤ၁၈း၁၄၌ သခင်ဘုရားက "ယေဟောဝါ မတတ်နိုင်သောအမှု တစ်စုံတစ်ခုရှိသလော"ဟု မိန့်တော်မူထားသည်။ ခရစ်တော်ကို တွေ့ကြုံခံစားမှုတိုင်းသည် ကျွန်ုပ်တို့၏ မျက်စိ၌ အံ့သြဖွယ်ရာဖြစ်သည်။ ဤအရာသည် သခင်ဘုရား၏ အံ့သြဖွယ် လုပ်ဆောင်ချက်ဖြစ်သည်။ စာရာသည် ဣဇာက်ကို မည်သို့မွေးဖွားနိုင်ခဲ့သနည်း။ လူ့အနေဖြင့် မဖြစ်နိုင်ပါ။ ခရစ်ယာန်၏ တွေ့ကြုံခံစားမှုများသည် အမြဲတစေထိုနည်းတူဖြစ်သည်၊ အကြောင်းမှာ ခရစ်ယာန်အသက်တာသည် ဖြစ်နိုင်ခြေမရှိခြင်းများ၏ အသက်တာဖြစ်သောကြောင့်ဖြစ်သည်။ ဖြစ်နိုင်ခြေမရှိခြင်းအားလုံးသည် ခရစ်တော်နှင့်အတူဖြစ်လာနိုင်သောကြောင့် မည်မျှအံ့သြဖွယ်ပါနည်း။ ခရစ်တော်ကို ကျွန်ုပ်တို့တို့တွေ့ကြုံခံစားခြင်း၌ ကိုယ်တော်သည် နက်နဲဖွယ်နှင့် အံ့သြဖွယ်ဖြစ်သောကြောင့်၊ ကျွန်ုပ်တို့သည် အခြားလူများ မလုပ်နိုင်သောအရာကို လုပ်နိုင်ပြီး၊ အခြားသူများ မဖြစ်နိုင်သောအရာ ကျွန်ုပ်တို့၌ ဖြစ်လာနိုင်ရသည်။ (*Life-study of Genesis*, pp. 680-681, 673, 675)

*ပို၍ဖတ်ရန်-* *Life-study of Genesis*, msgs. 50, 51

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**ကၢ ထိုအခါ အာဗြဟံ ချဉ်းကပ်၍ ကိုယ်တော်သည် ဖြောင့်မတ်သော**
**၁၈း၂၃ သူတို့ကို မတရားသော သူတို့နှင့်တကွ ဖျက်ဆီးတော်မူမည်လော။**
**၂၅ ထိုသို့ပြု၍ ဖြောင့်မတ်သော သူတို့ကို မတရားသော သူတို့နှင့်တကွ ကွပ်မျက်ခြင်းအမှုသည် ကိုယ်တော်နှင့် ဝေးပါစေသတည်း။ ...မြေကြီးလုံးကို စီရင်တော်မူသော သခင်သည် တရားသဖြင့် ပြုတော်မူမည် မဟုတ်လောဟု လျှောက်ဆို၏။**
**၂၇ တဖန် အာဗြဟံက ကျွန်ုပ်သည် မြေမှုန့်နှင့် ပြာသက်သက်ဖြစ်သော်လည်း၊ သခင်ဘုရားကို ယခုလျှောက်မည်ဟု အားထုတ်ပါ၏။**

ကြားခံဆုတောင်းခြင်း၏ အခြေခံမူအလေ့အလာမှာ ဘုရားသခင်၏ဖွင့်ပြခြင်းအတိုင်းဖြစ်ရမည် (က၊၁၈း၁၇၊ ၂၀–၂၁)။ မှန်ကန်သောကြားခံဆုတောင်းခြင်းသည် ကျွန်ုပ်တို့အားဖြင့် စတင်ခြင်းမဟုတ်ဘဲ၊ ကိုယ်တော်၏ဖွင့်ပြခြင်း၌ ဘုရားသခင်အားဖြင့် အစပြုခြင်း ဖြစ်သည်။ ကမ္ဘာဦး၊၁၈၌ အာဗြဟံထံသို့ ဘုရားသခင်ကြွလာခြင်း၏ ရည်ရွယ်ချက်မှာ အဘယ်သို့နည်း။ ကိုယ်တော်သည် စားသောက်ရန်အတွက်ကြွလာခြင်းလည်း မဟုတ်၊ စာရာ၏ သားကို မွေးဖွားခြင်းနှင့်ပတ်သက်၍ ကိုယ်တော်၏ ကတိတော်ကို အတည်ပြုရန် ကြွလာခြင်းလည်းမဟုတ်ပါ။ ဘုရားသခင်သည် ကြားခံဆုတောင်းသောသူကို ရှာဖွေလိုသောကြောင့် အာဗြဟံထံသို့ ကြွလာခြင်းဖြစ်သည်။

ဘုရားသခင်သည် သူ၏စိတ်နှလုံးတော်၌ရှိသောအရာကို အာဗြဟံအားဖွင့်ပြသောအခါ၊ အာဗြဟံသည် ဘုရားသခင်ဆိုလိုသည့်အရာကို ချက်ချင်းနားလည်ခဲ့သည်။ အာဗြဟံသည် သောဒုံအတွက် ကြားခံဆုတောင်းသည်ဟု ထင်ရသော်လည်း၊ အမှန်တကယ် လောတအတွက် ကြားခံဆုတောင်းခြင်းဖြစ်သည်။

အာဗြဟံသည် သောဒုံအထဲသို့ မျောပါနေသော ဘုရားလူတို့အတွက် ကြားခံဆုတောင်းသကဲ့သို့၊ ကျွန်ုပ်တို့သည်လည်း လောကအထဲသို့ မျောပါနေသော ညီအစ်ကို၊ ညီအစ်မများအတွက် ကြားခံဆုတောင်းရမည်ဖြစ်သည်။ အာဗြဟံ၏ကြားခံဆုတောင်းခြင်းသည် ပထမဖြစ်သည်၊ ၎င်းသည် အသင်းတော်အသက်တာ၌ ကြားခံဆုတောင်းခြင်းနှင့် အသွင်တူဖြစ်သည်။ (*Life-study of Genesis*, pp. 677-678, 681-682)

# ယနေ့ဖတ်စရာ

ကြားခံဆုတောင်းခြင်းသည် ရင်းနှီးကျွမ်းဝင်သော စကားပြောဆိုခြင်း ဖြစ်သည်။ အာဗြဟံသည် ဆုတောင်းနေခြင်းမဟုတ်ဘဲ၊ "ကိုယ်တော်သည် ဖြောင့် မတ်သောလူတို့ကို မတရားသောသူတို့နှင့် တကွ ဖျက်ဆီးတော်မူမည်လော" ဟု လူသားအဆင့်တွင် သူ၏ ရင်းနှီးကျွမ်းဝင်သောမိတ်ဆွေတော်ကို စကားပြောဆိုခြင်းဖြစ်သည် (က၊၁၈း ၂၃)။ အာဗြဟံက ဘုရားသခင်အား "ဤအရာသည် ကိုယ်တော်၏ နည်းလမ်း ဖြစ်ပါသည်။ ဤနည်းလမ်းကို ကိုယ်တော်မပြုသင့်ကြောင်း အကျွန်ုပ် ကိုယ်တော့်ကို သတိပေးလိုပါသည်။ ဤမြို့တွင် ဖြောင့်မတ်သောလူ ငါးဆယ်ရှိနိုင်သည်။ ထိုနေရာရှိ ဖြောင့် မတ်သောလူငါးဆယ်ကို လွှတ်ခြင်းအခွင့် မပေးနိုင်ပါသလော" ဟု ပြောဆိုခြင်းဖြစ်ကြောင်း ထင်မြင်ရသည်။ ဤသည်မှာ စကားပြောခြင်း ဖြစ်သည်။

သင်သည် ကိုယ်တော်၏ စိတ်နှလုံးအလိုဆန္ဒကို သိရ၍ လူသားအဆင့်တွင် ဘုရားနှင့် ရင်းနှီးသောမိတ်သဟာယဖွဲ့ခြင်းအထဲသို့ ရောက်လာသောအခါ၊ "သခင်ဘုရား၊ ဤအရာသည် ကိုယ်တော်၏ နည်းလမ်းဖြစ်ပါ၏" ဟု ဆိုခြင်းဖြင့် ကိုယ်တော့်ကို သင်စိန်ခေါ် နိုင်ပါသည်။ ဤအရာသည် ဆုတောင်းခြင်းလည်းမဟုတ်၊ တောင်းပန်ခြင်းလည်းမဟုတ်ပါ။ ၎င်းသည် မိတ်ဆွေခြင်းစကားပြောခြင်း၌ ဘုရားကို စိန်ခေါ် ခြင်းဖြစ်သည်။

ဘုရားသခင်ကို အာဗြဟံ၏ စိန်ခေါ် ခြင်းသည် ဘုရားသခင်၏ ဖြောင့်မတ်သော နည်းလမ်းအတိုင်းဖြစ်သည် (၁၈း ၂၃–၂၅)။ မှန်ကန်သော ကြားခံဆုတောင်းခြင်းသည် ဘုရားသခင်၏ ချစ်ခြင်းနှင့် ကိုယ်တော်၏ ကျေးဇူးတော်အတိုင်းမဟုတ်ဘဲ၊ ကိုယ်တော်၏ ဖြောင့်မတ်ခြင်းနှင့်အညီ ဖြစ်သည်။

အငယ်၊ ၃၃၌ "ယေဟောဝါသည် အာဗြဟံနှင့် ပြောဆိုခြင်းအမှု ကုန်စင်ပြီးမှ ကြွသွားတော်မူ၏" ဟုဆိုထားသည်။ ဤအရာသည် အာဗြဟံ၏ ကြားခံဆုတောင်းခြင်းမှတ်တမ်း ဖြစ်သည်။ သို့သော် ဤနေရာတွင် အာဗြဟံစကားပြောပြီးသွားသည်ဟု ဆိုခြင်းမဟုတ်ဘဲ၊ သခင်ဘုရားစကားပြောပြီးသွားကြောင်း ပြောဆိုခြင်း ဖြစ်သည်။ မှန်ကန်သော ကြားခံဆုတောင်းခြင်းသည် အမြဲတစေ ဘုရားသခင်၏ စကားပြောခြင်းဖြစ်သည်။ ကျွန်ုပ်တို့စကားပြောခြင်းဖြစ်စေကာမူ၊ အမှန်စင်စစ် ဘုရားသခင်သည် ကျွန်ုပ်တို့စကားပြောခြင်း၌ ပြောဆိုနေခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရား၏ မျက်မှောက်တော်၌ ကျွန်ုပ်တို့ကို ကိုယ်တော်စကားပြောပြီးသည်အထိ ရှိနေဖို့ လိုအပ်သည်။ ကျွန်ုပ်တို့၏ ကြားခံဆုတောင်းခြင်းသည် ဘုရားသခင်စကားပြောသည့် အရာကို ပြောဆိုရမည်ဖြစ်သည်။ (*Life-study of Genesis*, pp. 683, 685, 687-688)

ဆုတောင်းခြင်းကို သင်ယူသူတစ်ဦးသည် မိမိကိုယ်ကို ငြင်းပယ်ပြီး၊ သူ၏ဖြစ်ခြင်းကို ရပ်တန့်သည့် တင်းကြပ်သောသင်ခန်းစာကို သင်ယူရမည်။ ဤနေရာရှိအတွက်သည် အထူးသဖြင့် မိမိ၏ယူဆချက်နှင့် ဇာတိဆိုင်ရာလုပ်နိုင်စွမ်းကို ရည်ညွှန်းခြင်းဖြစ်သည်။

ဆုတောင်းသောလူ၏ နောက်ထပ်လိုအပ်ချက်မှာ သူသည် ဘုရားသခင်၏ တောင်းဆိုချက်တိုင်းကို ဦးစားပေးအဖိုးအခပေးလိုသော အလိုဆန္ဒရှိရမည်။ သင်သည် ကိုယ်တော်နှင့်တွေ့သည့် အချိန်တိုင်း၊ ကိုယ်တော်သည် သင့်ထံမှာ တစ်ခုခုကို တောင်းဆိုမည်ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အပေါ် သို့ ကျေးဇူးတော်ကို ပေးအပ်သောဘုရားဖြစ်တော်မူသည်ဟု ကျွန်ုပ်တို့အမြဲထင်မှတ်ကြသည်။ သို့သော် ဘုရားသခင်သည် ကျွန်ုပ်တို့အပေါ် တောင်းဆိုမှုများကို ပြုတော်မူသော ဘုရားလည်းဖြစ်သည်။

ဆုတောင်းသောလူတစ်ဦးဖြစ်သော သင်၏အသက်ရှင်ခြင်းသည် တစ်သမတ်တည်းဖြစ်ရမည်၊ သင်ဆုတောင်းသည့်အရာနှင့် ကိုက်ညီမှုရှိရမည်။ တစ်ဦးဦးက သခင်ဘုရားအား အသင်းတော်နိုးကြားခြင်းအတွက်လည်းကောင်း၊ အပြစ်သားကို ကယ်တင်ခြင်းအတွက်လည်းကောင်း တောင်းဆိုကောင်းတောင်းဆိုမည်ဖြစ်သည်၊ သို့သော် သူ၏အသက်ရှင်ခြင်းသည် သူ၏ဆုတောင်းခြင်းနှင့် ကိုက်ညီခြင်းမရှိသော တောင်းဆိုမှုဖြစ်နေသည်။ သူသည် အသင်းတော်နိုးကြားခြင်းအတွက် ပါဝင်ခြင်းမရှိ၊ အပြစ်သားများကို ကယ်တင်ရန် ရယူခြင်းအတွက် အထောက်အကူမပြုသော အနေအထား၌ အသက်တာကို အသက်မရှင်သူ ဖြစ်သည်။ သူသည် ဆုတောင်းမည်ဖြစ်သော်ငြားလည်း၊ သူသည် ဆုတောင်းသောလူတစ်ဦးမဟုတ်ပါ။ ဆုတောင်းသောသူတစ်ဦးသည် ဆုတောင်းခြင်းအမှုကို လုပ်ဆောင်ရုံမျှသာမက၊ သူ၏အသက်ရှင်ခြင်းသည် ဆုတောင်းခြင်းအသက်တာလည်း ရှိရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် အရာများစွာအတွက် အကြိမ်များစွာ ဆုတောင်းသော်လည်း၊ ဆုတောင်းပြီးနောက်တွင်၊ ကျွန်ုပ်တို့သည် ထိုအရာများအတွက် လိုအပ်သော အသက်တာစံနှုန်းအတိုင်း အသက်မရှင်ကြပါ။ ဤအရာမှာ ကျွန်ုပ်တို့သည် ဆုတောင်းခြင်း၏ လှုပ်ရှားမှုအားဖြင့် သွားသော်လည်း၊ ကျွန်ုပ်တို့သည် ဆုတောင်းသောလူများ မဟုတ်ကြပါ။ (*Lessons on Prayer,* pp. 42, 44, 46)

*ပို၍ဖတ်ရန်-* *Lessons on Prayer,* ch. 3

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

***Hymns,* # E- 772**

ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ

## *မြေကြီးပေါ်၌ ဘုရားသခင်၏လှုပ်ရှားမှုအတွက် တိုက်ခိုက်မည့်စိုလ်ခြေကို ဖွဲ့စည်းရန်အလို့ငှာ နံ့သာပေါင်းမီးရှို့ရာယဇ်ပလ္လင်၌ ဆုတောင်းခြင်း*

ဖတ်ရန်ကျမ်း။ ထွ၊၃၀း၁–၁၆။ ၂ရာ၊၁၆း၉။ ဟေဗြဲ၊၇း ၂၅။ ဗျာ၊၈း၃–၅။ ဧ၊၄း၁၃။ ၆း၁၀–၁၂

*Day 1* **I. ဘုရားသခင်သည် အနန္တတန်ခိုးရှင်ဖြစ်သည်၊ သို့သော် ကိုယ်တော်၏ အနန္တတန်ခိုးသည် ကန့်သတ်ခံရခြင်းအောက်၌ရှိနေသည်။ အကြောင်းမှာ ကိုယ်တော်၏လုပ်ဆောင်မှုအတွက် သင့်လျော်သော အခြေအနေကို ရရှိနိုင်ရန်အတွက်ဖြစ်သည် – ၂ရာ၊၁၆း၉။**

က။ ကျွန်ုပ်တို့သည် ကိုယ်တော်လုပ်ဆောင်နိုင်သည့်အရာနှင့် ကိုယ်တော် လုပ်ဆောင်ခြင်းကို ကျွန်ုပ်တို့အားဖြင့် အတားအဆီးဖြစ်စေနိုင်သောအရာကို မြင်နိုင်ရန်အတွက် သခင်ဘုရားထံမှ အလင်းပေးခြင်းခံရရန် လိုအပ်သည် – ဟေရှာ၊၅၀း ၂။ ယော၊၃၂း၁၇၊ ၂၇။ မ၊၁၉း ၂၆။ လု၊၁း၃၇။

၁။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ကိုယ်တော်လုပ်ဆောင်လိုသည့်အရာကို မလုပ်ဆောင်နိုင်သည့်အခြေအနေအထဲသို့ ထားရှိနိုင်သည် – ဟေရှာ၊၅၀း ၂။ မ၊၁၃း ၂၂–၂၃။ ၂၃း၃၇–၃၈။ မာ၊၆း၅။ ဟေဗြဲ၊၃း၁၁–၁၂။ ၄း ၂။

၂။ ယနေ့ ဘုရားသခင်၏တန်ခိုးသည် ကျွန်ုပ်တို့၏လုပ်ဆောင်နိုင်စွမ်း၌ ကန့်သတ်ခံနေရပြီး၊ ၎င်းသည် ကျွန်ုပ်တို့၏ဆန္ဒ၊ နာခံမှု၊ လိုက်နာမှုနှင့် ယုံကြည်ခြင်းအောက်၌ရှိနေသည် – မ၊၁၇း၁၉–၂၀။ မာ၊၁၁း ၂၃–၂၄။

၃။ သခင်ဘုရားသည် ကျွန်ုပ်တို့အား ကိုယ်တော်တိုင်ထံသို့ လုံးလုံးအလိုက်တသင့်တုံ့ပြန်သော အခြေအနေသို့ ခေါ်ဆောင်ရမည်ဖြစ်သည်။ သို့မှသာ ကိုယ်တော်သည် ကိုယ်တော်လုပ်ဆောင်လိုသောအရာကို လွတ်လပ်စွာနှင့် အတားအဆီးမရှိသော နည်းလမ်း၌ လုပ်ဆောင်နိုင်မည်ဖြစ်သည်။

ခ။ နိုင်ငံတော်ဆိုသည်မှာ ဘုရားသခင်သည် သူလုပ်ဆောင်နိုင်သော

အရာကို လုပ်ဆောင်နိုင်ခြင်း၊ ကိုယ်တော်၌သူ၏ နည်းလမ်းရှိခြင်း၊ ကိုယ်တော်၌ အတားအဆီးမရှိခြင်း၊ ကိုယ်တော်၌ အခွင့်အာဏာ၊ တန်ခိုးနှင့် ဘုန်းတော်ရှိခြင်းကို ဆိုလိုသည်။ နိုင်ငံတော်ခေတ်၌ တကယ်ဖြစ်လာမည့်အရာသည် ယနေ့ အသင်းတော်၌ တကယ်ရှိနေရမည်ဖြစ်သည် – မ၊၆း၉–၁၀။

ဂ။ ခရစ်တော်၏ ကိုယ်ခန္ဓာတော်သည် ကိုယ်တော်၏ ထင်ရှားခြင်းအတွက် သို့မဟုတ် ကိုယ်တော်၏ ကန့်သတ်ခံရခြင်းအတွက် ဟူ၍ နှစ်ခုတွင် တစ်ခုခုဖြစ်နိုင်သည် – ဧ၊၁း ၂၂–၂၃။ ၃း၁၉။

၁။ ကျွန်ုပ်တို့သည် ကိုယ်တော်ကို ထင်ရှားစေသောသူများ ဖြစ်နိုင်သည် သို့မဟုတ် ကိုယ်တော်ကို ကန့်သတ်သောသူများဖြစ်နိုင်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်ကို ပြည့်ဝစွာထင်ရှားစေခြင်းအခြေအနေ သို့မဟုတ် ကိုယ်တော်၏ ထင်ရှားခြင်းကို ကန့်သတ်သောအခြေအနေ၌ ရှိနိုင်သည်။

၂။ သခင်ဘုရားသည် ကိုယ်တော်ကို လုံးလုံးအလိုက်တသင့် တုံ့ပြန်သောသူ၊ ကိုယ်တော်၏ အလိုတော်အား ဆီးတားခြင်းကို ဖယ်ရှားပေးမည့်သူအား ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်များ၌ ရှာဖွေနေသည် – မ၊၆း၉–၁၀။

*Day 2*

ဃ။ ကျွန်ုပ်တို့၏ တာဝန်ရှိခြင်းသည် မည်မျှကြီးမားကြောင်းကို သိမြင်ရန် လိုအပ်ပြီး၊ ဘုရားသခင်၏ ကန့်သတ်ခံရခြင်းကို မြင်ရန် ကျွန်ုပ်တို့၏ မျက်စိဖွင့်ခြင်းခံရန်နှင့် ကျွန်ုပ်တို့သည် ကိုယ်တော်နှင့် မည်သို့ပူးပေါင်းလုပ်ဆောင်ရမည်ကို မြင်ရန်လိုအပ်သည်။

## II. နံ့သာပေါင်းမီးရှို့ရာယဇ်ပလ္လင်သည် ကြားခံတောင်းလျှောက်ပေးသောသူဖြစ်သော ခရစ်တော်ကို ပုံဆောင်ခြင်းဖြစ်သည် – ဟေဗြဲ၊ ၇း၂၅။ ရော၊ ၈း၃၄။

က။ ကျွန်ုပ်တို့သည် ခရစ်တော်၏ ကြားခံတောင်း လျှောက်ပေးခြင်းအသက်တာ၌ ပါဝင်ဆက်ဆံရန်လိုအပ်သည် – အငယ်၊ ၂၆–၂၇။ ၁တိ၊ ၂း၁။ ဧ၊၆း၁၈–၁၉။ ကော၊၄း၃။ ၁သက်၊၅း ၂၅။ ၂သက်၊၃း၁။ ဟေဗြဲ၊၁၃း၁၈။

ခ။ ခရစ်တော်၏ ကြားခံတောင်းလျှောက်ပေးခြင်းအသက်တာ၊ ကိုယ်

တော်၏ ဆုတောင်းခြင်းအသက်တာသည် ဘုရားဆိုင်ရာစီမံခန့်ခွဲခြင်း၏ အလယ်ဗဟိုဖြစ်သည် – ၇း ၂၅။ ရော၊ ၈း ၃၄။ ဗျာ၊ ၈း ၃။

၁။ နံ့သာပေါင်းမီးရှို့ရာယဇ်ပလ္လင်သည် စကြဝဠာ၌ ဘုရားသခင်၏ လှုပ်ရှားလုပ်ဆောင်မှု အလယ်ဗဟိုဖြစ်သည်။

က။ ခရစ်တော်၏ ဆုတောင်းခြင်းအသက်တာသည် မြေကြီးပေါ်၌ ဘုရားသခင်၏ အုပ်စိုးမှုကို ဖြစ်မြောက်လာစေရန် ဘုရားသခင်၏ အလယ်ဗဟိုဖြစ်သည် – ဟေဗြဲ၊ ၇း ၂၅။ ရော၊ ၈း ၃၄။

ခ။ ဘုရားသခင်၏ စီမံခန့်ခွဲမှုကို ဖြစ်မြောက်စေခြင်းသည် နံ့သာပေါင်းမီးရှို့ရာယဇ်ပလ္လင်မှ ကိုယ်တော်ထံသို့ ဆက်ကပ် ပူဇော်သောဆုတောင်းများ အားဖြင့် တွန်းအားပေးလှုံ့ဆော်ခြင်းဖြစ်သည် – ဗျာ၊ ၈း ၃–၅။

ဂ။ နံ့သာပေါင်းမီးရှို့ရာယဇ်ပလ္လင်၌ ပူဇော်သောဆုတောင်းခြင်းသည် စကြဝဠာကို အုပ်စိုးနေသည်။

၂။ ဗျာ၊ ၈ သည် နံ့သာပေါင်းမီးရှို့ရာယဇ်ပလ္လင်မှာ ဘုရားသခင်အဖို့ သူ၏ စီမံခန့်ခွဲခြင်း၌ တရားစီရင်ဆုံးဖြတ်ရန် ကိုယ်တော်၏ စီမံခန့်ခွဲခြင်းပလ္လင်ဖြစ်ကြောင်း ပုံဆောင်ခြင်း၏ ရုပ်ပုံကားချပ်ဖြစ်သည်။

*Day 3*

ဂ။ ရှင်ပြန်ထမြောက်ခြင်းနှင့် တက်ကြွခြင်းပြီးနောက် တစ်ဦးချင်းဆိုင်ရာခရစ်တော်သည် စုပေါင်းခြင်းဆိုင်ရာခရစ်တော်ဖြစ်လာသည်။ ထို့ကြောင့် ယနေ့ ဘုရားသခင်ရှေ့တော်၌ တစ်ဦးချင်းဆိုင်ရာ ခရစ်တော်တစ်ပါးတည်းသာ ကြားခံတောင်းလျှောက်ပေးခြင်းမဟုတ်ဘဲ၊ ဦးခေါင်းတော်နှင့် ကိုယ်ခန္ဓာတော်တည်းဟူသော စုပေါင်းထားသောခရစ်တော်သည်လည်း ကြားခံတောင်းလျှောက်နေသည် – ၁ကော၊ ၁၂း ၁၂။ တ၊ ၁၂း ၅၊ ၁၂။

၁။ ခရစ်တော်၏ အင်္ဂါဝင်များနှင့် ကိုယ်ခန္ဓာတော်–ခရစ်တော်၏ အစိတ်အပိုင်းများအဖြစ် ကျွန်ုပ်တို့သည် ခရစ်တော်၏ ကြားခံတောင်းလျှောက်ပေးခြင်းအမှုတော်၌ ကိုယ်တော်နှင့်အတူ ပေါင်းစည်းလုပ်ဆောင်ပြီး၊ ကျွန်ုပ်တို့၏ ကြားခံတောင်းလျှောက်ပေးသော ဆုတောင်းခြင်းများ၌ ကိုယ်

တော်၏ ကြားခံတောင်းလျှောက်ပေးခြင်းကို သယ်ဆောင်နေကြသည် – ရော၊ ၈း၃၄၊ ၂၆–၂၇။

၂။ ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာစီမံခန့်ခွဲခြင်း၏ အလယ်ဗဟိုဖြစ်သော နံ့သာပေါင်းမီးရှို့ရာယဇ်ပလ္လင်သို့ ရောက်ရှိလာသောအခါ၊ ကျွန်ုပ်တို့သည် အခြားသူများအတွက်နှင့် သခင်ဘုရား၏ စိတ်ဝင်စားမှုများအတွက် ကြားခံတောင်းလျှောက်ပေးသော ကြားခံတောင်းလျှောက်ပေးသူများ ဖြစ်လာမည်ဖြစ်သည်။

၃။ ကျွန်ုပ်တို့သည် နံ့သာပေါင်းမီးရှို့ရာယဇ်ပလ္လင်၏ မြင်ကွင်းကို ရှင်းလင်းစွာမြင်မည်ဆိုပါက ကျွန်ုပ်တို့သည် ဘုရားသခင်၏ လုပ်ရှားမှုအတွက်၊ ဘုရားသခင်၏ ရည်ရွယ်ချက်ကို ဖြစ်တည်စေခြင်းအတွက်၊ သခင်ဘုရား၏ ပြန်လည်ရယူခြင်းအတွက်၊ ဘုရားဆိုင်ရာစီမံခန့်ခွဲခြင်းကို သယ်ဆောင်ခြင်းအတွက်၊ ဘုရားဆိုင်ရာဝေငှဖြန့်ဖြူးခြင်းအတွက် ဆုတောင်းကြလိမ့်မည်ဖြစ်သည်။ ဤသို့သော ဆုတောင်းခြင်းသည် ဘုရားသခင်၏ ရည်ရွယ်ချက်ကို ပြီးပြည့်စုံစေပြီး၊ ကိုယ်တော်၏ စိတ်နှလုံးတော်ကို ကျေနပ်ဝမ်းမြောက်စေသည် – ၁တိ၊ ၂း၁။ ရော၊ ၈း၂၆–၂၇။

*Day 4* **III. ထွ၊ ၃၀း၁–၁၆ ရှိ နံ့သာပေါင်းမီးရှို့ရာယဇ်ပလ္လင်နှင့် အရွေးငွေတို့အကြားရှိ ဆက်နွယ်မှု၏ ပုံဆောင်ချက်မှာ ကျွန်ုပ်တို့သည် နံ့သာပေါင်းမီးရှို့ရာယဇ်ပလ္လင်၌ ဆုတောင်းခြင်းမှာ မြေကြီးပေါ်၌ ဘုရားသခင်၏ လှုပ်ရှားမှုအတွက် တိုက်ခိုက်မည့် ဗိုလ်ခြေကို ထွက်ပေါ်စေရန် အတွက်ဖြစ်ကြောင်းကို ပုံဆောင်ခြင်းဖြစ်သည်။**

က။ တဲတော်၏ ပုံဆောင်ချက်မှာ မြေကြီးပေါ်၌ ကိုယ်တော်၏ လှုပ်ရှားမှုအတွက် ဘုရားသခင်သည် သူ၏ ရွေးချယ်ခံလူများ၌ ကိုယ်ထင်ရှားနေကြောင်းကို ပုံဆောင်သည်။ တဲတော်နှင့် ယင်းနှင့်ပတ်သက်သည့် အရာအားလုံးသည် ဘုရားသခင်၏ လှုပ်ရှားမှုအတွက်ဖြစ်သည် – ၂၅း၈–၉။

၁။ နံ့သာပေါင်းမီးရှို့ရာယဇ်ပလ္လင်၌ ဆုတောင်းခြင်းသည် ဘုရားသခင်၏ လှုပ်ရှားမှုအတွက်ဖြစ်သည်။ ဘုရားသခင်၏ လှုပ်

ရှားမှုကို ဆန့်ကျင်တိုက်ခိုက်သော ရန်သူများကြောင့် ဘုရားသခင်သည် တိုက်ခိုက်ခြင်းအားဖြင့် လှုပ်ရှားနေသည် – တော၊၁၀း၃၅။

၂။ အထူးသဖြင့် ဘုရားသခင်၏ လူများသည် ကိုယ်တော်၏ ရည်ရွယ်ချက်ပြီးမြောက်ပြည့်စုံစေရန် မြေကြီးပေါ်၌ ဘုရားသခင်၏ လှုပ်ရှားမှုအတွက် တိုက်ခိုက်မည့် ဗိုလ်ခြေထွက်ပေါ်လာခြင်းငှာ ဆုတောင်းရမည်ဖြစ်သည် – ဧ၊၆း၁၀–၁၂။

*Day 5*

၃။ ဤကြားခံတောင်းလျှောက်ပေးသောဆုတောင်းခြင်းသည် ကိုယ်တော်၏ လှုပ်ရှားမှုကို ဆန့်ကျင်သည့် ဘုရားသခင်၏ ရန်သူများတည်းဟူသော ကောင်းသောမြေ၌ ရှိနေသောသူများအားဖြင့် ပုံဆောင်ထားသည့် ကောင်းကင်ဆိုင်ရာများရှိ မင်းစိုးများ၊ အာဏာစက်များကို တိုက်ခိုက်မည့် ဗိုလ်ခြေအား ဖွဲ့စည်းရန် ဘုရားသခင်၏ လူများကို ရေတွက်ခြင်း၌ ထွက်ပေါ်လာသည် – ထွ၊၃၀း၁၁–၁၆။ ၂၃း ၂၃။ ဧ၊၆း၁ ၂။

၄။ ဘုရားသခင်၌ ထိုသို့သော ဗိုလ်ခြေရှိသောအခါ ကိုယ်တော်သည် သူ၏ စိတ်ဝင်စားမှုအတွက် မြေကြီးပေါ်တွင် လှုပ်ရှားနိုင်မည်ဖြစ်သည်။

ခ။ ဗိုလ်ခြေ၌ပါဝင်ရန် အရည်အချင်းပြည့်မှီသည့် အရွယ်ရောက်သော အမျိုးသားများ၏ ဝိညာဉ်ရေးရာပုံဆောင်ချက်မှာ အကယ်၍ ကျွန်ုပ်တို့သည် ဘုရားသခင်၏ လှုပ်ရှားမှုအတွက် တိုက်ခိုက်မည့် ဗိုလ်ခြေ၌ ပါဝင်လိုသည်ဆိုလျှင် ကျွန်ုပ်တို့သည် ရင့်ကျက်ခြင်းရှိရန် လိုအပ်ကြောင်းပုံဆောင်သည် – ထွ၊၃၀း၁၁–၁၆။ ဟေဗြဲ၊၅း၁၄–၆း၁။ ဖိလိ၊၃း၁၅။ ၁ကော၊၂း၆။

၁။ နံ့သာပေါင်းမီးရှို့ရာယဇ်ပလ္လင်၌ ပူဇော်သော ကြားခံတောင်းလျှောက်ပေးခြင်းသည် ယုံကြည်သူများ၏ ကြီးထွားခြင်းနှင့် ရင့်ကျက်ခြင်းအတွက်ဖြစ်သည်၊ သို့မှသာ ဗိုလ်ခြေကို ဖွဲ့စည်းနိုင်မည်ဖြစ်သည် – ဧ၊၄း၁၃။ ၆း၁၀–၁၂။

၂။ ကျွန်ုပ်တို့သည် နံ့သာပေါင်းမီးရှို့ရာယဇ်ပလ္လင်၌ ဆုတောင်းလေလေ၊ ရင့်ကျက်မှုရှိရန် အလွန်အမင်းအရေးကြီးကြောင်း

ကို ပို၍ သိမြင်လာမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့သည် ရင့်ကျက်ကြီး ထွားသည့်တိုင်အောင် အသက်၌ ကြီးထွားခြင်းရှိရန်အတွက် ဆုတောင်းရန် အရေးကြီးခြင်းသည် ပို၍ကြီးမားလာမည်ဖြစ်သည် – ၁ကော၊ ၂း၆။ ၃း၁–၂။ ၁၄း ၂၀။ ၁၆း၁၃။ ဟေဗြဲ၊ ၅း၁၄။– ၆း၁။ ဧ၊ ၃း၁၆။

၃။ ထိုသို့သော ဗိုလ်ခြေ ဖွဲ့စည်းဖြစ်ပေါ်လာမှသာလျှင် ဘုရားသခင်သည် ကိုယ်တော်၏ ရည်ရွယ်ချက်အတွက် မြေကြီးပေါ်၌ လှုပ်ရှားနိုင်မည်ဖြစ်သည်။ ရင့်ကျက်သောသူများအားဖြင့် ဖွဲ့စည်းထားသည့် ဗိုလ်ခြေမရှိလျှင် ဘုရားသခင်သည် လှုပ်ရှားရန် နည်းလမ်းမရှိပေ – ၄း၁၃။ ၆း၁၀–၁၂။

*Day 6*

ဂ။ အရွေးငွေ၏ ပုံဆောင်ချက်အရ ကျွန်ုပ်တို့၏ တိုက်ခိုက်ခြင်းဖြစ်သော ခရစ်တော်သည် တက်ကြွသောခရစ်တော်၊ ကောင်းကင်များ၌ရှိသော ခရစ်တော်ဖြစ်သည် – ၁း ၂၀–၂၃။ ထွ၊ ၃၀း၁ ၂–၁၃။

၁။ ချီမြှောက်ရာပူဇော်သက္ကာဖြစ်သော အကျပ်ငွေတစ်ဝက်သည် ဘုရားသခင်၏ လူများက တွေ့ကြုံခံစားရသော၊ သူတို့က ပေးရသော အရွေးငွေတည်းဟူသော တက်ကြွသည့် ခရစ်တော်ကို ပုံဆောင်သည် – အငယ်၊၁၃။ ဧ၊၁း ၂၁။ ၄း၁၀။ ဟေဗြဲ၊ ၄း၁၄။ ၇း ၂၆။ ၈း၁။

၂။ ဝိညာဉ်ရေးရာစစ်ပွဲကို တိုက်ခိုက်ရန်အတွက် ခရစ်တော်ကို ကျွန်ုပ်တို့တွေ့ကြုံခံစားခြင်းသည် အမြင့်ဆုံးအဆင့်သို့ ရောက်ရှိရမည်ဖြစ်ပြီး၊ ကောင်းကင်များ၌ ကိုယ်တော်နှင့်အတူ ထိုင်နေရသောအဆင့်၌၊ ကျွန်ုပ်တို့အားဖြင့်မဟုတ်ဘဲ၊ တက်ကြွသောခရစ်တော်၌ တိုက်ခိုက်ရသောအဆင့်၌ ရောက်ရှိရန်လိုအပ်သည် – ဧ၊၁း ၂၀–၂၁။ ၂း၆။ ၆း၁၀–၁၂။ သီ၊၄း၈။

## နံနက်ခင်းကျွေးမွေးခြင်း

**၂၇၁၊ လေဝိသားတို့သည်လည်း ငါ၏သန့်ရှင်းရာဌာနနှင့်ဆိုင်သော အမှု**
**၁၆း၉ ယေဟောဝါသည် စုံလင်သော စေတနာစိတ်ရှိသောသူတို့ဘက်၌၊ ခိုင်ခံ့စွာနေခြင်းငှါ၊ မြေကြီးတပြင်လုံးကို အနှံ့အပြားကြည့်ရှုလျက် ရှိတော်မူ၏။ ဤအမှု၌ မင်းကြီးသည် မိုက်စွာပြုပြီ။ ယခုမှစ၍ စစ်မှုရှိလိမ့်မည်ဟု ဆို၏။**

**ဟေဗြဲ၊ ငါတို့သည် ဝမ်းမြောက်စရာသတင်းကို ထိုသူတို့ကဲ့သို့ကြားရကြပြီ။**
**၄း၂ သို့ရာတွင် သူတို့ကြားရသောတရားစကားသည်၊ ကြားရသောသူတို့အထဲ၌ ယုံကြည်ခြင်းနှင့် မရောနှောသောကြောင့် အကျိုးကို မပေး။**

ဘုရားသခင်သည် အနန္တတန်ခိုးရှင်ဖြစ်သည်၊ သို့သော် ကိုယ်တော်၏ အနန္တတန်ခိုးသည် ကန့်သတ်ခံရခြင်းအောက်၌ရှိနေသည်။ အကြောင်းမှာ ကိုယ်တော်၏ လုပ်ဆောင်မှုအတွက် သင့်လျော်သော အခြေအနေကို ရရှိနိုင်ရန်အတွက်ဖြစ်သည်။ မေးရန်မေးခွန်းမှာ ကိုယ်တော်အဖို့ သူ၏ တန်ခိုးတော်ကို ပြသနိုင်သည့် အခြေအနေ၌ ကျွန်ုပ်တို့ရှိမရှိဟူသော မေးခွန်းဖြစ်သည်။ ကျွန်ုပ်သည် ဘုရားသခင်ကို မကူညီနိုင်ကြောင်း ကျွန်ုပ်သိပါသည်။ ကိုယ်တော်၏ မည်သည့်အရာကိုမျှ အကျိုးပြုထောက်ပံ့ပေးနိုင်မည်မဟုတ်ပါ။ သို့သော် ကျွန်ုပ်၏ တစ်စုံတစ်ရာသည် ကိုယ်တော်ကို အတားအဆီးဖြစ်စေနိုင်သည်မှာ ဖြစ်နိုင်ပါသည်။ အပြစ်၊ မယုံကြည်ခြင်း၊ ဇာတိခွန်အား စသည်တို့သည် ဘုရားသခင်၏ တန်ခိုးတော်ကို တားဆီးနိုင်ပေသည်။ သခင်ဘုရားသည် ကိုယ်တော်လုပ်ဆောင်နိုင်သောအရာကိုမြင်ရန်နှင့် ကိုယ်တော်လုပ်ဆောင်လိုသောအရာကို ကျွန်ုပ်တို့တားဆီးနိုင်သည့်အရာကို မြင်နိုင်ရန် ကျွန်ုပ်တို့အား အလင်းပေးပါစေသော်။ ကျွန်ုပ်တို့သည် ကိုယ်တော်အား သူလုပ်ဆောင်လိုသောအရာကို မလုပ်ဆောင်နိုင်သည့်အခြေအနေအထဲသို့ ထားရှိနိုင်သည်။ ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းသောအရှင်သည် ကျွန်ုပ်တို့အားဖြင့် ကန့်သတ်ခံရနိုင်သည်။ သခင်ဘုရားကို ကျွန်ုပ်တို့၏ စိတ်နှလုံးများကို စိစစ်ကာ ထိရောက်သောနည်းလမ်း၌ ကျွန်ုပ်တို့ကို ဆက်ဆံဖြေရှင်းပါစေသော်။ (*The Collected Works of Watchman Nee*, vol.46, p.1226)

## ယနေ့ဖတ်စရာ

ကျွန်ုပ်တို့၏ စွမ်းဆောင်ရည်သည် ဘုရားသခင်၏ တန်ခိုးတော် စွမ်းဆောင်ရည်ဖြစ်နိုင်ပေသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ စွမ်းဆောင်ရည်က ကိုယ်တော်ကိုခွင့်ပြုသည့်

အတိုင်းသာ ကြီးမြတ်နိုင်သည်။ ဤအရာသည် မြေအိုး၌ရှိသော အတိုင်းအတာဖြစ်သည်။ ကျွန်ုပ်တို့၏ စွမ်းဆောင်ရည်ကို ကြီးမားစေမည်ဆိုလျှင် ကျွန်ုပ်တို့သည် ဘုရားသခင်၏ တန်ခိုးတော်ကို ကြီးမားစေမည်ဖြစ်သည်။ ယနေ့ ဘုရားသခင်၏ တန်ခိုးတော်သည် ကျွန်ုပ်တို့၏ စွမ်းဆောင်ရည်အားဖြင့် ကန့်သတ်ခံနေရပြီး၊ ၎င်းသည် ကျွန်ုပ်တို့၏ အလိုဆန္ဒ၊ နာခံမှု၊ ဝန်ခံမှုနှင့် ယုံကြည်မှုအောက်၌ ကန့်သတ်ခံနေရသည်။ ဘုရားသခင်၏ တန်ခိုးတော်သည် ကိုယ်တော်၌ ကျွန်ုပ်တို့၏ ယုံကြည်ခြင်းပုံစံအတိုင်း ရှိနေသည်။ ကျွန်ုပ်တို့သည် မီတာ၊ အတိုင်းအတာဖြစ်သည်။ ယနေ့ ဘုရားဆိုင်ရာအနန္တတန်ခိုးတော်သည် ကျွန်ုပ်တို့လက်အောက်တွင် ရှိနေသည်။

ကျွန်ုပ်တို့သည် ထာဝရအကြံအစည်တော်ကို မသယ်ဆောင်နိုင်မီ ဘုရားသခင်၌ ကျွန်ုပ်တို့နှင့်အတူ လွတ်လပ်သောနည်းလမ်းရှိရမည်ဖြစ်သည်။ ဤအရာသည် နိုင်ငံတော်၏ ဆိုလိုရင်းဖြစ်သည်။ နိုင်ငံတော်ဆိုသည်မှာ ဘုရားသခင်သည် သူလုပ်ဆောင်နိုင်သောအရာကို လုပ်ဆောင်နိုင်ခြင်း၊ ကိုယ်တော်၌သူ၏ နည်းလမ်းရှိခြင်း၊ ကိုယ်တော်၌ အတားအဆီးမရှိခြင်း၊ ကိုယ်တော်၌ အခွင့်အာဏာ၊ တန်ခိုးနှင့် ဘုန်းတော်ရှိခြင်းကို ဆိုလိုသည်။ ကိုယ်တော်၌ သူ၏ကြီးမြတ်သာလွန်မှုအတွက် နေရာရှိရမည်ဖြစ်သည်။ အသင်းတော်သည် ဤအရာကို ယူဆောင်ရမည်ဖြစ်သည်။ တစ်နေ့တွင် အသင်းတော်သည် ကိုယ်တော်အလိုရှိသောအရာအားလုံးကို ထည့်စရာတန်ဆာဖြစ်လာမည်ဖြစ်သော်လည်း ယင်းသည် ယနေ့တွင် အစပြုခြင်းရှိရမည်ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့လုံးလုံးနာခံခြင်းရှိလာမည့်အချိန်တိုင်အောင် စောင့်ဆိုင်းနေသည်။ ဤအရာသည် ဘုရားသခင်၏ အလုပ်လုပ်ဆောင်ခြင်းအလေ့အလာဖြစ်သည်။ ယနေ့ ဘုရားသခင်၏ တန်ခိုးတော်သည် ကျွန်ုပ်တို့၏ အတိုင်းအတာအောက်၌ လုံးလုံးရှိနေသည်။ ဘုရားသခင်သည် နည်းလမ်းများစွာ၌ ကျွန်ုပ်တို့ထက်ပို၍ တန်ခိုးမရှိဘဲဖြစ်နေသည်။ ကိုယ်တော်သည် မိမိကိုယ်ကို ကျွန်ုပ်တို့အထဲသို့ ထားရှိကာ ကျွန်ုပ်တို့ကို ကိုယ်တော်၏ လမ်းကြောင်းဖြစ်စေသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ကို ပိတ်ထားနိုင်သည် သို့မဟုတ် လွတ်ခြင်းပေးနိုင်သည်။

သခင်ဘုရားသည် ကိုယ်တော်ကို တားဆီးရန် ကျွန်ုပ်တို့၌မည်သည့်အရာမျှ မရှိတော့သည့်နေရာ၊ ကျွန်ုပ်တို့သည် သခင်ဘုရား၏ လက်တော်၌ ကွေးညွတ်နိုင်သည့်နေရာသို့ ကျွန်ုပ်တို့ကို ပို့ဆောင်ပေးရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ထံသို့ လုံးလုံးတုံ့ပြန်ခြင်းရှိသည့် နေရာသို့ ကိုယ်တော်သည် ကျွန်ုပ်တို့ကို ပို့ဆောင်ပေးရမည်ဖြစ်သည်။ သို့မှသာ ကိုယ်တော်သည် လွတ်လပ်သော၊ အတားအဆီးမရှိသောနည်းလမ်းကို ရရှိလိမ့်မည်ဖြစ်သည်။ ထို့နောက် ကိုယ်တော်မတတ်နိုင်သည့်အရာ မည်သည့်အရာမျှရှိတော့မည်မဟုတ်ပေ။

ခန္ဓာကိုယ်သည် လူတစ်ဦး၏ ပုဂ္ဂိုလ်ကို ပြည့်ဝစွာထင်ရှားခြင်းဖြစ်သည်။ ခရစ်တော်၏ ကိုယ်ခန္ဓာတော်သည် ခရစ်တော်ကို ထင်ရှားစေခြင်းဖြစ်သည်။ သခင်ယေရှုသည် မိမိကိုယ်တော်တိုင်ကို အင်္ဂါဝင်အသီးသီးတို့အားဖြင့် ထင်ရှားစေ၍ ကိုယ်တော်၏ တစ်ခုလုံးပြည့်စုံခြင်းသည် ကိုယ်တော်၏ အသင်းတော်အားဖြင့် ထင်ရှားစေသည်။ ကိုယ်ခန္ဓာတော်သည် ကိုယ်တော်၏ ထင်ရှားခြင်းအတွက် သို့မဟုတ် ကိုယ်တော်ကန့်သတ်ခံရခြင်းအတွက် ဖြစ်နိုင်သည်။ မြေကြီးပေါ်၌ ကိုယ်တော်သည် ကန့်သတ်ခံရသော အသွေးအသားခန္ဓာကိုယ်အတွင်း လှုပ်ရှားနေသည်။ ယနေ့ ကိုယ်တော်သည် မိမိကိုယ်ကိုထင်ရှားဖော်ပြရန် အသင်းတော်တည်းဟူသော ဝိညာဉ်ဆိုင်ရာခန္ဓာတော်၌ လှုပ်ရှားနေသည်။ မြေကြီးပေါ်၌ ကိုယ်တော်သည် သူ၏ ခန္ဓာကိုယ်၌ ထင်ရှားခဲ့ပြီး၊ ယနေ့တွင်လည်း အတူတူပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဤဝိညာဉ်ဆိုင်ရာကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်များဖြစ်ကြပြီး၊ ကျွန်ုပ်တို့သည် ကိုယ်တော်ကို ထင်ရှားစေခြင်းရှိနိုင်သည် သို့မဟုတ် ကန့်သတ်ထားခြင်းရှိနိုင်သည်။ အလင်းထွက်ပေါ် လာကာ၊ ကျွန်ုပ်တို့၌ တာဝန်မည်မျှကြီးမားကြောင်းကို သိမြင်လာသည့်နေ့သည် ကြီးမြတ်သောနေ့ရက်ဖြစ်ပေလိမ့်မည်။ ကျွန်ုပ်တို့သည် ခရစ်တော်၌ရှိသောအရာကို ထင်ရှားစေခြင်းသာဖြစ်သည်။ ကိုယ်ခန္ဓာတော်သည် ကိုယ်တော်အဖို့ မိမိကိုယ်တော်တိုင်ကို ထင်ရှားစေရန် နည်းလမ်းဖြစ်သည်။

ဘုရားသခင်၏ အလိုဆန္ဒနှင့် လုံးလုံးကိုက်ညီသည့်အလိုဆန္ဒရှိသော၊ ဘုရားသခင်အတွက် မည်သည့်အကန့်အသတ်မျှမရှိသောအရှင်သည် သခင်ယေရှုဖြစ်သည်။ ဘုရားသခင်သည် ကိုယ်တော်လုပ်ဆောင်လိုသောအရာကို ကိုယ်တော်နှင့်အတူ ကိုယ်တော်အားဖြင့် လုပ်ဆောင်နိုင်သည်။ ကိုယ်တော်၏ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းမှတဆင့် ဝိညာဉ်တော်၏ တန်ခိုးတော်အားဖြင့် ကိုယ်ခန္ဓာတော်သည် ဖွဲ့စည်းခြင်းရှိလာပြီး၊ ဘုရားသခင်သည် ကိုယ်တော်ထံ လုံးလုံးတုံ့ပြန်ခြင်းရှိသော၊ ကိုယ်တော်၏ ကန့်သတ်ခံရခြင်းကို အမြဲ ရှင်းလင်းဖယ်ရှားပေးသော အင်္ဂါဝင်များကို ကြည့်ရှုကာ ရှာဖွေလျက်ရှိနေသည်။ (*The Collected Works of Watchman Nee*, vol.46, p.1228-1229, 1227-1228)

*ပို၍ဖတ်ရန်* – *The Collected Works of Watchman Nee*, vol.46, pp.1225-1230; *The Breaking of the Outer Man and the Release of the Spirit,* ch.5

***အလင်းဖွင့်ပြခံရခြင်းနှင့်နိုးဆော်ခံရခြင်း*** ––––––––––––––––––––––
––––––––––––––––––––––––––––––––––––––––––––––––
––––––––––––––––––––––––––––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**ဟေဗြဲ၊ ၇း၂၅** **ထို့ကြောင့် အကြင်သူတို့သည် ယေရှုအားဖြင့် ဘုရားသခင့်အထံတော်သို့ ချဉ်းကပ်ကြ၏။ ထိုသူတို့အတွက် ကိုယ်တော်သည် ကြားခံတောင်း လျှောက်ပေးခြင်းငှါ၊ ကာလအစဉ်အသက်ရှင်သောကြောင့်၊ သူတို့ကို အဆုံးစွန်ကယ်တင်ခြင်းငှါ တတ်နိုင်တော်မူ၏။**

**ရော၊ ၈း၃၄** **အပြစ်စီရင်သောသူကား၊ အဘယ်သူနည်း။ အသေခံ၍ ခံသည်သာ မက သေခြင်းမှထမြောက်၍ ဘုရားသခင်၏လက်ယာတော်ဘက်၌ နေလျက်၊ ငါတို့အဖို့ ကြားခံတောင်းလျှောက်သောသူကား ခရစ် တော်ယေရှုပေတည်း။**

အသင်းတော်သည် ဘုရားသခင်၏ ဖန်ဆင်းခြင်း၌ အဦးသီးသောအသီးဖြစ်သည်။ နိုင်ငံတော်ခေတ်၌ အမှန်ဖြစ်လာမည့်အရာသည် ယနေ့အသင်းတော်အသက်တာရှိ အောင်မြင်သောသူများအကြားတွင် အမှန်ရှိနေရမည်ဖြစ်သည်။ “အလိုတော်သည် ကောင်းကင်၌ပြည့်စုံသကဲ့သို့ မြေကြီးပေါ်၌လည်း ပြည့်စုံပါစေသော်။” ဤအရာက မည်သည့်လူသား၏ အလိုဆန္ဒမျှ ကိုယ်တော်ကို တားဆီးခြင်းမဖြစ်စေရန် ဆိုလိုခြင်းဖြစ်သည်။ အခွင့်အာဏာအကြောင်းအရာသည် ဖြစ်တည်ခြင်းရှိလာသောအခါ တန်ခိုး၏ အကြောင်း အရာသည်လည်း ဖြစ်တည်ခြင်းရှိလာမည်ဖြစ်သည်။ နိုင်ငံတော်၌ ဘုရားသခင်သည် အကန့်အသတ်မဲ့ဖြစ်လာလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် “သခင်ဘုရား၊ ကျွန်ုပ်အတွင်း ရှိ မည်သည့်အရာသည် ကိုယ်တော်၏ သခင်ဖြစ်ခြင်းအရာကို လျှော့နည်းစေပါသနည်း” ဟု ဆုတောင်းရမည်ဖြစ်သည်။ ယေရှုသည် သခင်ဖြစ်တော်မူသည်။ ဘုရားသခင်ဘက်မှ တန်ခိုး၏ အကြောင်းအရာနှင့်ပတ်သက်၍ ပြဿနာမရှိပါ၊ သို့သော် ယနေ့ခေတ်၏ သဘော သဘာဝကြောင့် “အလိုဆန္ဒ”သည် မည်သည့်ဘက်၌ရှိနေခြင်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့ ဘက်တွင် ကန့်သတ်ချက်များရှိနေသည်။ ကျွန်ုပ်တို့၏ မျက်စိများသည် ဘုရားသခင်၏ ကန့်သတ်ခံရခြင်းကို မြင်ရန်နှင့် ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အတူ မည်သို့ပူးပေါင်းလုပ် ဆောင်သင့်ကြောင်းကို မြင်ရန် ဖွင့်ခြင်းခံရမည်ဖြစ်သည်။ (*The Collected Works of Watchman Nee,* vol.46, p.1229-1230)

## ယနေ့ဖတ်စရာ

နံ့သာပေါင်းမီးရှို့ရာယဇ်ပလ္လင်သည် ဘုရားသခင်နှင့် ကိုယ်တော်၏ လူများအကြား ဆက်နွယ်မှုကို တည်မြဲစေရန် ကြားခံတောင်းလျှောက်ပေးသောအရှင်ဖြစ်သည့် ခရစ်တော်

ကို ပုံဆောင်ခြင်းဖြစ်သည် (ဟေဗြဲ၊၇း၂၅။ ရော၊၈း၃၄)။ ကျွန်ုပ်တို့သည် ခရစ်တော်၏ ကြားခံတောင်းလျှောက်ပေးခြင်းအသက်တာ၌ ပူးပေါင်းပါဝင်ရန်လိုအပ်သည် (အငယ်၊ ၂၆–၂၇။ ၁တိ၊၂း၁။ ဧ၊၆း၁၈–၁၉။ ကော၊၄း၃။ ၁သက်၊၅း၂၅။ ၂သက်၊၃း၁။ ဟေဗြဲ၊ ၁၃း၁၈)။

နံ့သာပေါင်းမီးရှို့ရာယဇ်ပလ္လင်အားဖြင့် ပုံဆောင်သော ခရစ်တော်၏ ကြားခံတောင်း လျှောက်ပေးခြင်းအသက်တာသည် ဘုရားဆိုင်ရာလက်တွေ့လုပ်ဆောင်ခြင်း၊ ဘုရားဆိုင်ရာ စီမံခန့်ခွဲခြင်း၏ အလယ်ဗဟိုဖြစ်သည်။ စကြဝဠာ၌ ဘုရားသခင်၏ စီမံကိန်း၊ ဘုရားသခင် ၏ စီမံခန့်ခွဲခြင်း၊ ဘုရားသခင်၏ လက်တွေ့လုပ်ဆောင်ခြင်းဟု ခေါ် ဆိုသောအရာရှိနေ သည်။ ဘုရားသခင်သည် မလှုပ်မယှက်ငြိမ်သက်နေသောဘုရားမဟုတ်ပါ။ ကိုယ်တော် သည် အကြံအစည်ရှိသောဘုရားသခင်ဖြစ်သည်။ ကိုယ်တော်၌ အကြံအစည်ရှိသည်၊ ကိုယ် တော်သည် လှုပ်ရှားနေသည်၊ လုပ်ဆောင်နေသည်၊ ပြုမူနေသည်၊ ဝေငှဖြန့်ဖြူးနေသည်၊ စီမံခန့်ခွဲနေသည်။ ကျွန်ုပ်တို့သည် နံ့သာပေါင်းမီးရှို့ရာယဇ်ပလ္လင်ကို လေ့လာသောအခါ ကျွန်ုပ်တို့သည် စကြဝဠာ၌ အကြီးမြတ်ဆုံးသောအကြောင်းအရာကို လေ့လာနေခြင်းဖြစ် သည်။ ဤအရာထက် ပို၍အလယ်ဗဟိုကျသောအရာမရှိပါ။ အသန့်ရှင်းဆုံးဌာနရှိ ပဋိ ညာဉ်သေတ္တာသည် အုပ်ချုပ်မှုအလယ်ဗဟိုဖြစ်ကြောင်း၊ ကျွန်ုပ်တို့၏ ကောင်းကင်ဆိုင်ရာ ဝါရှင်တန်ဒီစီဖြစ်ကြောင်း ကျွန်ုပ်တို့ပြောနိုင်ပါသည်။ နံ့သာပေါင်းမီးရှို့ရာယဇ်ပလ္လင်ကို ကောင်းကင်ဆိုင်ရာအိမ်ဖြူတော်အဖြစ် မှတ်ယူနိုင်သည်။ ဆိုလိုသည်မှာ အရာခပ်သိမ်း သည် ဤဘုရားဆိုင်ရာအလယ်ဗဟိုမှ စီမံခြင်း၊ လှုံ့ဆော်ခြင်း၊ သယ်ဆောင်ခြင်းဖြစ်သည်။ ခရစ်တော်၏ ကြားခံတောင်းလျှောက်ခြင်းသည် ဘုရားသခင်၏ အိမ်ဖြူတော်ဖြစ်သည်။ ခရစ်တော်၏ ကြားခံတောင်းလျှောက်ခြင်းအသက်တာ၊ ကိုယ်တော်၏ ဆုတောင်းခြင်း အ သက်တာသည် ဘုရားသခင်၏ စီမံခန့်ခွဲခြင်းအလယ်ဗဟိုဖြစ်သည် (ဟေဗြဲ၊၇း၂၅။ ရော၊ ၈း၃၄)။ နံ့သာပေါင်းမီးရှို့ရာယဇ်ပလ္လင်သည် စကြဝဠာ၌ ဘုရားသခင်၏ လှုပ်ရှားပြုမူခြင်း ၏ အလယ်ဗဟိုဖြစ်သည်။

ဗျာ၊၈ ၌ ကျွန်ုပ်တို့သည် သန့်ရှင်းသူများ၏ ဆုတောင်းခြင်းများကိုသာမက ခရစ် တော်၏ ဆုတောင်းခြင်းများကိုလည်း မြင်ရမည်ဖြစ်သည်။ ဗျာ၊၈ ရှိ ဆုတောင်းခြင်းများ သည် ခရစ်တော်တစ်ဦးတည်း၏ ဆုတောင်းခြင်းများမဟုတ်တော့ဘဲ၊ စုပေါင်းထားသော ခရစ်တော်၏ ဆုတောင်းခြင်းများဖြစ်သည်။ နံ့သာပေါင်းမီးရှို့ရာယဇ်ပလ္လင်၌ရှိသော စီမံ ခန့်ခွဲခြင်းဆိုင်ရာအကြောင်းအရာ၌ သန့်ရှင်းသူများသည် ခရစ်တော်နှင့်အမှန်ပင် တစ်လုံး တစ်ဝရှိကြသည်။ ဤနေရာ၌ စုပေါင်းထားသောခရစ်တော်၏ ဆုတောင်းခြင်းကို ကျွန်ုပ်တို့ မြင်ရသည်။

ဗျာ၊၈ ၌ ခရစ်တော်သည် အခြားသောကောင်းကင်တမန်အဖြစ်ဖော်ပြခံရပြီး၊ ဘုရားသခင်ထံသို့ သန့်ရှင်းသူများ၏ ဆုတောင်းခြင်းများကို ဆက်ကပ်ပေးနေသည် (အငယ်၊၃–၅)။ ကိုယ်တော်၏ စီမံခန့်ခွဲခြင်းအတွက် ကိုယ်တော်သည် ကျွန်ုပ်တို့၏ ဆုတောင်းခြင်းများကို လိုအပ်သည်။ ကျွန်ုပ်တို့၏ ဆုတောင်းခြင်းသည် ကိုယ်တော်၏ ကောင်းကင်ဆိုင်ရာအမှုတော်အတွက် တုံ့ပြန်မှုဖြစ်သည်။ ကျွန်ုပ်တို့ဆုတောင်းသောအခါ ကိုယ်တော်သည် စီမံခန့်ခွဲနေသည်။ ကိုယ်တော်စီမံခန့်ခွဲသောအခါ ကျွန်ုပ်တို့ဆုတောင်းကြသည်။ ကိုယ်တော်သည် ဤဆုတောင်းခြင်းများကို ဘုရားသခင်ထံသို့ ဆက်ကပ်ပြီးနောက်၊ ဘုရားသခင်၏ အဖြေကို မြေကြီးပေါ် ရှိ သူတို့ထံသို့ သွန်းလောင်းချပေးသည်။ ကျွန်ုပ်တို့၏ ဆုတောင်းခြင်းများထံ ဘုရားသခင်၏ အဖြေပေးခြင်းများကို သွန်းလောင်းခြင်းသည် ကိုယ်တော်၏ စကြဝဠာဆိုင်ရာ စီမံခန့်ခွဲခြင်းနှင့် ညီမျှသည်။ ဤစီမံခန့်ခွဲသူသည် နည်းလမ်းတိုင်း၌ စုံလင်ခြင်းရှိသော်လည်း၊ ကိုယ်တော်သည် ကျွန်ုပ်တို့၏ ဆုတောင်းခြင်းများကို လိုအပ်သည်။ ခရစ်တော်သည် ကျွန်ုပ်တို့၏ ဆုတောင်းခြင်းများအားဖြင့် စကြဝဠာတစ်ခုလုံးကို စီမံခန့်ခွဲနေသည်ဟု ကျွန်ုပ်တို့ပြောဆိုနိုင်သည်။

ဗျာဒိတ်ကျမ်း၌ နံ့သာပေါင်းမီးရှို့ရာယဇ်ပလ္လင်သည် ဘုရားသခင်၏ အုပ်စိုးမှု ပလ္လင်တော်ရှေ့တွင် တိုက်ရိုက်ရှိနေကြောင်းဖော်ပြထားသည်။ ဗျာ၊၈ အရ ခရစ်တော်သည် အခြားသောကောင်းကင်တမန်အဖြစ် ကြွလာကာ ကိုယ်တော်၏ နံ့သာပေါင်းကို သန့်ရှင်းသူများ၏ ဆုတောင်းခြင်းများ၌ ပေါင်းထည့်ပေးသည်။ ထို့နောက် ဤနံ့သာပေါင်းသည် ဘုရားသခင်၏ စီမံခန့်ခွဲခြင်းပလ္လင်တော်သို့ တက်သွားပြီး၊ ဘုရားသခင်သည် သန့်ရှင်းသူများ၏ ဆုတောင်းခြင်းများကို အဖြေပေးလေသည်။ ရလဒ်အနေဖြင့် ဗျာဒိတ်ကျမ်းရှိ ကျန်ရှိသည့်အပိုင်း၌ မှတ်တမ်းတင်ထားသည့် ဘုရားဆိုင်ရာစီရင်ခြင်းကို စီမံရန် မြေကြီးပေါ် သို့ မီးကို ချလိုက်လေသည်။ ဤသည်မှာ နံ့သာပေါင်းမီးရှို့ရာယဇ်ပလ္လင်သည် ဘုရားသခင်၏ စီမံခန့်ခွဲခြင်းပလ္လင်တော်မှ ကိုယ်တော်သည် သူ၏ စီမံခန့်ခွဲခြင်း၌ စီရင်ခြင်းများကို စီမံရန်အတွက်ဖြစ်ကြောင်း ပုံဖော်ပြခြင်းဖြစ်သည်။ ဘုရားသခင်၏ စီမံခန့်ခွဲခြင်းဖြစ်ပေါ်ခြင်းသည် နံ့သာပေါင်းမီးရှို့ရာပလ္လင်မှ ကိုယ်တော်ထံဆက်ကပ်သော ဆုတောင်းခြင်းများအားဖြင့် လှုပ်ရှားပြုမူကြောင်းကို မြင်ရန် ကျွန်ုပ်တို့အဖို့ လွန်စွာ အရေးကြီးပေသည်။ (*The Conclusion of the New Testament*, pp. 4275, 4271, 4272, 4288-4289, 4270)

*ပို၍ဖတ်ရန်* – *The Conclusion of the New Testament*, msg.410; *Life-study of Revelation*, msg. 23

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––––

## *နံနက်ခင်းကျွေးမွေးခြင်း*

**ရော၊ ထိုမှတစ်ပါး ဝိညာဉ်တော်သည် ငါတို့၏အားနည်းခြင်း၌ ထိုနည်းတူ**
**၈း ၂၆–၂၇ ကူမ တော်မူ၏။ ငါတို့သည် ဆုတောင်းသင့်သည်အတိုင်း အဘယ်ဆု**
**ကို တောင်းရမည်ဟု မသိကြ။ သို့ရာတွင် နှုတ်မမြွက်နိုင်သော ညည်း**
**တွားခြင်းဖြင့် ဝိညာဉ်တော်ကိုယ်တိုင်သည် *ငါတို့* အဖို့ ကြားခံတောင်း**
**လျှောက်ပေးလျက်ရှိ၏။ စိတ်နှလုံးများကို စစ်တော်မူသောသူသည်**
**လည်း ဝိညာဉ်တော်၏အသိဉာဏ်ကို သိတော်မူ၏။ အကြောင်းမူ**
**ကား၊ ဝိညာဉ်တော်သည် ဘုရားသခင်၏အလိုတော်နှင့်အညီ သန့်ရှင်း**
**သူတို့အဖို့ ကြားခံတောင်းလျှောက်ပေးတော်မူ၏။**

ရှင်ပြန်ထမြောက်ခြင်းပြီးနောက်၊ အထူးသဖြင့် တက်ကြွခြင်းပြီးနောက် တစ်ဦးချင်းဆိုင်ရာခရစ်တော်သည် စုပေါင်းခြင်းဆိုင်ရာဖြစ်လာသည်။ ထို့ကြောင့် ယနေ့ ဘုရားသခင်ရှေ့တော်၌ တစ်ဦးချင်းဆိုင်ရာခရစ်တော်သာ ကြားခံဆုတောင်းခြင်းမဟုတ်တော့ဘဲ၊ ကိုယ်ခန္ဓာတော်၏ဦးခေါင်းတော်ဖြစ်သော စုပေါင်းထားသောခရစ်တော်သည်လည်း ကြားခံဆုတောင်းပေးနေသည် (၁ကော၊၁၂း၁၂။ တ၊၁၂း၅၊ ၅)။ ဦးခေါင်းတော်ခရစ်တော်သည် ကောင်းကင်များ၌ ကြားခံဆုတောင်းနေပြီး၊ ကိုယ်ခန္ဓာတော်အသင်းတော်သည် မြေကြီးပေါ်၌ ကြားခံဆုတောင်းပေးနေသည်။ ထို့ကြောင့် ကြားခံဆုတောင်းပေးသူသည် ခရစ်တော်တစ်ပါးတည်းသာမဟုတ်တော့ဘဲ၊ ခရစ်တော်နှင့်အတူ ကိုယ်ခန္ဓာတော်ဖြစ်နေပြီဖြစ်သည်။

ကျွန်ုပ်တို့သည် ဝိညာဉ်၌ ဆုတောင်းသောအခါတိုင်း ခရစ်တော်သည် ကျွန်ုပ်တို့၏ဆုတောင်းခြင်း၌ ဆုတောင်းနေကြောင်းကို သိမြင်ရန်လိုအပ်သည်။ ဓမ္မသစ်ကျမ်းသည် သခင်ဘုရား၏နာမ၌ ဆုတောင်းခြင်းကို ပြောဆိုထားသည် (ယော၊၁၄း၁၃–၁၄။ ၁၅း၁၆။ ၁၆း ၂၃–၂၄)။ သခင်ယေရှု၏နာမတော်၌ ဆုတောင်းခြင်းသည် ခရစ်တော်၌ ဆုတောင်းခြင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဤနည်းလမ်း၌ ဆုတောင်းသောအခါ အမှန်တကယ်တွင် ဆုတောင်းနေသောသူမှာ ခရစ်တော်ဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ဆုတောင်းခြင်း၌ ဆုတောင်းနေသည်။ ဘုရားသခင်၏ အမြင်၌ သန့်ရှင်းသူများနှင့် အသင်းတော်များ၏မှန်ကန်သော ဆုတောင်းချက်များအားလုံးသည် ခရစ်တော်၏ဆုတောင်းခြင်းများဖြစ်ပြီး၊ ခရစ်တော်၏ကြားခံဆုတောင်းခြင်း၌ အစိတ်အပိုင်းအဖြစ်ပါဝင်နေသည်။ (*The Conclusion of the New Testament*, p. 4272)

## ယနေ့ဖတ်စရာ

နံ့သာပေါင်းမီးရှို့ရာယဇ်ပလ္လင်၌ ဆုတောင်းရန် ကျွန်ုပ်တို့၏ နှုတ်ကိုဖွင့်သောအခါ တိုင်း ထွက်ပေါ် လာမည့်ဆုတောင်းချက်သည် တစ်ဦးချင်းဆိုင်ရာဆုတောင်းခြင်း၊ ပုဂ္ဂိုလ်ရေးရာဆုတောင်းခြင်းဖြစ်မည်မဟုတ်ပါ။ ယင်းသည် ကြားခံတောင်းလျှောက်သောဆုတောင်းခြင်းဖြစ်လိမ့်မည်ဖြစ်သည်။ ဤနေရာ၌ ကျွန်ုပ်တို့သည် မိမိတို့အတွက် သို့မဟုတ် မိမိတို့၏ ကောင်းကျိုးအတွက် မည်သည့်စိတ်ဝင်စားမှုမျှရှိတော့မည်မဟုတ်ပေ။ မိမိတို့အတွက် စဉ်းစားခြင်းနှင့် မိမိတို့အတွက် ဆုတောင်းခြင်းအစား ကျွန်ုပ်တို့သည် အခြားသူများအတွက် ကြားခံတောင်းလျှောက်ကြသည်။ ထိုအချိန်၌ ကျွန်ုပ်တို့သည် အတွေ့အကြုံ၌ ခရစ်တော်၏ စစ်မှန်သောအင်္ဂါဝင်၊ စုပေါင်းထားသောခရစ်တော်ဖြစ်သော ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်သော အစိတ်အပိုင်းဖြစ်လာပေလိမ့်မည်။ ထို့ထက်မက ယင်းမှာ ကျွန်ုပ်တို့သည် ကိုယ်တော်၏ ကြားခံတောင်းလျှောက်ပေးခြင်းအမှုတော်၌ ခရစ်တော်နှင့်အတူ ပူးပေါင်းပါဝင်သောအချိန်ပင်ဖြစ်ပေသည်။ ကိုယ်တော်သည် အထူးဖြစ်သောနည်းလမ်း၌ ကြားခံဆုတောင်းနေပြီး၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏ ကြားခံဆုတောင်းခြင်းနည်းလမ်း၌ ကိုယ်တော်နှင့်ပူးပေါင်းပါဝင်ကြသည်။ ဤသည်မှာ ကျွန်ုပ်တို့၏ ကြားခံဆုတောင်းခြင်းများ၌ ကိုယ်တော်၏ ကြားခံဆုတောင်းခြင်းကို ကျွန်ုပ်တို့သယ်ဆောင်နေကြောင်းကို ဆိုလိုခြင်းဖြစ်သည်။ ဤနေရာ၌ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အမှန်ပင် တစ်လုံးတစ်ဝရှိကြသည်။

နံ့သာပေါင်းမီးရှို့ရာပလ္လင်၏ ရှင်းလင်းသောမြင်ကွင်းကို ကျွန်ုပ်တို့မြင်မည်ဆိုလျှင် ကျွန်ုပ်တို့၏ ဆုတောင်းခြင်းအသက်တာသည် လုံးဝပြောင်းလဲလာမည်ဖြစ်သည်။ ဆုတောင်းခြင်း၌ ရုပ်ပိုင်းဆိုင်ရာ လိုအပ်မှုများ သို့မဟုတ် ပုဂ္ဂိုလ်ရေးစဉ်းစားမှုများနှင့် နေရာအပြည့်ယူထားမည့်အစား၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ရည်ရွယ်ချက်ဖြစ်မြောက်နိုင်ရန်၊ ဘုရားဆိုင်ရာစီမံခန့်ခွဲခြင်းကို သယ်ဆောင်နိုင်ရန်၊ ဘုရားသခင်၏ မစထောက်ပံ့ပေးသောကျေးဇူးတော်ကို ဝေငှဖြန့်ဖြူးခြင်းရှိရန်အတွက် ဆုတောင်းရမည်ဖြစ်သည် (၁တိ၊ ၂း၁။ ရော၊ ၈း ၂၆–၂၇)။ ဘုရားဆိုင်ရာစီမံခန့်ခွဲခြင်းအလယ်ဗဟိုဖြစ်သော နံ့သာပေါင်းမီးရှို့ရာယဇ်ပလ္လင်၌ ကျွန်ုပ်တို့သည် ကြားခံတောင်းလျှောက်သောသူများ၊ အခြားသူများအတွက်နှင့် သခင်ဘုရား၏ စိတ်ဝင်စားမှုအတွက် ကြားခံဆုတောင်းပေးမည်ဖြစ်သည်။

ဘုရားသခင်အလိုရှိသောအရာမှာ နံ့သာပေါင်းမီးရှို့ရာယဇ်ပလ္လင်၌ ဆုတောင်းခြင်းပင်ဖြစ်သည်။ ဤသို့သောဆုတောင်းခြင်းသည် ကြားခံတောင်းလျှောက်သောဆုတောင်းခြင်းဖြစ်သည်။ နံ့သာပေါင်းမီးရှို့ရာယဇ်ပလ္လင်၌ ဆုတောင်းရန် ကျွန်ုပ်တို့၏ နှုတ်ကို ဖွင့်သောအခါတိုင်း ကျွန်ုပ်တို့၏ ဆုတောင်းခြင်းများသည် ကျွန်ုပ်တို့အဖို့ ဖြစ်လိမ့်မည်မဟုတ်

ပါ။ ထိုအစား ကျွန်ုပ်တို့၏ ဆုတောင်းခြင်းများသည် ဘုရားသခင်၏ ထာဝရအကြံအစည် အတွက်၊ ကိုယ်တော်၏ ပြန်လည်ရယူခြင်း အတွက်၊ ကိုယ်တော်၏ လှုပ်ရှားမှု အတွက်နှင့် ကိုယ်တော်၏ အသင်းတော်များ အားလုံး အတွက် ဖြစ်သည်။

ထောင်သောင်းမကသော ဆုတောင်းချက်များကို ခရစ်ယာန်များက ဘုရားသခင် ထံ ဆက်ကပ်ကြသော်လည်း ဘုရားသခင်၏ ရည်ရွယ်ချက်ဖြစ်မြောက်ခြင်းမှာ အနည်း ငယ်သာရှိနေသည်၊ ဘုရားသခင်၏ မစပေးသောကျေးဇူးတော်ဝေငှဖြန့်ဖြူးခြင်း အနည်း ငယ်သာရှိနေသည်။ ယနေ့ ကျွန်ုပ်တို့သည် လိုအပ်နေသူများ အားလုံးထံသို့ ကျေးဇူးတော် ဖြစ်သော ဘုရားအသက်၏ မစခြင်းကို ဝေငှဖြန့်ဖြူးရန် ကျေးဇူးတော်ပလ္လင်ကို လှုပ်ခါစေ သည့်နည်းလမ်း၌ ဆုတောင်းရန် သင်ယူရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာ စီမံခန့်ခွဲခြင်းဖြစ်မြောက်စေရန် အခွင့်အာဏာပလ္လင်တော်ကို လှုပ်ခါစေမည့်နည်းလမ်း၌ ဆုတောင်းရန် သင်ယူရမည်ဖြစ်သည်။ ဆုတောင်းခြင်းနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့၌ ဤ မြင်ကွင်းရှိမည်ဆိုပါက ကျွန်ုပ်တို့၏ ဆုတောင်းခြင်းအသက်တာသည် လုံးဝပြောင်းလဲသွား မည်ဖြစ်သည်။

ကျွန်ုပ်တို့အားလုံးသည် ဤသမ္မာတရားများကို လက်တွေ့အဖြစ်ယူဆောင်ရမည် ဖြစ်သည်။ ကျွန်ုပ်တို့သည် ထုံးတမ်းစဉ်လာနည်းလမ်း၌ ဆုတောင်းရန်မလိုအပ်ကြောင်း ကို သိမြင်လာသောအခါ ပို၍ ဆုတောင်းခြင်းရှိနိုင်ရန် ၎င်းသည်ကျွန်ုပ်တို့အား ကူညီပေး လိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဇာတိဆိုင်ရာ၊ ဘာသာရေးဆိုင်ရာ ဆုတောင်းခြင်းများ ဖြင့် ဆုတောင်းရန် မလိုအပ်ပါ။ ဆန့်ကျင်ဘက်အနေဖြင့် ကျွန်ုပ်တို့သည် နံ့သာပေါင်း မီးရှို့ရာယဇ်ပလ္လင်၌ ကြားခံဆုတောင်းသောသူများဖြစ်ရမည်ဖြစ်သည်။ တစ်နေ့တာလုံး တွင် ကျွန်ုပ်တို့သည် အခြားသူများ အတွက်နှင့် သခင်ဘုရား၏ စိတ်ဝင်စားမှုများ အတွက် ကြားခံဆုတောင်းရမည်ဖြစ်သည်။ ဤနည်းလမ်း၌ ကျွန်ုပ်တို့ဆုတောင်းသောအခါ ကျွန်ုပ် တို့သည် သခင်ဘုရားနှင့် အမှန်ပင် တစ်လုံးတစ်ဝဖြစ်ကြောင်းကို ကျွန်ုပ်တို့သိကြသည်။ ကျွန်ုပ်တို့၏ ကြားခံတောင်းလျှောက်သော ဆုတောင်းခြင်းများ အားဖြင့် နံ့သာပေါင်းမီးရှို့ ရာယဇ်ပလ္လင်၌ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့် တစ်လုံးတစ်ဝရှိကြသည်။ ဤသို့သော ဆု တောင်းခြင်းသည် ဘုရားသခင်ထံသို့ မွှေးကြိုင်သော နံ့သာပေါင်းဖြစ်သည်။ ဤဆုတောင်း ခြင်းသည် ဘုရားသခင်၏ ရည်ရွယ်ချက်ကို ပြည့်စုံစေသည်၊ ကိုယ်တော်၏ ဆာငတ်မှုကို ကျေနပ်နှစ်သိမ့်စေသည်၊ ကိုယ်တော်၏ စိတ်နှလုံးတော်ကို ရွှင်လန်းဝမ်းမြောက်စေသည်။ (*The Conclusion of the New Testament*, pp. 4272, 4275-4276)

*ပို၍ဖတ်ရန်* – *The Conclusion of the New Testament*,msg.420; *Life-study of Exodus*, msgs. 149, 152

## နံနက်ခင်းကျွေးမွေးခြင်း

**ထွ၊ တနည်းကား၊ နံ့သာပေါင်းကို မီးရှို့စရာယဇ်ပလ္လင်ကို အကာရှသား**
**၃၀း၁ နှင့် လုပ်ရမည်။**
**တော၊ သေတ္တာတော်သွားသောအခါ၊ မောရှေက အိုယေဟောဝါ ထတော်မူ**
**၁၀း၃၅ ပါ။ ကိုယ်တော်၏ရန်သူတို့သည် လွင့်ကြပါစေသော။ ကိုယ်တော်ကို**
**မုန်းသောသူတို့သည် ရှေ့တော်မှ ပြေးကြပါစေသောဟူ၍ဝင်း၊**

နံ့သာပေါင်းမီးရှို့ရာရွှေယဇ်ပလ္လင်သည် ကျွန်ုပ်တို့ နောက်ဆုံးရောက်ရှိရမည့် လမ်းဆုံးပန်းတိုင်ဖြစ်သည်။ နံ့သာပေါင်းမီးရှို့ရာယဇ်ပလ္လင်၌ ကျွန်ုပ်တို့ဘာလုပ်ရမည်နည်း။ နံ့သာပေါင်းမီးရှို့ရာယဇ်ပလ္လင်၌ ကျွန်ုပ်တို့ဆုတောင်းရန်လိုအပ်သည်။ မည်သို့ဆိုစေ မိမိတို့ကိုယ်အတွက်နှင့် မိမိတို့စိတ်ဝင်စားမှုအတွက်ဆုတောင်းခြင်းအစား ကျွန်ုပ်တို့သည် ဘုရားသခင်၏လှုပ်ရှားမှုနှင့် ကိုယ်တော်၏စိတ်ဝင်စားမှုအတွက် ဆုတောင်းရမည်ဖြစ်သည်။ ဘုရားသခင်၏လှုပ်ရှားမှုနှင့် ဘုရားသခင်၏စိတ်ဝင်စားမှုအတွက်ဆုတောင်းခြင်းသည် ကြားခံတောင်းလျှောက်သောဆုတောင်းခြင်းဖြစ်သည်။ ဘုရားသခင်၏ ရွေးချယ်ခံလူများသည် အပြင်ဌာန၊ သန့်ရှင်းရာဌာနနှင့် အသန့်ရှင်းဆုံးဌာနစသည်တို့ကို ဖြတ်ကျော်ပြီးနောက် သူတို့သည် နံ့သာပေါင်းမီးရှို့ရာယဇ်ပလ္လင်ဟူသော လမ်းဆုံးပန်းတိုင်သို့ ရောက်ရှိလာကြကာ ဘုရားသခင်၏စိတ်ဝင်စားမှုအတွက် ကြားခံဆုတောင်းကြသည်။ အဘယ်ကြောင့် ဘုရား၏လူများသည် ကြားခံဆုတောင်းရန် အထူးလိုအပ်သနည်း။ ဘုရားသခင်လှုပ်ရှားရန်အတွက် သူတို့သည် ကြားခံဆုတောင်းရန်လိုအပ်ခြင်းဖြစ်သည်။ (*Life-study of Exodus*, p. 1648)

## ယနေ့ဖတ်စရာ

တဲတော်၏ပုံဆောင်ချက်မှာ ဘုရားသခင်သည် သူ၏ ရွေးချယ်ခံလူများထံ ကိုယ်ထင်ရှားနေကြောင်းကို ပုံဆောင်ခြင်းဖြစ်သည်။ တဲတော်၌ ဘုရားသခင်၏ ကိုယ်ထင်ရှားခြင်း၏ရည်ရွယ်ချက်မှာ မည်သည့်အရာနည်း။ ယင်းမှာ မြေကြီးပေါ်၌ ဘုရားသခင်လှုပ်ရှားရန်အတွက်ဖြစ်သည်။ ဤအရာနှင့်ပတ်သက်၍ ရှေးအချိန်ကကဲ့သို့ ယနေ့တွင်လည်း အလေ့အလာမှာ အတူတူပင်ဖြစ်သည်။ ထို့ကြောင့် တဲတော်နှင့် ၎င်း၏ဆက်စပ်သည့်အရာမှန်သမျှသည် မြေကြီးပေါ်၌ ဘုရားသခင်လှုပ်ရှားမှုအတွက်ဖြစ်ကြောင်းကို ကျွန်ုပ်တို့မြင်ရန် လွန်စွာအရေးကြီးပါသည်။

ဘုရားသခင်၌ ရန်သူများစွာရှိသည်။ အီဂျစ်ပြည်သားများသည် ကိုယ်တော်၏ ရန်

သူများဖြစ်သည်။ အာမလက်လူများသည်လည်း ကိုယ်တော်၏ ရန်သူများဖြစ်သည်။ ဓမ္မ ဟောင်းကျမ်းကို ကျွန်ုပ်တို့ဖတ်ရှုသောအခါ အီဂျစ်ပြည်မှ ခါနန်ပြည်အထိ ဘုရားသခင်၌ နေရာတိုင်းတွင် ရန်သူရှိကြောင်းကို မြင်ရသည်။ ကိုယ်တော်၏ လူမျိုးတော်သည်ပင်လျှင် ကိုယ်တော်ထံ ရန်သူများဖြစ်နိုင်လေသည်။ ယနေ့တွင်လည်း အတူတူပင်ဖြစ်သည်။ မည် သူသည် ဘုရားသခင်ဘက်တွင်ရှိသနည်း။ ကျွန်ုပ်တို့ကိုယ်တိုင်သည်လည်း ဘုရားသခင်၏ ရန်သူများပင်ဖြစ်သည်။

ရန်သူများအားလုံးကြောင့် ဘုရားသခင်သည် လွတ်လပ်စွာ လှုပ်ရှားနိုင်ခြင်းမရှိ ပါ။ ကိုယ်တော်သည် တစ်စုံတစ်ခုသောနေရာသို့ လှုပ်ရှားလိုသောအခါ လမ်းကြောင်း၊ လမ်းစမရှိပေ။ အကြောင်းမှာ ရန်သူများသည် လမ်းကို ပိတ်ဆို့နေသောကြောင့်ဖြစ်သည်။ ထို့နောက် ဘုရားသခင်သည် အခြားနေရာသို့ ဦးတည်ကာ လှုပ်ရှားလိုသော်လည်း အခြား သော ရန်သူများသည် ကိုယ်တော်ကို နှောင့်ယှက်ရန် ကြိုးစားမည်ဖြစ်သည်။ ဘုရားသခင် သည် နေရာတိုင်းတွင် ကြိုဆိုခြင်းမခံရပေ။ သို့ဖြစ်လျှင် ကိုယ်တော်သည် ဘာလုပ်ရမည် နည်း။ ကိုယ်တော်၏ ရန်သူများအားလုံးကို ဖျက်ဆီးရန် ဘုရားသခင်သည် တိုက်ခိုက်ရ မည်ဖြစ်သည်။ ထို့ကြောင့်ပင် ခါနန်ပြည်သားများအပေါ် သက်ညှာသနားခြင်းမရှိရန် အစ္စရေးလူမျိုးများကို ပြောဆိုထားခဲ့ခြင်းဖြစ်သည်။ ဆန့်ကျင်ဖက်အနေဖြင့် သူတို့ကို လုံးလုံးဖျက်ဆီးပစ်ရမည်ဖြစ်သည်။

ဖေက်သြဝါဒစာစောင်၌ အသင်းတော်သည် ဘုရားသခင်၏ ပြည့်ဝပြည့်စုံခြင်းဖြစ် ကြောင်း ကျွန်ုပ်တို့မြင်ရသည်။ ဘုရားသခင်၏ ပြည့်ဝပြည့်စုံခြင်းမှာ မည်သည့်အရာနည်း။ ဘုရားသခင်၏ ပြည့်ဝပြည့်စုံခြင်းမှာ တဲတော်တည်းဟူသော ကိုယ်တော်၏ ရွေးချယ်ခံလူ များ၌ သုံးပါးတစ်ပါးဘုရား၏ ကိုယ်ထင်ရှားခြင်းဖြစ်သည်။ နောက်ဆုံးတွင် ဖေက်သြဝါဒ စာစောင်အရ အသင်းတော်တည်းဟူသော ဘုရားသခင်၏ လူများသည် စစ်တပ်ဖြစ်လာ ပြီး၊ အသွေးအသားရှိသူများနှင့် ဆန့်ကျင်တိုက်ခိုက်ခြင်းမဟုတ်ဘဲ လေထဲရှိ မင်းစိုးများ၊ တန်ခိုးများကို ဆန့်ကျင်တိုက်ခိုက်ကြသည်။ ထို့ကြောင့် ဖေက်စာစောင်ရှိ အသင်းတော်၏ ဖွင့်ပြခြင်းသည် ထွက်မြောက်ရာကျမ်းရှိ တဲတော်၏ ပုံဆောင်ချက်နှင့် ကိုက်ညီမှုရှိသည်။

ရှေ့ဦးစွာ ဘုရားသခင်၏ ကိုယ်ထင်ရှားခြင်းဖြစ်သော တဲတော်ရှိရန်လိုအပ်သည်။ ထို့နောက် ဘုရား၏ ရွေးချယ်ခံလူများသည် ဘုရားသခင်၏ စိတ်ဝင်စားမှုနှင့် ကိုယ်တော် ၏ လှုပ်ရှားမှုအတွက် ကြားခံတောင်းလျှောက်ရန် နံ့သာပေါင်းမီးရှို့ရာယဇ်ပလ္လင်သို့ ရောက်ရှိသည့်တိုင်အောင် တဲတော်၏ ပုံပန်းသဏ္ဍာန်အားလုံးကို တွေ့ကြုံခံစားရမည်ဖြစ် သည်။ အထူးသဖြင့် ဘုရားသခင်၏ လူများသည် သခင်ဘုရား၏ စစ်တပ်၊ မြေကြီးပေါ်၌

ဘုရားသခင်လှုပ်ရှားနိုင်ရန်အတွက် တိုက်ခိုက်မည့်စစ်တပ်ကို ဖွဲ့စည်းခြင်းငှာ ဆုတောင်းရန် လိုအပ်သည်။ ထို့ကြောင့်ပင် နံ့သာပေါင်းမီးရှို့ရာယဇ်ပလ္လင်ကို ဖော်ပြပြီးနောက် ချက်ချင်း လူဦးရေစာရင်းယူခြင်းနှင့် အရွေးငွေတို့ကို ဖော်ပြရခြင်းဖြစ်သည်။ အမှန်တွင် ထွ၊ ၃၀း၁၁–၁၆ ၌ လူဦးရေစာရင်းယူခြင်းကို မိမိအသက်ရွေးရန်ငွေတည်းဟူသော အရွေးငွေထက် ပို၍ အလေးပေးဖော်ပြထားသည်။ အငယ်၊၁၂ တွင် သခင်ဘုရားက မောရှေအား သူတို့၏ရေတွက်ဝင်ခြင်းရှိသည့်အတိုင်း အစ္စရေးအမျိုးသားများ၏ လူဦးရေစာရင်းကို ယူစေသည်။ ဤသို့ လူများကို ရေတွက်ခြင်းမှာ စစ်တပ်ကို ဖွဲ့စည်းရန်အတွက်ဖြစ်သည်။

ဘုရားသခင်၏ ရွေးချယ်ခံလူများသည် နံ့သာပေါင်းမီးရှို့ရာယဇ်ပလ္လင်သို့ရောက်ရှိလာသောအခါ သူတို့သည် ဘုရားသခင်၏ လှုပ်ရှားမှုအတွက် ကြားခံဆုတောင်းရမည်ဖြစ်ကြောင်းကို ကျွန်ုပ်တို့စွဲမှတ်နေရမည်ဖြစ်သည်။ ဤကြားခံတောင်းလျှောက်သည့် ဆုတောင်းချက်ကို အဖြေပေးရန် စစ်တပ်ဖွဲ့စည်းခြင်းလိုအပ်သည်။ ဤအရာကို ကျွန်ုပ်တို့မြင်မည်ဆိုပါက နံ့သာပေါင်းမီးရှို့ရာယဇ်ပလ္လင်နှင့် အရွေးငွေအကြားရှိ ဆက်နွယ်မှုကို နားလည်နိုင်မည်ဖြစ်သည်။ နံ့သာပေါင်းမီးရှို့ရာယဇ်ပလ္လင်၌ ကျွန်ုပ်တို့သည် ဘုရားသခင်၏ လှုပ်ရှားမှုအတွက် ဆုတောင်းကြသည်။ ဤဆုတောင်းချက်သည် အဖြေပေးခြင်းရှိရန် မြေကြီးပေါ် ဘုရားသခင်လှုပ်ရှားမှုအတွက် တိုက်ခိုက်မည့် စစ်တပ်ဖွဲ့စည်းခြင်း၌ ပါဝင်နိုင်မည့်သူများ၏ လူဦးရေစာရင်းကို ယူရမည်ဖြစ်သည်။ (*Life-study of Exodus*, pp. 1648-1650)

*ပို၍ဖတ်ရန်* – *Life-study of Exodus*, msgs. 147-148, 153

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ထွ၊ ၃၀း၁၂ အစ္စရေးအမျိုးသားတို့ကို ရေတွက်၍ စာရင်းယူသောအခါ၊ ဘေး လွတ်မည်အကြောင်း ရှိသမျှတို့သည် အသီးအသီး မိမိအသက်ရွေး ရန် အဘိုးကို ယေဟောဝါအား ဆက်ကပ်ရမည်။**

**၁၄၊ အသက်နှစ်ဆယ်မှစ၍၊ ပိုလွန်သောသူအပေါင်းတို့သည် စာရင်းဝင်၍၊ ထိုသို့သော ပူဇော်သက္ကာကို ယေဟောဝါအားပြုရမည်။**

နံ့သာပေါင်းမီးရှို့ရာယဇ်ပလ္လင်၌ ဆက်ကပ်သော ဆုတောင်းခြင်းသည် ဘုရားသခင်၏ လုပ်ရှားမှုအတွက်ဖြစ်သည်။ ဤကြားခံတောင်းလျှောက်သောဆုတောင်းခြင်းသည် ကိုယ်တော်၏ လှုပ်ရှားမှုကို ဆန့်ကျင်သော၊ ဘုရားသခင်၏ ရန်သူများကို ဆန့်ကျင်တိုက်ခိုက်မည့် စစ်တပ်ကိုဖွဲ့စည်းရန် ဘုရား၏ လူမျိုးတော်ကို ရေတွက်ခြင်း၌ ထွက်ပေါ်လာသည်။ ယင်းရန်သူများမှာ ကောင်းသောမြေ၌ နေထိုင်သူများဖြင့် ပုံဆောင်ထားသည့် ကောင်းကင်များရှိ မင်းစိုးများ၊ အခွင့်အာဏာများကို ရည်ညွှန်းသည် (ထွ၊ ၂၃း ၂၃ မှတ်စု ၁ ကို ကြည့်ပါ)။ ဘုရားသခင်၌ ထိုသို့သောစစ်တပ်ရှိသောအခါ ကိုယ်တော်၏ စိတ်ဝင်စားခြင်းအတွက် မြေကြီးပေါ်၌ လှုပ်ရှားနိုင်မည်ဖြစ်သည်။ ထို့ကြောင့် အရွေးငွေနှင့် နံ့သာပေါင်းမီးရှို့ရာယဇ်ပလ္လင်တို့အကြား တိုက်ရိုက်ဆက်နွယ်မှုရှိနေသည်။ (Exo.30:12, footnote 1)

## ယနေ့ဖတ်စရာ

ဘုရားသခင်၏ စစ်တပ်သည် အဘယ်မှာနည်း။ ကိုယ်တော်၏ ဗိုလ်ခြေသည် အဘယ်မှာနည်း။ ဤဗိုလ်ခြေများသည် ဘုရားသခင်၏ ရွေးချယ်ခံလူများမှ ဖွဲ့စည်းခြင်းရှိရမည်ဖြစ်သည်။ ထို့ထက်မက အသက်နှစ်ဆယ်ပြည့်လာသော အမျိုးသားများသာလျှင် ဤစစ်တပ်၌ ပါဝင်ရန် အရည်အချင်းပြည့်မှီသည်။ ဤသည်မှာ စစ်တပ်ကို ဖွဲ့စည်းရန်အတွက် ဘုရားသခင်၏ ရွေးချယ်ခံလူများသည် ရင့်ကျက်ကြီးထွားခြင်းလိုအပ်သည်။

ပသခါသိုးသငယ်နှင့် အရွေးငွေအကြား အရေးကြီးသောခြားနားချက်ရှိသည်။ ပသခါသိုးသငယ်သည် ရွေးနုတ်ခြင်းအတွက် သီးသန့်နှင့် လုံးလုံးဖြစ်ပြီး၊ ယင်းကို လူတိုင်းရရှိနိုင်သည်။ သို့သော် အရွေးငွေမှာ ရွေးနုတ်ခြင်းနှင့် ဆက်နွယ်မှုရှိပြီး ဘုရားသခင်၏ စစ်တပ်ကို ဖွဲ့စည်းရာ၌ အရည်အချင်းပြည့်မှီသည့်သူများသာလျှင် ရယူအသုံးပြုနိုင်သည်။ အသက်နှစ်ဆယ်အောက်ရှိသော အချို့သော ဘုရားသခင်၏ ရွေးချယ်ခံလူများသည်

အရွေးငွေ အကျပ်တဝက်ကို ထည့်လိုသည်ဆိုကြပါစို့။ သူတို့သည် အသက်မပြည့်ခြင်း၊ ရင့်ကျက်မှုမရှိသေးခြင်းကြောင့် အရွေးငွေပေးရန် အရည်အချင်းမပြည့်မှီပေ။ မည်သို့ဆိုစေ ပသခါသိုးသငယ်အားဖြင့် ပြီးပြည့်စုံစေခဲ့သည့် ရွေးနုတ်ခြင်း၌ အသက်သည် အကြောင်းမဟုတ်ပါ။ အစ္စရေးလူမျိုးများအားလုံး၊ မည်သည့်အသက်အပိုင်းအခြားမဆို သိုးသငယ်အားဖြင့် ရွေးနုတ်ခံရရန် အရည်အချင်းပြည့်မှီသည်။ မွေးကင်းစကလေးပင်လျှင် ရွေးနုတ်ခံရရန် အရည်အချင်းပြည့်မှီသည်။

ဘုရားသခင်၏ ရွေးချယ်ခံလူများအနေဖြင့် ဝိညာဉ်ဆိုင်ရာပြောမည်ဆိုလျှင် ကျွန်ုပ်တို့၏ အသက်အရွယ်မည်သို့ဖြစ်နေပါစေ ကျွန်ုပ်တို့အားလုံးသည် ရွေးနုတ်ခံရပြီးဖြစ်သည်။ မည်သို့ဆိုစေ ကျွန်ုပ်တို့၏ ရင့်ကျက်မှုအရ ကျွန်ုပ်တို့၏ ဝိညာဉ်ရေးရာအသက်သည် မည်မျှရှိကြောင်း မိမိကိုယ်ကို စစ်ဆေးရမည်ဖြစ်သည်။ သင်၏ ဝိညာဉ်ရေးရာအသက်သည် ရက်သတ္တပတ်အနည်းငယ် သို့မဟုတ် နှစ်အနည်းငယ်သာ ရှိကောင်းရှိမည်ဖြစ်သည်။ ထွ၊၃၀ ၏ အချိန်၌ အစ္စရေးလူမျိုးများ၏ အရေအတွက်သည် အနည်းဆုံး နှစ်သန်းခန့်ရှိသည်။ သို့သော် သုံးပုံတစ်ပုံခန့်ဖြစ်သည့် ၆၀၃၅၅၀ သည်သာလျှင် ဘုရားသခင်၏ စစ်တပ်၌ အရည်အချင်းပြည့်မှီကြသည်။ သုံးပုံနှစ်ပုံထက်မကသော ဘုရားသခင်၏ လူများ၊ အမျိုးသမီးများနှင့် အသက်နှစ်ဆယ်အောက်ရှိ အမျိုးသားများအားလုံးတို့သည် ဤစစ်တပ်လူဦးရေစာရင်းတွင် ရေတွက်ဝင်ခြင်းမခံရပေ။

ဤအရာ၏ ဝိညာဉ်ရေးရာပုံဆောင်ချက်မှာ ဘုရားသခင်၏ လှုပ်ရှားမှုအတွက် တိုက်ခိုက်မည့်စစ်တပ်၌ပါဝင်ရန် ကျွန်ုပ်တို့သည် ရင့်ကျက်ခြင်းရှိရန်လိုအပ်ကြောင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဝိညာဉ်ပိုင်းဆိုင်ရာအသက်နှစ်ဆယ်အရွယ် ရောက်သည်အထိ ကြီးထွားရန်လိုအပ်သည်။ နံ့သာပေါင်းမီးရှို့ရာယဇ်ပလ္လင်၌ ပူဇော်သည့် ဆုတောင်းခြင်းသည် ဤကြီးထွားခြင်းနှင့် ရင့်ကျက်ခြင်းအတွက်ဖြစ်သည်။ သို့မှသာ စစ်တပ်ကိုဖွဲ့စည်းနိုင်မည်ဖြစ်သည်။ နံ့သာပေါင်းမီးရှို့ရာယဇ်ပလ္လင်၌ ကြားခံဆုတောင်းခြင်း ပို၍ရှိလေလေ၊ ဘုရားသခင်၏ လူများကြီးထွားခြင်းရှိရန် အရေးကြီးခြင်းပို၍ ကြီးမားလေလေဖြစ်သည်။ ရင့်ကျက်ခြင်းသည် အလွန်အမင်းအရေးကြီးကြောင်းကို ကျွန်ုပ်တို့ပို၍ပို၍ သိမြင်လာလေလေဖြစ်သည်။ ကျွန်ုပ်တို့အလယ်တွင် အရေးတကြီးလိုအပ်နေသည်မှာ ကြီးထွားခြင်း၊ ရင့်ကျက်ခြင်းသို့ရောက်ရှိခြင်းဖြစ်ပြီး၊ ထိုသို့အားဖြင့် စစ်တပ်ကိုဖွဲ့စည်းရန် အရည်အချင်းပြည့်မှီလာမည်ဖြစ်သည်။ ထိုသို့သော စစ်တပ်ဖွဲ့စည်းခြင်းရှိလာသောအခါ၌သာလျှင် ဘုရားသခင်သည် မြေကြီးပေါ်၌ ကိုယ်တော်၏ ရည်ရွယ်ချက်အတွက် လှုပ်ရှားနိုင်မည်ဖြစ်သည်။ ရင့်ကျက်လာသူများအားဖြင့်ဖွဲ့စည်းသော စစ်တပ်မရှိဘဲ၊ ဘုရားသခင်အတွက်

လှုပ်ရှားရန် နည်းလမ်းမရှိပါ။ အို၊ ဘုရားသခင်၏ ရွေးချယ်ခံလူများသည် ကြီးထွားရန် လိုအပ်ပါတကား။ နံ့သာပေါင်းမီးရှို့ရာယဇ်ပလ္လင်၌ ဘုရားသခင်ထံပူဇော်သော ကြားခံတောင်းလျှောက်သည့် ဆုတောင်းခြင်းမှာ ဤအရာအတွက်ဖြစ်သည်။

ဘုရားသခင်၏ စစ်တပ်၌ အစ္စရေးလူမျိုးများအကြားရှိ အမျိုးသားများသာ ပါဝင်နိုင်သည်ဟုကြားသောအခါ ညီအစ်မများအနေဖြင့် စိတ်ပျက်မသွားပါနှင့်။ ဝိညာဉ်ရေးရာအတွေ့အကြုံအရ အမျိုးသားဟူသည်မှာ သန်စွမ်းသောသူကို ရည်ညွှန်းသည်။ ယနေ့ ဝိညာဉ်ဆိုင်ရာပြောမည်ဆိုလျှင် အချို့သောညီအစ်မများသည် အမျိုးသားဖြစ်ကောင်းဖြစ်နိုင်ပြီး၊ အချို့သောညီအစ်ကိုများသည် ဝိညာဉ်ရေးရာ၌ အမျိုးသမီးဖြစ်ကောင်းဖြစ်နိုင်သည်။ ဝိညာဉ်ရေးရာ အမျိုးသား သို့မဟုတ် အမျိုးသမီး ဖြစ်ခြင်းမဖြစ်ခြင်းမှာ ကျွန်ုပ်တို့၏ ညီအစ်ကို သို့မဟုတ် ညီအစ်မဖြစ်ခြင်းအပေါ် မူတည်ခြင်းမဟုတ်ပါ။ ယင်းမှာ ကျွန်ုပ်တို့သည် ဝိညာဉ်၌ သန်စွမ်းခြင်းရှိမရှိ သို့မဟုတ် ဝိညာဉ်၌ အားနည်းခြင်းရှိမရှိ အပေါ် မူတည်နေသည်။ ဝိညာဉ်၌ သန်စွမ်းခြင်းရှိပါက သင်သည် အမျိုးသားဖြစ်သည်။ သို့သော် သင်သည် ဝိညာဉ်၌ အားနည်းနေပါက အမျိုးသမီးဖြစ်သည်။ ကျွန်ုပ်တို့အကြားရှိ များစွာသောသူတို့မှာ အမျိုးသမီးများဖြစ်နေကြသည်။ ထို့ကြောင့် ရင့်ကျက်ကြီးထွားခြင်းကို လိုအပ်နေသည်။ (*Life-study of Exodus*, pp. 1652-1654)

*ပို၍ဖတ်ရန်* - *Life-study of Exodus*, msgs.149-152; *The Experience of Life*, ch. 19

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ———————————————————

———————————————————————————————

———————————————————————————————

———————————————————————————————

———————————————————————————————

———————————————————————————————

———————————————————————————————

———————————————————————————————

———————————————————————————————

———————————————————————————————

———————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ထွ၊ ရေတွက်၍ စာရင်းဝင်သောသူအပေါင်းတို့သည် အကျပ်တော်အလိုက်၊**
**၃၀း၁၃ ငွေအကျပ်တဝက်စီ ယေဟောဝါအား ဆက်ကပ်ရမည်။ အကျပ်ကား၊**
**ဂေရနှစ်ဆယ်ဖြစ်သတည်း။**
**ဧ၊ ငါတို့ကို ကိုယ်တော်နှင့်အတူ ထမြောက်စေ၍၊ ခရစ်တော်ယေရှု၌**
**၂း၆ ကောင်းကင်ဆိုင်ရာများတွင် ကိုယ်တော်နှင့်အတူ ထိုင်စေတော်မူပြီ။**
**၆း၁၀ ကြွင်းသေးသောစကားဟူမူကား၊ သခင်ဘုရား၌၊ ကိုယ်တော်၏ခွန်**
**အား တန်ခိုးတော်၌ ခွန်အားရှိကြလော့။**

သင်သည် ဘုရားသခင်၏စစ်တပ်၌ပါဝင်ရန် ရင့်ကျက်မှုရှိလာပြီဆိုပါစို့။ သင်၏ ဝိညာဉ်ရေးရာအသက်သည် အနည်းဆုံး အသက်နှစ်ဆယ်ရှိသောကြောင့် စစ်ပွဲသို့သွားနိုင်မည့်သူများအကြားတွင် ရေတွက်ဝင်ခြင်းကို ခံရပြီဖြစ်သည်။ သို့သော် သင်သည် တိုက်ခိုက်သည့်နေရာသို့ တိုက်ရိုက်ဝင်ရောက်သွားနိုင်သည်ဟု ဆိုလိုသလော။ အမှန်တွင် ဤသို့ဆိုလိုခြင်းမဟုတ်ပါ။ ထွ၊၃၀း၁၂ အရ သင်သည် တိုက်ပွဲသို့ တိုက်ရိုက်သွားရန် ကြိုးစားမည်ဆိုပါက ဘေးဒုက္ခနှင့် တွေ့ကြုံရမည်ဖြစ်သည်။ ဘေးဒုက္ခများမှလွတ်ရန် ကျွန်ုပ်တို့သည် စစ်ပွဲသို့ မိမိတို့ကိုယ်တိုင်အားဖြင့် ဘယ်သောအခါမျှ မသွားသင့်ပါ။ ကျွန်ုပ်တို့က "ဘုရားသခင်၏စစ်တပ်၌ ကျွန်ုပ်ကိုယ်တိုင်အားဖြင့် တိုက်ခိုက်ရန် မည်သည့်အခါမျှမသွားပါ။ ခရစ်တော်၌၊ ခရစ်တော်အားဖြင့်သာလျှင် ကျွန်ုပ်သွားမည်။ ခရစ်တော်ကို ကျွန်ုပ်၏ အကျပ်ငွေတဝက်အဖြစ်၊ ကျွန်ုပ်၏ အရွေးငွေအဖြစ်ရရှိထားသည်။ ကိုယ်တော်သည် တန်ဖိုးရှိကာ အဖိုးထိုက်လှသည်"ဟု ပြောဆိုရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏စစ်တပ်၌ တိုက်ခိုက်မည်ဆိုပါက ဤဖိုးထိုက်လှသော ခရစ်တော်အားဖြင့်သာလျှင် တိုက်ခိုက်ရမည်ဖြစ်သည်။ (*Life-study of Exodus*, pp.1654-1655)

## ယနေ့ဖတ်စရာ

အရွေးငွေအားဖြင့် ပုံဆောင်သည့် ခရစ်တော်သည် အသေခံသောခရစ်တော်၊ အပြစ်ဖြေရာယဇ်နှင့် ဒုစရိုက်ဖြေရာယဇ်အဖြစ် ကားတိုင်ပေါ်တွင်အသေခံခဲ့သော ခရစ်တော်မဟုတ်ပါ။ ဆန့်ကျင်ဘက်အနေဖြင့် အရွေးငွေသည် ချီမြှောက်ရာပူဇော်သက္ကာဖြစ်ပြီး၊ ချီမြှောက်ရာပူဇော်သက္ကာသည် ရှင်ပြန်ထမြောက်ကာ တက်ကြွသောခရစ်တော်၊ ကောင်းကင်များ၌ရှိသော ခရစ်တော်ကို ပုံဆောင်သည်။ အရွေးငွေ၏ပုံဆောင်ချက်အရ ကျွန်ုပ်တို့အဖို့ တိုက်ခိုက်သောခရစ်တော်သည် အသေခံသောအရှင်မဟုတ်ဘဲ၊ တက်ကြွ

သောအရှင်ဖြစ်သည်။ သင်သည် ဤအကြောင်းအရာကို ယခင်က ဆင်ခြင်မိခဲ့ခြင်းရှိချင် မှရှိမည်ဖြစ်သော်လည်း ဤအရာသည် ပုံဆောင်ချက်အားဖြင့် တင်ဆက်ထားသောရုပ်ပုံကားချပ်ဖြစ်သည်။

ဝိညာဉ်ရေးရာစစ်ပွဲ၌ ပါဝင်သောသူများအားလုံးက ဤစစ်ပွဲသည် မြေကြီးပေါ်၌ တိုက်ခိုက်ခြင်းမဟုတ်ကြောင်းကို သိကြသည်။ ဝိညာဉ်ရေးရာစစ်ပွဲ၏ တိုက်ပွဲများသည် လေထဲ၌ ဆင်နွှဲနေခြင်းဖြစ်သည်။ ဤသို့သောတိုက်ပွဲကို တိုက်ခိုက်ရန် ကျွန်ုပ်တို့သည် ကောင်းကင်များ၌ တက်ကြွသောခရစ်တော်နှင့်အတူ ရှိရန်လိုအပ်သည်။ ကျွန်ုပ်တို့သည် ချီမြှောက်ရာပူဇော်သက္ကာဖြစ်သော ခရစ်တော်နှင့်အတူ ကောင်းကင်များ၌ ရှိရန်လိုအပ်သည်။ ကျွန်ုပ်တို့ဖော်ပြခဲ့ပြီးသည့်အတိုင်း ချီလှဲ့ရာပူဇော်သက္ကာသည် ရှင်ပြန်ထမြောက်သောခရစ်တော်ကို ရည်ညွှန်းပြီး၊ ချီမြှောက်ရာပူဇော်သက္ကာသည် တက်ကြွသောခရစ်တော်ကို ရည်ညွှန်းသည်။ ထို့ကြောင့် ချီမြှောက်ရာပူဇော်သက္ကာသည် ချီလှဲ့ရာပူဇော်သက္ကာထက်သာ၍ တိုးတက်လာခြင်းဖြစ်သည်။ ယင်းမှာ တက်ကြွသောခရစ်တော်သည် ရှင်ပြန်ထမြောက်သောခရစ်တော်ထက်ပို၍ တိုးတက်လာခြင်းဖြစ်သည်။ တက်ကြွခြင်း၌ ခရစ်တော်သည် သူ၏ရန်သူကို အောင်နိုင်ခဲ့သည်။

အချို့သောနိုင်ငံများ၌ လူငယ်များသည် စစ်မှုထမ်းရန် စိုးရိမ်ကြပြီး စစ်မှုထမ်းနိုင်သည့် အရွယ်အောက်တွင်သာ ရှိနေရန် အလိုရှိကြသည်။ သူတို့သည် စစ်မှုထမ်းခြင်းကို ကြောက်ရွံ့ကြသောကြောင့် ကြီးထွားခြင်းရှိရန် အလိုမရှိကြပေ။ ဝိညာဉ်ရေးရာအသက်တာ၌ များစွာသောယုံကြည်သူများသည် သူတို့၏ကြီးထွားမှု၌ တန့်နေကြသည်။ သူတို့သည် အသက်ကြီးကောင်းကြီးမည်ဖြစ်သော်လည်း လူပုကလေးများကဲ့သို့သာ ထင်မြင်ရသည်။ သူတို့သည် အသက်၌ ကြီးရင့်ခြင်းမရှိကြပါ။ သခင်ဘုရားပြန်လည်ရယူခြင်း၌ရှိသောကျွန်ုပ်တို့အကြားတွင် လူပုကလေးများမရှိမည်အကြောင်း ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ကျွန်ုပ်တို့သည် အသက်မည်မျှရှိကြောင်းကို မေးသောအခါတိုင်း ဝိညာဉ်ဆိုင်ရာအနေဖြင့် ပြောရလျှင် ကျွန်ုပ်တို့သည် အသက်နှစ်ဆယ်အရွယ်သို့ရောက်ရှိကာ အကျပ်ငွေတဝက်ကို ပေးရန် အရည်အချင်းပြည့်မှီကြောင်း ပို၍ပို၍ ပြောဆိုနိုင်မည်ဟု ကျွန်ုပ်မျှော်လင့်ပါသည်။ နောက်ဆုံးတွင် ကျွန်ုပ်တို့အားလုံးသည် "ဝိညာဉ်ရေးရာအသက်တာ၌ ကျွန်ုပ်သည် ဆယ်ကျော်သက်မဟုတ်တော့သည့်အတွက် သခင်ဘုရားကို ချီးမွမ်းပါသည်။ ကျွန်ုပ်သည် အသက်နှစ်ဆယ်ပြည့်ခဲ့ပါပြီ၊ ကျွန်ုပ်သည် အကျပ်ငွေတဝက်ကို ပေးရန်နှင့် ဘုရားသခင်၏စစ်တပ်အထဲသို့ စစ်မှုထမ်းရန် အရည်အချင်းပြည့်ခဲ့ပြီဖြစ်သည်"ဟု ပြောဆိုနိုင်ရမည်ဖြစ်သည်။

အကျပ်ငွေတဝက်ကို ပေးရန်အတွက် ကျွန်ုပ်တို့၏ ခရစ်တော်ကို တွေ့ကြုံခံစားခြင်းသည် အမြင့်ဆုံးအဆင့်သို့၊ ကျွန်ုပ်တို့သည် ကောင်းကင်များ၌ ကိုယ်တော်နှင့်အတူ ထိုင်နေသည့်အဆင့်သို့ ရောက်ရှိရမည်ဖြစ်သည်။ ဤသည်မှာ ခရစ်တော်ကို အမြင့်ဆုံး တွေ့ကြုံခံစားခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ကို အကျပ်ငွေတဝက်အဖြစ် ရရှိရန် ထိုသို့သောခရစ်တော်ကို တွေ့ကြုံခံစားရမည်ဖြစ်သည်။ တနည်းအားဖြင့် အကျပ်ငွေတဝက်သည် ကျွန်ုပ်တို့အားဖြင့် တွေ့ကြုံခံစားရသော၊ ကျွန်ုပ်တို့၏အသက်ရွေးရန်ငွေအဖြစ်ပေးရသော တက်ကြွသောခရစ်တော်ကို ပုံဆောင်သည်။

အကျပ်ငွေတဝက်သည် တက်ကြွသောအရှင်အဖြစ် ခရစ်တော်ကို ကျွန်ုပ်တို့တွေ့ကြုံခံစားရခြင်းကို ပုံဆောင်သည်။ ကျွန်ုပ်တို့သည် အစည်းအဝေးများ၌ရှိနေသောအခါ ကောင်းကင်များ၌ ရှိရန်လိုအပ်သည်။ ထိုသို့မဟုတ်ပါက ကျွန်ုပ်တို့သည် လှူပ်ရှားပါဝင်နိုင်မည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူ ကောင်းကင်များ၌ မရှိသောအချိန်တိုင်းတွင် အစည်းအဝေးများ၌ လှူပ်ရှားပါဝင်နိုင်မည်မဟုတ်ပေ။ ကျွန်ုပ်တို့သည် မှန်ကန်စွာ လှူပ်ရှားပါဝင်သောအခါ ကျွန်ုပ်တို့သည် တက်ကြွသောခရစ်တော်၌ အမှန်ပင်ရှိနေကြသည်။ (*Life-study of Exodus*, pp.1655, 1661)

*ပို၍ဖတ်ရန်* - *Life-study of Exodus*, msg. 154; *Lessons on Prayer*, msgs. 17-18

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

***Hymns*, E#1217**

ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ

# ဆုတောင်းခြင်း၌ ဇွဲလုံ့လရှိခြင်း

ဖတ်ရန်ကျမ်း။ ။ ကော၊၄း၂။ ဧဖ၊၆း၁၈။ မ၊၂၆း၄၁

*Day 1* **I. "ဆုတောင်းခြင်းကို အမြဲပြု၍(ဆုတောင်းခြင်း၌ ဇွဲလုံ့လရှိ၍)၊ ကျေးဇူးတင်ခြင်းနှင့်တကွ စောင့်ကြည့်ကြလော့" (ကော၊၄း၂)။**

က။ ဇွဲလုံ့လရှိခြင်းဆိုသည်မှာ စဉ်ဆက်မပြတ်၊ စွဲစွဲမြဲမြဲနှင့် လေးလေးနက်နက် ဆက်လက်လုပ်ဆောင်ရန်ဖြစ်သည်။

ခ။ ဆုတောင်းခြင်း၌ တိုက်ပွဲ၊ တိုက်ခိုက်ခြင်းပါဝင်သောကြောင့် ကျွန်ုပ်တို့သည် ဆုတောင်းခြင်း၌ ဇွဲလုံ့လရှိရန်လိုအပ်သည်။ ဘုရားသခင်နှင့် စာတန်တည်းဟူသော အုပ်စုနှစ်စုတို့သည် တစ်ဦးနှင့်တစ်ဦးပြင်းထန်စွာ ဆန့်ကျင်တိုက်ခိုက်နေကြသည်။ တတိယအုပ်စုသည် ဘုရားသခင်၏ ရွေးချယ်ခံ၊ရွေးနုတ်ခံလူများဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသည်။

၁။ စာတန်ဟူသောအမည်နာမ၏ အဓိပ္ပါယ်မှာ "ပြိုင်ဘက်"ဖြစ်သည်။ စာတန်သည် ဘောင်အပြင်ဘက်တွင် ဘုရားသခင်ကို အောင်မြင်ရန်ကြိုးပမ်းလုပ်ဆောင်နေသောရန်သူနှင့် ဘုရားသခင်၏ နယ်ပယ်ဘောင်အတွင်းတွင် ဖျက်ဆီးရန် စူးစမ်းရှာဖွေနေသောပြိုင်ဘက်နှစ်ခုလုံးဖြစ်သည် (cf. ဗျာ၊၁၂း၁၀။ ယောဘ၊၁း၆–၁၂)။

၂။ ဘုရားသခင်၏ ရွေးချယ်ခံနှင့်ရွေးနုတ်ခံလူတို့သည် ဘုရားသခင်နှင့်စာတန်ကြား၌ရှိသော တိုက်ပွဲ၏ရလဒ်ကို အမှန်တကယ် အဆုံးအဖြတ်ပေးလိမ့်မည်ဖြစ်သည် (cf. Hymns,# 880)။

ဂ။ ဘုရားသခင်ဘက်တွင် ရပ်တည်၍ စာတန်ကို ဆန့်ကျင်တိုက်ခိုက်ရန်အလို့ငှါ ကျွန်ုပ်တို့သည် ဆုတောင်းခြင်း၌ ဇွဲလုံ့လရှိရန်လိုအပ်သည်။ ကမ္ဘာလောကတစ်ခုလုံး၏ ဦးတည်ချက်သည် ဘုရားသခင်ထံမှ ဝေးကွာနေသောကြောင့် ဤသို့ဇွဲလုံ့လရှိရန် လိုအပ်ခြင်းဖြစ်သည်။

၁။ ဆုတောင်းရန် ဆိုသည်မှာ ကျဆင်းနေသော စကြဝဠာ၏ ခေတ်ရေစီးကြောင်းကို ဆန့်ကျင်ရန်ဖြစ်သည်။

၂။ ဆုတောင်းခြင်း၌ ဇွဲလုံ့လရှိခြင်းသည် လှေကို အပေါ်သို့ ဆန်တက်ခြင်းနှင့်တူညီသည်။ အကယ်၍ သင်သည် ဇွဲလုံ့လမရှိပါက၊ ခေတ်ရေစီးကြောင်း၌ မျောပါသွားလိမ့်မည်ဖြစ်သည်။

၃။ စကြဝဠာတစ်ခုလုံးသည် စာတန်၏ လွှမ်းမိုးမှုအောက်၌ ရှိနေပြီး၊ ဘုရားသခင်၏ အလိုဆန္ဒနှင့် ဆန့်ကျင်ဘက် ဖြစ်နေသည်။ ထို့ကြောင့် ကမ္ဘာလောကတွင် ဘုရားသခင်၏ အလိုဆန္ဒကို ဆန့်ကျင်သည့် ပြင်းထန်သောခေတ်ရေစီးကြောင်းရှိသည် (**cf.** ၁ယော၊၅း၁၉)။

၄။ ဘုရားသခင်ဘက်၌ ရပ်တည်သောသူများအနေဖြင့် ကျွန်ုပ်တို့သည် စကြဝဠာတစ်ခုလုံးက ကျွန်ုပ်တို့ကို ဆန့်ကျင်လျက်ရှိကြောင်း၊ အထူးသဖြင့် ကျွန်ုပ်တို့၏ ဆုတောင်းခြင်းကို ဆန့်ကျင်နေကြောင်း တွေ့ရှိရသည်။

၅။ တစ်နေ့ပြီးတစ်နေ့ ဆုတောင်းခြင်းနှင့်စပ်လျဉ်းပြီးကျွန်ုပ်တို့ကြုံတွေ့ရသည့် အတွေ့အကြုံများစွာက စာတန်သည် ကျွန်ုပ်တို့၏ ဆုတောင်းခြင်းကို ဖြစ်နိုင်ချေရှိသောနည်းလမ်းတိုင်း၌ ဆန့်ကျင်နေကြောင်း သက်သေပြသည်။ ဆုတောင်းခြင်းကို ခုခံခြင်းသည် ကျွန်ုပ်တို့၏ အပြင်ပိုင်း၌သာမက၊ ကျွန်ုပ်တို့၏ အတွင်းပိုင်းတွင်လည်း တည်ရှိနေသည်။

*Day 2*

ဃ။ ကျွန်ုပ်တို့သည် ဆုတောင်းခြင်း၌ ဇွဲလုံ့လရှိရန် မကြိုးပမ်းမီတွင် ရှေးဦးစွာ ကျွန်ုပ်တို့၏ ဆုတောင်းခြင်းအသက်တာနှင့်စပ်လျဉ်းပြီး သခင်ဘုရားထံ ကတိသစ္စာပြုရမည်ဖြစ်သည်။

၁။ "သခင်ဘုရား၊ ဤဆုတောင်းခြင်းအကြောင်းအရာနှင့်စပ်လျဉ်းပြီး ကိုယ်တော်နှင့်အတူ လုပ်ဆောင်လိုပါ၏။ ယခုအချိန်မှစပြီး ကျွန်ုပ်သည် ဆုတောင်းခြင်းရှိသောအသက်တာဖြင့် အသက်ရှင်ပါမည့်အကြောင်း ကောင်းကင်နှင့်မြေကြီးကို တိုင်တည်၍ ဆုတောင်းပါ၏။ ကျွန်ုပ်သည် ဆုမတောင်းသောသူ မဖြစ်လိုပါ။ ထိုအစား ကျွန်ုပ်သည် ဆုတောင်းခြင်းရှိသောသူ ဖြစ်လိုပါ၏" ဟု တိကျမှန်ကန်သောနည်းလမ်း၌ သခင်ဘုရားထံ ဆုတောင်းပါ။

၂။ အကယ်၍ သင်သည် သခင်ဘုရားထံ ဤကဲ့သို့ဆုတောင်းခြင်း

မရှိပါက၊ ဆုတောင်းခြင်း၌ ဇွဲလုံ့လရှိရန် တတ်စွမ်းနိုင်လိမ့်မည် မဟုတ်ပါ။ ကျွန်ုပ်တို့သည် "သခင်ဘုရား၊ ဤအကြောင်းအရာနှင့်စပ်လျဉ်းပြီး ကျွန်ုပ်သည် မျှော်လင့်ရာမဲ့သောသူဖြစ်ပါ၏။ ဆုတောင်းခြင်းရှိသောအသက်တာကို ရရှိပါမည့်အကြောင်း ကိုယ်တော့်ထံသို့ မိမိကိုယ်ကို ပေးအပ်ပါ၏။ သခင်ဘုရား၊ ဆုတောင်းခြင်း၏ ဝိညာဉ်၌ ကျွန်ုပ်ကို စောင့်ထိန်းတော်မူပါ။ ကျွန်ုပ်သည် ဤအရာကိုမေ့လျော့ခြင်း သို့မဟုတ် လျစ်လျူရှုခြင်းရှိခဲ့လျှင်လည်း၊ ကိုယ်တော်သည် မေ့လျော့လိမ့်မည် မဟုတ်ကြောင်း ကျွန်ုပ်သိပါ၏။ ဆုတောင်းခြင်းနှင့်စပ်လျဉ်းပြီး ကျွန်ုပ်အား ထပ်ခါထပ်ခါ သတိပေးတော်မူပါ"ဟု ကိုယ်တော့်ထံ ပြောဆိုရန် လိုအပ်သည်။

၃။ ဤကဲ့သို့သောဆုတောင်းခြင်းမျိုးကို သခင်ဘုရားထံပြုလုပ်ထားသောကတိသစ္စာကဲ့သို့ မှတ်ယူနိုင်သည်။ ကျွန်ုပ်တို့အားလုံးသည် ကျွန်ုပ်တို့၏ ဆုတောင်းခြင်းအသက်တာနှင့်စပ်လျဉ်းပြီး ကိုယ်တော့်ထံ ကတိသစ္စာပြုရန် လိုအပ်သည်။ ကျွန်ုပ်တို့သည် "သခင်ဘုရား၊ ကျွန်ုပ်သည် ဤကတိသစ္စာကို မေ့လျော့လျှင်လည်း၊ ကိုယ်တော်သည် မေ့လျော့လိမ့်မည်မဟုတ်ကြောင်းကို ကျွန်ုပ်သိပါ၏။ အစအဦးကပင်၊ သခင်ဘုရား၊ ကျွန်ုပ်သည် ဤတာဝန်ကို ကိုယ်တော့်ထံ ပေးအပ်ရန် အလိုရှိပါ၏။ သခင်ဘုရား၊ ကျွန်ုပ်အား ထွက်သွားခွင့်မပြုပါနှင့်။ ဆုတောင်းရန် ကျွန်ုပ်ကို သတိပေးတော်မူပါ"ဟု ကိုယ်တော်အား ပြောဆိုရမည်။

င။ ကျွန်ုပ်တို့သည် ဆုတောင်းခြင်းနှင့်စပ်လျဉ်းပြီး၊ ဤကဲ့သို့ သခင်ဘုရားနှင့်ဆက်ဆံဖြေရှင်းပြီးနောက်၊ ဆုတောင်းရန်အတွက် တိကျသောအချိန်များကို သီးသန့်ဖယ်ထားရမည်။ ဤအချိန်များအတောအတွင်းတွင် ဆုတောင်းခြင်းသည် အထွတ်အထိပ်သောဦးစားပေးမှုဖြစ်ရမည်။ ကျွန်ုပ်တို့၌ ရှိရမည့်သဘောထားမှာ ဆုတောင်းခြင်းသည် ကျွန်ုပ်တို့၏ အရေးကြီး ဆုံးသောအလုပ်ဖြစ်ပြီး၊ မည်သည့်အရာမျှ ထိုအရာအားတားဆီးရန် အခွင့်မပေးခြင်းဖြစ်သည် (ဒံ၊၆း၁၀)။

စ။ ဆုတောင်းခြင်းအတွက် အချိန်ပိုမိုရရှိရန်အလို့ငှါ ကျွန်ုပ်တို့သည်

တစ်နေ့တာအတွင်း အချိန်ကိုရွေးနုတ်ရန် ကြိုးစားရမည်။ မလိုအပ်ဘဲ စကားပြောခြင်းသည် ကျွန်ုပ်တို့၏ဆုတောင်းသောဝိညာဉ်ကို အားနည်းစေပြီး၊ ဆုတောင်းခြင်းဖြင့် လွှမ်းခြုံထားသောနယ်ပယ်ကို ပျက်စီးစေကာ၊ ဆုတောင်းခြင်းအတွက် အသုံးပြုရမည့်အချိန်ကို ကုန်လွန်စေသည် (ဧ၊၅း၁၆)။

***Day 3***

ဆ။ ဆုတောင်းခြင်း၌ ဇွဲလုံ့လရှိခြင်းသည် များစွာသောအကျိုးသက်ရောက်မှုရှိသည်။

၁။ ဆုတောင်းခြင်းသည် ကျွန်ုပ်တို့၏ အသိဉာဏ်ကို အထက်အရာများအပေါ် ထားရှိနိုင်ရန် တစ်ခုတည်းသောနည်းလမ်းဖြစ်သည် (ကော၊၃း၂)။

(က) ကျွန်ုပ်တို့သည် ဆုတောင်းခြင်းအားဖြင့် ကျွန်ုပ်တို့၏ အသိဉာဏ်ကို အထက်အရာများအပေါ် ထားရှိသောအခါ၊ အရေးမပါသောအကြောင်းအရာများအတွက် ဆုတောင်းတော့မည်မဟုတ်ပါ။ ထိုအစား ကျွန်ုပ်တို့၏ဆုတောင်းခြင်းသည် ခရစ်တော်၏ကောင်းကင်ဆိုင်ရာကြားခံတောင်းလျှောက်ခြင်း၊ အမှုတော်နှင့် စီမံခန့်ခွဲခြင်းဖြင့် ပြည့်ဝနေလိမ့်မည်ဖြစ်သည် (ဟေဗြဲ၊၇း၂၅၊၈း၂။ **cf.** တ၊၆း၄)။

(ခ) ကျွန်ုပ်တို့သည် ဆုတောင်းနေစဉ်အတွင်း ကျွန်ုပ်တို့၏ အသိဉာဏ်ကို အထက်အရာများအပေါ် ထားရှိသောအခါ၊ ကျွန်ုပ်တို့သည် ကောင်းကင်များ၌ရှိသောခရစ်တော်၏ အမှုတော်ကို ရောင်ပြန်ဟပ်ခြင်းဖြစ်လာမည် ဖြစ်သည်။ ကျွန်ုပ်တို့၏ဆုတောင်းခြင်းအားဖြင့် ဦးခေါင်းတော်ဖြစ်သောခရစ်တော်သည် ကိုယ်ခန္ဓာတော်အားဖြင့် ကိုယ်တော်၏ စီမံခန့်ခွဲမှုကို သယ်ဆောင်ရန် လမ်းရှိလိမ့်မည်ဖြစ်သည်။

(ဂ) ခရစ်တော်သည် တစ်ကမ္ဘာလုံး၌ရှိသော အသင်းတော်များအတွက် ကြားခံတောင်းလျှောက်ပေးနေသောကြောင့် ကျွန်ုပ်တို့သည်လည်း အသင်းတော်များအတွက် ဆုတောင်းပေးရမည်ဖြစ်သည်။

(ဃ) ကျွန်ုပ်တို့ဆုတောင်းသောအခါ၊ ကျွန်ုပ်တို့သည် မြေကြီးပေါ်

တွင် ဘုရားသခင်၏ နိုင်ငံတော်ကိုကျယ်ပြန့်စေသည့် ကောင်းကင်ဆိုင်ရာသံတမန် ဖြစ်ကြသည်။ ကျွန်ုပ်တို့သည် ဆုတောင်းသောအခါမှသာလျှင် မြေကြီးပေါ်တွင် လက်တွေ့ကျသောနည်းလမ်းဖြင့် ကောင်းကင်ဆိုင်ရာနိုင်ငံတော်၏ သံတမန် ဖြစ်လာမည်ဖြစ်သည် (၂ကော၊၅း၂၀)။

၂။ ဆုတောင်းခြင်းသည် အသန့်ရှင်းဆုံးဌာနအထဲသို့ ဝင်ရောက်ရန်နှင့် ကျေးဇူးတော်ပလ္လင်သို့ တိုးဝင်ချဉ်းကပ်ရန် နည်းလမ်းဖြစ်သည်။ သို့မှသာ ကျွန်ုပ်တို့သည် အချိန်မီမစခြင်းခံရမည့်အကြောင်း၊ ကရုဏာတော်ကို လက်ခံရရှိပြီး၊ ကျေးဇူးတော်ကို တွေ့မြင်နိုင်လိမ့်မည်ဖြစ်သည် (ဟေဗြဲ၊၄း၁၆)။

(က) ကျွန်ုပ်တို့သည် ကျေးဇူးတော်ပလ္လင်သို့ တိုးဝင်ချဉ်းကပ်ပြီး ဆုတောင်းသောအခါ၊ ကျေးဇူးတော်သည် ကျွန်ုပ်တို့၌ စီးဆင်းနေသောမြစ်ဖြစ်လာပြီး၊ ကျွန်ုပ်တို့ကို မစထောက်ပံ့လိမ့်မည်ဖြစ်သည်။

(ခ) ကျွန်ုပ်တို့၏ ဆုတောင်းချက် အဖြေရခြင်း၊ မရခြင်းမှာ အဓိကကျသောအရာမဟုတ်ပါ။ အဓိကကျသောအရာမှာ ကျေးဇူးတော်သည် မြစ်တစ်စင်းကဲ့သို့ ပလ္လင်တော်မှ ကျွန်ုပ်တို့၏ဖြစ်ခြင်းအထဲသို့ စီးဆင်းခြင်းပင်ဖြစ်သည်။ (Hymns,# E-770, M-217)

(ဂ) ဤကျေးဇူးတော်မြစ်ကိုလက်ခံရရှိရန်မှာ ကျွန်ုပ်တို့၏ ဝိညာဉ်ဆိုင်ရာဘက်ထရီအား ကောင်းကင်ဆိုင်ရာလျှပ်စီးဓါတ်အားဖြင့် အားသွင်းရန်ဖြစ်သည်။ ဘုရားဆိုင်ရာလျှပ်စစ်ဓါတ်အားဖြစ်သော ဤကောင်းကင်ဆိုင်ရာလျှပ်စီးကြောင်းသည် ပလ္လင်တော်မှ ကျွန်ုပ်တို့အထဲသို့ စီးဆင်းနေသည့် ကျေးဇူးတော်တည်းဟူသော သုံးပါးတစ်ပါးဘုရားဖြစ်သည်။ ဤကဲ့သို့သောမစထောက်ပံ့ခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်းသည် စကားအားဖြင့် ပြောဆိုဖော်ပြ၍မရနိုင်ပါ (**cf.** ဗျာ၊၂၂း၁။ ယော၊၇း၃၇–၃၉)။

(ဃ) ယနေ့ ခရစ်ယာန်များသည် အားနည်းနေကြခြင်းမှာ သူ

တို့၏ ဝိညာဉ်ဆိုင်ရာဘက်ထရီကို အားမသွင်းကြသော ကြောင့် ဖြစ်သည်။ သူတို့သည် ဆုတောင်းခြင်း နည်းပါး သောကြောင့် ကောင်းကင်ဆိုင်ရာပို့လွှတ်ပေးခြင်းနည်း ပါးနေခြင်းဖြစ်သည်။ တစ်နေ့တာအတွင်း ကျွန်ုပ်တို့သည် ကောင်းကင်ဆိုင်ရာလျှပ်စစ်စီးကြောင်းဖြင့် အကြိမ်ကြိမ် အားသွင်းရန်လိုအပ်သည် (**cf.** ဧ၊၃း၁၆–၁၇က)။

၃။ ဆုတောင်းခြင်း၏ အခြားသောအကျိုးသက်ရောက်မှုသည် သခင်ဘုရားနှင့်အတူ မိတ်သဟာယဖွဲ့ခြင်းနှင့် ဆက်နွှယ်နေသည်။

(က) ကျွန်ုပ်တို့သည် ဆုတောင်းသောအခါ သခင်ဘုရားနှင့်မိတ် သဟာယဖွဲ့ခြင်းအထဲသို့ ဝင်ရောက်သွားပြီး၊ ကျွန်ုပ်တို့ သည် အမှန်ပင် ကိုယ်တော်နှင့်တစ်ဝိညာဉ်တည်းဖြစ် ကြောင်းနှင့် ကိုယ်တော်သည်လည်း အမှန်တကယ် ကျွန်ုပ် တို့နှင့်တစ်ဝိညာဉ်တည်းဖြစ်ကြောင်းကို သတိပြုမိလာ သည် (၁ကော၊၆း၁၇)။

(ခ) ကျွန်ုပ်တို့သည် ပို၍ဆုတောင်းလေလေ၊ သခင်ဘုရားနှင့် တစ်လုံးတစ်ဝဖြစ်ခြင်းကို ပိုမိုတွေ့ကြုံခံစားရလေလေ၊ ကိုယ်တော်၏ မျက်မှောက်တော်ကို တိုး၍မွေ့လျော်ရလေ လေဖြစ်ကာ၊ ကိုယ်တော်နှင့်တိုး၍မိတ်သဟာယဖွဲ့ကြရ သည်။ အလွန်အံ့ဖွယ်ကောင်းသော ဆုလာဘ်ဖြစ်ပါတကား။

၄။ စံချိန်မီခရစ်ယာန်အသက်တာလျှောက်လှမ်းခြင်းအတွက် ကျွန်ုပ်တို့ သည် ကျွန်ုပ်တို့၏ အသိဉာဏ်ကို အထက်အရာများအပေါ် ထားရှိခြင်း၊ လူသစ်၏ အသစ်ပြုပြင်ခြင်းကို တွေ့ကြုံခံစားခြင်း၊ ကျွန်ုပ်တို့၌ ခရစ် တော်၏ ငြိမ်သက်ခြင်းကိုအုပ်စိုးစေခြင်းနှင့် ခရစ်တော်၏ နှုတ်ကပတ် တော်အား ကျွန်ုပ်တို့၌တည်နေရန် အခွင့်ပေးခြင်း ရှိရန်လိုအပ်သည်။ ဆုတောင်းခြင်းသည် ကျွန်ုပ်တို့ကို ဤအရာလေးခု၏ စစ်မှန်ခြင်း အထဲသို့ ခေါ်ဆောင်ပေးကာ၊ ကျွန်ုပ်တို့ကို ဤစစ်မှန်ခြင်း၌ စောင့်ထိန်း ပေးသည် (ကော၊၃း ၂၊၁၀၊၁၅–၁၆။ ၄း၂)။

*Day 4*

၅။ ဆုတောင်းခြင်း၌ ကျွန်ုပ်တို့သည် ပေါ့ဆခြင်းမရှိဘဲ၊ သတိပြုစောင့် ကြည့်ခြင်းနှင့် နိုးကြားခြင်းရှိရန် လိုအပ်ပြီး၊ ဤကဲ့သို့ သတိပြုစောင့်

ကြည့်ခြင်းသည် ကျေးဇူးတင်ခြင်းနှင့်အတူ တွဲဖက်လိုက်ပါခြင်းရှိရမည်။

၁။ ကျေးဇူးတင်ခြင်း မရှိခြင်းမှာ ဆုတောင်းခြင်းမရှိကြောင်းကို ညွှန်ပြနေခြင်းဖြစ်သည်။ ဆုတောင်းခြင်းရှိသောအသက်တာမှာ ကျေးဇူးတင်ခြင်းနှင့်တကွ သတိပြုစောင့်ကြည့်ခြင်းအားဖြင့် စောင့်ထိန်းခံရသည် (၁ပေ၊၄း၇။ ဖိ၊၄း၆)။

၂။ ကျွန်ုပ်တို့သည် သခင်ဘုရားထံသို့ ကျေးဇူးတင်ခြင်းယဇ်ကို စဉ်ဆက်မပြတ် ပူဇော်ပါက၊ ရန်သူသည် ကျွန်ုပ်တို့အား ကျွန်ုပ်တို့၏ ဆုတောင်းခြင်းရှိသောအသက်တာမှ ခေါ်ထုတ်ရန် တတ်စွမ်းနိုင်လိမ့်မည်မဟုတ်ပါ (၁သက်၊၅း၁၇–၁၈)။

ည။ ဆုတောင်းရန် အပေါင်းအဖော်ရှိခြင်းသည် ကျွန်ုပ်တို့ကို ပို၍ကောင်းစွာဆုတောင်းနိုင်ရန် ကူညီမစပေးရုံသာမက၊ ကျွန်ုပ်တို့၏ ဆုတောင်းသောအသက်တာကို မစထောက်ပံ့ပေးသည် (မ၊၁၈း၁၉–၂၀။ ဒံ၊၂း၁၇–၂၃)။

၄။ "ဆုတောင်းခြင်း၌ ဇွဲလုံ့လရှိခြင်းနှင့်စပ်လျဉ်းပြီး ကျွန်ုပ်တို့သည် ဆုတောင်းခြင်းရှိသောသူများဖြစ်မည့်အကြောင်း သခင်ဘုရားနှင့်အတူ အလိုဆန္ဒရှိစွာ ဆက်ဆံဖြေရှင်းရန်နှင့် ကိုယ်တော့်အား ကတိသစ္စာပြုရန်ပင် လိုအပ်သည်။ အသင်းတော်များ၌ရှိသော သန့်ရှင်းသူများအားလုံးသည် သခင်ဘုရားနှင့်အတူ ဤကဲ့သို့ဆက်ဆံဖြေရှင်းခြင်းရှိမည်ဆိုပါက၊ ပြန်လည်ရယူခြင်းသည် ကြီးစွာသောကြွယ်ဝခြင်းရှိပြီး၊ မြှင့်တင်ခြင်းခံရလိမ့်မည်ဖြစ်သည်။ ထို့အပြင် သန့်ရှင်းသူတို့သည် သခင်ဘုရားကို မွေ့လျော်ဝမ်းမြောက်ခြင်း၊ ကိုယ်တော်၏ မျက်မှောက်တော်၊ ကိုယ်တော်၏ ယခုချက်ချင်းဖြစ်သော၊ အဆက်မပြတ်ဖြစ်သော ဘိသိက်ပေးခြင်းကို မွေ့လျော်ဝမ်းမြောက်ခြင်းရှိလိမ့်မည်ဖြစ်သည်။ သူတို့သည် သခင်ဘုရား၏ အပြုံးမျက်နှာတော်ကို တစ်နေ့တာလုံး မွေ့လျော်ဝမ်းမြောက်ကြလိမ့်မည်။ ကျွန်ုပ်တို့သည် ဆုတောင်းခြင်း၌ ဇွဲလုံ့လရှိသောအခါ၊ ခရစ်တော်၏ အသက်ရှင်သောပုဂ္ဂိုလ်တော်ကို တွေ့ကြုံခံစားခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်းရှိလာမည်ဖြစ်သည်။" (*Life-Study of Colosians*, P.584)

*Day 5*

**II. ဦးခေါင်းတော်ဖြစ်သောခရစ်တော်ပေါ်တွင် ရေးသားထားသော ကောလောသဲစာစောင်နှင့် ခရစ်တော်၏ကိုယ်ခန္ဓာတော်ပေါ်တွင် ရေးသားထားသောဧဖက်စာစောင် နှစ်ခုလုံးသည် ဆုတောင်းရန် ဟူသော တူညီသောတိုက်တွန်းချက်နှင့် အဆုံးသတ်ထားသည်။ ၄၊ ၆း၁၈၌ "အမျိုးမျိုးသောဆုတောင်းခြင်းနှင့် အသနားခံတောင်း လျှောက်ခြင်းတို့ဖြင့် လက်ခံရယူ၍၊ အချိန်တိုင်း ဝိညာဉ်၌ ဆုတောင်း လျက်၊ သန့်ရှင်းသူအပေါင်းတို့အဖို့ ဇွဲလုံ့လရှိစွာ(ဇွဲလုံ့လအပြည့်)နှင့် အသနားခံတောင်းလျှောက်ခြင်း၌ စောင့်ကြည့်နေကြလော့"ဟု ပြောဆိုထားသည်။**

က။ ဧဖက်စာစောင်၏ဖွင့်ပြခြင်းအရ ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော် အသက်တာကို စစ်မှန်စွာရရှိရန်အလို့ငှါ၊ အချိန်တိုင်း ဆုတောင်းရ မည်ဖြစ်သည်။ အသင်းတော်အသက်တာကို ရရှိခြင်းမှာ ကျွန်ုပ်တို့၏ စဉ်ဆက်မပြတ် ဆုတောင်းခြင်းပေါ်တွင် မူတည်သည်။

ခ။ အမျိုးမျိုးသောဆုတောင်းခြင်း ဆိုသည်မှာ တိုတောင်းသောဆု တောင်းခြင်း၊ ရှည်လျားသောဆုတောင်းခြင်း၊ ကျယ်လောင်သော ဆုတောင်းခြင်း၊ တိတ်ဆိတ်ငြိမ်သက်သောဆုတောင်းခြင်း၊ မြောက် များစွာသောသန့်ရှင်းသူများ၏ အများဆိုင်ရာဆုတောင်းခြင်း၊ တစ်ဦးတည်းသီးသန့်ဆုတောင်းခြင်း စသည်ဖြင့် ဆုတောင်းခြင်း အမျိုးအစားအားလုံးကို ဆိုလိုခြင်းဖြစ်သည်။

ဂ။ စောင့်ကြည့်နေကြလော့ ဟူသည်မှာ ကျွန်ုပ်တို့သည် ဆုတောင်းခြင်း အသက်တာကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် နိုးကြားမှုရှိရန် လိုအပ်ကြောင်းကို ဆိုလိုခြင်းဖြစ်သည်။

ဃ။ *ဇွဲလုံ့လအပြည့်*နှင့် ဆိုသည်မှာ ကျွန်ုပ်တို့သည် စွဲမြဲစွာလုပ်ဆောင်၍၊ အဆုံးစွန်ဆက်လက်တည်တံ့ခြင်းရှိရမည့်အကြောင်းဖြစ်သည်။ ဤ သည်မှာ ကျွန်ုပ်တို့ကို ဆုတောင်းခြင်းမှ ကျဆင်းစေသော၊ နောက်သို့ ပြန်ဆုတ်စေသော၊ ဖိနှိပ်၊ ထိန်းချုပ်ထားသော၊ စိတ်ပျက်အားလျော့ စေပြီး၊ နှောင့်ယှက်ဟန့်တားနေသောအရာ တစ်စုံတစ်ခုရှိကြောင်းကို ညွှန်ပြသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် စွန့်လွှတ်အရှုံးပေးခြင်းမရှိဘဲ ဇွဲလုံ့လရှိရမည်ဖြစ်သည်။

**III. "စုံစမ်းနှောင့်ယှက်ခြင်းနှင့်ကင်းလွတ်မည့်အကြောင်း ဆုတောင်းလျက်စောင့်နေကြလော့။ ဝိညာဉ်သည် ဆန္ဒရှိသော်ငြားလည်း၊ အသွေးအသားမူကား အားနည်းသည်ဟု ပေတရုအား မိန့်တော်မူပြီးမှ" (မ၊ ၂၆း၄၁)။**

က။ သခင်ယေရှုသည် ဆုတောင်းရန် ထွက်သွားသောအချိန်တွင်၊ ပေတရုနှင့် အခြားသောသူတို့သည် အိပ်ပျော်နေခဲ့သည်။ သခင်ယေရှုသည် သူတို့အား စောင့်နေရန် ပြောဆိုသောအခါ၊ ယင်းမှာ "မအိပ်နှင့်။ နိုးလော့"ဟု ပြောဆိုခဲ့ခြင်းဖြစ်သည်။

ခ။ မ၊ ၂၆း၄၁ ရှိ သခင်ဘုရား၏ နှုတ်ကပတ်တော်အရ၊ ကျွန်ုပ်တို့အားလုံးသည် ငိုက်မျဉ်းနေသောသူများဖြစ်ကြသည်။ ကျွန်ုပ်တို့သည် ရုပ်ပိုင်းဆိုင်ရာ၌ အိပ်ပျော်နေခြင်းမရှိလျှင်၊ စိတ်ပိုင်းဆိုင်ရာနှင့် ဝိညာဉ်ပိုင်းဆိုင်ရာ တစ်ခုခု၌ အိပ်ပျော်နေသည်။

ဂ။ စိတ်ပိုင်းဆိုင်ရာ၌ အိပ်ပျော်နေခြင်းဆိုသည်မှာ ကျွန်ုပ်တို့၏ အသိဉာဏ်၊ အာရုံစိုက်မှု၊ ကြားနာခြင်းနှင့် နားလည်သဘောပေါက်မှု ကင်းမဲ့နေခြင်းဖြစ်သည်။ ဝိညာဉ်ဆိုင်ရာ၌ အိပ်ပျော်နေခြင်းဆိုသည်မှာ ကျွန်ုပ်တို့၏ သိမြင်နားလည်ခြင်းသည် ထုံထိုင်းအိပ်ပျော်နေခြင်းကို ဆိုလိုသည်။

ဃ။ မခြားမလပ်ဆုတောင်းခြင်းရှိသော လူပုဂ္ဂိုလ်တစ်ဦးဖြစ်လာရန် ကျွန်ုပ်တို့သည် သတိပြုစောင့်ကြည့်နေသောပုဂ္ဂိုလ်များ၊ ကျွန်ုပ်တို့၏ အိပ်ပျော်နေသော သဘောသဘာဝနှင့် ဖြစ်ခြင်းကို ဆန့်ကျင်တိုက်ခိုက်ပြီး လုံးလုံးနိုးကြားနေသောလူပုဂ္ဂိုလ်များ ဖြစ်ကြရမည်ဖြစ်သည်။

*Day 6*

င။ ကော၊ ၄း၂နှင့် ဧ၊ ၆း၁၈၌ ပေါလုပြောဆိုထားသောစကားသည် မ၊ ၂၆း၄၁ရှိ သခင်ဘုရား၏စကားတော်နှင့် ကိုက်ညီမှုရှိသည်။ သခင်ဘုရားသည် ကျွန်ုပ်တို့အား စောင့်နေရန် ပြောဆိုထားခြင်းအပြင်၊ "ဝိညာဉ်သည် ဆန္ဒရှိသည်"ဟု ပြောဆိုခဲ့၍၊ ပေါလုက "အချိန်တိုင်း ဝိညာဉ်၌ ဆုတောင်းလျက်"ဟု ပြောဆိုထားသည်။

စ။ ကျွန်ုပ်တို့၏ ဝိညာဉ်အား ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာနှင့်စိတ်ကို ကျော်လွှားရန် နိုးထလာစေရမည်ဖြစ်သည်။ ထို့နောက် ကျွန်ုပ်တို့သည် ဆုတောင်း

လာနိုင်ပြီး၊ အမျိုးမျိုးသောအသနားခံတောင်းလျှောက်ခြင်း၌ စောင့်ကြည့်လာနိုင်မည်ဖြစ်သည်။

ဆ။ ကျွန်ုပ်တို့သည် ပို၍ဆုတောင်းလေလေ၊ ပို၍ဆုတောင်းခြင်းရှိလာလေလေ၊ ဆုတောင်းရန် ပို၍နှစ်သက်လာလေလေဖြစ်ကာ၊ ဆုတောင်းရန် ပို၍တတ်စွမ်းနိုင်လေလေဖြစ်သည်။ သတိပြုစောင့်ကြည့်ခြင်းသည် ဆုတောင်းခြင်းအလေ့အကျင့်ကို တည်ဆောက်ရန် ကျွန်ုပ်တို့အား ကူညီမစပေးသည်။

ဇ။ ကျွန်ုပ်တို့သည် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် ဝိညာဉ်ဆိုင်ရာ အပိုင်းသုံးပိုင်း၏ အိပ်စက်ခြင်းကို ဆန့်ကျင်တိုက်ခိုက်ရမည်ဖြစ်သည်။

ဈ။ ခရစ်တော်ကို အသက်ရှင်ရန်၊ သခင်ဘုရားနှင့်အတူတစ်ဝိညာဉ်တည်းဖြစ်ခြင်းကို လက်တွေ့လုပ်ဆောင်ရန်မှာ ကျွန်ုပ်တို့၏ အစဉ်မပြတ်နှင့် မခြားမလပ်ဆုတောင်းခြင်းအားဖြင့် ဖြစ်သည် (၁သက်၊၅း၁၇)။ ဤကဲ့သို့သောဆုတောင်းခြင်းအသက်တာရှိရန်အတွက် ကျွန်ုပ်တို့အားလုံးသည် သတိပြုစောင့်ကြည့်ရန်၊ နိုးကြားမှုရှိရန် သင်ယူရမည်ဖြစ်သည်။ ခရစ်တော်ကို အသက်ရှင်ခြင်းအလေ့အကျင့်သည် ဆုတောင်းခြင်း၏ အလေ့အကျင့်ဖြစ်ရမည်ဖြစ်သည်။

ည။ ကျွန်ုပ်တို့သည် တစ်နေ့တာလုံး သခင်ဘုရား၏နာမတော်ကို ခေါ်ခြင်း၊ ကိုယ်တော့်ထံစကားပြောခြင်းရှိရမည်ဖြစ်သည်။ ဤသည်မှာ ဝိညာဉ်ဆိုင်ရာအသက်ရှုခြင်းနှင့် အသက်ရှင်ခြင်းတည်းဟူသော မခြားမလပ်ဆုတောင်းခြင်းကို ဆိုလိုပြီး၊ ဝိညာဉ်ဆိုင်ရာအသက်ရှင်ခြင်းသည် ခရစ်တော်ကို အသက်ရှင်ခြင်းပင်ဖြစ်သည်(Hymn,#225)။

## နံနက်ခင်းကျေးမွေးခြင်း

**ကော၊၄း၂ ဆုတောင်းခြင်းကို အမြဲပြု၍(ဆုတောင်းခြင်း၌ ဇွဲလုံ့လရှိ၍)၊ ကျေးဇူးတင်ခြင်းနှင့်တကွ စောင့်ကြည့်ကြလော့။**
**ရော၊၁၂း၁၂ မျှော်လင့်လျက် ဝမ်းမြောက်ကြလော့။ ဆင်းရဲဒုက္ခရောက်သော အခါ သည်းခံကြလော့။ ဆုတောင်းခြင်းအမှုကို အမြဲပြုကြလော့။**
**တ၊၆း၄ ငါတို့မူကား၊ ဆုတောင်းခြင်းနှင့် နှုတ်ကပတ်တော်၏ အမှုတော်၌ အမြဲပြု၍နေမည်ဟု ဆိုကြ၏။**

ဆုတောင်းခြင်း၌ ဇွဲလုံ့လရှိခြင်းဆိုသည်မှာ စဉ်ဆက်မပြတ်၊ စွဲစွဲမြဲမြဲနှင့် လေးလေးနက်နက် ဆက်လက်လုပ်ဆောင်ရန်ဖြစ်သည်။ လူသားများအနေဖြင့် ကျွန်ုပ်တို့အားလုံးသည် အချို့သောအကြောင်းအရာများ၌၊ တစ်ခါတစ်ရံ အပျက်သဘောဆောင်သော အရာများ၌ ဇွဲကောင်းကြသည်။ အိမ်ထောင်သည်အသက်တာ၌ ခင်ပွန်းတစ်ဦးနှင့် ဇနီးတစ်ဦးသည် အပြန်အလှန်အချီအချ စကားများခြင်း၌ ဇွဲကောင်းခြင်းရှိနိုင်သည်။ ငြင်းခုံမှုစတင်လိုက်သည်နှင့်တစ်ပြိုင်နက်၊ ခင်ပွန်းကော ဇနီးပါ အလျှော့ပေးလိုစိတ်မရှိကြပေ။ အသင်းတော်အသက်တာတွင် နှစ်ပေါင်းများစွာအတွင်း ကျွန်ုပ်သည် များစွာသော အဖြစ်အပျက်တို့၌ သန့်ရှင်းသူတို့သည် သူတို့၏ အတွေးအခေါ်များ၊ အယူအဆများ သို့မဟုတ် ထင်မြင်ယူဆချက်များကို ဖော်ပြရာ၌ အလွန်ဇွဲကောင်းကြောင်းကို သတိပြုမိခဲ့ပါသည်။ မည်သည့်အခြေအနေ၌မဆို သူတို့၏ထင်မြင်ယူဆချက်ကို ပြောင်းလဲရန် အလိုမရှိကြပေ။ ဤအနုတ်လက္ခဏာဆောင်သောဥပမာများက ဇွဲလုံ့လရှိရန် ဟူသော အဓိပ္ပါယ်ကို ကျွန်ုပ်တို့သိကြောင်း ပြသနေသည်။

ကော၊၄း၂ ၌ရှိသော ပေါလု၏စကားအရ၊ ကျွန်ုပ်တို့ဇွဲလုံ့လရှိရန် လိုအပ်သော အရာမှာ ဆုတောင်းခြင်းဖြစ်သည်။ ဆုတောင်းခြင်း၌ တိုက်ပွဲ၊ တိုက်ခိုက်ခြင်းပါဝင်သော ကြောင့် ကျွန်ုပ်တို့သည် ဆုတောင်းခြင်း၌ ဇွဲလုံ့လရှိရန် လိုအပ်သည်။ ဘုရားသခင်နှင့် စာတန်တည်းဟူသော အုပ်စုနှစ်စုတို့သည် တစ်ဦးနှင့်တစ်ဦး ပြင်းထန်စွာ ဆန့်ကျင်တိုက်ခိုက်နေကြသည်။ *စာတန်* ဟူသောအမည်နာမ၏ အဓိပ္ပါယ်မှာ "ပြိုင်ဘက်" ဖြစ်သည်။ စာတန်သည် ဘောင်အပြင်ဘက်ရှိ ရန်သူနှင့် ဘောင်အတွင်းရှိ ပြိုင်ဘက်နှစ်ခုလုံးဖြစ်သည်။ စာတန်သည် တစ်ဘက်တွင် ဘုရားသခင်ကို အောင်မြင်ရန် ကြိုးပမ်းလုပ်ဆောင်နေသောရန်သူဖြစ်ပြီး၊ အခြားတစ်ဘက်တွင် ဘုရားသခင်၏ နယ်ပယ်အတွင်း၌ ဖျက်ဆီးရန် စူးစမ်းရှာဖွေနေသောပြိုင်ဘက်ဖြစ်သည်။ ပြိုင်ဘက်တစ်ဦးအနေဖြင့် စာတန်သည် ဘုရားသခင်၏ နယ်ပယ်၊ ဘုရားသခင်၏ နိုင်ငံတော်အတွင်းမှနေ၍ ဘုရားသခင်ကို ဆန့်ကျင်နေ

သည်။ ယောဘ၀တ္ထု၌ စာတန်သည် ဘုရားသခင်၏ ပလ္လင်တော်ရှေ့တွင် ရပ်နိုင်ပြီး၊ ကိုယ်တော့်ရှေ့တော်တွင် လူများကို အပြစ်တင်လျက်ရှိကြောင်း ကျွန်ုပ်တို့မြင်တွေ့ရသည် (ယောဘ၊၁း၆–၁၂)။ ဘုရားသခင်သည် သူ၏ရန်သူကို အဘယ်ကြောင့် ထိုကဲ့သို့သော လွတ်လပ်ခွင့်ကို ပေးထားကြောင်း ကျွန်ုပ်တို့နားမလည်နိုင်ပါ။ ဗျာ၊၁၂း၁၀အရ စာတန်သည် ကျွန်ုပ်တို့အား နေ့ညမပြတ် အပြစ်တင်လျက်ရှိသည်။ (*Life-study of Colossians*, pp. 577-578)

## ယနေ့ဖတ်စရာ

စကြဝဠာ၌ ပြင်းထန်စွာဖြစ်ပွားနေသောတိုက်ပွဲသည် ဘုရားသခင်နှင့် စာတန်အကြားတွင် ဖြစ်သော်လည်း၊ နောက်ထပ်အုပ်စုတစ်စုမှာ တိုက်ပွဲတွင် ပါဝင်ပတ်သက်နေသည်။ ဤတတိယအုပ်စု၌ ဘုရားသခင်၏ ရွေးချယ်ခံနှင့် ရွေးနုတ်ခံလူများပါဝင်ပြီး၊ ဤသူတို့မှာ တိုက်ပွဲ၏ရလဒ်ကို အမှန်တကယ် အဆုံးအဖြတ်ပေးလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် စာတန်ဘက်တွင် ရပ်တည်မည်ဆိုလျှင်၊ ဘုရားသခင်သည် အနန္တတန်ခိုးရှင်ဖြစ်သော်ငြားလည်း ရှုံးနိမ့်ရလိမ့်မည်ဖြစ်သည်။ အကန့်အသတ်မရှိသော၊ အနန္တတန်ခိုးနှင့်ပြည့်စုံသောဖန်ဆင်းရှင်အနေဖြင့် ဘုရားသခင်သည် သူ၏ ဖန်ဆင်းခံများထဲမှတစ်ဦးဖြစ်သောစာတန်ကို ဆန့်ကျင်တိုက်ခိုက်ရန် မိမိကိုယ်မိမိ နိမ့်ကျစေလိမ့်မည်မဟုတ်ပါ။ ထို့ကြောင့် စာတန်ကို ဆန့်ကျင်တိုက်ခိုက်ရန် ဘုရားသခင်၏ဖန်ဆင်းခံများထဲမှ နောက်တစ်ဦးဖြစ်သောလူကို လိုအပ်ရခြင်းဖြစ်သည်။ အလွန်စစ်မှန်သောအာရုံခံစားမှု၌ ဘုရားသခင်သည် ကျွန်ုပ်တို့ကို လိုအပ်လျက်ရှိသည်။ ကျွန်ုပ်တို့မပါဘဲ၊ ကိုယ်တော်သည် စာတန်အား ဆန့်ကျင်သောတိုက်ပွဲကို ဆက်လက်သယ်ဆောင်ရန် လမ်းရှိလိမ့်မည်မဟုတ်ပါ။ ကိုယ်တော်သည် ဖန်ဆင်းရှင်တည်းဟူသော သူ၏အဆင့်အတန်းကို ဆက်လက်ထိန်းသိမ်းထားရမည်ဖြစ်သည်။ ဤအကြောင်းကြောင့် ကိုယ်တော်သည် စစ်ပွဲ၏ အဓိကအလုပ်ကို သယ်ဆောင်ရန် ကျွန်ုပ်တို့ကို လိုအပ်နေသည်။

ဘုရားသခင်ဘက်တွင် ရပ်တည်ခြင်းဖြင့် စာတန်ကို ဆန့်ကျင်တိုက်ခိုက်ရန်အလို့ငှါ၊ ကျွန်ုပ်တို့သည် ဆုတောင်းခြင်း၌ ဇွဲလုံ့လရှိရန်လိုအပ်သည်။ ဤကမ္ဘာလောကတစ်ခုလုံး၏ဦးတည်ချက်သည် ဘုရားသခင်ထံမှ ဝေးကွာနေသောကြောင့် ဤသို့ဇွဲလုံ့လရှိရန် လိုအပ်ရခြင်းဖြစ်သည်...ဆုတောင်းခြင်း၌ ဇွဲလုံ့လရှိခြင်းသည် လှေကို အပေါ် သို့ ဆန်တက်ခြင်းနှင့်တူညီသည်။ အကယ်၍ သင်သည် ဇွဲလုံ့လမရှိပါက၊ ခေတ်ရေစီးကြောင်း၌ မျောပါသွားလိမ့်မည်ဖြစ်သည်။ လှော်ခတ်ခြင်း၌သော်လည်းကောင်း၊ ဆုတောင်းခြင်း၌သော်လည်းကောင်း ဤနည်းလမ်း၌ ဇွဲလုံ့လရှိရန် အလွန်များစွာသောအားထုတ်မှုကို လိုအပ်သည်မှာ သေချာသည်။ စကြဝဠာတစ်ခုလုံးသည် စာတန်၏လွှမ်းမိုးမှုအောက်တွင်ရှိနေ

ပြီး၊ ဘုရားသခင်၏ အလိုတော်နှင့်ဆန့်ကျင်နေသည်။ ထို့ကြောင့် ဤကမ္ဘာလောကတွင် ဘုရားသခင်၏ အလိုဆန္ဒကို ဆန့်ကျင်သည့် ပြင်းထန်သောခေတ်ရေစီးကြောင်းရှိနေသည်။ ဘုရားသခင်ဘက်၌ ရပ်တည်သောသူများအနေဖြင့် ကျွန်ုပ်တို့သည် စကြဝဠာတစ်ခုလုံးက ကျွန်ုပ်တို့ကို ဆန့်ကျင်လျက်ရှိကြောင်း၊ အထူးသဖြင့် ကျွန်ုပ်တို့၏ ဆုတောင်းခြင်းကို ဆန့်ကျင်နေကြောင်း တွေ့ရှိရသည်။

တစ်နေ့ပြီးတစ်နေ့ ဆုတောင်းခြင်းနှင့်စပ်လျဉ်းပြီးကျွန်ုပ်တို့ကြုံတွေ့ရသည့်အတွေ့အကြုံများစွာက စာတန်သည် ကျွန်ုပ်တို့၏ ဆုတောင်းခြင်းကို ဖြစ်နိုင်ချေရှိသောနည်းလမ်းတိုင်း၌ ဆန့်ကျင်နေကြောင်း သက်သေပြသည်။ ဥပမာအနေဖြင့် သင်သည် သင်၏ဆုတောင်းခြင်း၌ အလွန်အရေးကြီးသောအချက်သို့ ရောက်ခါနီးအချိန်လေးတွင်ပင် တယ်လီဖုန်းခေါ် သံဝင်လာကောင်း ဝင်လာမည်ဖြစ်သည်။ သင်သည် သင့်ကိုယ်သင် ဝိညာဉ်တော်အထဲသို့ ဆုတောင်းခဲ့ပြီး၊ ကောင်းကင်များကို ထိတွေ့နေသည်။ ထိုအချိန်ခဏတွင်ပင်၊ ဖုန်းသံမြည်လာကောင်း မြည်လာမည်ဖြစ်သည်။ သင်သည် ဖုန်းခေါ် သံကို ဖြေဆိုသောအခါတွင်လည်း တစ်စုံတစ်ယောက်က ဖုန်းမှားဆက်ခြင်းမျှသာဖြစ်ကြောင်းကို သင်ယူရလေသည်။ ဤအရာသည် သင့်ကို စိတ်အနှောင့်အယှက်ဖြစ်စေခြင်းအားဖြင့် သင်၏ဆုတောင်းသောဝိညာဉ်သည် အလွန်ထိခိုက်နစ်နာသွားမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဆုတောင်းရန်ကြိုးစားသောအခါ၊ ကျွန်ုပ်တို့၏ ကလေးများအားဖြင့်လည်းကောင်း၊ တံခါးပေါက်ဝသို့ ရောက်နေပြီဖြစ်သည့် ဧည့်သည်များအားဖြင့်လည်းကောင်း၊ အိမ်၌ရှိနေသည့် အိမ်မွေးတိရိစ္ဆာန်တစ်ကောင်ကောင်အားဖြင့်လည်းကောင်း အနှောင့်အယှက်ပေးခြင်းကိုလည်း ခံရကောင်းခံရမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ ဆုတောင်းခြင်းဆီသို့ အလွန်များစွာသောအတိုက်အခံများရှိနေသောကြောင့်၊ ကျွန်ုပ်တို့သည် ဆုတောင်းခြင်း၌ ဇွဲလုံ့လရှိရန် အထူးလိုအပ်နေသည်။ အချို့သောညီအစ်မများက သူတို့၌ ဆုတောင်းရန်အချိန်အနည်းငယ်သာရှိကြောင်း ပြောဆိုကြသည်။ (သို့သော်လည်း) တယ်လီဖုန်းဖြင့် အတင်းအဖျင်းပြောရန်အတွက်မူ သူတို့၌ အချိန်များစွာရှိကြသည်။ ဆုတောင်းခြင်းကို ခုခံခြင်းသည် ကျွန်ုပ်တို့၏ အပြင်ပိုင်းတွင်သာမက၊ ကျွန်ုပ်တို့အတွင်းပိုင်းတွင်ပင် တည်ရှိနေသည်။ ဤသည်မှာ ဆုတောင်းရန် ခက်ခဲကြောင်းကို ကျွန်ုပ်တို့အားလုံး တွေ့ကြုံကြရသည့် အကြောင်းရင်းပင်ဖြစ်သည်။ (*Life-study of Colossians,* pp.578-579)

*ပို၍ဖတ်ရန်-* *Life-study of Colossians,* msg. 65

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————————

————————————————————————————————————

————————————————————————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**ဒံ၊၆း၁၀ …ဒံယေလသည်…မိမိအိမ်သို့သွား၍ ယေရုရှလင်မြို့သို့ မျက်နှာပြုရာ အထက်ခန်းပြတင်းပေါက်ပွင့်လျက်ပင်၊ အထက်ပြုလေ့ရှိသည့်အတိုင်း၊ တစ်နေ့ သုံးကြိမ်ဒူးထောက်လျက် ဘုရားသခင်ကို ဆုတောင်း၍ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းလေ၏။**

**၉း၃ အစာကိုရှောင်လျက်၊ လျှော်တေအဝတ်ကို ဝတ်လျက်၊ ပြာနှင့်လူးလျက်၊ အရှင်ဘုရားသခင့်ထံတော်သို့ချဉ်းကပ်၍ ဆုတောင်းပဌာနာပြုလေ၏။**

**ဧ၊၅း၁၆ နေ့ရက်ကာလတို့သည် ဆိုးယုတ်သောကြောင့် အချိန်ကိုရွေးနုတ်ကြလော့။**

ဆုတောင်းခြင်းဆီသို့ ကြီးစွာသောခုခံတားဆီးမှုရှိနေသည်ဟူသော အကြောင်းရင်းမှန်၏ အလင်း၌၊ ယခု ကျွန်ုပ်တို့သည် ဆုတောင်းခြင်း၌ မည်သို့ဇွဲလုံ့လရှိရမည့်အကြောင်းကို အလွန်လက်တွေ့ကျသောနည်းလမ်းဖြင့် စဉ်းစားဆင်ခြင်ကြပါစို့။ သင်သည် ဆုတောင်းခြင်း၌ ဇွဲလုံ့လရှိရန် မကြိုးပမ်းမီတွင်၊ သင်၏ဆုတောင်းခြင်းအသက်တာနှင့်စပ်လျဉ်းပြီး သခင်ဘုရားနှင့်ဆက်ဆံဖြေရှင်းရမည်ဖြစ်သည်။ “သခင်ဘုရား၊ ဤဆုတောင်းခြင်းအကြောင်းအရာနှင့်စပ်လျဉ်းပြီး ကိုယ်တော်နှင့်အတူ လုပ်ဆောင်လိုပါ၏။ ယခုအချိန်မှစပြီး ကျွန်ုပ်သည် ဆုတောင်းခြင်းရှိသောအသက်တာဖြင့် အသက်ရှင်ပါမည့်အကြောင်း ကောင်းကင်နှင့်မြေကြီးကို တိုင်တည်၍ ဆုတောင်းပါ၏။ ကျွန်ုပ်သည် ဆုမတောင်းသောသူ မဖြစ်လိုပါ။ ထိုအစား ကျွန်ုပ်သည် ဆုတောင်းခြင်းရှိသောသူဖြစ်လိုပါ၏”ဟု တိကျမှန်ကန်သောနည်းလမ်း၌ သခင်ဘုရားထံ ဆုတောင်းပါ။ အကယ်၍ သင်သည် သခင်ဘုရားထံ ဤကဲ့သို့ ဆုတောင်းခြင်းမရှိပါက၊ ဆုတောင်းခြင်း၌ ဇွဲလုံ့လရှိရန် တတ်စွမ်းနိုင်လိမ့်မည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် “သခင်ဘုရား၊ ဤအကြောင်းအရာနှင့်စပ်လျဉ်းပြီး ကျွန်ုပ်သည် မျှော်လင့်ရာမဲ့သောသူဖြစ်ပါ၏။ ဆုတောင်းခြင်းရှိသောအသက်တာကို ရရှိနိုင်ရန်အတွက် ကိုယ်တော့်ထံသို့ မိမိကိုယ်ကို ပေးအပ်ပါ၏။ သခင်ဘုရား၊ ဆုတောင်းခြင်း၏ ဝိညာဉ်၌ ကျွန်ုပ်ကို စောင့်ထိန်းတော်မူပါ။ ကျွန်ုပ်သည် ဤအရာကို မေ့လျော့ခြင်း သို့မဟုတ် လျစ်လျူရှုခြင်းရှိခဲ့လျှင်လည်း၊ ကိုယ်တော်သည် မေ့လျော့လိမ့်မည်မဟုတ်ကြောင်း ကျွန်ုပ်သိပါ၏။ ဆုတောင်းခြင်းနှင့်စပ်လျဉ်းပြီး ကျွန်ုပ်အား ထပ်ခါထပ်ခါ သတိပေးတော်မူပါ’ဟု ကိုယ်တော့်ထံ ပြောဆိုရန်လိုအပ်သည်။ ဤကဲ့သို့သောဆုတောင်းခြင်းမျိုးကို သခင်ဘုရားထံပြုလုပ်ထားသောကတိသစ္စာကဲ့သို့ မှတ်ယူနိုင်သည်။ ကျွန်ုပ်တို့အားလုံးသည် ကျွန်ုပ်တို့၏ဆုတောင်းခြင်းအသက်တာနှင့်စပ်လျဉ်းပြီး ကိုယ်တော့်ထံ

ကတိသစ္စာပြုရန်လိုအပ်သည်။ ကျွန်ုပ်တို့သည် “သခင်ဘုရား၊ ကျွန်ုပ်သည် ဤကတိသစ္စာကို မေ့လျော့လျှင်လည်း၊ ကိုယ်တော်သည် မေ့လျော့လိမ့်မည်မဟုတ်ကြောင်းကို ကျွန်ုပ်သိပါ၏။ အစအဦးကပင်၊ သခင်ဘုရား၊ ကျွန်ုပ်သည် ဤတာဝန်အား ကိုယ်တော့်ထံ ပေးအပ်ရန် အလိုရှိပါ၏။ သခင်ဘုရား၊ ကျွန်ုပ်အား ထွက်သွားခွင့်မပြုပါနှင့်။ ဆုတောင်းရန် ကျွန်ုပ်ကို သတိပေးတော်မူပါ”ဟု ကိုယ်တော်အား ပြောဆိုရမည်။ (*Life-study of Colossians,* pp. 579-580)

## ယနေ့ဖတ်စရာ

ကျွန်ုပ်တို့သည် ဆုတောင်းခြင်းနှင့်စပ်လျဉ်းပြီး၊ ဤကဲ့သို့ သခင်ဘုရားနှင့်ဆက်ဆံဖြေရှင်းပြီးနောက်၊ ဆုတောင်းရန်အတွက် တိကျသောအချိန်များကို သီးသန့်ဖယ်ထားရမည်။ ဥပမာအနေဖြင့် သင်သည် နံနက်တိုင်း ဆယ်မိနစ်ကို သီးသန့်ဖယ်ထားနိုင်သည်။ ဤအချိန်အတောအတွင်းတွင် ဆုတောင်းခြင်းသည် အထွတ်အထိပ်သောဦးစားပေးမှုဖြစ်ရမည်။ ကျွန်ုပ်တို့၌ရှိရမည့်သဘောထားမှာ ဆုတောင်းခြင်းသည် ကျွန်ုပ်တို့၏ အရေးကြီးဆုံးသောအလုပ်ဖြစ်ပြီး၊ မည်သည့်အရာမျှ ထိုအရာအား တားဆီးရန် အခွင့်မပေးခြင်းဖြစ်သည်။ ကျွန်ုပ်တို့၌ ထိုကဲ့သို့သောသဘောထားမရှိပါက၊ အောင်မြင်သောဆုတောင်းခြင်းအသက်တာကို ရရှိနိုင်မည်မဟုတ်ပါ။ နေ့စဉ်တိုင်း ကျွန်ုပ်တို့လုပ်ဆောင်ရမည့်အရာများစွာရှိနေသော်လည်း၊ ကျွန်ုပ်တို့သည် ဤနေရာတွင်လည်းကောင်း၊ ထိုနေရာတွင်လည်းကောင်း ဆုတောင်းနိုင်ရန် အနည်းဆုံး မိနစ်အနည်းငယ်ကို သီးသန့်ဖယ်ထားရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် နံနက်ပိုင်းတွင် အနည်းငယ်ဆုတောင်းနိုင်သည်။ အလုပ်ပြီးနောက်တွင် နေ့လည်ခင်း၌ တစ်ဖန်ဆုတောင်းနိုင်ပြီး၊ ညနေခင်းတွင် ဆုတောင်းခြင်းအတွက် နောက်ထပ်အချိန်များလည်းရရှိနိုင်သည်။ တစ်နေ့တာအတွင်း တိကျသောအချိန်များကို သီးသန့်ဖယ်ထားခြင်းအားဖြင့်၊ ကျွန်ုပ်တို့သည် ဆုတောင်းခြင်းအတွက် အချိန်ကို နာရီဝက်မျှ သီးသန့်ဖယ်ထားနိုင်မည်ဖြစ်သည်။

အိမ်တွင် သင်သည် ဆုတောင်းခြင်းအတွက် သတ်မှတ်ထားသောအချိန်၌ ဆုတောင်းသောအခါ၊ တယ်လီဖုန်းကို ပိတ်ထားပါ။ ၎င်းသည် သင်၏ အာရုံအား အနှောင့်အယှက်ဖြစ်စေမည့်အရာများကို ဖယ်ရှားရန် ကူညီပေးလိမ့်မည်ဖြစ်သည်။ ဆုတောင်းသောအချိန်သည် တယ်လီဖုန်းပြောခြင်းအတွက် အချိန်မဟုတ်ပါ။ ထို့အပြင် သင်၏တံခါးကို လာခေါက်သောသူများကိုလည်း အာရုံစိုက်ခြင်းမပြုပါနှင့်။ ဆုတောင်းခြင်းအတွက် သခင်ဘုရားထံ သင်ပေးအပ်ထားသောအချိန်ကို ဆုတောင်းခြင်းအတွက်သာ အသုံးပြုပါ၊ အခြားမည်သည့်အရာအတွက်မျှ အသုံးမပြုပါနှင့်။ ဤအရာနှင့်စပ်လျဉ်း၍ သင်သည် ခိုင်ခံ့မြဲမြံခြင်းရှိရန်နှင့် ဇွဲလုံ့လရှိရန် လိုအပ်သည်။

ဆုတောင်းခြင်းအတွက် အချိန်ပိုမိုရရှိရန်အလို့ငှါ၊ ကျွန်ုပ်တို့သည် တစ်နေ့တာအတွင်း အချိန်ကို ရွေးနုတ်ရန် ကြိုးစားရမည်။ ဥပမာအနေဖြင့် ကျွန်ုပ်တို့သည် ကိုယ်ကိုကိုယ် ဖြီးလိမ်းပြင်ဆင်သောအချိန် သို့မဟုတ် အခြားသူများနှင့် စကားစမြည်ပြောဆိုသောအချိန်ကို လျှော့ချနိုင်သည်။ မလိုအပ်ဘဲ စကားပြောခြင်းသည် ကျွန်ုပ်တို့၏ ဆုတောင်းသောဝိညာဉ်ကို အားနည်းစေပြီး၊ ဆုတောင်းခြင်းဖြင့် လွှမ်းခြုံထားသောနယ်ပယ်ကို ပျက်စီးစေကာ၊ ဆုတောင်းခြင်းအတွက် အသုံးပြုနိုင်သည့်အချိန်ကို ကုန်လွန်စေသည်။ ဆုတောင်းခြင်းနှင့်ပတ်သက်သော တိုက်ပွဲမှာ စဉ်ဆက်မပြတ်ဖြစ်ပွားနေသည်။ ၎င်းသည် ထာဝရကာလတိုင်အောင် ကြာမြင့်ခြင်းရှိနိုင်သည်။

ဆုတောင်းခြင်းနှင့်စပ်လျဉ်းပြီး ကျွန်ုပ်ဝေငှနေသောအရာမှာ ဩဝါဒမျှသာ မဟုတ်ပါ။ ၎င်းသည် နှစ်ပေါင်းများစွာသောတွေ့ကြုံခံစားမှုမှ လာသည်။ ဆုတောင်းခြင်းနှင့်စပ်လျဉ်း၍ စဉ်းစားလျှင်၊ ကျွန်ုပ်သည် များစွာရှုံးနိမ့်မှုရှိခဲ့ကြောင်း ဝန်ခံရမည်ဖြစ်သည်။ ကျွန်ုပ်၏ဆုတောင်းခြင်းအသက်တာ၌ ကြီးစွာသောအောင်မြင်မှုရှိခဲ့ပြီဟု ကျွန်ုပ်မဝါကြွားပါ။ ထိုအစား ကျွန်ုပ်သည် ရန်သူ၏ဆန့်ကျင်ခြင်းကြောင့်၊ ကျွန်ုပ်ပတ်လည်ရှိအနှောင့်အယှက်များနှင့် ကျွန်ုပ်အတွင်းရှိ အဟန့်အတားများအထိ များစွာသောကျရှုံးမှုများကို ခံစားခဲ့ရသည်။ ဆုတောင်းခြင်းသည် တိုက်ပွဲတစ်ခုဖြစ်ကြောင်းကို ကျွန်ုပ် အမှန်သင်ယူခဲ့ရပါသည်။ ဆုတောင်းခြင်းသည် စစ်ပွဲတစ်ခု၊ တိုက်ပွဲတစ်ခုဖြစ်သောကြောင့်၊ ကျွန်ုပ်တို့သည် ဆုတောင်းခြင်း၌ ဇွဲလုံ့လရှိကြရမည်ဖြစ်သည်။ (*Life-study of Colossians*, pp.580-581)

*ပို၍ဖတ်ရန်-* *Life-study of Colossians*, msg. 65

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————

——————————————————————————————————

——————————————————————————————————

——————————————————————————————————

——————————————————————————————————

——————————————————————————————————

——————————————————————————————————

——————————————————————————————————

——————————————————————————————————

——————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ကော၊၃း၂ သင်တို့၏အသိဉာဏ်ကို မြေကြီးအရာများအပေါ်တွင် မထားရှိဘဲ၊ အထက်အရာတို့အပေါ်တွင် ထားရှိကြလော့။**

**ဟေဗြဲ၊၄း၁၆ ထို့ကြောင့် ငါတို့သည် အချိန်မီမစခြင်းခံရမည့်အကြောင်း၊ ကရုဏာကို လက်ခံရန်နှင့် ကျေးဇူးတော်ကို တွေ့မြင်ရန် ကျေးဇူးတော်ပလ္လင်သို့ ရဲရင့်စွာတိုးဝင်ချဉ်းကပ်ကြကုန်အံ့။**

ဆုတောင်းခြင်း၌ ဇွဲလုံ့လရှိခြင်းသည် များစွာသောအကျိုးသက်ရောက်မှုရှိသည်။ ဆုတောင်းခြင်းသည် ကျွန်ုပ်တို့၏ အသိဉာဏ်ကို အထက်အရာများအပေါ် ထားရှိနိုင်ရန် တစ်ခုတည်းသောနည်းလမ်းဖြစ်သည်။ ကျွန်ုပ်တို့သည် ဆုတောင်းခြင်းအားဖြင့် ကျွန်ုပ်တို့၏ အသိဉာဏ်ကို အထက်အရာများအပေါ် ထားရှိသောအခါ၊ အရေးမပါသောအကြောင်းအရာများအတွက် ဆုတောင်းတော့မည်မဟုတ်ပါ။ ထိုအစား ကျွန်ုပ်တို့၏ ဆုတောင်းခြင်းသည် ခရစ်တော်၏ ကောင်းကင်ဆိုင်ရာကြားခံတောင်းလျှောက်ခြင်း၊ အမှုတော်နှင့် စီမံခန့်ခွဲခြင်းဖြင့် ပြည့်ဝနေလိမ့်မည်ဖြစ်သည်။ ခရစ်တော်သည် တစ်ကမ္ဘာလုံးရှိ အသင်းတော်များအတွက် ကြားခံတောင်းလျှောက်ပေးနေသောကြောင့်၊ ကျွန်ုပ်တို့သည်လည်း အသင်းတော်များအတွက် ဆုတောင်းပေးရမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ အသက်ရှင်ခြင်း၌ လိုအပ်သည့် သေးငယ်သောအကြောင်းအရာအားလုံးကို သခင်ဘုရားအား ကြည့်ရှုဂရုစိုက်ခွင့်ပေးလိုက်ပါ။ ကျွန်ုပ်တို့၏ တာဝန်မှာ ဘုရားသခင်၏ နိုင်ငံတော်နှင့် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းကို ရှေးဦးစွာရှာရန်ဖြစ်သည်။ အဖခမည်းတော်သည် ကျွန်ုပ်တို့၏ လိုအပ်မှုကို သိတော်မူသောကြောင့်၊ ကိုယ်တော်သည် ကျွန်ုပ်တို့ကို ကြည့်ရှုဂရုစိုက်တော်မူ၍၊ ကျွန်ုပ်တို့၏ လိုအပ်မှုကို ဖြည့်ဆည်းပေးလိမ့်မည်ဖြစ်သည်။ (*Life-study of Colossians*, p. 581)

## ယနေ့ဖတ်စရာ

ကျွန်ုပ်တို့သည် ဆုတောင်းနေစဉ်အတွင်း ကျွန်ုပ်တို့၏ အသိဉာဏ်ကို အထက်အရာများအပေါ် ထားရှိသောအခါ၊ ကျွန်ုပ်တို့သည် ကောင်းကင်များ၌ရှိသောခရစ်တော်၏ အမှုတော်ကိုရောင်ပြန်ဟပ်ခြင်းဖြစ်လာမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ ဆုတောင်းခြင်းအားဖြင့် ဦးခေါင်းတော်ဖြစ်သောခရစ်တော်သည် ကိုယ်ခန္ဓာတော်အားဖြင့် ကိုယ်တော်၏ စီမံခန့်ခွဲမှုကို သယ်ဆောင်ရန် လမ်းရှိလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့ဆုတောင်းသောအခါ၊ ကျွန်ုပ်တို့သည် မြေကြီးပေါ်တွင် ဘုရားသခင်၏ နိုင်ငံတော်ကို ကျယ်ပြန့်စေသည့် ကောင်းကင်ဆိုင်

ရာသီတမန် ဖြစ်ကြသည်။ သို့သော်လည်း ကျွန်ုပ်တို့သည် အတင်းအဖျင်းပြောဆိုနေချိန်တွင် ကောင်းကင်ဆိုင်ရာသံတမန် လုံးဝမဟုတ်ပါ။ ကျွန်ုပ်တို့သည် ဆုတောင်းသောအခါမှ သာလျှင် မြေကြီးပေါ်တွင် လက်တွေ့ကျသောနည်းလမ်းဖြင့် ကောင်းကင်ဆိုင်ရာနိုင်ငံတော်၏ သံတမန် ဖြစ်လာမည်ဖြစ်သည်။

ကျွန်ုပ်တို့သည် ဆုတောင်းသောအခါ၊ အသန့်ရှင်းဆုံးဌာနအထဲသို့ ဝင်ရောက်ပြီး၊ ကျေးဇူးတော်ပလ္လင်သို့ တိုးဝင်ချဉ်းကပ်ကြသည်။ ဟေဗြဲ၄း၁၆၌ "ထို့ကြောင့် ငါတို့သည် အချိန်မီမစခြင်းခံရမည့်အကြောင်း၊ ကရုဏာကို လက်ခံရန်နှင့် ကျေးဇူးတော်ကို တွေ့မြင်ရန် ကျေးဇူးတော်ပလ္လင်သို့ ရဲရင့်စွာတိုးဝင်ချဉ်းကပ်ကြကုန်အံ့"ဟုပြောဆိုထားသည်။ ဆုတောင်းခြင်းသည် ကျေးဇူးတော်ပလ္လင်သို့ တိုးဝင်ချဉ်းကပ်ရန်နည်းလမ်းဖြစ်သည်။ ကျေးဇူးတော်ပလ္လင်သို့ တိုးဝင်ချဉ်းကပ်ခြင်း အားဖြင့်၊ ကျွန်ုပ်တို့သည် အချိန်မီမစခြင်း ခံရရန် ကရုဏာတော်နှင့်ကျေးဇူးတော်ကို လက်ခံရရှိကြသည်။ ကျွန်ုပ်တို့သည် ကျေးဇူးတော်ပလ္လင်သို့ တိုးဝင်ချဉ်းကပ်ပြီး ဆုတောင်းသောအခါ၊ ကရုဏာတော်နှင့် ကျေးဇူးတော်သည် ကျွန်ုပ်တို့၌ စီးဆင်းနေသောမြစ်ဖြစ်လာပြီး၊ ကျွန်ုပ်တို့ကို မစထောက်ပံ့လိမ့်မည်ဖြစ်သည်။ ကြီးစွာသောဆုလာဘ် ဖြစ်ပါတကား။ အမှန်စင်စစ် ဆုတောင်းခြင်း၌ ကျေးဇူးတော်စီးဆင်းခြင်းကိုလက်ခံရရှိခြင်းသည် ကျွန်ုပ်တို့၏ ဆုတောင်းချက်များ အဖြေရရှိခြင်းထက် ပို၍တန်ဖိုးရှိသည်။ ကျွန်ုပ်တို့၏ ဆုတောင်းချက် အဖြေရခြင်း၊ မရခြင်းမှာ အဓိကကျသောအရာမဟုတ်ပါ။ အဓိကကျသောအရာမှာ ကျေးဇူးတော်သည် မြစ်တစ်စင်းကဲ့သို့ ပလ္လင်တော်မှ ကျွန်ုပ်တို့၏ ဖြစ်ခြင်းအထဲသို့ စီးဆင်းခြင်းပင် ဖြစ်သည်။

ဤကျေးဇူးတော်မြစ်ကို လက်ခံရရှိရန်မှာ ကျွန်ုပ်တို့၏ ဝိညာဉ်ဆိုင်ရာဘက်ထရီကို ကောင်းကင်ဆိုင်ရာလျှပ်စီးဓါတ်အားဖြင့် အားသွင်းရန်ဖြစ်သည်။ ဘုရားဆိုင်ရာလျှပ်စစ်ဓါတ်အားဖြစ်သော ဤကောင်းကင်ဆိုင်ရာလျှပ်စီးကြောင်းသည် ပလ္လင်တော်မှ ကျွန်ုပ်တို့အထဲသို့ စီးဆင်းနေသည့် ကျေးဇူးတော်တည်းဟူသော သုံးပါးတစ်ပါးဘုရားဖြစ်သည်။ ဤကဲ့သို့သော မစထောက်ပံ့ခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်းသည် စကားအားဖြင့် ပြောဆိုဖော်ပြ၍မရနိုင်ပါ။

ယနေ့ ခရစ်ယာန်များသည် အားနည်းနေရသည့်အကြောင်းမှာ သူတို့၏ ဝိညာဉ်ဆိုင်ရာဘက်ထရီကို အားမသွင်းသောကြောင့်ဖြစ်သည်။ သူတို့သည် ဆုတောင်းခြင်း နည်းပါးသောကြောင့်၊ ကောင်းကင်ဆိုင်ရာပို့လွှတ်ပေးခြင်း နည်းပါးနေခြင်းဖြစ်သည်။ တစ်နေ့တာအတွင်း ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာလျှပ်စစ်စီးကြောင်းဖြင့် အကြိမ်ကြိမ် အားသွင်းရန် လိုအပ်သည်။ ဤသည်မှာ ဆုတောင်းခြင်း၌ ဖွဲ့လုံ့လရှိခြင်းအတွက် ဆုလာဘ်အမှန်ဖြစ်ပေသည်။

ဆုတောင်းခြင်း၏ အခြားသောအကျိုးသက်ရောက်မှုသည် သခင်ဘုရားနှင့်အတူ မိတ်သဟာယဖွဲ့ခြင်းနှင့် ဆက်နွှယ်နေသည်။ ကျွန်ုပ်တို့အားလုံးသည် သခင်ဘုရား၏ မျက်မှောက်တော်နှင့် ဘိသိက်ပေးခြင်းကို ချစ်မြတ်နိုးကြသကဲ့သို့ ကိုယ်တော်နှင့်အတူ မိတ်သဟာယဖွဲ့ရန်လည်း ချစ်မြတ်နိုးကြသည်။ သို့သော်လည်း ကျွန်ုပ်တို့သည် သခင်ဘုရား၏ မျက်မှောက်တော်ကို မည်သို့မွေ့လျော်၍၊ ကိုယ်တော်နှင့် မည်သို့မိတ်သဟာယဖွဲ့ကြမည်နည်း။ တစ်ခုတည်းသောနည်းလမ်းမှာ ဆုတောင်းရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဆုတောင်းသောအခါ သခင်ဘုရားနှင့်မိတ်သဟာယဖွဲ့ခြင်းအထဲသို့ ဝင်ရောက်သွားရုံမက၊ ကျွန်ုပ်တို့သည် အမှန်ပင် ကိုယ်တော်နှင့်တစ်ဝိညာဉ်တည်းဖြစ်ကြောင်း၊ ကိုယ်တော်သည်လည်း အမှန်တကယ် ကျွန်ုပ်တို့နှင့်တစ်ဝိညာဉ်တည်းဖြစ်ကြောင်းကို သတိပြုမိလာသည်။ ကျွန်ုပ်တို့သည် ပို၍ဆုတောင်းလေလေ၊ သခင်ဘုရားနှင့်တစ်လုံးတစ်ဝဖြစ်ခြင်းကို ပိုမိုတွေ့ကြုံခံစားရလေလေ၊ ကိုယ်တော်၏ မျက်မှောက်တော်ကို တိုး၍မွေ့လျော်ရလေလေဖြစ်ကာ၊ ကိုယ်တော်နှင့်တိုး၍မိတ်သဟာယဖွဲ့ကြရသည်။ အလွန်အံ့ဖွယ်ကောင်းသော ဆုလာဘ်ဖြစ်ပါတကား။

အစဦးတွင် စစ်မှန်သောဆုတောင်းခြင်းအသက်တာကို ရရှိရန် အမြဲတမ်းခက်ခဲမှုရှိသည်။ သို့သော်လည်း သင်သည် ကြာရှည်သောအချိန်ကာလတစ်ခုအတွင်း ဤအရာကို လက်တွေ့လုပ်ဆောင်မည်ဆိုလျှင်၊ ၎င်းသည် လွယ်ကူသထက် လွယ်ကူလာမည်ဖြစ်သည်။ အကြောင်းမှာ ဆုတောင်းခြင်း၏ အကျိုးဆုလာဘ်များကို သင်သိနားလည်လာသောကြောင့် ဖြစ်သည်။

စံချိန်မီခရစ်ယာန်အသက်တာလျှောက်လှမ်းခြင်းအတွက် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အသိဉာဏ်ကို အထက်အရာများအပေါ် ထားရှိခြင်း၊ လူသစ်၏ အသစ်ပြုပြင်ခြင်းကို တွေ့ကြုံခံစားခြင်း၊ ကျွန်ုပ်တို့၌ ခရစ်တော်၏ငြိမ်သက်ခြင်းကို အုပ်စိုးစေခြင်းနှင့် ခရစ်တော်၏ နှုတ်ကပတ်တော်အား ကျွန်ုပ်တို့၌ တည်နေရန် အခွင့်ပေးခြင်း ရှိရန်လိုအပ်သည်။ သို့သော်လည်း ဤအကြောင်းအရာလေးခုအတွက် ဆုတောင်းခြင်းကို လိုအပ်သည်။ ထိုအရာတို့ကို လက်တွေ့လုပ်ဆောင်ရန်နှင့် တွေ့ကြုံခံစားရန်အတွက်၊ ကျွန်ုပ်တို့သည် ဆုတောင်းရန် လိုအပ်သည်။ ဆုတောင်းခြင်းသည် ကျွန်ုပ်တို့ကို ဤအရာလေးခု၏ စစ်မှန်ခြင်းအထဲသို့ ခေါ်ဆောင်ပေးကာ၊ ကျွန်ုပ်တို့ကို ဤစစ်မှန်ခြင်း၌ စောင့်ထိန်းပေးသည် (ကော၊ ၃း ၂၊၁၀၊၁၅–၁၆။ ၄း ၂)။ (*Life-study of Colossians*, pp.581-583)

*ပို၍ဖတ်ရန်-* *Life-study of Colossians*, msg. 65

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————

——————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ကော၊ ၄း၅–၆** **ပြင်ပလူတို့ကိုထောက်လျက်၊ ပညာ၌ လျှောက်လှမ်း၍၊ ကာလအချိန်ကို ရွေးနုတ်ကြလော့။ လူအသီးအသီးတို့အား အဘယ်သို့ပြန်ပြောရမည်ကို သိနိုင်မည်အကြောင်း၊ သင်တို့စကားသည် ကျေးဇူးတော်နှင့်အတူ ဆားအားဖြင့် ငန်သောအရသာနှင့် အစဉ်ပြည့်စုံပါစေ။**

**မ၊၁၇း၁၉** **တစ်ဖန် ငါအမှန်ဆိုသည်ကား၊ မြေကြီးပေါ်မှာ သင်တို့တွင် နှစ်ယောက်တို့သည် မည်သည့်အရာကိုမဆို တညီတညွတ်တည်း၌ ဆုတောင်းလျှင် တောင်းသမျှတို့ကို ကောင်းကင်များ၌ရှိတော်မူသော ငါ၏ခမည်းတော်သည် ပေးတော်မူလတ့ံ။**

ဆုတောင်းခြင်း၌ ဇွဲလုံ့လရှိရန် တိုက်တွန်းရာ၌၊ ပေါလုက ကျေးဇူးတင်ခြင်းနှင့်တကွ စောင့်ကြည့်ရန် ကျွန်ုပ်တို့ကို ပြောဆိုထားသည် (ကော၊၄း၂)။ ကျွန်ုပ်တို့သည် မည်သည့်အရာအတွက်မျှ ဘုရားသခင်ထံသို့ ကျေးဇူးတင်ခြင်းမရှိဘူးဆိုလျှင်၊ ကျွန်ုပ်တို့၌ ဆုတောင်းခြင်းကင်းမဲ့နေကြောင်းကို ညွှန်ပြနေခြင်းဖြစ်သည်။ တစ်နေ့တာပတ်လုံး ကျွန်ုပ်တို့သည် ဘုရားသခင်ကို ကျေးဇူးတင်ရန်လိုအပ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော့်ထံသို့ ကျေးဇူးတင်ခြင်းယဇ်ကို စဉ်ဆက်မပြတ်ပူဇော်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် သခင်ဘုရားထံသို့ စဉ်ဆက်မပြတ် ကျေးဇူးတင်ခြင်းရှိနေမည်ဆိုလျှင်၊ ညီအစ်ကိုတစ်ဦးအဖို့ သူ၏ဇနီးနှင့်ငြင်းခုံရန် ဖြစ်နိုင်လိမ့်မည်ဟု သင်ထင်ပါသလား။ အမှန်ပင် ဖြစ်နိုင်မည်မဟုတ်ပါ။ ခင်ပွန်းနှင့် ဇနီး အကြားရှိ ငြင်းခုံမှုများမှာ ဆုတောင်းခြင်းကင်းမဲ့နေခြင်း၏ အမှတ်လက္ခဏာဖြစ်သည်။ သူတို့သည် ဆုတောင်းခြင်းမရှိသောကြောင့် ငြင်းခုံမှုပြုကြခြင်းဖြစ်သည်။ ဆုတောင်းသောလူပုဂ္ဂိုလ်၏ အမှတ်လက္ခဏာမှာ ကျေးဇူးတင်ခြင်းနှင့် ပြည့်ဝနေခြင်းဖြစ်သည်။ သင်သည် ဆုတောင်းခြင်း၌ ဇွဲလုံ့လရှိသောသူဖြစ်ပါက၊ သခင်ဘုရားထံသို့ အမြဲတမ်း ကျေးဇူးတင်ခြင်းရှိလိမ့်မည်ဖြစ်သည်။ ဤကဲ့သို့ ကိုယ်တော့်ထံသို့ ကျေးဇူးတင်ခြင်းမှာ သင့်ကို ဆုတောင်းသောအသက်တာ၌ ဇွဲလုံ့လရှိစေလိမ့်မည်ဖြစ်သည်။

၄း၂၌ ပေါလုက "ဆုတောင်းခြင်း၌ဇွဲလုံ့လရှိ၍၊ စောင့်ကြည့်ကြလော့"ဟုမပြောထားပေ။ သူက "ဆုတောင်းခြင်း၌ ဇွဲလုံ့လရှိ၍၊ ကျေးဇူးတင်ခြင်းနှင့်တကွ စောင့်ကြည့်ကြလော့" ဟုပြောဆိုထားသည်။ ကျွန်ုပ်တို့သည် ကျေးဇူးတင်ခြင်းနှင့်တကွ စောင့်ကြည့်ကြခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် သခင်ဘုရားထံသို့ စဉ်ဆက်မပြတ် ကျေးဇူးတင်ခြင်းရှိ မည်ဆိုလျှင်၊ ပြိုင်ဘက်ရန်သူသည် ကျွန်ုပ်တို့၏ ဆုတောင်းခြင်းအသက်တာကို ရပ်တန့်သွားအောင် ပြုလုပ်နိုင်မည်မဟုတ်ပေ။ ဆုတောင်းခြင်းသည် ကျေးဇူးတင်ခြင်းနှင့်တကွ သတိပြုစောင့်ကြည့်ခြင်း အားဖြင့် စောင့်ထိန်းခံရခြင်းဖြစ်သည်။ (*Life-study of Colossians,* p. 583)

# ယနေ့ဖတ်စရာ

**ဆုတောင်းခြင်း**သည် ဘုရားသခင်အဖို့ မြေကြီးပေါ် တွင် သူ၏ အလုပ်ကို ပြီးမြောက်ပြည့်စုံစေသည့် ကြားခံလမ်းကြောင်းဖြစ်၍၊ ခရစ်ယာန်တစ်ဦး အဖို့ ဘုရားသခင်ကို ဆက်သွယ်ပြီး၊ စုပ်ယူနိုင်သည့်နည်းလမ်းဖြစ်သည်။ အစောပိုင်းယုံကြည်သူများသည် ဧဝံဂေလိတရားကို လက်ခံရရှိပြီး၊ ဗတ္တိဇံခံပြီးနောက်တွင် ဆုတောင်းသောအသက်တာကို စတင်၍ လက်တွေ့လုပ်ဆောင်ခဲ့ကြသည်။ ခရစ်ယာန်တစ်ဦး၏ အသက်တာသည် ဆုတောင်းရန် အလိုရှိပြီး၊ ဆုတောင်းရန် တတ်စွမ်းနိုင်သောသွင်ပြင်လက္ခဏာကိုဆောင်သည်။ အသက်ရှုခြင်းနှင့် စကားပြောခြင်းသည် လူ့အသက်တာ၏ ပင်ကိုလုပ်ဆောင်ချက်များ ဖြစ်သကဲ့သို့ပင်၊ ဆုတောင်းခြင်းသည် ခရစ်ယာန်အသက်တာ၏ ပင်ကိုလုပ်ဆောင်ချက်ဖြစ်သည်။

ဆုတောင်းရန် လက်တွေ့ကျသောနည်းလမ်းမှာ ဆုတောင်းခြင်းအတွက် (နံနက်ခင်း၊ နေ့လည်ခင်း၊ သို့မဟုတ် ညနေခင်း) စသည်ဖြင့် တိကျသောအချိန်ကို သီးသန့်ဖယ်ထားရန်ဖြစ်သည်။ သင်သည် ဤအရာကို ဆုံးဖြတ်ချက်ချပြီးနောက်တွင်၊ နေ့တိုင်း ဤအချိန်ကို စောင့်ထိန်းရမည်ဖြစ်ပြီး၊ ဆုတောင်းချိန်တိုင်းသည် အနည်းဆုံးဆယ်မိနစ်ကြာမြင့်ရမည်ဖြစ်သည်။ ယုံကြည်ခြင်းနှင့်စပ်လျဉ်း၍ အရေးကြီးဆုံးသောအရာမှာ ရိုးစင်းမှုရှိရန်ဖြစ်သည်။ ပိုင်းခြားစိတ်ဖြာပြီး လေ့လာမှု မပြုပါနှင့်။ ထိုအစား ဘုရားသခင်၏ နှုတ်ကပတ်စကားတော်၌ ရိုးစင်းစွာယုံကြည်ပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ ဆုတောင်းချက်များကို နားထောင်တော်မူ၍၊ လက်ခံတော်မူကြောင်းကို ယုံကြည်ပါ။ ဆုတောင်းရန်အပေါင်းအဖော်ရှိခြင်းသည် ကျွန်ုပ်တို့ကို ပို၍ကောင်းစွာဆုတောင်းနိုင်ရန် ကူညီမစပေးရုံသာမက၊ ကျွန်ုပ်တို့၏ ဆုတောင်းသောအသက်တာကို မစထောက်ပံ့ပေးသည်။ (*New Life Lessons*, pp. 9, 11, 13)

ကျွန်ုပ်တို့သည် ဆုတောင်းသောလူများဖြစ်မည်ဆိုပါက၊ တစ်ဘက်တွင် သခင်ဘုရားထံသို့ ကျေးဇူးတင်စကားကို မြွက်ဆိုကြမည်သာမက၊ အခြားတစ်ဘက်တွင် ကျွန်ုပ်တို့၏ စကားပြောဆိုခြင်းသည် ကျေးဇူးတော်နှင့်ပြည့်စုံလိမ့်မည်ဖြစ်သည် (ကော၊၄း၆)။ ကျွန်ုပ်တို့၏ နှုတ်မှ ဘုရားသခင်ထံသို့ ကျေးဇူးတင်ခြင်း စီးထွက်လာရုံမက၊ အခြားသူများထံသို့လည်း ကျေးဇူးတော်စီးထွက်လာမည်ဖြစ်သည်။ ဤနည်းလမ်းဖြင့် ကျွန်ုပ်တို့သည် ဆုတောင်းသောလူများဖြစ်ကြောင်းကို သိရကြလိမ့်မည်ဖြစ်သည်။ သို့သော်လည်း ကျွန်ုပ်တို့၏ စကားပြောဆိုခြင်း၌ ကျေးဇူးတော်ကင်းမဲ့နေပါက၊ ကျွန်ုပ်တို့သည် ဆုတောင်းခြင်းနည်းပါးသောသူများ ဖြစ်ပေမည်။ ကျွန်ုပ်တို့၌ ကျေးဇူးတော်ကင်းမဲ့နေကြောင်းကို သတိပြုမိသောအခါ၊ ကျွန်ုပ်တို့သည် တစ်ဖန် ဆုတောင်းခြင်းရှိရန်နှင့် ဘုရားဆိုင်ရာလျှပ်စစ်ဓါတ်အားဖြင့် အားဖြည့်သွင်းရန် လိုအပ်သည်။ သို့မှသာ ကျွန်ုပ်တို့၏ နှုတ်သည် ကျေးဇူးတော်နှင့်ပြည့်စုံလိမ့်မည်ဖြစ်သည်။

၄း၅ ၌ ပေါလုက “ပြင်ပလူတို့ကိုထောက်လျက်၊ ပညာ၌ လျှောက်လှမ်း၍၊ ကာလ အချိန်ကို ရွေးနှုတ်ကြလော့” ဟုပြောဆိုထားသည်။ ဤသည်မှာ ဆုတောင်းခြင်း၌ ဇွဲလုံ့လ ရှိခြင်း၏ ရလဒ်ဖြစ်သည်။ ကျွန်ုပ်တို့သည် မခြားမလပ်ဆုတောင်းပြီး၊ ဘုရားသခင်ထံသို့ ကျေးဇူးတင်ခြင်းယဇ်ကို ပူဇော်ကာ၊ ကျေးဇူးတော်နှင့်ပြည့်စုံသည့်စကားပြောခြင်းရှိမည် ဆိုလျှင်၊ အလိုအလျောက်ပင် ကျွန်ုပ်တို့သည် အလွန်ပညာရှိသောသူများဖြစ်လာပြီး၊ အချိန် ကို မည်သို့ရွေးနှုတ်ရမည်ကို သိလာကြမည်ဖြစ်သည်။ ထို့ပြင် ကျွန်ုပ်တို့၏ နေ့စဉ်အသက် ရှင်ခြင်း၌ အချိန်ဖြုန်းခြင်း ရှိတော့မည်မဟုတ်ပါ (မည်သည့်အချိန်ကိုမျှ အလဟဿ ကုန်ဆုံးစေလိမ့်မည်မဟုတ်ပါ)။ ကျွန်ုပ်တို့သည် ဘုရားသခင်ထံသို့ ကျေးဇူးတင်ခြင်းနှင့် လည်းကောင်း၊ အခြားသူများထံသို့ ကျေးဇူးတော်နှင့်လည်းကောင်း ပြည့်စုံခြင်းရှိပါက၊ ဘုရားသခင်ကို ဘုန်းထင်ရှားစေပြီး၊ အခြားသူများကို တည်ဆောက်ပေးသောနည်းလမ်း၌ လျှောက်လှမ်းရန် ပညာကို ရရှိကြလိမ့်မည်ဖြစ်သည်။ ထိုအခါ ကျွန်ုပ်တို့၏ အချိန်ကိုလည်း ရွေးနှုတ်လိမ့်မည်ဖြစ်သည်။

ဆုတောင်းခြင်း၌ ဇွဲလုံ့လရှိခြင်းနှင့်စပ်လျဉ်းပြီး ကျွန်ုပ်တို့သည် ဆုတောင်းခြင်းရှိ သောသူများဖြစ်မည့်အကြောင်း သခင်ဘုရားနှင့်အတူ အလိုဆန္ဒရှိစွာဆက်ဆံဖြေရှင်းရန် နှင့် ကိုယ်တော့်အား ကတိသစ္စာပြုရန်ပင် လိုအပ်သည်။ အသင်းတော်တိုင်း၌ရှိသော သန့် ရှင်းသူများအားလုံးသည် သခင်ဘုရားနှင့်အတူ ဤကဲ့သို့ဆက်ဆံဖြေရှင်းခြင်းရှိမည်ဆိုပါ က၊ ပြန်လည်ရယူခြင်းသည် ကြီးစွာသောကြွယ်ဝခြင်းရှိပြီး၊ မြှင့်တင်ခြင်းခံရလိမ့်မည်ဖြစ် သည်။ ထို့အပြင် သန့်ရှင်းသူတို့သည် သခင်ဘုရားကို မွေ့လျော်ဝမ်းမြောက်ခြင်း၊ ကိုယ် တော်၏ မျက်မှောက်တော်၊ ကိုယ်တော်၏ ယခုချက်ချင်းဖြစ်သော၊ အဆက်မပြတ်ဖြစ်သော ဘိသိက်ပေးခြင်းကို မွေ့လျော်ဝမ်းမြောက်ခြင်းရှိလိမ့်မည်ဖြစ်သည်။ သူတို့သည် သခင် ဘုရား၏ အပြုံးမျက်နှာတော်ကို တစ်နေ့တာလုံး မွေ့လျော်ဝမ်းမြောက်ကြလိမ့်မည်။ ကျွန်ုပ်တို့သည် ဆုတောင်းခြင်း၌ ဇွဲလုံ့လရှိသောအခါ၊ ခရစ်တော်၏ အသက်ရှင်သော ပုဂ္ဂိုလ်တော်ကို တွေ့ကြုံခံစားခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်းရှိလာမည်ဖြစ်သည်။ (*Life-study of Colossians*, pp.583-584)

*ပို၍ဖတ်ရန်-* *New Life Lessons*, pp. 9-16

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ______________________

________________________________________________

________________________________________________

________________________________________________

________________________________________________

## *နံနက်ခင်းကျွေးမွေးခြင်း*

**ဧ၊၆း၁၈** **အမျိုးမျိုးသောဆုတောင်းခြင်းနှင့် အသနားခံတောင်းလျှောက်ခြင်းတို့ဖြင့် လက်ခံရယူ၍၊ အချိန်တိုင်း ဝိညာဉ်၌ ဆုတောင်းလျက်၊ သန့်ရှင်းသူအပေါင်းတို့အဖို့ ဇွဲလုံ့လရှိစွာ(ဇွဲလုံ့လအပြည့်)နှင့် အသနားခံတောင်းလျှောက်ခြင်း၌ စောင့်ကြည့်နေကြလော့။**

**မ၊၂၆း၄၁** **စုံစမ်းနှောင့်ယှက်ခြင်းနှင့်ကင်းလွတ်မည့်အကြောင်း ဆုတောင်းလျက် စောင့်နေကြလော့။ ဝိညာဉ်သည် ဆန္ဒရှိသော်ငြားလည်း၊ အသွေးအသားမူကား အားနည်းသည်ဟု ပေတရုအား မိန့်တော်မူပြီးမှ၊**

ဦးခေါင်းတော်၊ ခရစ်တော်ပေါ်တွင် ရေးသားထားသောကောလောသဲစာစောင်နှင့် ကိုယ်ခန္ဓာတော်ပေါ်တွင် ရေးသားထားသောဖေက်စာစောင်နှစ်ခုလုံးသည် တူညီသောတိုက်တွန်းချက်နှင့် အဆုံးသတ်ထားသည်…(ဧ၊၆း၁၈ရှိ) *အချိန်တိုင်း ဆုတောင်းလျက်* ဟူသည်မှာ တစ်နာရီခြားတစ်ခါ သို့မဟုတ် နာရီဝက်ခြားတစ်ခါ ဆုတောင်းရန်သာမက၊ အချိန်တိုင်းဆုတောင်းရန်ဟု ဆိုလိုသည်။ *အမျိုးမျိုးသောဆုတောင်းခြင်း* ဆိုသည်မှာ တိုတောင်းသောဆုတောင်းခြင်း၊ ရှည်လျားသောဆုတောင်းခြင်း၊ ကျယ်လောင်သောဆုတောင်းခြင်း၊ တိတ်ဆိတ်ငြိမ်သက်သောဆုတောင်းခြင်း၊ လူအများရှေ့၌ ဆုတောင်းခြင်း၊ သီးသန့်ဆုတောင်းခြင်း၊ တစ်ဦးတည်း ဆုတောင်းခြင်း၊ မြောက်များစွာသောသန့်ရှင်းသူများနှင့်ဆုတောင်းခြင်း စသည်ဖြင့် ဆုတောင်းခြင်းအမျိုးအစားအားလုံးကို ဆိုလိုသည်။ ဤသည်မှာ သင်ဆုတောင်းသောအချိန်တိုင်း ဤအရာများကို ပြုလုပ်ရန်လိုအပ်သည်ဟု မဆိုလိုဘဲ၊ သင်သည် အချိန်တိုင်း ဆုတောင်းရန် လိုအပ်ကြောင်း၊ မိနစ်တိုင်းပင် ဆုတောင်းရမည်ဖြစ်ကြောင်း ဆိုလိုခြင်းဖြစ်သည်။ စဉ်ဆက်မပြတ် ဆုတောင်းပါ၊ အချိန်တိုင်း ဝိညာဉ်၌ ဆုတောင်းလျက်၊ စောင့်ကြည့်နေပါ။ *စောင့်ကြည့်နေကြလော့* ဟူသည်မှာ အချိန်တိုင်း ဆုတောင်းလျက် ဟူသောစကားကို ပြန်လည်ရည်ညွှန်းသည်။ ဆိုလိုသည်မှာ သင်သည် ထိုကဲ့သို့သောဆုတောင်းခြင်းဆီသို့ တက်ကြွနိုးကြားနေရမည်ဖြစ်သည်။ သင်သည် အိပ်ပျော်ခြင်းမရှိသင့်ပေ။ ထိုကျမ်းပိုဒ်က "ဇွဲလုံ့လအပြည့်နှင့် စောင့်ကြည့်နေကြလော့"ဟူ၍ပင်ပြောဆိုထားသည်။ ယင်းမှာ ဇွဲလုံ့လရှိရုံမျှမဟုတ်ဘဲ၊ ဇွဲလုံ့လအပြည့်ရှိရမည်ဖြစ်ကြောင်း ဆိုလိုသည်။ သင်သည် စွဲမြဲစွာလုပ်ဆောင်ရမည်၊ အဆုံးစွန်ဆက်လက်တည်တံ့ခြင်းရှိရမည်ဖြစ်သည်။ ဤသည်မှာ သင့်ကိုဆွဲချရန်၊ နောက်သို့ပြန်ဆုတ်စေရန်၊ သင့်ကိုဖိနှိပ်၊ ထိန်းချုပ်ထားသော၊ စိတ်ပျက်အားလျော့စေသော၊ နှောင့်ယှက်ဟန့်တားနေသောတစ်စုံတစ်ရာရှိနေကြောင်း ညွှန်ပြသည်။ ထို့ကြောင့် သင်သည် ဇွဲလုံ့လရှိရမည်၊ စွဲမြဲခြင်းနှင့် ဆက်လက်တည်တံ့ခြင်းရှိရမည်ဖြစ်သည်။ သင်သည် စွန့်လွှတ်အရှုံးပေးခြင်းမရှိရပေ။ (*PerfectingTraining*,p.169)

## ယနေ့ဖတ်စရာ

(ဖေက်၊၆း၁၈)တွင် ပေါလုသည်လည်း ဆုတောင်းရန်နှင့် စောင့်ကြည့်ရန် ဟူသော စကားလုံးနှစ်ခုကို ပေါင်းစပ်ဖော်ပြထားသည်။ ဆုတောင်းခြင်းနှင့် စောင့်ကြည့်ခြင်း အကြောင်းအရာကို မဿဲစာစောင်၌ မျိုးကြဲချထားပြီး၊ ပေါလု၏ဩဝါဒစာ၌ ဖွံ့ဖြိုးတိုး တက်လာမှုကို ဤနေရာတွင် တွေ့ရှိရသည်။ ဖေက်စာစောင်သည် ကိုယ်ခန္ဓာတော်ပေါ် တွင် ရေးသားထားသောစာစောင်ဖြစ်ကြောင်း ကျွန်ုပ်တို့အားလုံးသိကြသည်။ ဖေက်စာ စောင်၏ဖွင့်ပြခြင်းအရ၊ ကျွန်ုပ်တို့သည် အသင်းတော်အသက်တာကို ရရှိရန်အတွက် ဆု တောင်းကြရမည်ဖြစ်သည်။ အသင်းတော်အသက်တာကို ရရှိရန်မှာ ကျွန်ုပ်တို့၏စဉ်ဆက် မပြတ်ဆုတောင်းခြင်းအပေါ် တွင် မူတည်သည်။ ဤစာစောင်လေးစောင်၌ရှိသည့် အခြား ကျမ်းပိုဒ်များကဲ့သို့ ၆၊၆း၁၈သည် အထူးပြုပုဒ်များစွာကို အသုံးပြုထားသည် "အမျိုး မျိုးသောဆုတောင်းခြင်း…တို့ဖြင့် အချိန်တိုင်း ဝိညာဉ်၌ ဆုတောင်းလျက်၊ အသနားခံ တောင်းလျှောက်ခြင်း၌…"။ ကျွန်ုပ်တို့သည် ဆုတောင်းကြရမည်ဖြစ်ပြီး၊ အသနားခံ တောင်းလျှောက်ခြင်း၌ စောင့်ကြည့်ကြရမည်ဖြစ်သည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် မိနစ်တိုင်း ဆုတောင်းကြရမည်ဖြစ်ပြီး၊ အိပ်မပျော်ဘဲ၊ သတိပြုနိုးကြားနေရမည်ဖြစ် သည်။ ကျွန်ုပ်တို့သည် ဤကဲ့သို့အဆက်မပြတ်ဖြစ်သောဆုတောင်းခြင်းဆီသို့ သတိပြုနိုး ကြားကြရမည်ဖြစ်ပြီး၊ ဤစောင့်ကြည့်ခြင်းသည် အမျိုးမျိုးသောအသနားခံတောင်း လျှောက်ခြင်း၌ဖြစ်သည်။

ကိုယ်တော့်ကို အသက်ရှင်ခြင်း၏ လျှို့ဝှက်ချက်မှာ စောင့်ကြည့်ခြင်း၊ သတိပြုနိုး ကြားခြင်းနှင့်ဆိုင်သော အကြောင်းအရာနှင့်ဆက်စပ်နေသည်။ မ၊ ၂၆း၄၁၌ "စုံစမ်းနှောင့် ယှက်ခြင်းနှင့်ကင်းလွတ်မည့်အကြောင်း ဆုတောင်းလျက် စောင့်နေကြလော့။ ဝိညာဉ် သည် ဆန္ဒရှိသော်ငြားလည်း၊ အသွေးအသားမူကား အားနည်းသည်"ဟုပြောဆိုထား သည်။ ဤကျမ်းပိုဒ်၌ *အားနည်းသည်* ဟူသောစကားလုံးမှာ *(ငိုက်မျဉ်း)အိပ်ချင်နေ သောဟု*အဓိပ္ပါယ်ရသည်။ *စောင့်ကြည့်သည်* ဟူသောစကားလုံး၌ အနည်းဆုံးအဓိပ္ပါယ် နှစ်မျိုးရှိသည်။ ပထမဆုံးအဓိပ္ပါယ်မှာ ကြည့်ရှုရန်၊ စောင့်ကြည့်ရန် သို့မဟုတ် စူးစမ်း သိမြင်ရန် ဖြစ်သည်။ ဒုတိယအဓိပ္ပါယ်မှာ အိပ်ပျော်ခြင်းမရှိရန်၊ သတိပြုနိုးကြားနေရန် ဖြစ်သည်။ *ဓမ္မသစ်ကျမ်းရှိ စကားလုံးများကို လေ့လာခြင်း*စာအုပ်ကို ရေးသားခဲ့သူ M. R. Vincent က *စောင့်ကြည့်သည်* ဟူသောစကားလုံးသည် အလေ့အကျင့်နှင့်ဆက်နွယ်နေ ကြောင်း ပြောဆိုထားသည်။ သူက ၎င်းသည် အပိုင်းနှစ်ပိုင်းပေါင်းစပ်ပါဝင်သော စကား လုံးမှ ဆင်းသက်လာကြောင်းပြောဆိုထားသည်။ ပထမအပိုင်း၏ အဓိပ္ပါယ်မှာ ရှာဖွေရန် သို့မဟုတ် ရှာဖွေရယူရန်ဖြစ်သည်။ ဒုတိယအပိုင်း၏ အဓိပ္ပါယ်မှာ အိပ်စက်သည်ဟုဆိုလို

သည်။ ထို့ကြောင့် ယင်းမှာ အိပ်စက်ခြင်းကို ရှာဖွေသည်ဟု အဓိပ္ပါယ်ရသည်။ သင်သည် အအိပ်မက်သောသူဖြစ်သည်။ သင်သည် အိပ်ပျော်နေသောသူဖြစ်သည်။ ပေတရုသည် အိပ်ပျော်နေပြီး၊ အိပ်စက်ရန်ဆန္ဒပြင်းပြလျက်ရှိသောကြောင့်၊ သခင်ယေရှုက "စောင့်နေကြလော့"ဟုပြောဆိုခဲ့ခြင်းဖြစ်သည်။ သခင်ယေရှုသည် ဆုတောင်းရန် သွားသောအချိန်တွင်၊ ပေတရုနှင့် အခြားသူများသည် အိပ်ပျော်နေခဲ့ကြသည်။ သခင်ယေရှုက သူတို့ကို စောင့်နေရန် ပြောဆိုသောအခါ၊ ယင်းမှာ မအိပ်နှင့်၊ နိုးလော့ ဟုပြောဆိုနေခြင်းဖြစ်သည်။ စကားအဆက်အစပ်အရ ဤနေရာတွင် ပြောဆိုနေသည်မှာ သူတို့၏ ဝိညာဉ်သည် ဆန္ဒရှိသော်ငြားလည်း၊ သူတို့၏ အသွေးအသားမှာ ငိုက်မျဉ်းနေပြီး၊ အားနည်းနေကြောင်းကို ဆိုလိုသည်။ ထို့ကြောင့် Vincent က သတိပြုစောင့်ကြည့်ခြင်းနှင့်စပ်လျဉ်းသည့် အကြောင်းအရာမှာ အလေ့အကျင့်တစ်ခုဖြစ်ရမည့်အကြောင်း ပြောဆိုထားသည်။ သခင်ယေရှုသည် *ဆုတောင်းလျက်၊ စောင့်နေကြလော့* ဟူ၍ စကားလုံးနှစ်ခုကို အတူတကွပေါင်းစပ်ထားသည်။

သခင်ဘုရား၏စကားတော်အရ ကျွန်ုပ်တို့အားလုံးသည် ငိုက်မျဉ်းနေကြသော ပုဂ္ဂိုလ်များဖြစ်သည်။ သင်သည် ရုပ်ပိုင်းဆိုင်ရာ၌ အိပ်ပျော်ခြင်းမရှိလျှင်လည်း၊ ဝိညာဉ်ပိုင်းဆိုင်ရာ၌ အိပ်ပျော်နေသည်။ ထို့ပြင် အကြိမ်ပေါင်းများစွာပင် သင်သည် စိတ်ပိုင်းဆိုင်ရာ၌ အိပ်ပျော်နေသည်။ ကျွန်ုပ်စကားပြောနေစဉ်အတွင်း၊ အချို့သည် ရုပ်ပိုင်းဆိုင်ရာ၌ အိပ်ပျော်နေပြီး၊ အခြားသူများသည် စိတ်ပိုင်းဆိုင်ရာ၌ အိပ်ပျော်နေသည်။ ဆိုလိုသည်မှာ သူတို့၏ အသိဉာဏ်၊ အာရုံစိုက်မှု၊ ကြားနာခြင်းနှင့် နားလည်သဘောပေါက်မှုကင်းမဲ့နေခြင်းဖြစ်သည်။ အချို့အချိန်များတွင် သင်သည် ဝိညာဉ်ပိုင်းဆိုင်ရာ၌ အိပ်ပျော်နေသည်။ ဆိုလိုသည်မှာ သင်၏ သိမြင်နားလည်ခြင်းသည် ထုံထိုင်းအိပ်ပျော်နေသည်ဟု ဆိုလိုသည်။ မခြားမလပ်ဆုတောင်းသောလူပုဂ္ဂိုလ်တစ်ဦးဖြစ်ရန် သင်သည် သတိပြုစောင့်ကြည့်သောသူ၊ သင်၏ အိပ်ပျော်နေသောသဘောသဘာဝနှင့် ဖြစ်ခြင်းကို ဆန့်ကျင်တိုက်ခိုက်ပြီး၊ လုံးလုံးနိုးကြားသောသူတစ်ဦးဖြစ်ရမည်။ သင်သည် မည်ကဲ့သို့ ဆန့်ကျင်တိုက်ခိုက်မည်နည်း။ အသနားခံတောင်းလျှောက်ခြင်းအားဖြင့် ဖြစ်သည်။ ဆုတောင်းခြင်းသည် ယေဘုယျအကြောင်းအရာဖြစ်ပြီး၊ အသနားခံတောင်းလျှောက်ခြင်းသည် အထူးစေ့စပ်သေချာသောအကြောင်းအရာဖြစ်သည်။ သင်သည် သင် ယေဘုယျအားဖြင့် ဆုတောင်းသောအကြောင်းအရာကို အထူးအသနားခံတောင်းလျှောက်ခြင်းအားဖြင့် စောင့်ကြည့်ရမည်ဖြစ်သည်။ (*Perfecting Training*, pp. 168-171)

*ပို၍ဖတ်ရန်-* *Perfecting Training*, ch. 14;*The PrayerMinistry of the Church*, ch. 5

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ———————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**၁သက်၊၅း၆ သို့ဖြစ်၍ အခြားသောသူတို့သည် အိပ်ပျော်သကဲ့သို့၊ ငါတို့သည်အိပ်မပျော်ဘဲ သတိရှိ၍ တည်ကြည်လျက် စောင့်ကြကုန်အံ့။**
**၁၇ မခြားမလပ်ဆုတောင်းပဌနာပြုကြလော့။**
**ရော၊၁း၉ ငါသည် သားတော်၏ဧဝံဂေလိတရားအမှုတော်ကို ငါ၏ဝိညာဉ်၌ဆောင်ရွက်၍၊ အစဉ်မပြတ် ဆုတောင်းသည်တွင် သင်တို့ကို မခြားမလပ်အောက်မေ့ကြောင်း ဘုရားသခင်သည် ငါ၏သက်သေဖြစ်တော်မူ၏။**

သခင်ယေရှုက ဆုတောင်းလျက်၊ စောင့်နေကြလော့ ဟုသာ ပြောဆိုခဲ့သော်လည်း၊ ပေါလုက ယင်းကို များစွာဖွံ့ဖြိုးတိုးတက်စေခဲ့သည်။ ပေါလု၏ပြောဆိုခြင်းမှာ သခင်ဘုရား၏ပြောဆိုခြင်းနှင့်ကိုက်ညီမှုရှိသည်။ သခင်ဘုရားက "ဝိညာဉ်သည် ဆန္ဒရှိသည်" (မ၊၂၆း၄၁) ဟုပြောဆိုခဲ့ပြီး၊ ပေါလုက "အချိန်တိုင်း ဝိညာဉ်၌ ဆုတောင်းလျက်" (ဧ၊၆း၁၈)ဟု ပြောဆိုခဲ့သည်။ ပေါလု၏စကားက ကျွန်ုပ်တို့၏ အသွေးအသားကို မေ့ထားသင့်ကြောင်း ညွှန်ပြသည်။ သင်သည် သင်၏ကိုယ်ခန္ဓာကို များစွာအိပ်စက်ရန် ခွင့်မပြုသင့်သော်လည်း၊ သင်၏ဝိညာဉ်ကိုမူ များစွာဆုတောင်းစေရမည်ဖြစ်သည်။ သို့သော်လည်း တစ်နေ့လုံးနီးပါး ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ခန္ဓာနှင့် စိတ် တစ်ခုခုအားဖြင့် ဖိနှိပ်ထိန်းချုပ်ခြင်းကို ခံရကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ဝိညာဉ်အား ကျွန်ုပ်တို့၏ခန္ဓာနှင့် စိတ်ကိုကျော်လွှားရန် နိုးထလာစေရမည်ဖြစ်သည်။ ထိုအခါ ကျွန်ုပ်တို့သည် ဆုတောင်းခြင်းပြုနိုင်ပြီး၊ အမျိုးမျိုးသောအသနားခံတောင်းလျှောက်ခြင်း၌ စောင့်ကြည့်နိုင်မည်ဖြစ်သည်။ ယင်းသည် သင့်ကို ခြေကုန်လက်ပန်းကျစေမည်မှာ အမှန်ဖြစ်သော်လည်း၊ သင်သည် လေ့ကျင့်လုပ်ဆောင်ရန် လိုအပ်သည်။ သင်သည် ခွန်အားကိုရရှိလိုပါက၊ သင်၏ခွန်အားကို အသုံးပြုရမည်ဖြစ်သည်။ သင်၏မော်တော်ကားကို အချိန်ကာလတစ်ခုအတွင်း အသုံးပြုခြင်းမရှိပါက၊ ဘက်ထရီသည် အားနည်းသွားလိမ့်မည်ဖြစ်သည်။ ကားမောင်းနေစဉ်အတွင်း ယင်းသည် ဘက်ထရီကို အားကုန်စေသော်လည်း၊ တစ်ဘက်တွင်ယင်းသည် ဘက်ထရီကို အားသွင်းပေးနေခြင်းလည်းဖြစ်သည်။ သင်သည် ခွန်အားကိုမည်သို့ပို၍ရရှိနိုင်မည်နည်း။ လေ့ကျင့်လုပ်ဆောင်ခြင်းအားဖြင့်ဖြစ်သည်။ သင်သည် ယနေ့ ဆုမတောင်းပါက၊ နောက်တစ်နေ့တွင်လည်း ဆုတောင်းနိုင်မည်မဟုတ်ပါ။ သင်သည် နံနက်ခင်းတွင် ဆုမတောင်းပါက၊ နေ့လည်ခင်း သို့မဟုတ် ညနေခင်းတွင်လည်း

ဆုတောင်းနိုင်မည်မဟုတ်ပါ။ ဆုတောင်းချိန်တစ်ချိန်သည် သင့်ကို နောက်ထပ်နှစ်ကြိမ် ဆုတောင်းရန် ခွန်အားပေးလိမ့်မည်ဖြစ်သည်။ နှစ်ကြိမ်ဆုတောင်းခြင်းသည် သင့်ကို လေးကြိမ်ဆုတောင်းရန် ခွန်အားပေးလိမ့်မည်ဖြစ်သည်။ သင်သည် ပို၍ဆုတောင်းလေလေ၊ ပို၍ဆုတောင်းခြင်းရှိလာလေလေ၊ ဆုတောင်းရန် ပို၍နှစ်သက်လာလေလေဖြစ်ကာ၊ ဆုတောင်းရန် ပို၍တတ်စွမ်းနိုင်လေလေဖြစ်သည်။ (*PerfectingTraining*,p.171)

## ယနေ့ဖတ်စရာ

ခရစ်တော်ကို အသက်ရှင်ရန်၊ သခင်ဘုရားနှင့်အတူ တစ်ဝိညာဉ်တည်းရှိခြင်းကို လက်တွေ့လုပ်ဆောင်ရန်မှာ စဉ်ဆက်မပြတ်ဖြစ်သော၊ မခြားမလပ်ဆုတောင်းခြင်းအားဖြင့်ဖြစ်သည်။ ထိုကဲ့သို့သောဆုတောင်းခြင်းအသက်တာကို ရရှိရန်အတွက် ကျွန်ုပ်တို့အားလုံးသည် စောင့်ကြည့်ရန် သင်ယူကြရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် နိုးထခြင်းရှိရန်လည်း သတိပြုနိုးကြားနေရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဤကဲ့သို့သောဆုတောင်းခြင်းကို စောင့်ကြည့်ကြရမည်ဖြစ်သည်။ သင်၏ အတွင်း၌ ဆုတောင်းရန် ဆန္ဒမရှိသော တစ်စုံတစ်ခုရှိနေကြောင်းကိုတွေ့ရှိသောအခါ၊ သင်သည် ၎င်းကို ဆန့်ကျင်တိုက်ခိုက်ရမည်ဖြစ်သည်။ သင့်အတွင်းရှိ တစ်စုံတစ်ရာက သင့်ကို ဆုမတောင်းရန်ပြောသောအခါ၊ သင်သည် နှစ်ကြိမ်တိုး၍ဆုတောင်းရမည်ဖြစ်သည်။ သင်က သင်၌ဆုတောင်းစရာ ဘာမျှမရှိပါဟု ပြောဆိုကောင်း ပြောဆိုမည်ဖြစ်သော်လည်း၊ ပေါလုက ကျွန်ုပ်တို့၌ ဆုတောင်းစရာများစွာရှိကြောင်း ပြောဆိုထားသည်။ သူက သန့်ရှင်းသူအပေါင်းတို့အဖို့ အချိန်တိုင်း ဝိညာဉ်၌ ဆုတောင်းလျက်၊ ဇွဲလုံ့လအပြည့်နှင့် အသနားခံတောင်းလျှောက်ခြင်း၌ စောင့်ကြည့်ရမည့်အကြောင်း ပြောဆိုခဲ့သည်။

ကျွန်ုပ်တို့သည် ဧ၊၆း၁၈ ကို သတိရရမည်ဖြစ်သည်– "အမျိုးမျိုးသောဆုတောင်းခြင်းနှင့် အသနားခံတောင်းလျှောက်ခြင်းတို့ဖြင့် လက်ခံရယူ၍၊ အချိန်တိုင်း ဝိညာဉ်၌ ဆုတောင်းလျက်၊ သန့်ရှင်းသူအပေါင်းတို့အဖို့ဇွဲလုံ့လအပြည့်နှင့် အသနားခံတောင်းလျှောက်ခြင်း၌ စောင့်ကြည့်နေကြလော့။ ဤကဲ့သို့သောဆုတောင်းခြင်းအသက်တာမျိုးကို ရရှိရန် ကျွန်ုပ်တို့အတွက် ဖြစ်နိုင်ချေများစွာရှိကြောင်းကို ကျွန်ုပ်တို့ဝန်ခံကြရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့၏ပတ်ဝန်းကျင်နှင့် ကိုယ်ပိုင်အသက်တာ၌ ဆုတောင်းရမည့်အရာများစွာရှိသောကြောင့်ဖြစ်သည်။ သခင်ဘုရား၏ပြန်လည်ရယူခြင်း၌ရှိသော သန့်ရှင်းသူအားလုံး၌ ဆုတောင်းရန် ပြင်းပြသောဆန္ဒရှိကြမည်ဖြစ်ကြောင်း ကျွန်ုပ်ယုံကြည်စိတ်ချမှုရှိပါသည်။ သခင်ဘုရား၏ပြန်လည်ရယူခြင်း၌ သန့်ရှင်းသူတို့သည် ဆုတောင်းသောလူများဖြစ်ကြသည်။ လွန်ခဲ့သောအချိန်တွင် သင်သည် အခြားတစ်နေရာ၌

ရှိခဲ့ကောင်းရှိခဲ့မည်ဖြစ်ပြီး၊ ဆုတောင်းရန် ပြင်းပြသောဆန္ဒမရှိခဲ့ပေ။ သို့သော် သင်သည် သခင်ဘုရား၏ပြန်လည်ရယူခြင်းအထဲသို့ရောက်လာပြီးနောက်တွင် ဆုတောင်းရန် စတင်ဆန္ဒပြင်းပြလာခဲ့သည်။ သင်သည် အထက်ဖော်ပြပါအတိုင်းအတာအထိ အောင်မြင်မှုမရှိသေးသော်လည်း၊ သင်၌ ဆုတောင်းရန် အာသာဆန္ဒပြင်းပြမှုရှိနေဆဲဖြစ်သည်။ ယခုကျေးဇူးပြု၍ ထိုပြင်းပြသောအာသာဆန္ဒကို လက်တွေ့လုပ်ဆောင်ပါ။ သင်ပို၍ဆုတောင်းလေလေ၊ ဆုတောင်းရန် အာသဆန္ဒပြင်းပြလေလေဖြစ်သည်။ ယင်းမှာ အလွန်ခက်ခဲမှုမရှိကြောင်း ကျွန်ုပ် သင့်ကို အာမခံနိုင်ပါသည်။ ခရစ်တော်ကို အသက်ရှင်ခြင်း၏အလေ့အကျင့်မှာ ဆုတောင်းခြင်း၏ အလေ့အကျင့်ဖြစ်သည်။ ဆုတောင်းခြင်း၏ အလေ့အကျင့်ကို တည်ဆောက်ယူရန် အလွန်မခက်ခဲပါ။ ဤအရာကို သင်ကိုယ်တိုင် လေ့ကျင့်လုပ်ဆောင်ပါ၊ အဆုံးတွင် သင်သည် ဤကဲ့သို့သောဆုတောင်းခြင်းအသက်တာ ရှိလာစေရန် အခြားသူများစွာတို့ကို ကူညီပေးနိုင်သည့် နည်းပြကောင်းတစ်ဦးဖြစ်လာလိမ့်မည်။ နှစ်အနည်းငယ်ကြာပြီးနောက်တွင် သခင်ဘုရား၏ပြန်လည်ရယူခြင်း၌ရှိသည့် များစွာသောသန့်ရှင်းသူတို့သည် ခရစ်တော်ကို အသက်ရှင်ရန်၊ သခင်ဘုရားနှင့်အတူ တစ်ဝိညာဉ်တည်းဖြစ်ခြင်းကို လက်တွေ့လုပ်ဆောင်ရန်အတွက် ဤကဲ့သို့သောဆုတောင်းခြင်းအသက်တာရှိလာဖို့ လေ့ကျင့်သင်ကြားပေးခြင်းခံရလိမ့်မည်ဖြစ်ကြောင်း ကျွန်ုပ်စိတ်ချယုံကြည်မှုရှိပါသည်။

မခြားမလပ်ဆုတောင်းရန်နှင့် ကျွန်ုပ်တို့မခြားမလပ်ဆုတောင်းနိုင်ရန် နည်းလမ်းမှာ ဤသို့ဖြစ်သည်။ တစ်နေ့တာပတ်လုံး သင်သည် ကိုယ်တော့်ကို ခေါ် ရမည်၊ ကိုယ်တော့်ကို စကားပြောရမည်ဖြစ်သည်။ ဤအရာအားဖြင့် သင်သည် အသက်ရှုနေခြင်းဖြစ်သည်။ ယင်းမှာ ဝိညာဉ်ပိုင်းဆိုင်ရာ အသက်ရှင်ခြင်းဖြစ်ပြီး၊ ဝိညာဉ်ပိုင်းဆိုင်ရာအသက်ရှင်ခြင်းမှာ ခရစ်တော်ကို အသက်ရှင်ခြင်းပင်ဖြစ်သည်။ ဤကဲ့သို့သောမိတ်သဟာယဖွဲ့ခြင်းမှာ အမှတ်လက္ခဏာကို ထိမိလှကြောင်း ကျွန်ုပ်ယုံကြည်ပါသည်။ သင်သည် ဤအချက်သို့ လှည့်ပြန်လာရမည်–သင်သည် အရာအားလုံးကို သခင်ဘုရားထံသို့ စကားပြောခြင်း၊ ကိုယ်တော့်ကို ဆုတောင်းခြင်း၊ ကိုယ်တော့်ကို ခေါ်ခြင်းအားဖြင့် လုပ်ဆောင်ရမည်ဖြစ်သည်။ ဤသည်မှာ ကိုယ်တော့်ကို အသက်ရှင်နိုင်ရန်အတွက် အသက်ရှုခြင်းဖြစ်သည်။ (*Perfecting Training*, pp. 174-175, 186-187)

*ပို၍ဖတ်ရန်- Perfecting Training*, ch. 15

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ———————————————————

————————————————————————————————

————————————————————————————————

## *Hymns,* # E- 255, M-72, K-210

၁။ အိုသခင်၊ဝိညာဉ်တော်မှုတ်ပါ
ကိုယ်တော်ကို ရှုသွင်းစေပါ
ကျွန်ုပ်ကို အတ္တ၊ အပြစ်မှ
ရင်ခွင်တော်သို့ ရောက်စေပါ။
ဝမ်းနည်းခြင်းကို ကျွန်ုပ်မှုတ်ထုတ်
အပြစ်ကို မှုတ်ထုတ်
ကိုယ်တော်၏ပြည့်ဝခြင်းအားလုံး
ကျွန်ုပ်ရှုသွင်းပြီ။

၂။ ကျွန်ုပ်အသက်တာကို မှုတ်ထုတ်
သို့မှကိုယ်တော်နှင့် ပြည့်မည်
ခွန်အားနှင့် အားနည်းခြင်းသွားစေ
ကိုယ်တော့်အသက်ကို ရှုသွင်း။

၃။ အပြစ်ပြည့်ဝခြင်းကို မှုတ်ထုတ်
ကျွန်ုပ်တွက် ကိုယ်တော်ယူဆောင်
သန့်ရှင်းခြင်းပြည့်ဝ ရှုသွင်းမည်
ကိုယ်တော်၌ ကျွန်ုပ်ရှိပြီ။

၄။ ဝမ်းနည်းခြင်းကို ကျွန်ုပ်မှုတ်ထုတ်
ရင်ခွင်တော် ကြင်နာ၊ ညင်သာ
ကိုယ်တော့်ဝမ်းမြောက်ခြင်း၊ နှစ်သိမ့်ခြင်း
ငြိမ်သက်၊ နားခိုခြင်း ရှုသွင်း။

၅။ ကျွန်ုပ်၏ဖျားနာခြင်း မှုတ်ထုတ်
ကိုယ်တော်ဝန်ဆောင်ပေးမှုပြီ
ရောဂါငြိမ်းခြင်းကို ရှုသွင်းမည်
ထာဝရအသစ်ဖြစ်ရ။

၆။ ကျွန်ုပ်တမ်းတခြင်းများ မှုတ်ထုတ်
ချစ်ဖွယ်ရာနားဖြင့်နားထောင်
ကိုယ်တော်၏စကားတော် ရှုသွင်း
စိုးရိမ်၊ သံသယကင်းရှင်း။

၇။ အချိန်တိုင်းအသက်ရှူရှင်မည်
ကျွန်ုပ်အသက်တာ ကိုယ်တော်
ကိုယ်တော်ကို ရှူသွင်းအသက်ရှင်
ဝိညာဉ်တော်မှုတ်သွင်းမှုပါ။

***ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ***

# ဘုရားသခင့်စီမံကိန်း၏ကြီးမားသောဘီးရွေ့လျားမှု၌ သုံးပါးတစ်ပါးဘုရားနှင့်တစ်လုံးတစ်ဝဖြစ်ခြင်း

ဖတ်ရန်ကျမ်း။ ။ယေဇ၊၁း၁၅–၂၁။ ယာကုပ်၊၅း၁၇။ ယော၊၁၄း၁၂–၁၃။ ၁၅း၇။ မ၊၆း၉–၁၀။ ဗျာ၊၁၁း၁၅။

*Day 1* **I. လုယူဖျက်ဆီးသောရန်သူ၏လက်မှ မြေကြီးကို ဘုရားပြန်လည်ရယူနိုင်ရန်အတွက် ကျွန်ုပ်တို့သည် လူ့ဇာတိခံသော အလေ့အလာ၌ ကိုယ်တော်နှင့် အပြည့်အဝပူးပေါင်းလုပ်ဆောင်ရန်နှင့် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်သည်– က၊၁း၂၆၊၂၈။ မ၊၆း၉–၁၀။ ၁ကော၊၆း၁၇။**

က။ သခင်ဘုရားသည် မြေကြီးကို ပြန်လည်ရယူပြီး၊ နိုင်ငံတော်ကို မြေကြီးပေါ်တွင် တည်ထောင်ပြီးစီးလိုသည်။ သို့သော် ဤအရာကို လုပ်ဆောင်ရန်အတွက် ကိုယ်တော်သည် လူ့ဇာတိခံခြင်းအလေ့အလာအတိုင်း ကိုယ်တော်နှင့်တစ်လုံးတစ်ဝဖြစ်ရန် ကျွန်ုပ်တို့ကို လိုအပ်နေသည်– ဗျာ၊၁၁း၁၅။ ၁၂း၁၀။ ၁ကော၊၆း၁၇။ ၇း၁၀၊ ၂၅၊ ၄၀ခ။

၁။ ကျွန်ုပ်တို့သည် ကိုယ်တော်၏စိတ်နှလုံးအလိုဆန္ဒ၌သော်လည်းကောင်း၊ မြေကြီးပေါ် ကိုယ်တော်၏အကြံအစည်တော်ကို သယ်ဆောင်ရာ၌သော်လည်းကောင်း သခင်ဘုရားနှင့်တစ်လုံးတစ်ဝရှိရန် လိုအပ်သည်–ဧ၊၁း၁၁။ ၃း၉–၁၁။ ဖိ၊၂း၁၃။

၂။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ရွေ့လျားလုပ်ဆောင်မှု၌ ဘုရားနှင့်တစ်လုံးတစ်ဝရှိရန် လိုအပ်သည် – အသက်၌၊ အသက်ရှင်ခြင်း၌၊ မြေကြီးပေါ် ကျွန်ုပ်တို့၏လုပ်ဆောင်ခြင်းတစ်ခုလုံး၌ ကိုယ်တော်နှင့်တစ်လုံးတစ်ဝရှိခြင်း – ၁ကော၊၆း၁၇။ ယော၊၁၅း၁၊ ၄–၅၊ ၇၊ ၁၆။

ခ။ ကျွန်ုပ်တို့သည် မြေကြီးပေါ်၌ အလိုတော်ပြီးမြောက်ပြည့်စုံစေရန်အတွက် ကိုယ်တော့်စီမံကိန်း၏ကြီးမားသောဘီးလှုပ်ရှားလုပ်ဆောင်မှု၌ သုံးပါးတစ်ပါးဘုရားနှင့်တစ်လုံးတစ်ဝရှိရန် လိုအပ်သည်–မ၊၆း၉–၁၀။ ဗျာ၊၄း၁၁။ ကော၊၄း၁၂။

*Day 2* II. **ယေဇ၊ ၁း၁၅–၂၁ ၌ ဘုရားသခင်၏စီမံကိန်းသည် ကြီးမားသော ဘီးနှင့်တူသည်။**

က။ ကြီးမားသောဘီးသည် စကြဝဠာ၌ ဘုရားသခင်၏လှုပ်ရှားလုပ်ဆောင်မှုဖြစ်သည်။ ဘုရားသခင်လှုပ်ရှားလုပ်ဆောင်ရာ၌ နည်းလမ်းဖြစ်သော ဤဘီးသည် ခရစ်တော်နှင့် အသင်းတော်ဖြစ်သည်– ဧ၊ ၅း၃၂။

ခ။ ဤကြီးမားသောဘီး၏ဗဟိုချက်သည် ဘုရားစီမံကိန်း၏ အလယ်ဗဟိုတည်းဟူသောခရစ်တော်ကို ပုံဆောင်ပြီး၊ ဘီးအနားဝန်းသည် ယေရုရှလင်မြို့သစ်ကို ပြီးမြောက်ပြည့်စုံစေမည့် ခရစ်တော်၏ အဖော်အဖက်တည်းဟူသော အသင်းတော်ကို ပုံဆောင်သည်– ကော၊ ၁း၁၇–၁၈။ ဧ၊ ၁း ၂၂–၂၃။ဗျာ၊ ၂၁း ၂၊ ၁၀–၁၁။

ဂ။ ခရစ်တော်၏ အင်္ဂါဝင်များအနေဖြင့် များစွာသောယုံကြည်သူများသည် ခရစ်တော်၏ ကိုယ်ခန္ဓာတော်တည်းဟူသော အနားဝန်းသို့ ပျံ့နှံ့နေသည့် ဗဟိုချက်၏စပုတ်တိုင်များဖြစ်သည် – ဧ၊ ၅း ၃၀။ ၁ကော၊ ၁၂း၁၂–၁၃၊ ၂၀၊ ၂၇။

ဃ။ ဤကြီးမားသောဘီးသည် ဘုရားသခင်၏ စီမံကိန်းမျှသာမဟုတ်ဘဲ၊ ဘုရားသခင့်စီမံကိန်း၏ လှုပ်ရှားလုပ်ဆောင်မှုလည်း ဖြစ်သည်– ၁တိ၊ ၁း၄။ ဧ၊ ၁း၁၀။ တ၊ ၁၃း၁–၄။

   ၁။ ကမ္ဘာဦး ၁ မှ ယခုမျက်မှောက်ကာလတိုင်အောင်၊ ဤဘီးသည် စဉ်ဆက်မပြတ်ရွေ့လျားသွားလာနေသည် – တ၊ ၁၇း၁–၆။ ရော၊ ၁၅း၁၈–၁၉။

   ၂။ ဘုရားသခင့်စီမံကိန်း၏ လှုပ်ရှားလုပ်ဆောင်မှုသည် ဘယ်သောအခါမျှ ရပ်တန့်ခြင်းမရှိသောကြောင့်၊ ယနေ့ ဤကြီးမားသောဘီးသည် ကျွန်ုပ်တို့ထံသို့ ရောက်ရှိလာခဲ့ပြီးဖြစ်သည်– တ၊ ၂၈း၃၁။

   ၃။ ခေတ်ကာလတိုင်းနှင့် မျိုးဆက်တိုင်း၌ ဘုရားသခင့်စီမံကိန်း၏ ဘီးသည် မြေကြီးပေါ်တွင် ရွေ့လျားလုပ်ဆောင်လျက်ရှိသောကြောင့်၊ ယခု ကျွန်ုပ်တို့အားလုံးသည် ဤကြီးမားသောဘီး၏ ရွေ့လျားလုပ်ဆောင်ခြင်းတွင် ပါဝင်သောအစိတ်အပိုင်းဖြစ်ကြသည်။

*Day 3* III. **ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာစီမံကိန်း၏ကြီးမားသောဘီးလှုပ်ရှားလုပ်ဆောင်မှုအတွက် ဆုတောင်းရန် သခင်ဘုရားနှင့်တစ်လုံးတစ်ဝတည်းဖြစ်ဖို့ လိုအပ်သည်– မ၊၆း၉–၁၀။ ယော၊၁၄း၁၂–၁၃။ ယာ၊၅း၁၇။**

က။ စစ်မှန်သောဆုတောင်းခြင်း၌ ဆုတောင်းသောသူသည် ဘုရားသခင်နှင့် အတူ ပူးပေါင်းလုပ်ဆောင်ရုံသာမက၊ သူ့အတွင်းမှလည်းကောင်း၊ သူ့အားဖြင့်လည်းကောင်း ဘုရားကိုယ်တော်တိုင်နှင့် ကိုယ်တော်၏ အလိုဆန္ဒကို ထင်ရှားဖော်ပြရန် ဘုရားသခင်ကို အခွင့်ပေးပြီး၊ အဆုံးစွန်အနေဖြင့် ဘုရားသခင်၏ အကြံအစည်တော်ကို ပြီးမြောက်ပြည့်စုံစေသည် – ယော၊၁၅း၇။ ယာ၊၅း၁၇။

ခ။ "သခင်နှင့်တူ အားထုတ်ရန် ဆုတောင်း၊ ဘီးစတင်ရွေ့သည့်တိုင်"– ဓမ္မသီချင်း၊ E # 786၊ စာပိုဒ် ၅။

၁။ "ကိုယ်တော်တွက် လမ်းပွင့်ရန်ဆုတောင်း၊ ကိုယ်တော့်ကို ရွေ့စေရန်နှင့် လိုက်ပါရွေ့လျားရန်ဆုတောင်း၊ ဗဟိုချက်မှ အနားဝန်းဆီသို့"– စာပိုဒ် ၁။

၂။ "သခင့်ကို အစပြုခွင့်ပေး၊ စီမံရာအလုပ်အားလုံး၊ သို့မှ ကျွန်ုပ်တို့အားဖြင့် လုပ်ဆောင်တော်မူလိမ့်မည်"– စာပိုဒ် ၄။

၃။ "ကိုယ်တော်နှင့်ထပ်တူဖြစ်၊ ကြံစည်တော်နှင့် ရည်ရွယ်ရာ၌၊ ကိုယ်တော့်ကောင်းကြီးပြည့်လျှံသည့်တိုင်"– စာပိုဒ် ၂။

*Day 4* IV. **ဘုရားဆိုင်ရာစီမံကိန်းကို သယ်ဆောင်ရန် ဘုရားသခင်၏လှုပ်ရှားလုပ်ဆောင်မှုသည် ယေဇ၊၁း၁၅–၂၁၌ ပုံဖော်ပြသထားသည့် မြင့်၍ကြောက်မက်ဖွယ်ဖြစ်သောဘီးများ၏ ရွေ့လျားသွားလာခြင်းအားဖြင့်ဖြစ်သည်။**

က။ ဘီးများ၏ ရွေ့လျားသွားလာခြင်းသည် ကိုယ်တော်၏ ထာဝရအကြံအစည်တော်အတွက် ကျွန်ုပ်တို့၏ ခွန်အား၊ တန်ခိုးနှင့် မစထောက်ပံ့ရာတည်းဟူသော ကိုယ်တော့်အားဖြင့် သခင်ဘုရား၏ အထူးဖြစ်သော၊ သာမန်ထက်လွန်ကဲသော လှုပ်ရှားလုပ်ဆောင်မှုဖြစ်သည်– cf. အငယ်၊၅–၈၊၁၉–၂၀။

၁။ ကျွန်ုပ်တို့၏ ဘုရားသခင်သည် အသက်ရှင်၍ (၁တိ၊၃း၁၅။

ဟေဗြဲ၊၃း၁၂)၊ ကျွန်ုပ်တို့၏သခင်ဘုရားသည် လှုပ်ရှား လုပ်ဆောင်လျက်ရှိပြီး (မ၊၁၆း၁၈)၊ ဝိညာဉ်တော်သည် ဘုရား သခင်၏ထာဝရစီမံကိန်းကို သယ်ဆောင်ရန် လုပ်ဆောင်နေ သည် (ဗျာ၊၅း၆ခ)။

၂။ ဒေသန္တရအသင်းတော်တိုင်းနှင့် ယုံကြည်သူတစ်ဦးစီတိုင်း၌ သူတို့နှင့်အတူ မြင့်၍ ကြောက်မက်ဖွယ်ဖြစ်သောဘီး ရှိသင့်ပါ သည် – cf. တ၊၁၃း၁–၄။

ခ။ မြေကြီးပေါ်တွင် မြင့်၍ ကြောက်မက်ဖွယ်ဖြစ်သောဘီးများ ရှိနေ ခြင်းမှာ ဘုရားသခင်သည် မြေကြီးပေါ်၌ လှုပ်ရှား လုပ်ဆောင်မှုရှိရန် လိုအပ်နေကြောင်းကို ပြသသည်–ယေဇ၊၁း၁၅။ မ၊၆း၁၀။

၁။ ဘီးများ၌ ကျောက်မျက်ရွဲအဆင်းအရောင်ရှိနေခြင်းမှာ ဘီး များ သွားလာသောနေရာတိုင်းတွင် သခင်ဘုရား၏ အဆင်း အရောင်ကို ယူဆောင်လာကြောင်း ရည်ညွှန်းသည် – ယေဇ၊ ၁း၁၆က။ ဒံ၊၁၀း၆။

၂။ ဘီးများသည် အဆင်းအရောင်တစ်ညီတည်းရှိခြင်းမှာ သခင် ဘုရား၏ လှုပ်ရှားလုပ်ဆောင်မှုသည် အသင်းတော်တိုင်း၌ တူညီသောအသွင်သဏ္ဌာန်နှင့် အဆင်းအရောင်ရှိကြောင်းကို ညွှန်ပြသည်– ယေဇ၊၁း၁၆ခ။ cf. ဗျာ၊၁း၁၂။ ၁သက်၊၂း၁၄။

၃။ သွားသောအခါ ဘီးလေးမျက်နှာတို့သည် တစ်ညီတည်းဖြစ်၍ မလည်ဘဲ သွားတတ်ကြခြင်းမှာ ညှိနှိုင်းဆောင်ရွက်ခြင်း၌ရှိ သော လှုပ်ရှားလုပ်ဆောင်မှုကို ညွှန်ပြသည်– ယေဇ၊၁း၁၇။

၄။ မြင့်၍ ကြောက်မက်ဖွယ်ဖြစ်သောဘီးတို့၏ အနားဝန်းတို့၌ မျက်စိနှင့်ပြည့်နေခြင်းမှာ ကျွန်ုပ်တို့သည် ကိုယ်တော်၏လှုပ် ရှားလုပ်ဆောင်မှု၌ သခင်ဘုရားနှင့် တစ်လုံးတစ်ဝတည်းရှိနေ ပါက၊ ကိုယ်တော်၏ ထိုးထွင်းသိမြင်ခြင်းနှင့် ဖွင့်ပြခြင်းကို ရရှိလိမ့်မည်ဖြစ်ကြောင်း ညွှန်ပြသည်။ ကျွန်ုပ်တို့သည် သခင် ဘုရား၏ လှုပ်ရှားလုပ်ဆောင်မှု၌ ပို၍ ပါဝင်ဆက်ဆံလေလေ၊ အလင်းပေးခြင်းပို၍ ခံရလေလေဖြစ်ကာ၊ ပို၍မြင်တွေ့နိုင် စွမ်းရှိလာမည်ဖြစ်သည်– အငယ်၊၁၈။ ဧ၊၁း၁၇။

*Day 5*

၅။ ယေဇ၊၁ ရှိ အကြီးမားဆုံးသောဖွင့်ပြခြင်းမှာ ဘီးတစ်ခုအထဲ၌ ဘီးတစ်ခုရှိနေခြင်းဖြစ်သည်။ ဘီးတစ်ခုအထဲ၌ ဘီးတစ်ခုရှိနေခြင်းမှာ ကျွန်ုပ်တို့၏ လုပ်ရှားလုပ်ဆောင်မှု၌ရှိသော သခင်ဘုရား၏ လှုပ်ရှားလုပ်ဆောင်မှုကို ပြသသည်– အငယ်၊၁၅–၁၆။

(က) လေိယအဖို့ ဆုတောင်းချက်တစ်ခုအထဲ၌ ဆုတောင်းရန် ဟူသည်မှာ သူ၏ဆုတောင်းချက်အတွင်း၌ သခင်ဘုရား၏ဆုတောင်းချက် ရှိနေကြောင်းကို ဆိုလိုသည်။ ဤသည်မှာ ဘီးတစ်ခုအထဲ၌ ဘီးတစ်ခုရှိနေခြင်း ဖြစ်သည် – ယာ၊၅း၁၇။

(၁) လေိယသည် သူ၏ကိုယ်ပိုင်အကြံအစည်ကို ပြည့်စုံစေရန်အတွက် သူ၏ခံစားချက်၊ စဉ်းစားတွေးခေါ်မှု၊ ရည်ရွယ်ချက် သို့မဟုတ် စိတ်နေသဘောထား၊ သို့မဟုတ် ပတ်ဝန်းကျင်အခြေအနေမှ ထွက်ပေါ်လာသည့် လှုံ့ဆော်မှုတစ်စုံတစ်ရာ၌ ဆုတောင်းခဲ့ခြင်းမဟုတ်ပါ။

(၂) လေိယသည် အထူးဖြစ်သောနည်းလမ်း၌ ဆုတောင်းရန် ဝန်တာရှိခဲ့ပြီး၊ ထိုဝန်တာမှာ ကိုယ်တော်၏ အလိုတော်ပြီးမြောက်ပြည့်စုံခြင်းအတွက် သခင်ဘုရားအားဖြင့် သူ့ထံသို့ ပေးအပ်ခဲ့သောဆုတောင်းချက်ဖြစ်သည်။ ထို့ကြောင့် လေိယသည် ဆုတောင်းချက်တစ်ခုအထဲ၌ ဆုတောင်းခဲ့ခြင်းဖြစ်သည်– အငယ်၊၁၇။ ရော၊၈း၂၆–၂၇။

(ခ) အတွင်းဘီးသည် ဘီးကို ရွေ့လျားသွားလာစေသည့် မော်တာ၊ ဒိုင်နမို၊ ဓါတ်အားပေးစက်ဖြစ်သည်။ ကျွန်ုပ်တို့၏ လှုပ်ရှားလုပ်ဆောင်မှုသည် စစ်မှန်ခြင်းရှိပါက၊ ယင်းသည် ကျွန်ုပ်တို့၏ လှုပ်ရှားလုပ်ဆောင်မှု အတွင်း၌ သခင်ဘုရား၏ လှုပ်ရှားလုပ်ဆောင်မှုရှိနေခြင်းဖြစ်သည်– cf. ၁း၉။ ဂး၁၆။

***Day 6***

၆။ ဘီးများသည် အသက်ရှင်သောသတ္တဝါတို့နောက်သို့ လိုက်ခြင်းမှာ ဘုရားသခင့်အလုပ်၏ လှုပ်ရှားလုပ်ဆောင်မှုသည် ကျွန်ုပ်တို့၏ လှုပ်ရှားလုပ်ဆောင်မှုအပေါ် တွင် မူတည်နေကြောင်းရည်ညွှန်းသည် – ယေဇ၁း၁၉။ cf. ဒေ၁၁း၄။

၇။ ဘီးများသည် အသက်ရှင်သောသတ္တဝါတို့နောက်သို့ လိုက်၍၊ သတ္တဝါတို့သည် ဝိညာဉ်တော်နောက်သို့လိုက်သော်လည်း၊ ဝိညာဉ်တော်သည် ဘီးတို့၌ရှိခြင်းမှာ ကျွန်ုပ်တို့၏ လှုပ်ရှားလုပ်ဆောင်မှု၌ရှိသော သခင်ဘုရား၏ လှုပ်ရှားလုပ်ဆောင်မှုသည် လူ့ဇာတိခံခြင်း၏ အလေ့အလာ၌ရှိကြောင်းကို ရည်ညွှန်းသည် – ယေဇ၁း ၂၀။ ၁ကော၆း၁၇။ ၇း၁၀၊ ၂၅။

ဂ။ ဘုရားသခင်၏ လှုပ်ရှားလုပ်ဆောင်ခြင်းဘီးနှင့်အတူ၊ ဗဟိုတည်းဟူသောခရစ်တော်နှင့်ကိုက်ညီမည့် အနားဝန်းတည်းဟူသော အသင်းတော်ကိုလည်း လိုအပ်သည်။ ကျွန်ုပ်တို့၌ အလယ်ဗဟိုတည်းဟူသောခရစ်တော်နှင့် အနားဝန်းတည်းဟူသော အသင်းတော်ရှိသောအခါ၊ အချိန်တိုင်း ဆက်လက်ရွေ့လျားလုပ်ဆောင်နေသည့် ဘုရားသခင့်စီမံကိန်း၏ ဘီးသည် ကျွန်ုပ်တို့၌ရှိလိမ့်မည်ဖြစ်သည် – ဧ၊ ၅း၃၂။ ကော၁း၁၇–၁၈။

## နံနက်ခင်းကျွေးမွေးခြင်း

**၁ကော၊ ၆း၁၇ သို့သော် သခင်ဘုရား၌ ပေါင်းစည်းဆက်နွှယ်သောသူသည် ထိုသခင်နှင့် တစ်ဝိညာဉ်တည်းဖြစ်၏။**

**ဖိလိ၊ ၂း၁၃ အကြောင်းမူကား၊ သင်တို့သည် ကိုယ်တော်၏ကောင်းသောကျေနပ်အားရခြင်းအတွက်၊ အလိုရှိခြင်းငှါလည်းကောင်း၊ လုပ်ဆောင်ခြင်းငှါလည်းကောင်း၊ သင်တို့အထဲ၌ ပြုပြင်တော်မူသောသူကား၊ ဘုရားသခင်ပေတည်း။**

ဓမ္မဟောင်းကျမ်း၌ရှိသော မှတ်တမ်းအရ ကမ္ဘာဦး၊၁ မှ အစပြုသည့် ဘုရားသခင်၏ လုပ်ရှားမှုသည် ကမ္ဘာဦးကျမ်း၊ ထွက်မြောက်ရာကျမ်း၊ ဝတ်ပြုရာကျမ်း၊ တောလည်ရာကျမ်းနှင့် တရားဟောရာကျမ်းတလျှောက် ဆက်လက်သွားနေသည်။ ယောရှုအခန်းကြီးတစ်၌ ဘုရားသခင်၏ လုပ်ရှားမှုသည် တစ်စုံတစ်ခုသောအခြေအနေသို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။ ထိုအချိန်က မြေကြီးတစ်ပြင်လုံးသည် ရုပ်တုများနှင့် နတ်ဆိုးများဖြင့် ပြည့်ဝနေခဲ့သည်။ ဘုရားသခင်သည် သူကိုယ်တော်တိုင်အတွက် ဖန်ဆင်းထားခဲ့သော မြေကြီးပေါ် မှ ဖယ်ရှားခံရသည်ဟု ထင်ရပြီး၊ မြေကြီးနှင့် ကောင်းကင်များ၏ အရှင်သခင်ဘုရားအဖို့ လမ်းမရှိတော့သကဲ့သို့ ထင်ရသည်။ မည်သို့ဆိုစေ တပါးအမျိုးသားများနှင့်လူမျိုးများအကြားတွင် ဘုရားသခင်သည် အစ္စရေးလူမျိုးကို ခွဲခြားထားခဲ့ပြီး၊ သူ၏ စီမံကိန်းကိုသယ်ဆောင်စေရန်အတွက် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ သူတို့သည် ရုပ်တုများ သို့မဟုတ် နတ်ဆိုးများနှင့် မည်သို့မျှမသက်ဆိုင်ပါ။ ဆန့်ကျင်ဘက်အနေဖြင့် သူတို့သည် ကောင်းကင်များနှင့်မြေကြီး၏ ဘုရားသခင်နှင့်အတူ ပြည့်ဝနေကြသည်။ ဖွဲ့စည်းခြင်း၊ စေ့စပ်ထုံးဖွဲ့ခြင်း၊ ထိန်းသိမ်းကြပ်မတ်ပေးခြင်း၊ လေ့ကျင့်ပေးခြင်းနှင့် အရည်အချင်းပြည့်မှီခြင်းရှိလာပြီးနောက် ဘုရားသခင်၏ လူမျိုးတော်သည် မောဘလွင်ပြင်သို့ ရောက်ရှိလာကြကာ ထိုနေရာ၌ သူတို့သည် ကောင်းသောမြေအထဲသို့ ဝင်ရောက်ကာ၊ ၎င်းကို ရယူသိမ်းပိုက်ရန်၊ ၎င်းကို ပိုင်ဆိုင်ရန်အတွက် စောင့်ဆိုင်းနေကြသည်။ (*Life-study of Joshua*, p.8)

## ယနေ့ဖတ်စရာ

လူများသည် ဘုရားသခင်၏ လမ်းညွှန်ပေးခြင်းကို အဆင်သင့်စောင့်ဆိုင်းနေကြသည့်အလျောက် တစ်နေ့တွင် ဘုရားသခင်သည် ယောရှုကိုခေါ် ကာ ဦးဆောင်မှုပြုရန်ပြောဆိုခဲ့သည်၊ သို့မှသာ သူနှင့် အစ္စရေးလူမျိုးများသည် ကောင်းသောမြေအထဲသို့ဝင်

ရောက်ကာ ၎င်းကို ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။ ယောရှုသည် ယေဟောဝါထံမှ စကားတော်ကို ယူကာ ဘုရားသခင်၏ ခန့်အပ်စေခိုင်းခြင်းကို ဖြစ်မြောက်စေရန် အစ္စရေးလူမျိုးများကို တိုက်တွန်းခဲ့သည် (ယောရှု၊၁း၁–၁၅)။ မြေရယူမည့်သူများသည် ဘုရားသခင်၏ လုပ်ရှားမှု၌ ကိုယ်တော်နှင့်အတူ မိမိတို့ကိုယ်ကို ပြင်ဆင်ရမည်ဖြစ်သည်။ ကောင်းသောမြေကို ရယူရန်အတွက် သူတို့သည် ကိုယ်တော်၏ လှုပ်ရှားမှု၌ ဘုရားသခင်နှင့်အတူ လုံးလုံးညီနိုင်းလုပ်ဆောင်ခြင်းအထဲသို့ ဝင်ရောက်သွားရမည်ဖြစ်သည်။ အစ္စရေးလူမျိုးများသည် မိမိကိုယ်ကို ပြန်ကြည့်မည်ဆိုလျှင်၊ ဖြစ်နိုင်ချေမရှိကြောင်း ပြောဆိုကြမည်ဖြစ်သည်။ သို့သော် သူတို့၏ ဖြစ်နိုင်ချေမှာ တုနှိုင်းရာမဲ့သော ဘုရားသခင်ဖြစ်ပြီး၊ ကိုယ်တော်သည် သူ၏ရွေးချယ်ခံလူများက ကိုယ်တော်၏ စီမံကိန်းကို သယ်ဆောင်ရန် ကိုယ်တော်၏ လှုပ်ရှားမှု၌၊ ကြီးမားသောဘီးတည်းဟူသော ကိုယ်တော်၏ စီမံကိန်း၌ လှုပ်ရှားရန် ကိုယ်တော်၏ အလိုတော်၌ ကိုယ်တော်နှင့်အတူ ပူးပေါင်းပါဝင်ခြင်းကို အလိုရှိသည်။ ဤနေရာ၌ ဘုရားသခင်က "ငါ၏ ရွေးချယ်ခံ အစ္စရေးလူများ၊ သင်တို့သည် ဘာမျှလုပ်ဆောင်ရန်မလိုအပ်ကြောင်းကို သင်တို့သိရမည်။ ငါနှင့်သာ ရိုးရိုးလေးပူးပေါင်းပါဝင်ပါ။ ငါသည် ဘီးကိုလည်ပတ်စေရန် လှုပ်ရှားလုပ်ဆောင်မည်။ သင်တို့သည် ငါနှင့်တစ်လုံးတစ်ဝဖြစ်ရန်သာလိုအပ်သည်။ မြေကို သိမ်းပိုက်ရယူရန် သွားပါ၊ ငါသည် သင်တို့အားဖြင့် ရုပ်တုကိုးကွယ်သူများကို ပယ်ရှင်းမည်။ သင်တို့မပါဘဲ ငါသည် ဘာမျှမတတ်နိုင်"ဟု ပြောဆိုနေပုံရသည်။

ဤအရာသည် လူ့ဇာတိခံခြင်း၏ အလေ့အလာဖြစ်သည်။ အထူးသဖြင့် ဤအရာသည် မြေကြီးကို မတရားသိမ်းပိုက်ထားသော စာတန်၏ တန်ခိုးကို ဖျက်ဆီးရန်အတွက် လူ့ဇာတိခံခြင်း၏ အလေ့အလာဖြစ်သည်။ ဆိုလိုသည်မှာ ဘုရားသခင်သည် ရန်သူ၏ မတရားသိမ်းပိုက်ထားသောလက်မှ မြေကြီးကို ပြန်လည်ရယူရန်၊ ကျွန်ုပ်တို့သည် လူ့ဇာတိခံခြင်းအလေ့အလာ၌ ကိုယ်တော်နှင့်အတူ လုံးလုံးပူးပေါင်းခြင်းနှင့် ညီနိုင်းလုပ်ဆောင်ခြင်းကိုလိုအပ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ စိတ်နှလုံးအလိုဆန္ဒ၌၊ မြေကြီးပေါ် ကိုယ်တော်၏ လှုပ်ရှားမှု၌ ဘုရားသခင်နှင့်အတူ တစ်လုံးတစ်ဝဖြစ်ရန် လိုအပ်သည်။ ယနေ့ဘုရားသခင်သည် လူများကို ကယ်တင်လိုသည်၊ သို့သော် ဤသို့ပြုရန်အတွက် ကိုယ်တော်သည် ကျွန်ုပ်တို့အား လူ့ဇာတိခံခြင်းအလေ့အလာအတိုင်း ကိုယ်တော်နှင့်အတူ တစ်လုံးတစ်ဝဖြစ်ရန် အလိုရှိနေသည်။ (*Life-study of Joshua*, pp. 8-9)

ယေဇကျေလ အခန်းတစ်၏ အဆုံးပိုင်း၌ မြေကြီးပေါ်၌ တစ်ချိန်လုံးလှုပ်ရှားနေသော ကြီးမားသောဘီးရှိကြောင်းကို ကျွန်ုပ်တို့ညွှန်ပြခဲ့ပြီးဖြစ်သည်။ သင်သည် ဤအကြောင်းအရာကို ကျမ်းစာတစ်ခုလုံး၏ အလင်း၌ ဆင်ခြင်မည်ဆိုလျှင် ဤဘီးသည် စကြ

ဝဋ္ဋာ၌ ဘုရားသခင်၏ လှုပ်ရှားခြင်းဖြစ်ကြောင်းကို သိမြင်လာနိုင်မည်ဖြစ်သည်။ စကြဝဋ္ဋာ၌ ဘုရားသခင် လှုပ်ရှားလုပ်ဆောင်သည့် နည်းလမ်းတည်းဟူသော ဤဘီးသည် အသင်းတော်နှင့်အတူရှိသော ခရစ်တော်ပင်ဖြစ်သည်။ ခရစ်တော်သည် အလယ်ဗဟို၊ ဗဟိုချက်ဖြစ်ပြီး၊ အသင်းတော်သည် အဝန်း၊ အနားဝန်းဖြစ်သည်။ ကျွန်ုပ်တို့သည် အသင်းတော်အသက်တာ၊ ကိုယ်ခန္ဓာတော်အသက်တာကို လက်တွေ့လေ့ကျင့်လိုပါက၊ အသင်းတော်ကိုသိရန်နှင့် ဘုရားသခင်၏ စီမံကိန်း၌ အသင်းတော်သည်မည်သည့်နေရာတွင်ရှိကြောင်းကိုသိရန် လိုအပ်သည်။ ထို့အပြင် ခရစ်တော်သည် မည်သူဖြစ်ကြောင်းကို သိရန်လိုအပ်သည်။ ခရစ်တော်နှင့်အသင်းတော်သည် စကြဝဋ္ဋာ၌ အကြီးမားဆုံးသောနက်နဲခြင်းဖြစ်သည် (ဧ၊၅း၃၂)။ အသင်းတော်ရှိသည့်နေရာတွင် ခရစ်တော်ရှိပြီး၊ ခရစ်တော်ရှိသည့်နေရာတွင် အသင်းတော်ရှိသည်။ သင်သည် ခရစ်တော်ကို အသင်းတော်မှ ခွဲခြားထား၍မရပါ။ အသင်းတော်အကြောင်းကို ပြောဆိုသောအခါတိုင်း ကျွန်ုပ်တို့သည် ခရစ်တော်မှာ မည်သူဖြစ်ကြောင်းနှင့် ကိုယ်တော်သည် အသင်းတော်နှင့်မည်သို့ ပတ်သက်ဆက်နွယ်နေကြောင်းကို သိရန်လိုအပ်သည်။ (*The Life and Way for the Practice of the Church Life,* p. 33)

*ပို၍ဖတ်ရန်* – *Life-study of 1Corinthians,* msg. 43; *The Experience and Growth in Life,* ch. 29

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**ယေဇ၊ ထိုသတ္တဝါတို့ကို ငါကြည့်ရှုစဉ်၊ သူတို့အနားမှာ လေးပိုင်းရှိသော**
**၁း၁၅ ရထားဘီးတစ်ခုစီထင်ရှား၏။**
**ဧ၊ အဘယ်ကြောင့်ဆိုသော် ငါတို့သည် ကိုယ်တော်၏ကိုယ်ခန္ဓာတော်ရှိ**
**၅း၃၀၊ ၃၂ အင်္ဂါချင်းများဖြစ်ကြ၏။ ဤနက်နဲခြင်းသည် အလွန်ပင်ကြီးမား**
**လှပေ၏။ ထိုသို့ငါဆိုသော် ခရစ်တော်နှင့်အသင်းတော်ကို ရည်မှတ်**
**၍ဆိုသတည်း။**

သမ္မာကျမ်းသည် ကိုယ်တော်၏ဖန်ဆင်းခြင်းမှ ယေရုရှလင်မြို့သစ်ပြီးမြောက်ပြည့်စုံခြင်းအထိ ဘုရားသခင့်စီမံကိန်း၏ပြည့်စုံသော ရုပ်ပုံကားချပ်ကို တင်ဆက်ထားသည်။ သမ္မာကျမ်း၏ ပထမအခန်းကြီးနှစ်ခန်း၌ လူကို အလယ်ဗဟိုအဖြစ် ကိုယ်တော်၏ ပုံသဏ္ဌာန်တော်နှင့် တစ်ညီတစ်သဏ္ဌာန်တည်း ဖန်ဆင်းခြင်းနှင့်အတူ ဘုရားသခင်၏ ဖန်ဆင်းခြင်းကို မြင်ရသည်။ နောက်ဆုံးအခန်းကြီးနှစ်ခန်း၌ ထာဝရကာလအတွက် သုံးပါးတစ်ပါးဘုရားနှင့် ကိုယ်တော်၏ရွေးနုတ်ခံလူများ၏စုပေါင်းထင်ရှားခြင်းဖြစ်သော ယေရုရှလင်မြို့သစ်နှင့်အတူ ကောင်းကင်သစ်နှင့်မြေကြီးသစ်ကို မြင်ရသည်။ ဤအဆုံးနှစ်ခုကြားတွင် အရာများစွာ ဖြစ်ပျက်ခဲ့သည်။ သို့သော် ထိုအားလုံးသည် ဘုရားသခင်၏ စီမံကိန်းနှင့်ဆက်နွှယ်နေပြီး၊ အထူးသဖြင့် ခရစ်တော်နှင့် ကိုယ်တော်၏ အဖော်အဖက်ဖြစ်သောအသင်းတော်နှင့် ပတ်သက်နေသည်။ ခရစ်တော်၏ ကိုယ်ခန္ဓာတော်ဖြစ်သော အသင်းတော်သည် ရင့်ကျက်ကြီးထွားခြင်းရှိသော ယုံကြည်သူများအတွက် မိလေနိကာလ၌၊ ယုံကြည်သူများအားလုံးအတွက် ကောင်းကင်သစ်နှင့်မြေကြီးသစ်၌ ယေရုရှလင်မြို့သစ်တွင် ပြီးမြောက်ပြည့်စုံမည်ဖြစ်သည်။ (*Life-study of Joshua,* p.7)

## ယနေ့ဖတ်စရာ

ယေဇ၊၁ ၌ ဘုရားသခင်၏စီမံကိန်းသည် ကြီးမားသောဘီးနှင့်တူသည် (အငယ်၊ ၁၅–၂၁)။ ဤကြီးမားသောဘီး၏ဗဟိုချက်သည် ဘုရားသခင့်စီမံကိန်း၏ အလယ်ဗဟိုဖြစ်သော ခရစ်တော်ကို ပုံဆောင်ပြီး၊ အဝန်းသည် ယေရုရှလင်မြို့သစ်၌ပြီးမြောက်ပြည့်စုံမည့် ခရစ်တော်၏ အဖော်အဖက်၊ အသင်းတော်ကို ပုံဆောင်သည်။ ခရစ်တော်၏ အင်္ဂါဝင်များဖြစ်သည့် များစွာသောယုံကြည်သူများသည် ဝင်ရိုးမှ အဝန်းသို့ ဖြန့်ကြက်ထားသော

စပုတ်တိုင်များဖြစ်ပြီး၊ ယေရုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံသည့် ခရစ်တော်၏ ကိုယ်ခန္ဓာတော်ဖြစ်သည်။ ဤကြီးမားသောဘီးသည် ဘုရားသခင်၏ စီမံကိန်းမျှသာမဟုတ်ဘဲ၊ ဘုရားသခင့်စီမံကိန်း၏ လှုပ်ရှားမှုလည်းဖြစ်သည်။ ကမ္ဘာဦး၊၁ မှ ယနေ့ထိတိုင် ဤဘီးသည် အဆက်မပြတ် လှုပ်ရှားနေဆဲဖြစ်သည်။ ဘုရားသခင့်စီမံကိန်း၏ လှုပ်ရှားမှုသည် ရပ်တန့်သွားခြင်းမရှိဘဲ၊ ယနေ့ ဤဘီးသည် ကျွန်ုပ်တို့ထံသို့လည်း ရောက်ရှိလာသည်။ လွန်ခဲ့သောနှစ်ပေါင်းလေးဆယ်ကျော်ခန့်က ကျွန်ုပ်သည် တရုတ်ပြည်မမှ ထိုင်ဝမ်ကျွန်းသို့ အယောက်သုံးရာငါးဆယ်မှ ငါးရာခန့်ရှိသော အခြားသူများနှင့် ပြောင်းရွှေ့ခဲ့သောအချိန်က ထိုကျွန်းပေါ် တွင်ရှိသော ခရစ်ယာန်အနည်းငယ်သာလျှင် ဘုရားသခင်၏ စီမံကိန်းကို သိရှိကြသည်။ သို့သော် ဘုရားစီမံကိန်း၏ ကြီးမားသောဘီး၏ လှုပ်ရှားမှုကြောင့် ငါးနှစ်အတွင်းတွင် အသင်းတော်များရှိ အရေအတွက်သည် ငါးထောင်ခန့်အထိ တိုးပွားလာခဲ့သည်။ နောက်ဆုံးတွင် လှုပ်ရှားလုပ်ဆောင်သူဖြစ်သည့် သခင်ဘုရားသည် ဤနိုင်ငံသို့ လာရောက်ရန် ကျွန်ုပ်အားဝန်တာပေးခဲ့သည်။ ဤသည်မှာလည်း ကြီးမားသောဘီး၏ လှုပ်ရှားမှုအစိတ်အပိုင်းပင်ဖြစ်သည်။ ခေတ်တိုင်းနှင့် မျိုးဆက်တိုင်းတွင် ဤကြီးမားသောဘီးသည် လှုပ်ရှားနေပြီး၊ ယနေ့ ကျွန်ုပ်တို့သည်လည်း မြေကြီးပေါ် ဤကြီးမားသောဘီး၏ လှုပ်ရှားမှု၌ အစိတ်အပိုင်းများဖြစ်ကြသည်။ တစ်ခါတရံတွင် ဤဘီး၏ လှုပ်ရှားမှုသည် အတော်လေးနှေးကွေးခဲ့ပြီး၊ အခြားအချိန်များတွင် ကျွန်ုပ်တို့သည် ၎င်းကို မှီအောင်လိုက်ရန် ခက်ခဲသည်အထိ လျှင်မြန်စွာ လှုပ်ရှားခဲ့သည်။ (*Life-study of Joshua*, p.7-8)

ဘုရားသခင်၏ ဓမ္မသစ်စီမံကိန်း၌ နက်နဲသောရှင်သန်သည့်ဖွဲ့စည်းမှုနှင့် ပတ်သက်၍ ရှင်သန်သည့်ဖွဲ့စည်းမှုဟူသော ဝေါဟာရကို အတော်လေးရင်းနှီးပြီးသားဖြစ်လိမ့်မည်ဟု ကျွန်ုပ်မျှော်လင့်ပါသည်။ သို့သော်လည်း ဤရှင်သန်သောဖွဲ့စည်းမှုကို အကုန်အစင်ရှင်းပြရန်နှင့် ၎င်းသည် သင်တို့အထဲသို့ ရောက်ရှိသွားသည်အထိ ပြောပြရန် ကျွန်ုပ်၌ကြီးမားသောဝန်တာရှိနေပါသည်။ သခင်ဘုရားရှေ့တော်၌ ရှာဖွေခြင်းပြုပြီးနောက် ကိုယ်တော်သည် ယေဇ၊၁ ကို ကျွန်ုပ်အားပေးပါသည်။ ယင်း၌ ဘီးလေးခု လည်ပတ်နေသည်ကို ကျွန်ုပ်တို့တွေ့ရသည်။ ဤဝေ့ချက်၏ အစပိုင်းတွင် ကျွန်ုပ်ဦးစွာပြောလိုသောအချက်မှာ ဘုရားသခင်၏ စီမံကိန်းရှိ နက်နဲသောအလယ်ဗဟိုအကြောင်းပင်ဖြစ်သည်။ ဘုရားသခင်၏ ဓမ္မသစ်စီမံကိန်း လှုပ်ရှားမှုသည် ကြီးမားသောဘီး၏ လည်ပတ်ခြင်းနှင့် တူသည် (cf. ယေဇ၊၁း၁၅–၂၁)။ ယနေ့ မြေကြီးပေါ်၌ အကြီးမားဆုံးဖြစ်ပျက်နေသည်မှာ ဒီမိုကရေစီစီးကြောင်းဖြစ်သည်။ ဤအရာသည် အမှန်ပင် ကြီးမားသောအပြောင်းအလဲဖြစ်သည်။ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာထံသို့ပြန်လာသောအခါ ဗျာဒိတ်ကျမ်း၏ အစပိုင်း၌ ကောင်း

ကင်ရှိ ပလ္လင်တော်မှ မြင်ကွင်းကို မြင်ရသည်။ ယင်းနောက်တွင် မြင်းလေးစီးအားဖြင့် ပုံဆောင်သော မြေကြီးပေါ် ရှိ လှုပ်ရှားမှုကို ဆက်လက်မြင်ရသည် (ဗျာ၊၆း၁–၈ နှင့်မှတ်စုများ)။ ပထမမြင်းမှာ မြင်းဖြူဖြစ်ပြီး၊ ယင်းနှင့်အတူ မြင်းစီးသူသည် ဧဝံဂေလိတရား၏ ပြန့်နှံ့ခြင်းကို ပုံဆောင်သည်။ ယင်းသည် မြေကြီးပေါ် ရှိ လှုပ်ရှားမှုအားလုံး၌ ဦးဆောင်မှုပြုနေသည်။ ကျွန်ုပ်တို့သည် လောက၏ အခြေအနေကို ကြည့်သောအခါ အထူးသဖြင့် အရှေ့ဥရောပတွင် ခေတ်ကာလ၏ ကြီးမားသောဘီး လှုပ်ရှားမှုဖြစ်ကြောင်း ကျွန်ုပ်တို့သိကြသည်။ သို့သော် ကျွန်ုပ်တို့မှတ်မိရမည်မှာ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ဓမ္မသစ်စီမံကိန်းတည်းဟူသော ပို၍ကြီးမားသာလွန်သော ဘီး၌ရှိနေခြင်းပင်ဖြစ်သည်။ ဘုရား၏ ဓမ္မသစ်စီမံကိန်း၏ နက်နဲခြင်း၌ ပါဝင်စေရန် ကျွန်ုပ်တို့အား အတူတကွ စုစည်းပေးထားသော အရာမှာ ဘုရားသခင်၏ ဓမ္မသစ်စီမံကိန်းလှုပ်ရှားမှုပင်ဖြစ်သည်။ (*The Mysteries in God’s New Testament Economy*, pp. 61-62)

*ပို၍ဖတ်ရန်* – *Life-study of Joshua*, msg. 2; *The Mysteries in God’s New Testament Economy*, ch. 3

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း***

## နံနက်ခင်းကျွေးမွေးခြင်း

**ယာကုပ်၊ လေဲယသည် ငါတို့ကဲ့သို့ ခံစားတတ်သောသူဖြစ်သော်လည်း၊ မိုးမရွာ ၅း၁၇ မည်အကြောင်း စိတ်အားထက်သန်စွာ ဆုတောင်းသောအခါ၊ သုံးနှစ် နှင့်ခြောက်လပတ်လုံး မြေပေါ်သို့ မိုးမရွာဘဲနေ၏။**

**ယော၊ သင်တို့သည် ငါ၌တည်၍ ငါ့စကားသည် သင်တို့၌တည်လျှင်၊ သင်တို့ ၁၅း၇ သည် တောင်းချင်သမျှကို တောင်း၍ရကြလိမ့်မည်။**

သခင်ဘုရားသည် ဝိညာဉ်တော်ဖြစ်ပြီး၊ ကျွန်ုပ်တို့သည် ဝိညာဉ်၌ ဆုတောင်းခြင်း အားဖြင့် ကိုယ်တော်ကို ဆက်သွယ်ရမည်ဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့ဝိညာဉ်၌ ကိန်းဝပ်နေသော အသက်ပေးသောဝိညာဉ်တော်ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် ဆုတောင်း ရန် ဝိညာဉ်ကို လေ့ကျင့်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ ဝိညာဉ်၌ အခြားသောဝိညာဉ်တော် သည် ဆုတောင်းနေသည်။ ကျွန်ုပ်တို့၏ ဝိညာဉ်သည် အပြင်ဘီးဖြစ်ပြီး၊ ကျွန်ုပ်တို့၏ ဝိညာဉ် ၌ရှိသော ဘုရားဆိုင်ရာဝိညာဉ်တော်သည် အတွင်းဘီးဖြစ်သည်။ ကျွန်ုပ်တို့၏ ဝိညာဉ်လေ့ ကျင့်ခြင်းအားဖြင့် ဆုတောင်းသောအခါ ကျွန်ုပ်တို့၏ ဝိညာဉ်အတွင်း၌ ဆုတောင်းနေ သောအခြားသောဝိညာဉ်တော်လည်းရှိနေသည်။ ဤဝိညာဉ်တော်သည် အသက်ပေးသော ဝိညာဉ်တော်ဖြစ်သော ခရစ်တော်ကိုယ်တော်တိုင်ဖြစ်သည်။ ယေဇ၊၁ ရှိ ဘီးအတွင်းရှိဘီး မှာ ကျွန်ုပ်တို့လူသားဝိညာဉ်၌ရှိသော ဘုရားဆိုင်ရာဝိညာဉ်တော်ကို ပုံဆောင်ခြင်းဖြစ်သည်။

အတွင်းပိုင်းမြည်းစမ်းခြင်းကြောင့် ကျွန်ုပ်တို့ဆုတောင်းနေစဉ် ကျွန်ုပ်တို့အတွင်း ၌ ခရစ်တော်သည်လည်း ဆုတောင်းနေသည်။ ခရစ်တော်၏ ဆုတောင်းခြင်းနှင့်အတူ ပို ၍ ဆုတောင်းလေလေ၊ ကျွန်ုပ်တို့သည် ပို၍ လန်းဆန်းလေလေ၊ ပို၍ ရေလောင်းခံရလေ လေ၊ ပို၍ ဘိသိက်ပေးခြင်းခံရလေလေ၊ ခွန်အားပေးခြင်း ပို၍ရရှိလေလေဖြစ်သည်။ (*The Tree of Life*, pp. 113-114)

## ယနေ့ဖတ်စရာ

ညီအစ်ကို၊ ညီအစ်မများသည် ဆုတောင်းခြင်း၏ လျှို့ဝှက်ချက်ကို အမှန်တကယ် သင်ယူကြမည်ဆိုလျှင် အလိုအလျောက်ပင် အောက်ဖော်ပြပါ ရလဒ်များကို ရရှိမည်ဖြစ် သည် – ထိုသို့ ဆုတောင်းသောသူသည် အမှန်ပင် ဘုရားသခင်နှင့်အတူ ပူးပေါင်းခြင်း၊ ဘုရားသခင်နှင့်အတူ လုပ်ဆောင်ခြင်း၊ ဘုရားသခင်ကိုယ်တော်တိုင်နှင့် အလိုတော်ကို လူ၏ အတွင်းမှ၊ လူ့အားဖြင့် ထင်ရှားစေရန် အခွင့်ပေးကာ ကိုယ်တော်၏ အလိုတော်ကို အဆုံးစွန်ပြီးမြောက်စေနိုင်မည်ဖြစ်သည်။ ဤအရာသည် ရော၊ဂ၊း ၂၆ နှင့် ၂၇ အတိုင်း

ဖြစ်၍ ၎င်းတွင် ကျွန်ုပ်တို့သည် ဆုတောင်းသင့်သည့်အတိုင်း မည်သည့်အရာကို တောင်းရန်မသိသော်လည်း သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့၌ ဘုရားသခင်၏ အလိုတော်အတိုင်း ကြားခံတောင်းလျှောက်ပေးနေသည်။ အမှန်တွင် ကျွန်ုပ်တို့သည် မည်သို့ဆုတောင်းရမည်ကို မသိကြပေ။ လူအများက အသနားခံတောင်းလျှောက်ခြင်းဟု ပုံမှန်အနေဖြင့် ခေါ် ဆိုသော်လည်း သမ္မာကျမ်းစာ၌ ဖော်ပြထားသော ဆုတောင်းခြင်းအကြောင်းကို ကျွန်ုပ်တို့အနည်းငယ်သိကြသည်။ ရော၊၈ ရှိ ဤအခန်းငယ်နှစ်ခုကို ပထမဆုံးအကြိမ် ဖတ်ခဲ့စဉ်က ကျွန်ုပ်သည် ယင်း၏ အဓိပ္ပာယ်ကို စူးစမ်းခဲ့ပါသည်။ ကျွန်ုပ်ဖျားနာသောအခါ ကျန်းမာခြင်းပေးရန် ဘုရားသခင်ထံ ဆုတောင်းရမည်လား။ ကျွန်ုပ်လိုအပ်မှုရှိနေသောအခါ မစထောက်ပံ့ခြင်းပေးရန် ဘုရားသခင်အား ဆုမတောင်းရဘူးလား။ ကျမ်းစာက ကျွန်ုပ်တို့သည် ဆုတောင်းသင့်သည့်အတိုင်း မည်သည့်အရာ တောင်းရမည်ကို မသိပါဟု အဘယ်ကြောင့်ပြောသနည်း။ သခင်ဘုရားက ကျွန်ုပ်တို့သည် ဘုရားသခင်အလိုတော်ရှိသော ဆုတောင်းခြင်းမျိုးကို မသိရှိကြောင်းကို ကျွန်ုပ်အား ပြည့်နှင့်ပေးပါသည်။ ကျွန်ုပ်တို့သည် လူအများက သာမန်အနေဖြင့် သိထားသော ဆုတောင်းခြင်းမျိုးကို သိကြသော်လည်း၊ ယင်းတို့သည် စံနှုန်းမမှီပေ။ ဘုရားသခင်၏ အလိုတော်ကို ထိတွေ့ကာ စံနှုန်းမှီသော ဆုတောင်းခြင်းများကို ကျွန်ုပ်တို့မသိကြပေ။ ဤအရာသည် ကျွန်ုပ်တို့၏ အားနည်းခြင်းပင်ဖြစ်သည်။ ဤသို့ ကျွန်ုပ်တို့၏ အားနည်းခြင်း အခြေအနေ၌ ဝိညာဉ်တော်ကိုယ်တိုင်သည် ကျွန်ုပ်တို့ကို ကူညီကာ နှုတ်မမြွက်နိုင်သောညည်းတွားခြင်းဖြင့် ကျွန်ုပ်တို့အတွက် ကြားခံဆုတောင်းပေးနေသည်။

ညီအစ်ကိုတို့၊ စစ်မှန်သောဆုတောင်းခြင်းများမှာ လူအတွင်းမှ သန့်ရှင်းသောဝိညာဉ်တော်သည် လူအားဖြင့် ဘုရားသခင်၏ အလိုတော်ကို ထင်ရှားစေခြင်းဖြစ်သည်။ တနည်းအားဖြင့် စစ်မှန်သောဆုတောင်းခြင်းများသည် အုပ်စုနှစ်ခုပါဝင်သောဆုတောင်းခြင်းများဖြစ်သည်။ ယင်းမှာ လူတစ်ဦးတည်းသာ ဘုရားသခင်ထံ ဆုတောင်းခြင်းမဟုတ်ဘဲ၊ ဝိညာဉ်တော်သည် ဆုတောင်းခြင်း၌ လူနှင့်အတူ ရောနှောပေါင်းစည်းခြင်း၊ လူအပေါ် ဝတ်ခြုံခြင်း၊ လူနှင့်အတူဆက်နွယ်ခြင်းပင်ဖြစ်သည်။ အပြင်ပိုင်းတွင် လူသည် ဆုတောင်းနေပြီး၊ အတွင်းပိုင်းတွင် ဝိညာဉ်တော်သည် ဆုတောင်းနေသည်။ ဤသည်မှာ အုပ်စုနှစ်ခုသည် တူညီသောဆုတောင်းခြင်းကို တစ်ချိန်တည်းမှာ ထင်ရှားစေခြင်းပင်ဖြစ်သည်။

ရော၊၈း ၂၇ တွင် တဖန် ကြည့်ကြပါစို့။ ယင်း၌ "ဝိညာဉ်တော်သည် ဘုရားသခင်၏ အလိုတော်အတိုင်း ကြားခံတောင်းလျှောက်သည်" ဟု ပြောဆိုထားသည်။ ဆိုလိုသည်မှာ သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင်၏ အလိုတော်အတိုင်း ကျွန်ုပ်တို့အတွင်း၌

ဆုတောင်းနေခြင်းဖြစ်သည်။ ယင်းမှာ ဘုရားသခင်သည် ဝိညာဉ်တော်မှတစ်ဆင့် ကျွန်ုပ်တို့အတွင်း၌ ဆုတောင်းနေသည်။ ထို့ကြောင့် ထိုသို့သောဆုတောင်းခြင်းသည် ဘုရားသခင်၏ ရည်ရွယ်ချက်သာမက ဘုရားသခင်ကိုယ်တော်တိုင်ကို အမှန်ပင် ထင်ရှားစေခြင်းဖြစ်သည်။

ဤသရုပ်ဖော်ပြချက်အားဖြင့် စစ်မှန်သောဆုတောင်းခြင်းများသည် ကျွန်ုပ်တို့၏ဖြစ်ခြင်းကို ဘုရားသခင်နှင့်လုံးလုံး ရောနှောပေါင်းစည်းခြင်းကို ဖြစ်စေကြောင်းကို ကျွန်ုပ်တို့မြင်နိုင်သည်။ ကျွန်ုပ်တို့သည် အုပ်စုနှစ်ခုပါသော လူပုဂ္ဂိုလ်တည်းဟူသော ဘုရားနှင့် ရောနှောပေါင်းစည်းသော လူဖြစ်လာမည်ဖြစ်သည်။ သင်ဆုတောင်းသောအခါ ကိုယ်တော်ဆုတောင်းခြင်းဖြစ်ပြီး၊ ကိုယ်တော်ဆုတောင်းသောအခါ သင်လည်းဆုတောင်းနေခြင်းဖြစ်သည်။ ကိုယ်တော်သည် သင့်အတွင်း၌ ဆုတောင်းသောအခါ သင်သည် အပြင်ပိုင်း၌ ဆုတောင်းခြင်းကို ထင်ရှားစေသည်။ ကိုယ်တော်နှင့်သင်သည် အပြင်ပိုင်းနှင့် အတွင်းပိုင်း၌ လုံးလုံးတစ်လုံးတစ်ဝတည်းဖြစ်ပြီး၊ ကိုယ်တော်နှင့်သင်သည် တစ်ချိန်တည်းမှာပင် အတူဆုတောင်းကြသည်။ ထိုအချိန်တွင် သင်နှင့်ဘုရားသခင်သည် ခွဲခြားမရနိုင်ဘဲ၊ တစ်လုံးတစ်ဝတည်းအဖြစ် ရောနှောပေါင်းစည်းနေသည်။ သို့ဖြစ်၍ သင်သည် ဘုရားသခင်နှင့် ပူးပေါင်းရုံသာမက ဘုရားသခင်နှင့်အတူ လုပ်ဆောင်ကာ၊ ဘုရားသခင်ကိုယ်တော်တိုင်နှင့် ကိုယ်တော်၏ အလိုတော်သည် သင့်အားဖြင့် ထင်ရှားလာမည်ဖြစ်ပြီး၊ ဘုရားသခင်၏ ရည်ရွယ်ချက်သည် အဆုံးစွန်ပြီးမြောက်ပြည့်စုံနိုင်မည်ဖြစ်သည်။ ဤသည်မှာ သမ္မာကျမ်းစာ၌ ကျွန်ုပ်တို့အား တောင်းဆိုထားသော စစ်မှန်သောဆုတောင်းခြင်းဖြစ်သည်။ (*Lessons on Prayer,* pp. 17-19)

*ပို၍ဖတ်ရန်* – *The Tree of Life,* ch.12; *Lessons on Prayer,* ch.2

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**ယေဇ၊ ထိုရထားဘီးတို့၏ အဆင်းအရောင်သည်ကား၊ ကျောက်မျက်ရွှဲ**
**၁း၁၆ အဆင်းအရောင်နှင့်တူ၏။ ထိုလေးခုတို့သည် အဆင်းအရောင်**
**တစ်ညီတည်းရှိကြ၏။ ပုံသဏ္ဌာန်မူကား၊ ဘီးတစ်ခုအထဲ၌ ဘီးတစ်**
**ခုတပ်သကဲ့သို့ဖြစ်၏။**
**၁၈ ဘီးဝန်းတို့သည်လည်း မြင့်၍ ကြောက်မက်ဖွယ်ဖြစ်ကြ၏။ ထိုလေး**
**ပါးတို့သည် မျက်စိနှင့်ပြည့်ကြ၏။**

ယေဇ၁း၁၅–၂၁ တွင် မြင့်မားပြီး၊ ကြောက်မက်ဖွယ်သော ဘီးတို့ကို ဖော်ပြထားသည်။ အသက်ရှင်သော သတ္တဝါလေးပါးတို့၏ ဘေးတစ်ဖက်စီတွင် ဘီးရှိသည်။ ဤဘီးသည် အလွန်မြင့်မားပြီး ကြောက်မက်ဖွယ်ဖြစ်ပြီး၊ ၎င်းသည် ကြောက်မက်ဖွယ်မြင့်မားလှသည်။ ဘီးသည် လှုပ်ရှားခြင်းအတွက်ဖြစ်ပြီး၊ သာမန်နည်းလမ်း၌မဟုတ်ဘဲ အထူးဖြစ်သောနည်းလမ်း၌ဖြစ်သည်။ အိမ်တွင် ကျွန်ုပ်တို့သည် မီးဖိုချောင်မှ အိပ်ခန်းသို့ သို့မဟုတ် ဧည့်ခန်းသို့ လမ်းလျှောက်သွားသည့်အခါ ဘီးကို မလိုအပ်ပေ။ သို့သော် ဝေးကွာသော ခရီးကို သွားသောအခါ ကျွန်ုပ်တို့သည် ဘီးကို လိုအပ်သည်။ ကျွန်ုပ်တို့သည် ရည်ရွယ်ချက်တစ်ခုကို ပြီးပြည့်စုံစေရန် လုပ်ဆောင်သောအခါတွင်လည်း ကျွန်ုပ်တို့သည် ဘီးကိုလိုအပ်မည်ဖြစ်သည်။ ယေဇ၁ ရှိ ဘီးသည် ရည်ရွယ်ချက်ဖြင့် လှုပ်ရှားနေခြင်းကို ရည်ညွှန်းဖော်ပြသည်။ ထို့ထက်မက ဤဘီးသည် ကျွန်ုပ်တို့၏ ကိုယ်ပိုင်ခွန်အားဖြင့်မဟုတ်ကြောင်းကို ဘီးက ဖော်ပြနေသည်။ (*Life-study of Ezekiel*, p. 91)

## ယနေ့ဖတ်စရာ

အသင်းတော်သည် မှန်ကန်မှုရှိကာ၊ သခင်ဘုရားကိုထင်ရှားပြီး၊ အထက်ပိုင်းနှင့် အောက်ပိုင်း ထွန်းတောက်နေသော မီးနှင့်အတူ ညှိနှိုင်းလုပ်ဆောင်ခြင်းရှိသောအခါတိုင်း သခင်ဘုရား၏ လှုပ်ရှားမှုသည် ထိုအသင်းတော်နှင့်အတူ ရှိနေမည်ဖြစ်သည်။ တစ်နှစ်ပြီး တစ်နှစ် အရေအတွက်တိုးပွားခြင်းမရှိဘဲ၊ အသင်းဝင်များအကြား အသက်၌ကြီးထွားမှု မရှိပါက ထိုအသင်းတော်နှင့်အတူ လှုပ်ရှားမှုလည်းမရှိပေ။ ဤသည်မှာ ထိုအသင်းတော်သည် တစ်စုံတစ်ရာမှားယွင်းနေသည်ကို ဖော်ပြနေခြင်းဖြစ်သည်။ အသင်းတော်သည် မှန်ကန်မှုရှိပါက ၎င်း၏ဘေးပတ်လည်တွင် ကြီးမားသောဘီးရှိနေမည်ဖြစ်သည်။

ယေဇ၁း၁၅ တွင် ဘီးများသည် မြေကြီးပေါ်၌ ရှိနေကြောင်းကို ပြောဆိုထားသည်။ သခင်ဘုရား၏ လှုပ်ရှားမှုသည် ကောင်းကင်များ၌ရှိလိမ့်မည်ဟု မမျှော်လင့်ပါနှင့်။

ကောင်းကင်များ၌ ကိုယ်တော်၏လှုပ်ရှားမှုကို သယ်ဆောင်ရန် ဘုရားသခင်၌ ကောင်းကင်တမန်များရှိနေသည်။ ကိုယ်တော်လိုအပ်နေသောအရာမှာ မြေကြီးပေါ်၌ လှုပ်ရှားမှုဖြစ်သည်။ ဘုရားသခင်သည် အမေရိကန်နိုင်ငံနှင့် အခြားနိုင်ငံများစွာတို့၌ လှုပ်ရှားလိုသည်။ အငယ်၊၁၆က တွင် "ထိုရထားဘီးတို့၏ အဆင်းအရောင်သည်ကား၊ ကျောက်မျက်ရွဲအဆင်းအရောင်နှင့်တူ၏"ဟု ပြောဆိုထားသည်။ ဒံ၊၁၀း၆ အရ ကျောက်မျက်ရွဲသည် သခင်ဘုရားလှုပ်ရှားသောအခါ ထွန်းလင်းသောအဆင်းအရောင်ဖြစ်သည်။ ဤသည်မှာ ဘီးများ၏လှုပ်ရှားမှုအတွင်း၌ သခင်ဘုရား၏ အဆင်းအရောင်ရှိကြောင်းဆိုလိုခြင်းဖြစ်သည်။ ဘီးသည် တစ်စုံတစ်ခုသောနေရာသို့ လှုပ်ရှားသောအခါ ၎င်းသည် ထိုနေရာသို့ သခင်ဘုရား၏ အဆင်းအရောင်ကို သယ်ဆောင်သွားမည်ဖြစ်သည်။ ဘီးသည် သင်နှင့်အတူ ကျောင်း၌ သို့မဟုတ် အလုပ်၌ ရှိမည်ဆိုလျှင် ယင်းသည် သခင်ဘုရား၏ အဆင်းအရောင်ကို ထိုနေရာသို့ သယ်ဆောင်မည်ဖြစ်သည်။ အခြားသူများက ကျောက်မျက်ရွဲအရောင်ဖြစ်သော သခင်ဘုရား၏ အဆင်းအရောင်ကို တွေ့မြင်နိုင်မည်ဖြစ်သည်။ ယေဇ၊၁း၁၆ခ တွင် "ထိုလေးခုတို့သည် အဆင်းအရောင် တစ်ညီတည်းရှိကြ၏"ဟု ပြောဆိုထားသည်။ ဤနေရာ၌ ဘီးလေးခုလုံးသည် အဆင်းအရောင်တစ်ခုတည်း၊ ပုံသဏ္ဍာန်တစ်ညီတည်းရှိကြောင်းကို ဖော်ပြထားသည်။ ဤသည်မှာ သခင်ဘုရား၏ လှုပ်ရှားမှုသည် အသင်းတော်တိုင်း၌ တူညီသောပုံသဏ္ဍာန်နှင့်အဆင်းအရောင်ရှိကြောင်းကို ဖော်ပြသည်။ လှုပ်ရှားမှုအားလုံးသည် သခင်ဘုရား၏ တူညီသောအဆင်းအရောင်ကို သယ်ဆောင်နေသည်။ ထို့ကြောင့် ဘီးအားလုံး၏ ပုံသဏ္ဍာန်သည် တူညီမှုရှိသည်။ ဒေသတစ်ခုရှိ အသင်းတော်၏ ပုံသဏ္ဍာန်နှင့်အဆင်းအရောင်သည် အခြားဒေသ၌ရှိသော အသင်းတော်၏ ပုံသဏ္ဍာန်နှင့်အဆင်းအရောင်တို့၌ ကွဲပြားမှုရှိနေပါက တစ်စုံတစ်ရာမှားယွင်းနေခြင်းဖြစ်သည်။ အသင်းတော်တစ်ပါးရှိ သန့်ရှင်းသူများက သူတို့သည် မိမိတို့ဒေသ၏ ထူးခြားသောအရည်အသွေးကို တည်ဆောက်ရန်လိုအပ်သည်၊ သူတို့သည် လုံးလုံး အတုမရှိသော ဒေသဆိုင်ရာကို တည်ဆောက်ရန်လိုအပ်သည်ဟု ထင်ကောင်းထင်မည်ဖြစ်သည်။ ဤအရာသည် ဘီးလေးခုလုံးသည် တူညီသောပုံသဏ္ဍာန်ရှိသည်ဟု ဖော်ပြထားသော ယေဇ၊၁ နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။

"သွားသောအခါ ဘီးလေးမျက်နှာတို့သည် တစ်ညီတည်းဖြစ်၍ မလည်ဘဲသွားတတ်ကြ၏" (ယေဇ၊၁း၁၇)။ ဘီးတို့သည် လေးဘက်လုံး၊ ဦးတည်ရာလေးခု၌ မလည်ဘဲသွားကြသည်။ ဤသည်မှာ မည်သည့်အလှည့်အပြောင်းမျှ မရှိဘဲ၊ ညှိနှိုင်းလုပ်ဆောင်မှု၌ရှိသော လှုပ်ရှားမှုကို ညွှန်ပြနေသည်။

အငယ်၊၁၇၈ ၌ “ထိုလေးပါးတို့သည် မျက်စိနှင့် ပြည့်ကြ၏”ဟု ဆက်လက်ပြော ဆိုထားသည်။ ဤနေရာတွင် မြင့်မားပြီးကြောက်မက်ဖွယ်ကောင်းသော ဘီးတို့သည် မျက်စိများနှင့်ပြည့်နေကြောင်းကို ကျွန်ုပ်တို့မြင်ရသည်။ ဤအရာကို ကျွန်ုပ်တို့၏ ဝိညာဉ်ရေးရာအတွေ့အကြုံ၌ ယူဆောင်အသုံးပြုမည်ဆိုပါက ဘီးတို့သည် မျက်စိများနှင့်ပြည့်နေမှာ လုံးဝမှန်ကန်ကြောင်းကို ကျွန်ုပ်တို့သိမြင်လာမည်ဖြစ်သည်။ သင်၌ မည်သည့်လှုပ်ရှားမှုမျှမရှိဘဲ၊ သင်သည် လှုပ်ရှားမှုအချို့ရှိနေသည်ဟု အခိုင်အမာပြောနေမည်ဆိုလျှင် သင်သည်အမှန်ပင် မျက်စိကန်းနေသူဖြစ်သည်။ သင်၌ မျက်စိများမရှိပေ။ သင်၏ အသင်းတော်၌ မြင့်မားကာ ကြောက်မက်ဖွယ်ကောင်းသောဘီး၊ မြင့်မားကာ ကြောက်မက်ဖွယ်ကောင်းသောလှုပ်ရှားမှုရှိမည်ဆိုလျှင်၊ ယင်းလှုပ်ရှားမှုအတွင်း၌ မျက်စိများစွာရှိလိမ့်မည်ဖြစ်သည်။ ရလဒ်အနေဖြင့် သင်၌ အတွင်းပိုင်းမြင်ကွင်း၊ အပြင်ပိုင်းမြင်ကွင်းနှင့် အခြားမြင်ကွင်းအမျိုးမျိုးကို ရရှိလိမ့်မည်ဖြစ်သည်။

ဘီးများသည် မျက်စိများနှင့်ပြည့်နေသည်ဟူသော အချက်ကို စိတ်ထဲတွင် စွဲမှတ်နေရန်လိုအပ်သည်။ ဘီးလှုပ်ရှားသည်နှင့်အမျှ အမြင်လည်းရှိနေသည်။ ၎င်းသည် ပို၍ပြေးလေလေ၊ ပို၍ မြင်လေလေဖြစ်သည်။ (*Life-study of Ezekiel*, pp. 92, 95-97)

*ပို၍ဖတ်ရန်* – *Life-study of Ezekiel*,msg.8; *TheGround of the Church and the Service of the Body*, ch. 9

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ———————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ထွ၊ ငါတို့သည် ဘုရားသခင်၏သားဖြစ်ကြသည်ဟု ဝိညာဉ်တော်ကိုယ်တိုင်**
**၃၀း၁၂ သည် ငါတို့၏ဝိညာဉ်နှင့်အတူ သက်သေခံတော်မူ၏။**
**၁၄၊ ထိုမှတစ်ပါး ဝိညာဉ်တော်သည် ငါတို့၏အားနည်းခြင်း၌ ထိုနည်းတူ ကူမတော်မူ၏။ ငါတို့သည် ဆုတောင်းသင့်သည်အတိုင်း အဘယ်ဆုကို တောင်းရမည်ဟု မသိကြ။ သို့ရာတွင် နှုတ်မမြွက်နိုင်သော ညည်းတွားခြင်းဖြင့် ဝိညာဉ်တော်ကိုယ်တိုင်သည် *ငါတို့* အဖို့ ကြားခံတောင်းလျှောက်ပေးလျက်ရှိ၏။**

ကျွန်ုပ်တို့၌ သခင်ဘုရား၏ လှုပ်ရှားမှု ပို၍ရှိလေလေ၊ အလင်းထွန်းလင်းခြင်းပို၍ ရှိလေလေဖြစ်ကာ၊ ကျွန်ုပ်တို့သည် ပို၍မြင်လာနိုင်မည်ဖြစ်သည်။ သင်သည် သခင်ဘုရား၏ လှုပ်ရှားမှု၌ ပို၍ရှိလေလေ၊ သင်၌ မျက်စိများပို၍ရှိလေလေဖြစ်ပြီး၊ ပို၍ရှင်းလင်းစွာ မြင်နိုင်လေလေဖြစ်ပေမည်။ ဘီးသည် လှုပ်ရှားမှုရပ်တန့်မည်ဆိုပါက မြင်ခြင်းသည်လည်း ရပ်တန့်သွားမည်ဖြစ်သည်။ ဤသည်မှာ ယနေ့ အသင်းတော်၌ ရှိရမည့်နည်းလမ်းဖြစ်သည်။ ကျွန်ုပ်တို့သည် ရှေ့ဆက်သွားခြင်းဖြင့် မြင်ရခြင်းဖြစ်သည်။ ကျွန်ုပ်တို့ ရှေ့ဆက်လေလေ ပို၍မြင်ရလေလေဖြစ်သည်။ ယနေ့တွင် တစ်စုံတစ်ခုသောအတိုင်းအတာ၌ ကျွန်ုပ်တို့မြင်ကောင်းမြင်မည်ဖြစ်သော်လည်း၊ နက်ဖြန်နေ့တွင် ကျွန်ုပ်တို့ရှေ့ဆက်သွားသည်နှင့် အမျှ ပို၍ မြင်ရလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် လှုပ်ရှားမှုကို ရပ်တန့်မည်ဆိုပါက မြင်ခြင်းသည်လည်း ရပ်တန့်သွားမည်ဖြစ်သည်။ ကျွန်ုပ်တို့ခရစ်ယာန်များသည် ရှေ့ဆက်လှုပ်ရှားနေသောလူများဖြစ်ကြရမည်။ အသင်းတော်သည် မြင်နိုင်ရန်အတွက် ရှေ့ဆက်လှုပ်ရှားရမည်ဖြစ်သည်။ (*Life-study of Ezekiel*, p. 97)

## ယနေ့ဖတ်စရာ

ယေဇ၊၁ ရှိ အကြီးမားဆုံး ဖွင့်ပြချက်မှာ ဘီးအတွင်း၌ ဘီးရှိခြင်းပင်ဖြစ်သည် (အငယ်၊၁၅–၁၆)။ ဘီးသည် လှုပ်ရှားနေသောတစ်စုံတစ်ရာဖြစ်သည်။ သခင်ဘုရား၏ လှုပ်ရှားမှုနှင့် ကျွန်ုပ်တို့၏ လှုပ်ရှားမှုနှစ်ခုလုံးကို ဘီးဖြင့် ပုံဆောင်ထားသည်။ ဘီးအတွင်းရှိ ဘီးသည် ကျွန်ုပ်တို့၏ လှုပ်ရှားမှု၌ရှိသော သခင်ဘုရား၏ လှုပ်ရှားမှုဖြစ်သည်။ ဘုရားသခင်၏ လူများလှုပ်ရှားသောအခါ ဘုရားသခင်လည်း လှုပ်ရှားတော်မူသည်။ ဘုရားသခင်၏ လူများ လှုပ်ရှားမှုမရှိသောအခါ ဘုရားသခင်သည် လှုပ်ရှားရန်နည်းလမ်းမရှိပေ။(*The World Situation and the Direction of the Lord's Move*, p.11)

ယေဇ၊၁း၁၆ တွင် "ပုံသဏ္ဍာန်မူကား၊ ဘီးတစ်ခုအထဲ၌ ဘီးတစ်ခုတပ်သကဲ့သို့ဖြစ်၏"ဟု ပြောဆိုထားသည်။ ဘီးများသည် ဘီးတစ်ခုအထဲ၌ ဘီးတစ်ခုတပ်သကဲ့သို့ဖြစ်ခြင်းမှာ လွန်စွာ အဓိပ္ပာယ်ရှိပေသည်။ ကျွန်ုပ်တို့သည် ဘီးဟု ပြောဆိုသောအခါ အဝန်းသည် အနားဝန်း၊ ဘီးခွေကို ပြောခြင်းဖြစ်ပြီး၊ အလယ်ဗဟိုသည် ဝင်ရိုးဖြစ်ကာ ကြားတွင် စပုတ်တိုင်များရှိသည်။ ထို့ကြောင့် ဘီးတွင် အနားဝန်း၊ ဝင်ရိုးနှင့် စပုတ်တိုင်များဟူ၍ အဓိကအပိုင်းသုံးပိုင်းရှိသည်။ သို့သော်လည်း ယေဇ၊၁ တွင် ဝင်ရိုးလည်းမရှိ၊ စပုတ်တိုင်များလည်းမရှိပေ။ ထိုအစား ဘီးအတွင်း၌ ဘီးရှိနေခြင်းဖြစ်သည်။

ယာ၊၅း၁၇ သည် ဤအရာကို နားလည်ရန် ကျွန်ုပ်တို့အားကူညီပေးမည်ဖြစ်သည်။ ဤကျမ်းပုဒ်၌ ဧလိယသည် စိတ်အားထက်သန်စွာဆုတောင်းနေကြောင်းကို ပြောဆိုထားသည်။ "စိတ်အားထက်သန်စွာဆုတောင်းခြင်း"ဟုပြန်ဆိုထားသော ဂရိစကားလုံးအားတိုက်ရိုက်ပြန်ဆိုမည်ဆိုလျှင် "ဆုတောင်းခြင်း၌ ဆုတောင်းသည်"ဟု ဆိုလိုခြင်းဖြစ်သည်။ ဤသည်မှာ သခင်ဘုရားထံမှဆုတောင်းခြင်းကို ဧလိယ၏ဆုတောင်းခြင်း၌ ပေးထားခြင်းဖြစ်ကြောင်း ညွှန်ပြနေသည်။ သူသည် မိမိ၏ ခံစားမှု၊ စဉ်းစားမှု၊ ရည်ရွယ်ချက် သို့မဟုတ် သဘောထား၌၊ သို့မဟုတ် မိမိကိုယ်ပိုင်ရည်ရွယ်ချက် ပြည့်စုံစေရန် ပတ်ဝန်းကျင် သို့မဟုတ် အခြေအနေမှ ဖြစ်ပေါ် လာသည့် လှုံ့ဆော်မှုတစ်ခုခု၌ ဆုတောင်းခြင်းမဟုတ်ပါ။ ယင်းအစား ကိုယ်တော်၏ အလိုတော်ပြည့်စုံစေရန် သခင်ဘုရားပေးထားသည့် ဆုတောင်းခြင်း၌ ဆုတောင်းခြင်းဖြစ်သည်။ ဧလိယသည် ဆုတောင်းခြင်း၌ ဆုတောင်းခြင်းမှာ သူ၏ ဆုတောင်းခြင်းအတွင်း၌ ဆုတောင်းခြင်းရှိနေခြင်းကို ဆိုလိုသည်။ ဤသည်မှာ ဘီးအတွင်း၌ ဘီးရှိခြင်းပင်ဖြစ်သည်။

ကျွန်ုပ်တို့သည် ဤဘီးအတွင်း၌ဘီးရှိခြင်းကို အသင်းတော်အသက်တာ၌ လက်တွေ့ယူဆောင်ရမည်ဖြစ်သည်။ အသင်းတော်သည် မှန်ကန်မှုရှိကာ လှုပ်ရှားနေမည်ဆိုလျှင် အသင်းတော်၏ လှုပ်ရှားမှုအတွင်း သခင်ဘုရား၏ လှုပ်ရှားမှုလည်းရှိနေမည်ဖြစ်သည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့၏ လှုပ်ရှားမှုအတွင်း၌ သခင်ဘုရား၏ လှုပ်ရှားမှုရှိနေခြင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့လှုပ်ရှားနေစဉ်တွင် သခင်ဘုရားသည် ကျွန်ုပ်တို့၏ လှုပ်ရှားမှု၌ လှုပ်ရှားနေသည်။

အတွင်းဘီးသည် လှုပ်ရှားမှုအတွက် စွမ်းအားအရင်းအမြစ်ဖြစ်သည်။ ဆိုလိုသည်မှာ အတွင်းဘီးသည် ဘီးကို လှုပ်ရှားစေသော "မော်တာ"ဖြစ်သည်။ ကျွန်ုပ်တို့၏ လှုပ်ရှားမှုသည် စစ်မှန်မည်ဆိုလျှင် ယင်းမှာ ကျွန်ုပ်တို့၏ လှုပ်ရှားမှုအတွင်း၌ သခင်ဘုရား၏ လှုပ်ရှားမှုရှိနေခြင်းပင်ဖြစ်သည်။

ဘီးတိုင်း၌ ဘီးကိုလည်ပတ်စေသော ဝင်ရိုးရှိသည်။ ဝင်ရိုးရပ်တန့်ပါက ဘီးလည်း ရပ်တန့်သွားမည်ဖြစ်သည်။ ဝင်ရိုးသည် ကြီးမားသောဘီး၏ အဝန်းအတွင်းရှိ သေးငယ်သောဘီးဖြစ်သည်ဟု ကျွန်ုပ်တို့ပြောနိုင်ပါသည်။ ကြီးမားသောဘီးလည်ပတ်ခြင်းမှာ သေးငယ်သောဘီးသည် လည်ပတ်နေသောကြောင့်ဖြစ်သည်။ အသင်းတော်အသက်တာ၌ သခင်ယေရှုသည် ဘီးအတွင်းရှိဘီးတည်းဟူသော ဝင်ရိုးဖြစ်ပြီး၊ ကျွန်ုပ်တို့သည် အဝန်းဖြစ်သည်။ အသင်းတော်များသည် သခင်ဘုရားနှင့်အတူ လုပ်ရှားခြင်းမရှိပါက ဘီးအတွင်းရှိဘီးမရှိသောကြောင့် ရှေ့ဆက်သွားရန် နည်းလမ်းလည်းမရှိပေ။ သို့သော် အသင်းတော်များသည် သခင်ဘုရားနှင့်အတူ လှုပ်ရှားသောအခါ ကိုယ်တော်သည် ဘီးအတွင်းရှိဘီး ဖြစ်လာသည်။

ဤသို့သောလှုပ်ရှားမှုကို မည်သည့်အရာကမျှ နှောင့်ယှက်ခြင်း သို့မဟုတ် ရပ်တန့်စေခြင်းရှိနိုင်မည်မဟုတ်ပါ။ လက်ရှိတွင် အသင်းတော်များရှိ သန့်ရှင်းသူများစွာတို့သည် အသင်းတော်အသက်တာပျံ့နှံ့ခြင်းအတွက် အခြားသောမြို့များသို့ ပြောင်းရွှေ့နေထိုင်ကြသည်။ အချို့က ဤပြောင်းရွှေ့နေထိုင်ခြင်းကို ကြားသောအခါ သူတို့က ၎င်းကို အထင်သေးကာ တစ်စုံတစ်ရာ ပြီးမြောက်စေနိုင်ခြင်း ရှိမည်၊ မရှိမည်ကို မေးကြသည်။ ကျွန်ုပ်သက်သေခံနိုင်သည်မှာ ဤပြောင်းရွှေ့နေထိုင်ခြင်းသည် သခင်ဘုရား၏ လှုပ်ရှားမှု၊ ဘီး၏ လှုပ်ရှားမှုဖြစ်ပြီး၊ ဤဘီးအတွင်း၌ အခြားသောဘီးရှိနေခြင်းပင်ဖြစ်သည်။ ဤပြောင်းရွှေ့နေထိုင်ခြင်း၌ ဘီးအတွင်းရှိဘီး ရှိနေသည်။ (*Life-study of Ezekiel*,pp.98-99)

*ပို၍ဖတ်ရန် -* *The Two Spirits in Romans*, ch.3; *Life-study of James*, msg.12

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ယေဇ၊ သတ္တဝါတို့သည် သွားသောအခါ ဘီးတို့သည်လည်း ထက်ကြပ်ပါကြ**
**၁း၁၉ ၏။ သတ္တဝါတို့သည် မြေကြီးနှင့်ကွာ၍ တက်သောအခါ၊ ဘီးတို့**
**သည်လည်း တက်ကြ၏။**
**၂၀ ဝိညာဉ်တော် သွားခွင့်ရှိသည့်အတိုင်း သူတို့သည်လည်း သွားကြ၏။**
**ဘီးတို့သည်လည်း သူတို့နှင့် ထက်ကြပ်တပ်၍လိုက်ကြ၏။ သတ္တဝါတို့**
**၏ဝိညာဉ်သည် ဘီးတို့၌ရှိ၏။**

ဘီးတို့သည် အသက်ရှင်သောသတ္တဝါများနှင့် ထပ်ကြပ်ကပ်လိုက်ခြင်းမှာ ကျွန်ုပ်တို့သည် ယုံကြည်ခြင်း၌ လှုပ်ရှားမည်ဆိုလျှင် သခင်ဘုရားသည် ကျွန်ုပ်တို့၏ လှုပ်ရှားမှု၌ လိုက်ပါလာမည်ဖြစ်ကြောင်းကို ညွှန်ပြနေခြင်းဖြစ်သည်။ (ယေဇ၊၁း၁၉ မှတ်စု ၁)

ဘီးတို့သည် သတ္တဝါများနောက်သို့လိုက်ပြီး (အငယ်၊၁၉၊ ၂၁)၊ သတ္တဝါများသည် ဝိညာဉ်တော်နောက်သို့လိုက်သည်၊ သို့သော် ဝိညာဉ်တော်သည် ဘီးများ၌ရှိနေသည်။ ဤသည်မှာ ကျွန်ုပ်တို့သည် သခင်ဘုရားနှင့် တစ်လုံးတစ်ဝရှိပြီး ကိုယ်တော်သည် ကျွန်ုပ်တို့နှင့် တစ်လုံးတစ်ဝရှိနေခြင်းကို ညွှန်ပြသည် (၁ကော၊၆း၁၇)။ သခင်ဘုရားသည် ကျွန်ုပ်တို့နောက်သို့လိုက်နေပြီး၊ ကျွန်ုပ်တို့သည် ဝိညာဉ်တော်နောက်သို့လိုက်ကာ၊ ဝိညာဉ်တော်သည် ဘီးများ၌ရှိနေသည်။ (ယေဇ၊၁း ၂၀ မှတ်စု ၁)

## ယနေ့ဖတ်စရာ

ယေဇ၊၁း၁၉ ၌ "သတ္တဝါတို့သည် သွားသောအခါ ဘီးတို့သည်လည်း ထက်ကြပ်ပါကြ၏။ သတ္တဝါတို့သည် မြေကြီးနှင့်ကွာ၍ တက်သောအခါ၊ ဘီးတို့သည်လည်း တက်ကြ၏"ဟု ပြောဆိုထားသည်။ ဤကျမ်းပိုဒ်က အသက်ရှင်သောသတ္တဝါများသည် ဘီးများနောက်သို့လိုက်ခြင်းမဟုတ်ဘဲ၊ ဘီးများသည် အသက်ရှင်သောသတ္တဝါများနောက်သို့ လိုက်ခြင်းဖြစ်ကြောင်း ပြောထားသည်။ သတ္တဝါများသည် လှုပ်ရှားသောအခါ ဘီးများသည် လှုပ်ရှားကြသည်။ သတ္တဝါများသည် ရပ်တန့်သောအခါ ဘီးများသည်လည်း ရပ်တန့်ကြသည်။ သတ္တဝါများသည် အထက်သို့တက်သောအခါ ဘီးများသည်လည်း တက်ကြသည်။

ဤအရာသည် ကျွန်ုပ်တို့လှုပ်ရှားခြင်းမပြုမီ သခင်ဘုရားလှုပ်ရှားမှုကို စောင့်ဆိုင်းရန်လိုအပ်သည်ဟူသော များစွာသောယုံကြည်သူများက ကိုင်စွဲထားသော အတွေး

အခေါ် နှင့်ဆန့်ကျင်ဘက်ဖြစ်သည်။ သူတို့သည် သခင်ဘုရား၏လုပ်ရှားမှုကို စောင့်နေရန် မလိုအပ်ကြောင်းကို ကိုယ်တော်၏သားသမီးများအား ပြောပြရန် သခင်ဘုရားသည် ကျွန်ုပ်ကို ဝန်တာပေးခဲ့ပါသည်။ သခင်ဘုရားသည် နှစ်ပေါင်းနှစ်ထောင်နီးပါးခန့် စောင့်ဆိုင်းခဲ့ပြီဖြစ်သည်။ ကျွန်ုပ်တို့ရှေ့ဆက်သွားမည်ဆိုပါက သခင်ဘုရားသည်လိုက်ပါလာလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် လှုပ်ရှားရန် လေ့ကျင့်ခြင်းမရှိပါက ဘီးရှိမည်မဟုတ်ပါ၊ သို့သော် ကျွန်ုပ်တို့လှုပ်ရှားပါက ဘီးများသည်လည်း လိုက်ပါလာမည်ဖြစ်သည်။ ဘုရားသခင့်အလုပ်၏လှုပ်ရှားမှု၊ ဧဝံဂေလိလှုပ်ရှားမှုနှင့် အသင်းတော်၏လှုပ်ရှားမှုအားလုံးတို့သည် ကျွန်ုပ်တို့၏လှုပ်ရှားမှုအပေါ် တွင် မူတည်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ရဲရင့်စွာရှေ့ဆက်နိုင်ရန် ယုံကြည်စိတ်ချမှု၊ အာမခံချက်နှင့် ယုံကြည်ခြင်းရှိရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ရဲရင့်စွာ လှုပ်ရှားမည်ဆိုလျှင် ဘီးများသည် လိုက်ပါလာမည်ဖြစ်သည်။ ဤနိုင်ငံကိုရယူရန်နှင့် မြေကြီးကို ရယူရန် ရဲရင့်စွာဖြင့် ရှေ့ဆက်လှုပ်ရှားကြပါစို့။

ဘီးများသည် သတ္တဝါများနောက်သို့လိုက်ပြီး (အငယ်၊၁၉)၊ သတ္တဝါများသည် ဝိညာဉ်တော်နောက်သို့လိုက်သည်၊ သို့သော် ဝိညာဉ်တော်သည် ဘီးများ၌ရှိသည် (အငယ်၊၂၀)။ မည်သူက မည်သူ့ကို လိုက်နေသည်ကို ပြောဆိုရန် ခက်ခဲသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်တစ်လုံးတစ်ဝဖြစ်ကြသည်။ တစ်နေ့တွင် သခင်ဘုရားနှင့်တွေ့ဆုံသောအခါ ကျွန်ုပ်တို့က “သခင်ဘုရား၊ ကိုယ်တော်နောက်သို့ ကျွန်ုပ်တို့လိုက်သည်”ဟု ပြောမည်ဖြစ်သော်လည်း သခင်ဘုရားက “မဟုတ်ဘူး၊ ငါသည် သင်တို့နောက်သို့လိုက်သည်”ဟု ပြောမည်ဖြစ်သည်။

ကျွန်ုပ်တို့၌ ညှိနှိုင်းလုပ်ဆောင်ခြင်းနှင့်အတူ ဘီးရှိမည်ဆိုလျှင် မည်သူကမည်သူ့ကို လိုက်နေကြောင်း ဆုံးဖြတ်ရန် ခက်ခဲမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် သခင်ဘုရားနှင့်တစ်လုံးတစ်ဝဖြစ်ပြီး၊ သခင်ဘုရားသည် ကျွန်ုပ်တို့နှင့် တစ်လုံးတစ်ဝဖြစ်သည်။ သခင်ဘုရားသည် ကျွန်ုပ်တို့နောက်သို့လိုက်ပြီး၊ ကျွန်ုပ်တို့သည် ဝိညာဉ်တော်နောက်သို့လိုက်ကာ ဝိညာဉ်တော်သည် ဘီးများ၌ ရှိနေသည်။ ဤသည်မှာ ယနေ့ မြေကြီးပေါ် သခင်ဘုရား၏လှုပ်ရှားမှုဖြစ်ပြီး၊ ဤအရာသည် သခင်ဘုရား၏ပြန်လည်ရယူခြင်းဖြစ်သည်။ (*Life-study of Ezekiel*, pp. 99-100)

ယေဇ၊၁ ၌ ဘီးများကို တွေ့ရသည် (အငယ်၊၁၅–၂၁)။ ဤဘီးများသည် သခင်ဘုရား၏လုပ်ဆောင်မှု၊ လှုပ်ရှားမှုကို ပုံဆောင်သည်။ ယနေ့ ဘီးများသည် သူတို့၏ဝင်ရိုးတည်းဟူသော ခရစ်တော်နှင့်အတူရှိသည့် အသင်းတော်များဖြစ်သည်။ ခရစ်တော်သည် ဝင်ရိုးဖြစ်ပြီး၊ အသင်းတော်များသည် အနားဝန်းဖြစ်သည်။ ခရစ်တော်မရှိလျှင် အလယ်

ဗဟိုလည်း ရှိမည်မဟုတ်ပါ။ သို့သော် အသင်းတော်မရှိလျှင် အနားဝန်းလည်း ရှိမည်မဟုတ်ပါ။ ခရစ်တော်မရှိပါက ဝင်ရိုးလည်းမရှိပါ။ အသင်းတော်မရှိပါက အဝန်းလည်း ရှိမည်မဟုတ်ပါ။ ဘီးသည် ဝင်ရိုးနှင့် အဝန်းနှစ်ခုလုံးကို လိုအပ်သည်။

ဤစကြဝဠာ၌ ဘုရားသခင်၏လှုပ်ရှားမှု၊ ဘုရားသခင်၏လုပ်ဆောင်မှု ဘီးနှင့်အတူ ဝင်ရိုးတည်းဟူသော ခရစ်တော်နှင့်တွဲဖက်ညီသည့် အနားဝန်းတည်းဟူသော အသင်းတော်ကို လိုအပ်သည်။ ကျွန်ုပ်တို့၌ အလယ်ဗဟိုဖြစ်သော ခရစ်တော်နှင့် အဝန်းဖြစ်သော အသင်းတော်ရှိသောအခါ၊ တစ်ချိန်လုံးလှုပ်ရှားနေသည့် ဘုရားသခင်၏လှုပ်ရှားမှု ရှိလိမ့်မည်ဖြစ်သည်။ တစ်စုံတစ်ဦး၌ အသန့်စွမ်းဆုံးနှင့် အလှပဆုံးဝင်ရိုး ရှိကောင်းရှိမည်ဖြစ်သော်လည်း အနားဝန်းမရှိလျှင်၊ ဘီးရှိမည်မဟုတ်ပါ။ ယနေ့ ဘုရားသခင်၏လှုပ်ရှားမှုအတွက် ဆုတောင်းကြပါစို့။ ဘုရားသခင်သည် ရှေ့ဆက်လှုပ်ရှားလိုသည်။ ဘုရားဆိုင်ရာလှုပ်ရှားမှုနှင့်အတူ ခရစ်တော်ကိုယ်တော်တိုင်တည်းဟူသော ဝင်ရိုးကိုလိုအပ်ပြီး၊ အသင်းတော်တည်းဟူသော အနားဝန်းကိုလည်း လိုအပ်သည်။ သင်၌ ဝင်ရိုးနှင့် အဝန်းနှစ်ခုလုံးရှိမည်ဆိုလျှင် မြေကြီးပေါ် ဘုရားသခင်၏လှုပ်ရှားမှုအတွက် လည်ပတ်နေသော ဘီးကို ရရှိမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဤအရာများကို ပြည့်စုံသောနည်းလမ်း၌ မြင်နိုင်ရန်အလို့ငှာ သခင်ဘုရားသည် ကျွန်ုပ်တို့အပေါ် ဂရုဏာတော်သက်ရောက်ပါစေ။ ခရစ်တော်သည် ဝင်ရိုးဖြစ်ပြီး၊ အသင်းတော်သည် အဝန်းဖြစ်သည်။ (*The Life and Way for the Practice of the Church Life*, pp.15-16)

*ပို၍ဖတ်ရန်- Life-study of Ezekiel*,msg. 9; *The Life and Way for the Practice of the Church Life,* ch. 1

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————

## *Hymns,* E#786

၁။ ဆုတောင်း၊ သခင်နှင့်မှုဆောင်
ဆုတောင်း၊ ကိုယ်တော်တွက် လမ်းရှင်း
ဆုတောင်း၊ ကိုယ်တော်လှုပ်ရှားမည်
ဗဟိုမှ အဝန်းဝိုင်းသို့။

၂။ ဆုတောင်း၊ သခင်နှင့်မှုဆောင်
ကိုယ်တော်နှင့်သက်သေထူလေ
ကြံစည်တော်၊ ရည်ရွယ်ချက်တွက်
ကောင်းကြီးမင်္ဂလာပြည့်တိုင်။

၃။ ဆုတောင်း၊ သခင်နှင့်မှုဆောင်
ဇာတိရည်မှန်းချက်၊ အလို
အစဉ်ရှင်းလင်းဖယ်ရှားလေ
ကြံစည်တော်ပြီးမြောက်ပြည့်စုံ။

၄။ ဆုတောင်း၊ သခင်နှင့်မှုဆောင်
သခင်အား ဦးဆောင်ခွင့်ပြု
စီမံအလုပ်မှန်သမျှ
ကျွန်ုပ်အားဖြင့် ကိုယ်တော်ပြု။

၅။ ဆုတောင်း၊ သခင်နှင့်မှုဆောင်
ကြီးမားဘီးရွေ့လျားသည့်တိုင်
သခင်နှင့်အတူ ဆုတောင်း
တန်ခိုးတော်သက်သေ သင်းတော်။

ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ–

# ဘုရားသခင့်အလုပ်၏တူနိုင်းရာမဲ့သောစမ်းချောင်း၌ရှိသည့် ဆုတောင်းသောအသင်းတော်

ဖတ်ရန်ကျမ်း။ ။တ၊၁း၁၃–၁၄။ ၄း၂၄–၃၁။ ၆း၄။ ၁၀း၉–၁၆။ ၁၂း၄–၁၄။ ၁၃း၁–၄။ ၁၆း၂၃–၂၆။ ၂၂း၁၇–၂၁

*Day 1*

**I. "ငါတို့သည် လူအမျိုးမျိုးတို့အဖို့ အသနားခံတောင်းလျှောက်ခြင်း၊ ဆုတောင်းခြင်း၊ ကြားခံတောင်းလျှောက်ခြင်း၊ ကျေးဇူးတော်ကို ချီးမွမ်းခြင်းကို ရှေးဦးစွာပြုစေခြင်းငှါ ငါတိုက်တွန်းသွေးဆောင်၏။ ငါတို့သည် ဘုရားဝတ်၌ မွေ့လျော်ခြင်း၊ လျှောက်ပတ်စွာကျင့်ခြင်း၊ ငြိမ်ဝပ်ဆိတ်ညံစွာနေရမည်အကြောင်း၊ ရှင်ဘုရင်များနှင့် မင်းအာဏာရှိသူတို့အဖို့ ဆုတောင်းပေးကြလော့။ အကြောင်းမူကား၊ ထိုသို့သောအမှုသည် ကောင်းသောအမှုဖြစ်၍၊ ငါတို့ကယ်တင်ရှင်ဘုရားသခင်ရှေ့တော်၌ နှစ်သက်လက်ခံဖွယ်သောအမှုလည်းဖြစ်၏" (၁တိ၊၂း၁–၃)။**

က။ ပေါလုသည် ဘုရားသခင်၏စီမံကိန်းအကြောင်းကို ပြောဆိုကာ၊ ထိုစီမံကိန်းအတွက် ကောင်းသောစစ်ပွဲကို ဆင်နွှဲရန် တိမောသေအား တိုက်တွန်းနှိုးဆော်ပြီးနောက်(၁း၃–၄၊ ၁၈)၊ သူက ဆုတောင်းခြင်းအမှုတော်သည် ဒေသန္တရအသင်းတော်၏စီမံခန့်ခွဲခြင်းနှင့် ထိန်းကျောင်းခြင်းအတွက် မရှိမဖြစ်လိုအပ်သောအရာဖြစ်ကြောင်း ညွှန်ပြခဲ့သည်။

ခ။ ယနေ့ သခင်ဘုရား၏ပြန်လည်ရယူခြင်းတွင်ရှိသည့် စစ်မှန်သောအသင်းတော်အသက်တာအတွက် မရှိမဖြစ်လိုအပ်သောအရာမှာ ဆုတောင်းခြင်းအသက်တာရှိရန်ဖြစ်ပြီး၊ စစ်မှန်သောအသင်းတော်သည် ဆုတောင်းသောအသင်းတော်ဖြစ်သည်။

ဂ။ သခင်ဘုရား၏ပြန်လည်ရယူခြင်းတွင်ရှိသောသူအားလုံးသည် ဆုတောင်းသောသူ၊ ဆုမတောင်းသောအပြစ်ကို တွန်းလှန်သောသူဖြစ်ရမည်ဖြစ်သည် (၁ရှမွေ၊၁၂း၂၃)။

ဃ။ အသင်းတော်တွင်ရှိသည့် အသက်ကြီးသူများသည် ဆုတောင်းခြင်းကို "ရှေးဦးစွာပြုစေခြင်းငှာ" ပေါလု၏တိုက်တွန်းနှိုးဆော်ခြင်းကို

ယူဆောင်ရမည်ဖြစ်သည်။ အသင်းတော်များတွင် ဦးဆောင်မှုကိုပြု သောသူသည် ဆုတောင်းခြင်းအသက်တာရှိရပေမည်။

င။ ကျွန်ုပ်တို့သည် ဆုတောင်းခြင်းအသက်တာရှိရန် မိမိတို့ကိုယ်ကို လေ့ကျင့်ပါက၊ အသင်းတော်သည် ရှင်သန်ခြင်းနှင့် မြှင့်တင်ခြင်းရှိလာပေမည်။

စ။ များစွာပြောဆိုခြင်းနှင့် များစွာလုပ်ဆောင်ခြင်းအစား၊ ကျွန်ုပ်တို့သည် ပို၍ဆုတောင်းသင့်ပါသည်။

**Day 2**

ဆ။ ကျွန်ုပ်တို့သည် အကြောင်းအရာတစ်ခုကို လုံးလုံးလျားလျားဆုတောင်း အပ်နှံပြီးမှသာ ဆုံးဖြတ်ချက်ချသင့်ပါသည်။ ယင်းမှာ မိမိတို့ကိုယ်ကို မှီခိုခြင်းမဟုတ်ဘဲ၊ သခင်ဘုရားနှင့်တစ်လုံးတစ်ဝတည်းရှိကာ ကိုယ်တော်၏ဦးဆောင်ခြင်းအတိုင်း လုပ်ဆောင်ခြင်းဖြစ်သည်။

ဇ။ *ကြားခံတောင်းလျှောက်ခြင်း*အတွက် ဂရိစကားလုံးမှာ ဘုရားသခင်ကို တစ်ဦးချင်းဆိုင်ရာနှင့် ယုံကြည်စိတ်ချစွာလွှဲအပ်ထားသောအရာတို့၌ တိုးဝင်ချဉ်းကပ်ခြင်းဟု ဆိုလိုခြင်းဖြစ်သည်။ ယင်းမှာ အခြားသောသူများ၏ အရေးကိစ္စများတွင် သူတို့၏ အကျိုးအတွက် ဘုရားသခင်ရှေ့တော်၌ ကြားဝင်ဆောင်ရွက်ခြင်း၊ ကြားဝင်စေ့စပ်ပြောဆိုပေးခြင်းဖြစ်သည်။

ဈ။ "များမကြာမီက၊ အချိန်တစ်ခုအတွင်း ကျွန်ုပ်၏လှုပ်ရှားသွားလာမှုသည် အကန့်အသတ်ရှိခဲ့သည်။ သို့ဖြစ်၍ ကျွန်ုပ်သည် ကျွန်ုပ်၏ကျန်းမာရေးအတွက် အလေးထားကာ၊ နားနေခဲ့ရသည်။ ကျွန်ုပ်သည် အချို့သောလိုအပ်ချက်များကို ကြားရသောအခါ၊ ထိုအရာတို့အတွက် ဆုတောင်းခဲ့ပါသည်။ သခင်ဘုရားသည် ကျွန်ုပ်ကို ကန့်သတ်ကောင်းကန့်သတ်ထားခဲ့သော်လည်း၊ ကိုယ်တော်က ကျွန်ုပ်ကို ဆုတောင်းခြင်းသည် အလုပ်ထက် ပို၍အရေးကြီးကြောင်း စွဲမှတ်စေခဲ့သည်။ ကောင်းမွန်သောအသင်းတော်အသက်တာရှိရန်နည်းလမ်းသည် ဆုတောင်းခြင်းဖြစ်ကြောင်းသင်ခန်းစာကို ကျွန်ုပ်တို့အားလုံးသင်ယူနိုင်ကြပါစေ။ ဤအရာသည် အရေးကြီးပေသည်။ ကျွန်ုပ်တို့၏ ပြောဆိုခြင်းကို ဆုတောင်းခြင်းအထဲသို့ လှည့်ပြောင်းပါက၊ ကျွန်ုပ်တို့၏ ဒေသန္တရတွင်ရှိသော အသင်းတော်သည် ပုံသဏ္ဍာန်ပြောင်းလဲခြင်းခံရပေမည်"။ ( *Life-study of 1Timothy*, p. 28 )

ည။ ကျွန်ုပ်တို့သည် လူအားလုံးတို့ကိုယ်စား ဆုတောင်းပေးသင့်ပါသည်။ အကြောင်းမှာ ကျွန်ုပ်တို့၏ကယ်တင်ရှင်ဘုရားသခင်သည် လူအပေါင်းတို့ကို ကယ်တင်ခြင်းသို့ရောက်၍ သမ္မာတရားကို ပြည့်ဝစွာသိစေခြင်းငှါ အလိုတော်ရှိတော်မူသည်။ ဘုရားသခင်၏ အလိုဆန္ဒကိုသယ်ဆောင်ရန်အတွက် ကျွန်ုပ်တို့၏ဆုတောင်းခြင်းကို လိုအပ်သည် (၁တိ၊၂း၄)။

*Day 3*

၄။ "သို့ဖြစ်၍၊ အရပ်ရပ်တို့၌ ယောကျ်ားတို့သည် အမျက်ထွက်ခြင်း၊ ငြင်းခုံခြင်းမရှိဘဲ၊ သန့်ရှင်းသောလက်ကိုချီ၍ ဆုတောင်းစေခြင်းငှါ ငါအလိုရှိ၏" (အငယ်၊၈)။

၁။ လက်ဆိုသည်မှာ ကျွန်ုပ်တို့၏ လုပ်ဆောင်ခြင်းများကို ပုံဆောင်သည်။

(က) ထို့ကြောင့် သန့်ရှင်းသောလက်ဆိုသည်မှာ သန့်ရှင်းသောအသက်ရှင်ခြင်း၊ ဘုရားမှပိုင်ဆိုင်သော၊ ဘုရားကို ကြည်ညိုလေးစားသောအသက်ရှင်ခြင်းဖြစ်သည်။ ထိုကဲ့သို့သန့်ရှင်းသောအသက်တာသည် ကျွန်ုပ်တို့၏ ဆုတောင်းခြင်းအသက်တာကို ခွန်အားဖြစ်စေသည်။

(ခ) အကယ်၍ ကျွန်ုပ်တို့၏ လက်များသည် သန့်ရှင်းခြင်းမရှိပါက၊ ကျွန်ုပ်တို့၏ အသက်ရှင်ခြင်းသည်လည်း သန့်ရှင်းခြင်းရှိမည်မဟုတ်သည့်အပြင်၊ ဘုရားအတွက်လည်းဖြစ်နိုင်တော့မည်မဟုတ်ပေ။ ထိုအခါ ကျွန်ုပ်တို့၌ ဆုတောင်းရန်အတွက် ထောက်မသောခွန်အားနှင့် ဆုတောင်းခြင်း၌ ချီမရန် သန့်ရှင်းသောလက်ရှိမည်မဟုတ်ပေ။

၂။ အမျက်ထွက်ခြင်းနှင့် ငြင်းခုံခြင်းသည် ကျွန်ုပ်တို့၏ ဆုတောင်းခြင်းကို သေစေသည်။

(က) အမျက်ထွက်ခြင်းသည် ကျွန်ုပ်တို့၏ စိတ်ခံစားမှုမှလာသောအရာဖြစ်ပြီး၊ ငြင်းခုံခြင်းသည် ကျွန်ုပ်တို့၏ အသိဉာဏ်မှလာသောအရာဖြစ်သည်။

(ခ) ဆုတောင်းခြင်းအသက်တာရှိရန်နှင့် အဆက်မပြတ်ဆုတောင်းနိုင်ရန် ကျွန်ုပ်တို့၏ စိတ်ခံစားမှုနှင့် အသိဉာဏ်ကို ပုံမှန်အခြေ

Day 4

အနေဉ်၌ရှိဖို့ ကျွန်ုပ်တို့၏ ဝိညာဉ်၌ရှိသော ဝိညာဉ်တော်၏ ထိန်းချုပ်မှုအောက်၌ စည်းကြပ်ခြင်းခံရမည်ဖြစ်သည်။

**II. တမန်တော်ဝတ္ထုက တမန်တော်များသည် ဆုတောင်းခြင်းမရှိဘဲ၊ မည်သည့်အလုပ်တစ်ခုကိုမျှ စတင်လုပ်ဆောင်ခြင်းမရှိကြောင်း၊ သူတို့သည် တစ်စုံတစ်ခုကို လုပ်ဆောင်ရန် အလိုဆန္ဒရှိသောအခါ တိုင်း၊ ဆုတောင်းခြင်းအားဖြင့် သူတို့ကိုယ်သူတို့ ရပ်တန့်ကာ၊ ကိုယ်တော်သည် သူတို့အထဲသို့ကြွလာရန်၊ သူတို့ကို ဖြည့်ပေးရန်နှင့် သူတို့၏ဖြစ်ခြင်းတစ်ခုလုံး၌ ပျော်ဝင်ပြည့်ဝရန်တို့အတွက်နည်းလမ်းကို ပေးအပ်ခြင်းဖြစ်ကြောင်း ပြသသည် (၁း၁၃–၁၄။ ၂း ၁–၄။ ၁၆–၁၇က။ ၄း၂၄–၃၁။ ၆း၄။ ၁၀း၉–၁၆။ ၁၂း၄–၁၄။ ၁၃း၁–၄။ ၁၆း၂၃–၂၆။ ၂၂း၁၇–၂၁)။**

က။ ကောင်းကင်ဘုံ၌ရှိသော ကျွန်ုပ်တို့၏ ဘုရားသခင်သည် သူ၏ အကြံအစည်တော်ကိုသယ်ဆောင်ရန်အတွက် သူနှင့်ပူးပေါင်းလုပ်ဆောင်မည့် မြေကြီးပေါ်ရှိ လူများကို လိုအပ်နေသည်။ သခင်ဘုရား၏ ရှင်ပြန်ထမြောက်ခြင်းနှင့် တက်ကြွခြင်းပြီးနောက်၊ တစ်ရာ့နှစ်ဆယ်ရှိသောတပည့်တော်များသည် အတူတကွ သဘောတညီတညွတ်တည်းဖြင့် အစဉ်ကြိုးစား၍ ဆုတောင်းခြင်းအားဖြင့် ဘုရားသခင်၏ ဤလိုအပ်ချက်ကို ပြည့်စုံစေရန် "အထက်ခန်း ဆက်ကပ်အပ်နှံခြင်း"ကို ပြုခဲ့ကြသည် (၁း၁၃–၁၄။ cf. ဗျာ၊ ၃း၁၀)။

ခ။ တမန်တော်ဝတ္ထုက အသင်းတော်ကိုတည်ဆောက်ရန် ဘုရားသခင်နှင့်အတူတကွ ကျွန်ုပ်တို့၏ လုပ်ဆောင်ခြင်းသည် ဝိညာဉ်ရေးရာစစ်ပွဲဖြစ်ကြောင်းနှင့် ဆုတောင်းခြင်းသည် ဘုရားသခင်၏ အလုပ်ကို ပြီးမြောက်ပြည့်စုံရန် လျှို့ဝှက်ချက်ဖြစ်ကြောင်း ပြသသည် (၄း၂၄–၃၁။ ဆာ၊ ၂း၁–၂။ ဧ၊၆း၁၀–၂၀)။

ဂ။ သခင်ဘုရား၏ ရှေ့တော်တွင် ကျွန်ုပ်တို့ဖွင့်ဟသောဆုတောင်းခြင်းများသည် အသင်းတော်နှင့် အသင်းတော်တည်ဆောက်ခြင်းကို သယ်ဆောင်နေသော ကျွန်ုပ်တို့အလုပ်ကို ဆန့်ကျင်ရန် ဦးတည်နေသည့် "တန်ပြန်ဆုတောင်းခြင်းများ"ကို ဆန့်ကျင်ရပ်တည်ခုခံခြင်းဖြစ်ရမည်ဖြစ်သည် (ယော၊၁၇း၁၅။ မ၊၆း၁၃။ cf. ဆာ၊၃၁း၂၀)။

*Day 5* **III. တမန်တော်ဝတ္ထုသည် ပြီးဆုံးခြင်းမရှိပေ၊ အကြောင်းမှာ ၎င်းသည် ဘုရားသခင့်အလုပ်၏တုန့်ပြန်မှုပုံစံ၏ ... တိုးတက်ဆဲသော ... ပြီးဆုံးရန် လိုသေး၍ ... (ဗျာ၊ ၂၂း၁၊ ၃။ ယော၊ ၅း၁၇။ မ၊ ၂၅း၂၁)။**

ကာ။ သမ္မာကျမ်းစာသည် သုံးပါးတစ်ပါးဘုရား၏ စီးဆင်းခြင်းကို ဖွင့်ပြသည် – ခမည်းတော်သည် အသက်စမ်းရေတွင်း၊ သားတော်သည် အသက်စမ်းရေပေါက်နှင့် ဝိညာဉ်တော်သည် အသက်ရေစီးရာမြစ် ဖြစ်သည် (ယော၊ ၂း၁၃။ ဆာ၊ ၃၆း၉ခ။ ယော၊ ၄း၁၄။ ၇း၃၇–၃၉)။

ခ။ စီးဆင်းခြင်း၏ အရင်းအမြစ်သည် ဘုရားသခင်နှင့် သိုးသူငယ်၏ ပလ္လင်တော်မှဖြစ်သည် (ဗျာ၊ ၂၂း၁)။

ဂ။ သမ္မာကျမ်းစာတွင် တစ်ခုတည်းသောစီးဆင်းခြင်း၊ တစ်ခုတည်းသောဘုရားဆိုင်ရာစမ်းချောင်း၊ သခင်ဘုရားအလုပ်၏ တုန့်ပြန်မှုပုံစံတစ်ခုတည်းသောစမ်းချောင်းရှိသည် (၁ကော၊ ၁၅း၅၈။ ၁၆း၁၀။ ၃း၁၂။ cf. ကာ၊ ၂း၁၀–၁၄)။

*Day 6* ဃ။ တမန်တော်ဝတ္ထုသည် သခင်ဘုရား၏ လှုပ်ရှားလုပ်ဆောင်မှု၌ တစ်ခုတည်းသောစမ်းချောင်းသာရှိပြီး၊ ကျွန်ုပ်တို့သည် ဤတစ်ခုတည်းသောစမ်းချောင်း၌ မိမိတို့ကိုယ်ကို စောင့်ထိန်းထားရန် လိုအပ်သည် (cf. ၁၅း၃၅–၄၁)။

၁။ ဘုရားအသက်၏ စီးဆင်းခြင်းသည် ပင်တေကုတ္တေနေ့တွင် စတင်ခဲ့ပြီး၊ ထိုနေ့မှစ၍ မျိုးနွယ်စဉ်ဆက်တစ်လျှောက် စီးဆင်းခဲ့ကာ၊ တစ်ခုတည်းသောစမ်းချောင်းသာ ဖြစ်သည်။

၂။ အသင်းတော်၏ သမိုင်းက မျိုးနွယ်စဉ်ဆက်တစ်လျှောက်လုံးတွင် ဝိညာဉ်တော်၏ တစ်ခုတည်းသောစမ်းချောင်းသည် အချိန်တိုင်းစီးဆင်းနေကြောင်းနှင့် များစွာသောသူတို့သည် သခင်ဘုရားအတွက် လုပ်ဆောင်နေကြသော်လည်း၊ အားလုံးတို့သည် တစ်ခုတည်းသောစမ်းချောင်း၏ စီးဆင်းခြင်းတွင် မရှိခဲ့ကြကြောင်း ပြသသည်။

၃။ သန့်ရှင်းသောဝိညာဉ်တော်၏ စီးဆင်းခြင်းတွင်ရှိသောအလုပ်သည် ဝန်တာမဟုတ်ဘဲ၊ နားခိုခြင်းဖြစ်သည်။ ကျွန်ုပ်တို့တွင်

အသက်ရှင်နေသည့် ဝိညာဉ်တော်တည်းဟူသော အဆင့်ဆင့် ဖြတ်ကျော်၍ ပြီးမြောက်ပြည့်စုံခဲ့သောဘုရားသည် အလုပ်ကို လုပ်စေပြီး၊ ဝန်တာကို ဖြစ်စေသောအခါ၊ အလုပ်သည် လုပ်ဆောင်ရန် လွယ်ကူပြီး၊ ဝန်တာသည် သယ်ဆောင်ရန် လွယ်ကူစေသည် (မ၊၁၁း၂၈–၃၀။ ဖိ၊၃း၃။ ရော၊၁း၉။ ၁ကော၊၁၅း၁၀)။

၄။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အတွင်း၌ သခင်ဘုရားကို အတွင်းပိုင်းဆိုင်ရာစီးဆင်းခြင်းနှင့် ထူးကဲသာလွန်ကောင်းမွန်သောနေရာပေးအပ်ခြင်း အားဖြင့် ကျွန်ုပ်တို့အတွင်းတွင် စမ်းချောင်း၏စီးဆင်းခြင်းကို စောင့်ထိန်းရမည်ဖြစ်သည် (ယေဇ၊၄၇း၁။ ကော၊၁း၁၈ခ)။

၅။ ယနေ့ ကျွန်ုပ်တို့လုပ်ဆောင်ရမည့်အရာမှာ သန့်ရှင်းသောဝိညာဉ်တော်အလုပ်၏စမ်းချောင်းနှင့် စီးဆင်းခြင်းအတိုင်း ရှိရပေမည်။ ကျွန်ုပ်တို့လုပ်ဆောင်သောအရာတိုင်းသည် ကျွန်ုပ်တို့၏ဇာတိစဉ်းစားခြင်းအတိုင်းမဟုတ်ဘဲ၊ ကိုယ်တော်၏စီးဆင်းခြင်းအတိုင်း ဖြစ်ရပေမည်။ (*Hymns*, # 907)

(က) "ကျွန်ုပ်တို့ ရွေးချယ်သောနေရာသို့မသွား၊ ယေရှုဦးဆောင်သောလမ်းသို့ သွားမည်။ ထိုနေရာတွင် အသက်ရေစီးဆင်းနေ၊ ကျွန်ုပ်တို့၏ မျှော်မိုက်ခြင်းကို နေ့ဆီသို့ ကူးပြောင်းပေး" (အပိုဒ်–၁)။

(ခ) "မိမိတို့ကိုယ်ကို တာဝန်ခန့်အပ်ခြင်းမဟုတ်၊ သခင်ဘုရား၏ သဘောတူခွင့်ပြုခြင်းသာ အောင်နိုင်စေ။ ကျွန်ုပ်တို့လုပ်သောအလုပ်၊ နှိမ့်ချစွာ ပြီးစီးစေ၊ ကိုယ်တော့်အတွက်သာ" (အပိုဒ်–၂)။

(ဂ) "အသေခံခြင်းအသက်တာ၌ သက်ရှင်၊ သခင်ဘုရားနှင့်အတူ ကောင်းကင်များ၌။ အစေခံခြင်း၊ ဆုတောင်းခြင်း၊ ပေးအပ်ခြင်း၊ ခရစ်တော်ကိုယ်တိုင်သာ ကျွန်ုပ်တို့၏ကြီးမြတ်ဆုံးဆုလာဘ်ဖြစ်" (အပိုဒ်–၅)။

## နံနက်ခင်းကျွေးမွေးခြင်း

**၁ရှမွေ၊ ငါမူကား သင်တို့အဘို့ ဆုမတောင်းဘဲနေသဖြင့်၊ ယေဟောဝါကို**
**၁၂း၂၃ ပြစ်မှားခြင်းအမှုသည် ငါနှင့်ဝေးပါစေသော။ ကောင်းမွန်ဖြောင့်**
**မတ်သောလမ်းကိုလည်း သင်တို့အား ငါပြသဦးမည်။**
**၁တိ၊ ငါ့သားတိမောသေ၊ သင့်ကိုရည်မှတ်၍ ဟောပြောခဲ့ပြီးသော အနာ**
**၁း၁၈ ဂတ္တိစကားဖြင့် သင်သည် ကောင်းသောစစ်ကိုတိုက်စေခြင်းငှါ၊ ဤ**
**ပညတ်ထားခြင်းအခွင့်ကို သင်၌ ငါအပ်ပေးပြီဖြစ်၍၊**
**၂း၁ ငါတို့သည် လူအမျိုးမျိုးတို့အဖို့ အသနားခံတောင်းလျှောက်ခြင်း၊**
**ဆုတောင်းခြင်း၊ ကြားခံတောင်းလျှောက်ခြင်း၊ ကျေးဇူးတော်ကို**
**ချီးမွမ်းခြင်းကို ရှေးဦးစွာပြုစေခြင်းငှါ ငါတိုက်တွန်းသွေးဆောင်၏။**

၁တိ၊၁၌ ပေါလုသည် အပြုသဘောဆောင်သောနည်းလမ်းဖြင့် အသင်းတော်အသက်တာအကြောင်းကိုပြောဆိုရန် ကောင်းသောအုတ်မြစ်ကိုချသောသူဖြစ်သည်။ ကျွန်ုပ်တို့၌ စစ်မှန်သော အသင်းတော်အသက်တာရှိမည်ဆိုပါက၊ ရှေးဦးစွာ ကျွန်ုပ်တို့တွင် ဆုတောင်းသောအသက်တာ ရှိရမည်ဖြစ်သည်။ အသင်းတော်၌ နှုတ်ကပတ်တော်ကို အမှုဆောင်သူများဖြစ်သည့် ဦးဆောင်သောသူများသည် ထိုသို့ဆုတောင်းသောအသက်တာရှိရန် ဦးဆောင်မှုပြုသင့်ပေသည်။ ဆုတောင်းခြင်းအမှုတော်သည် ဒေသန္တရအသင်းတော်၏စီမံခန့်ခွဲခြင်းနှင့် ထိန်းကျောင်းခြင်းအတွက် မရှိမဖြစ်လိုအပ်သောအရာဖြစ်သည်။ ထို့ကြောင့် ပေါလုသည် တိမောသေအား လူအမျိုးမျိုးတို့အဖို့ အသနားခံတောင်းလျှောက်ခြင်း၊ ဆုတောင်းခြင်း၊ ကြားခံတောင်းလျှောက်ခြင်း၊ ကျေးဇူးတော်ကိုချီးမွမ်းခြင်းကို ပြုစေခြင်းငှါ တိုက်တွန်းသွေးဆောင်ခြင်းဖြစ်သည်။ ဤအရာမှာ ပေါလုသည် ဘုရားသခင်၏စီမံကိန်းအကြောင်းကို ပြောဆိုကာ၊ ထိုစီမံကိန်းအတွက် ကောင်းသောစစ်ပွဲကိုဆင်နွှဲရန် တိမောသေအား တိုက်တွန်းနှိုးဆော်ပြီးနောက်၊ အသင်းတော်အသက်တာ၏ အပြုသဘောဆောင်သောသွင်ပြင်နှင့်စပ်လျဉ်းသည့် ပထမဆုံးသောစကားဖြစ်သည်။ တိမောသေသည် ဆုတောင်းသောအသက်တာရှိရန် ဦးဆောင်မှုကိုပြုခဲ့သူဖြစ်သည်။ *(Life-study of 1 Timothy,* p. 25)

## ယနေ့ဖတ်စရာ

ယနေ့ သခင်ဘုရား၏ပြန်လည်ရယူခြင်းတွင်ရှိသည့် စစ်မှန်သောအသင်းတော်အသက်တာအတွက် မရှိမဖြစ်လိုအပ်သောအရာမှာ ဆုတောင်းခြင်းအသက်တာရှိရန်

ဖြစ်သည်။ စစ်မှန်သောအသင်းတော်သည် ဆုတောင်းသောအသင်းတော်ဖြစ်သည်။ ဆုတောင်းခြင်းမရှိသော အသင်းတော်သည် သနားဖွယ်ဖြစ်သည်။ ဆုတောင်းမှုမရှိခြင်းသည် အပြစ်ဖြစ်သည်။ သခင်ဘုရား၏ပြန်လည်ရယူခြင်းတွင်ရှိသောသူအားလုံးသည် ဆုတောင်းသောသူ၊ ဆုမတောင်းသောအပြစ်ကို တွန်းလှန်သောသူဖြစ်ရမည်ဖြစ်သည်။ အသင်းတော်တွင်ရှိသည့် အသက်ကြီးသူများသည် ဆုတောင်းခြင်းကို "ရှေးဦးစွာ ပြုစေခြင်းငှာ" ပေါလု၏ တိုက်တွန်းနှိုးဆော်ခြင်းကို ယူဆောင်ရမည်ဖြစ်သည်။

ပေါလုရေးသားထားခဲ့သည့် ဩဝါဒစာတစ်ဆယ့်လေးစောင်တွင် စာစောင်ဆယ်စောင်သည် အသင်းတော်များအတွက်ဖြစ်ပြီး၊ ကျန်လေးစောင်သည် တစ်ဦးချင်းစီအတွက်ဖြစ်သည်။ အချို့က ထိုစာစောင်လေးခုသည် ကျွန်ုပ်တို့နှင့် မသက်ဆိုင်ပါဟု ထင်မြင်ကြပေသည်။ အကြောင်းမှာ ၎င်းတို့သည် တစ်ဦးချင်းစီအတွက် ရေးသားထားသောကြောင့်ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့သည် ယနေ့၏ တိမောသေ၊ တိတုနှင့် ဖိလေမုန်တို့ဖြစ်ရပေမည်။ အထူးသဖြင့် တစ်ဦးချင်းစီဖြစ်သောသန့်ရှင်းသူတိုင်းသည် တိမောသေဖြစ်လာရန် လိုအပ်သည်။

အကယ်၍ ကျွန်ုပ်တို့သည် တိမောသေဖြစ်မည်ဆိုပါက၊ ငြင်းခုံခြင်း၊ အတင်းအဖျင်းပြောဆိုခြင်း သို့မဟုတ် ပြစ်တင်ဝေဖန်ခြင်းတို့မရှိဘဲ၊ ဆုတောင်းရန် ဦးဆောင်မှုပြုမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် အသင်းတော်နှင့်စပ်လျဉ်းသည့် ကောင်းသော သို့မဟုတ် ဆိုးသောသတင်းများကို ကြားရသောအခါတိုင်း၊ ဆုတောင်းရမည်ဖြစ်သည်။ ထိုအရာနှင့်ပတ်သက်သောအခြေအနေကို မဆွေးနွေးပါနှင့်၊ အတင်းအဖျင်းမပြောပါနှင့်၊ ပြစ်တင်ဝေဖန်ခြင်းမရှိပါနှင့်။ ဆုတောင်းရုံသာ ရှိပါသည်။ ထိုနည်းတူ သင်သည် သန့်ရှင်းသူတစ်ဦး သို့မဟုတ် အသက်ကြီးသူတစ်ဦး၏ အကြောင်းတစ်စုံတစ်ရာကို ကြားပါက၊ ထိုသူအတွက် ဆုတောင်းပေးပါ။ စစ်မှန်သောအသင်းတော်အသက်တာရှိရန် ပထမဆုံးသောလိုအပ်ချက်မှာ ဆုတောင်းရန်ဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် ဤအရာကို လက်တွေ့လုပ်ဆောင်ရန် လိုအပ်သည်။ ကျွန်ုပ်တို့သည် ဆုတောင်းခြင်းအသက်တာရှိရန် မိမိတို့ကိုယ်ကို လေ့ကျင့်ပါက၊ အသင်းတော်သည် ရှင်သန်ခြင်းနှင့် မြှင့်တင်ခြင်းရှိလာပေမည်။ အချို့တို့သည် ဆုတောင်းရန် ဦးဆောင်မှုပြုသည့် ယနေ့တိမောသေများဖြစ်မည်ဆိုပါက၊ ကျန်သောသူများသည် နောက်မှ လိုက်ကြပေမည်။ ဤအရာကို ဦးဆောင်မှုပြုသည့်လူနည်းစုနောက်သို့လိုက်သော သိုးအုပ်စု၏ နည်းလမ်းအားဖြင့် ပုံဆောင်ပြနိုင်သည်။ အကယ်၍ သင်သည် ဆုတောင်းရန်ဦးဆောင်မှုပြုသော တိမောသေကဲ့သို့ ဖြစ်ပါက၊ သင်၏ ဒေသန္တရ၌ရှိသောလူစုသည် နောက်မှ လိုက်လာပေမည်။

များစွာပြောဆိုခြင်းနှင့် များစွာလုပ်ဆောင်ခြင်းအစား၊ ကျွန်ုပ်တို့သည် ပို၍ဆုတောင်းသင့်ပါသည်။ သင်သည် သန့်ရှင်းသူတစ်ယောက်၏ အားနည်းခြင်း သို့မဟုတ် ကျဆင်းခြင်းကို ကြားရပါက၊ ထိုသူ့အကြောင်းကို မပြောပါနှင့်၊ ပြစ်တင်မဝေဖန်ပါနှင့်။ ထိုမျှမက သူ့ထံသို့ ချက်ချင်းမသွားပါနှင့်။ ၎င်းအစား သူ့အတွက် ဆုတောင်းပေးပါ။ သင်သည် သူ့ထံသို့ သွားရောက်ခြင်း သို့မဟုတ် မသွားရောက်ခြင်းသည် သခင်ဘုရား၏ ဦးဆောင်ခြင်းအပေါ် တွင် မူတည်နေခြင်းဖြစ်သည်။ သင်သည် ထိုအကြောင်းအရာကို ဆုတောင်းပြီးနောက်၊ သခင်ဘုရားသည် ထိုသူ့ထံ သွားရောက်ရန် ဦးဆောင်ပါက၊ ရိုးစင်းစွာပင် သခင်ဘုရား၏ ဦးဆောင်ခြင်းနောက်သို့ လိုက်ပြီး၊ ထိုသူ့ထံ သွားရောက်ပါ။ သို့သော် စိတ်ကြီးဝင်ပြီး မည်သည့်တစ်စုံတစ်ခုကိုမျှ မပြုလုပ်သင့်ပေ။ သခင်ဘုရားသည် သင့်ကို ကျဆင်းနေသောသန့်ရှင်းသူထံ သွားရောက်ရန် မဦးဆောင်ပါက၊ သင်သည် မိမိအားဖြင့် သူ့ထံ မသွားရောက်သင့်ပေ။ သန့်ရှင်းသူများထံ သွားရောက်ခြင်း၌ပင် ကျွန်ုပ်တို့သည် စိတ်ကြီးဝင်နိုင်ပေသည်။ ဆုတောင်းခြင်းနှင့် သခင်ဘုရား၏ ဦးဆောင်ခြင်း မပါဘဲ၊ ကျဆင်းနေသောသန့်ရှင်းသူထံ မိမိတို့ကိုယ်တိုင်အားဖြင့် သွားရောက်ခြင်းသည် စိတ်ကြီးဝင်သောအပြစ်ဖြစ်သည်။ သို့သော်လည်း ကျွန်ုပ်တို့၏ ဆုတောင်းခြင်းအားဖြင့် သခင်ဘုရားသည် ကျွန်ုပ်တို့ကို ထိုသူ့ထံ သွားရောက်ရန် အတိအကျဦးဆောင်ပါက၊ ထိုသွားရောက်ခြင်းသည် အကျိုးသက်ရောက်မှုရှိပေမည်။

ကျွန်ုပ်တို့သည် သန့်ရှင်းသူများအကြားရှိ ပြဿနာများကို ကြားရသောအခါတိုင်း၊ ဆုတောင်းပေးရပေမည်။ ကျွန်ုပ်တို့သည် အတွေ့အကြုံရှိပြီး၊ ပြဿနာများကိုဖြေရှင်းရန် အရည်အချင်းရှိသည်ဟု မမှတ်ယူသင့်ပေ။ ထိုသို့သောသဘောထားသည် စိတ်ကြီးဝင်ခြင်းဖြစ်သည်သာမက၊ လွန်ကျူးခြင်းလည်းဖြစ်သည်။ အကြောင်းမှာ ယင်းသည် မိမိတို့ကိုယ်ကို ဘုရားအဖြစ် မှတ်ယူသောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့သည် ညီအစ်ကိုများအကြားရှိ ပြဿနာနှင့်စပ်လျဉ်းပြီး သင်ယူပါက၊ ကျွန်ုပ်တို့၏ ဆုတောင်းခြင်း၌ သခင်ဘုရားအား ဤအကြောင်းအရာကို ယူဆောင်ကြလိမ့်မည်ဖြစ်သည်။ *(Life-study of 1 Timothy,* pp. 25-27)

*ပို၍ဖတ်ရန်* – ***Life-study of 1 Timothy,*** msg. 3

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

## ***နံနက်ခင်းကျွေးမွေးခြင်း***

**၁တိ၊ ၂း၁–၄** **ငါတို့သည် လူအမျိုးမျိုးတို့အဖို့ အသနားခံတောင်းလျှောက်ခြင်း၊ ဆုတောင်းခြင်း၊ ကြားခံတောင်းလျှောက်ခြင်း၊ ကျေးဇူးတော်ကို ချီးမွမ်းခြင်းကို ရှေးဦးစွာပြုစေခြင်းငှါ ငါတိုက်တွန်းသွေးဆောင်၏။ ငါတို့သည် ဘုရားဝတ်၌မွေ့လျော်ခြင်း၊ လျောက်ပတ်စွာကျင့်ခြင်း၊ ငြိမ်ဝပ်ဆိတ်ညံစွာနေရမည်အကြောင်း၊ ရှင်ဘုရင်များနှင့် မင်းအာဏာရှိသူတို့အဖို့ ဆုတောင်းပေးကြလော့။ အကြောင်းမူကား၊ ထိုသို့သောအမှုသည် ကောင်းသောအမှုဖြစ်၍၊ ငါတို့ကယ်တင်ရှင်ဘုရားသခင်ရှေ့တော်၌ နှစ်သက်လက်ခံဖွယ်သောအမှုလည်းဖြစ်၏။ လူအပေါင်းတို့သည် ကယ်တင်ခြင်းသို့ရောက်၍ သမ္မာတရားကို ပြည့်ဝစွာသိစေခြင်းငှါ၊ ဘုရားသခင်အလိုတော်ရှိ၏။**

အသက်ကြီးသူများသည် အသင်းတော်အတွက် အလေးထားကာ ပထမဆုံးပြုလုပ်ရမည့်အရာမှာ ဆုတောင်းခြင်းဖြစ်သည်။ ဆုတောင်းခြင်းမရှိဘဲ၊ မည်သည့်ဆုံးဖြတ်ချက်ကိုမျှ မချသင့်ပေ။ တစ်စုံတစ်ရာကို မလုပ်ဆောင်မီ၊ ကျွန်ုပ်တို့သည် ဆုတောင်းရန်လိုအပ်သည်။ ထိုမျှမက ကျွန်ုပ်တို့၏ဆုတောင်းခြင်းများသည် မလေးနက်ခြင်း သို့မဟုတ် အပေါ်ယံကျခြင်းတို့ မဖြစ်သင့်ဘဲ၊ မခြွင်းမချန်ဖြစ်ရပေမည်။ ကျွန်ုပ်တို့သည် အကြောင်းအရာတစ်ခုကို လုံးလုံးလျားလျား ဆုတောင်းအပ်နှံပြီးမှသာ ဆုံးဖြတ်ချက်ချသင့်ပါသည်။ ယင်းမှာ မိမိတို့ကိုယ်ကို မှီခိုခြင်းမဟုတ်ဘဲ၊ သခင်ဘုရားနှင့် တစ်လုံးတစ်ဝတည်းရှိကာ ကိုယ်တော်၏ဦးဆောင်ခြင်းအတိုင်း လုပ်ဆောင်ခြင်းဖြစ်သည်။ အသက်ကြီးသူများသည် ဤနည်းလမ်းတွင် လက်တွေ့လုပ်ဆောင်ပါက၊ ကျွန်ုပ်တို့၏ဒေသန္တရတွင်ရှိသော အသင်းတော်အသက်တာသည် မြင့်တင်ခြင်းနှင့် စစ်မှန်ခြင်းရှိပေလိမ့်မည်။ (*Life-study of 1 Timothy*, p. 27)

## ***ယနေ့ဖတ်စရာ***

ညီအစ်ကိုနီးသည် မကြာခဏပင် ကျွန်ုပ်တို့ကို သမ္မာကျမ်းစာဖတ်ခြင်းတွင် ရေးသားသူ၏ဝိညာဉ်ကို ထိတွေ့ရန်လိုအပ်ကြောင်း ပြောခဲ့သည်။ အမဲနှင့် အဖြူစာလုံးများရှိသောကျမ်းစာကို လူ့ခန္ဓာကိုယ်နှင့် ခိုင်းနှိုင်းနိုင်ပြီး၊ ရေးသားသူ၏ဝိညာဉ်ကို ခန္ဓာကိုယ်၌ရှိသောအသက် သို့မဟုတ် ဝိညာဉ်နှင့် ခိုင်းနှိုင်းနိုင်သည်။ ကျွန်ုပ်တို့သည် ၁တိ၊ ၂း၁–၇ ၌ရှိသော ပေါလု၏ဝိညာဉ်ကို ထိတွေ့ပါက၊ သူ၏ဝန်တာကို ကျွန်ုပ်တို့ ထိတွေ့ခံစားရပေ

မည်။ ယင်းမှာ အသင်းတော်အသက်တာ၌ ဦးဆောင်မှုပြုသောသူသည် ဆုတောင်းသော အသက်တာရှိရမည်ဖြစ်သည်။ ဤကျမ်းပိုဒ်များတွင် ပေါလုသည် တိမောသေကို ဤသို့ ပြောဆိုသည်ဟု ထင်မြင်ရသည်– "ငါသည် သင့်ကို ဘုရားသခင်၏ စီမံကိန်းနှင့်စပ်လျဉ်းသည့် ရှင်းလင်းသောရုပ်ပုံကားချပ်ကို ပြသခဲ့ပြီ။ ထိုစီမံကိန်းသည် ခြားနားသောသွန်သင်ခြင်းများနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ ငါသည်လည်း ဤအရာကို သင့်အား ညွှန်ပြခဲ့သည်၊ ကိုယ်တော်၏ သနားခြင်းဂရုဏာတွင် သခင်ဘုရားသည် ငါ့အား ဘုရားစီမံကိန်း၏ ပုံစံနမူနာ ဖြစ်စေခဲ့သည်။ ငါသည်လည်း ဘုရားသခင့်စီမံကိန်း၏ ကိုယ်စား သင့်ကို ကောင်းသောစစ်ပွဲကို ဆင်နွှဲရန် အလေးအနက်ထား၍ တာဝန်ပေးခဲ့သည်။ ယခု ငါ၏ ဝိညာဉ်၌နက်နဲသောအရာမှာ သင့်ကို ဆုတောင်းရန် တိုက်တွန်းနှိုးဆော်မည့်ဝန်တာဖြစ်သည်။ ငါသည် သင့်ကို လူအမျိုးမျိုးတို့အဖို့ အသနားခံတောင်းလျှောက်ခြင်း၊ ဆုတောင်းခြင်း၊ ကြားခံတောင်းလျှောက်ခြင်း၊ ကျေးဇူးတော်ကိုချီးမွမ်းခြင်းကို ပြုစေခြင်းငှါ တိုက်တွန်းသွေးဆောင်၏ ။ ဆုမတောင်းမီ သွန်သင်ခြင်းရှိရမည်ဟု မစဉ်းစားပါနှင့်။ ဆုတောင်းခြင်းသည် ပထမဆုံးဖြစ်ရမည်ဖြစ်ပြီး၊ သွန်သင်ခြင်းသည် ဒုတိယသာ ဖြစ်ရပေမည်"။

၂း၁၌ ပေါလုသည် အသနားခံတောင်းလျှောက်ခြင်း၊ ဆုတောင်းခြင်း၊ ကြားခံတောင်းလျှောက်ခြင်းနှင့် ကျေးဇူးတော်ကိုချီးမွမ်းခြင်းတို့ကို ဖော်ပြခဲ့သည်။ ဆုတောင်းခြင်းသည် ဝတ်ပြုကိုးကွယ်ခြင်း၊ မိတ်သဟာယဖွဲ့ခြင်းတို့၏ အနှစ်သာရနှင့်အတူ ယေဘုယျဖြစ်သည်။ အသနားခံတောင်းလျှောက်ခြင်းသည် အထူးဖြစ်ကာ၊ သီးသန့်လိုအပ်ချက်များအတွက် ဖြစ်သည်။ "ကြားခံတောင်းလျှောက်ခြင်း"အတွက် ဂရိစကားလုံးမှာ ဘုရားသခင်ကို တစ်ဦးချင်းဆိုင်ရာနှင့် ယုံကြည်စိတ်ချစွာလွဲအပ်ထားသောအရာတို့၌ တိုးဝင်ချဉ်းကပ်ခြင်းဟု ဆိုလိုခြင်းဖြစ်သည်။ ယင်းမှာ အခြားသောသူများ၏ အရေးကိစ္စများတွင် သူတို့၏ အကျိုးအတွက် ဘုရားသခင်ရှေ့တော်၌ ကြားဝင်ဆောင်ရွက်ခြင်း၊ ကြားဝင်စေ့စပ်ပြောဆိုပေးခြင်းဖြစ်သည်။ ထို့အပြင် ကျွန်ုပ်တို့သည် ကျေးဇူးတော်ကိုချီးမွမ်းခြင်းကိုလည်း ပူဇော်ရမည်ဖြစ်သည်။ မကြာခဏ ကျွန်ုပ်တို့သည် အချို့သောအသင်းတော်များ၊ အသက်ကြီးသူများ သို့မဟုတ် သန့်ရှင်းသူများနှင့်စပ်လျဉ်းပြီး ကောင်းသောသတင်းများကိုကြားရသောအခါ၊ သူတို့အတွက် ဘုရားသခင်ကို ကျေးဇူးတင်ရမည့်အစား၊ သူတို့ကို သာချီးမွမ်းတတ်ကြသည်။ အသင်းတော်တွင် အခြေအနေကောင်းမွန်ပါက၊ ၎င်းသည် ဘုရားသခင်ကြောင့်သာ ဖြစ်ပြီး၊ အသင်းတော်ကြောင့် မဟုတ်ပါ။ ထိုနည်းတူ အသက်ကြီးသူ သို့မဟုတ် သန့်ရှင်းသူသည် ကောင်းမွန်နေပါက၊ ၎င်းသည်လည်း ဘုရားသခင်၏ ကျေးဇူးတော်ကြောင့်သာဖြစ်သည်။ ထို့ကြောင့် အသင်းတော် သို့မဟုတ် လူပုဂ္ဂိုလ်ကို ချီးမွမ်းခြင်းအစား၊ ကျွန်ုပ်တို့သည် ဘုရားသခင်ကိုသာ ကျေးဇူးတင်ရမည်ဖြစ်သည်။

အသနားခံတောင်းလျှောက်ခြင်း၊ ဆုတောင်းခြင်း၊ ကြားခံတောင်းလျှောက်ခြင်း

နှင့် ကျေးဇူးတော်ကိုချီးမွမ်းခြင်းတို့ကို ဖော်ပြရာတွင် ပေါလု၏ ဝိညာဉ်သည် ဆုတောင်းခြင်း၏ အရေးကြီးမှုနှင့်စပ်လျဉ်း၍ အလွန်ဝန်တာ ရှိခဲ့သည်။ သူသည် သူ၏ ချစ်စွာသော ဝိညာဉ်သား၊ သမီးများကို ဆုတောင်းစေဖို့ အလိုရှိခဲ့သည်။ ကျွန်ုပ်တို့၌ ဆုတောင်းသော အသက်တာရှိခြင်းသာလျှင်၊ စစ်မှန်သောအသင်းတော်အသက်တာရှိနိုင်မည်အရာကို ကျွန်ုပ်အလေးထားလိုပါသည်။ ကျွန်ုပ်သည် လွန်ခဲ့သောနှစ်အနည်းငယ်အတွင်းတွင် အခြားသောနှစ်ကာလများထက် ပို၍များစွာဆုတောင်းခဲ့ကြောင်းသက်သေခံနိုင်ပါသည်။ ကျွန်ုပ်၏ ဆုတောင်းချက်များအတွက် တိကျသောအဖြေကိုလည်း မြင်ခဲ့ရသည်။ မျိုးမကြာမီက၊ အချိန်တစ်ခုအတွင်း ကျွန်ုပ်၏ လှုပ်ရှားသွားလာမှုသည် အကန့်အသတ်ရှိခဲ့သည်။ သို့ဖြစ်၍ ကျွန်ုပ်သည် ကျွန်ုပ်၏ ကျန်းမာရေးအတွက် အလေးထားကာ၊ နားနေခဲ့ရသည်။ ကျွန်ုပ်သည် အချို့သောလိုအပ်ချက်များကို ကြားရသောအခါ၊ ထိုအရာတို့အတွက် ဆုတောင်းခဲ့ပါသည်။ သခင်ဘုရားသည် ကျွန်ုပ်ကို ကန့်သတ်ကောင်းကန့်သတ်ထားခဲ့သော်လည်း၊ ကိုယ်တော်က ကျွန်ုပ်ကို ဆုတောင်းခြင်းသည် အလုပ်ထက် ပို၍ အရေးကြီးကြောင်း စွဲမှတ်စေခဲ့သည်။ ကောင်းမွန်သောအသင်းတော်အသက်တာရှိရန်နည်းလမ်းသည် ဆုတောင်းခြင်းဖြစ်ကြောင်းသင်ခန်းစာကို ကျွန်ုပ်တို့အားလုံး သင်ယူနိုင်ကြပါစေ။ ဤအရာသည် အရေးကြီးပေသည်။ ကျွန်ုပ်တို့၏ ပြောဆိုခြင်းကို ဆုတောင်းခြင်းအထဲသို့ လှည့်ပြောင်းပါက၊ ကျွန်ုပ်တို့၏ ဒေသန္တရတွင်ရှိ သောအသင်းတော်သည် ပုံသဏ္ဌာန်ပြောင်းလဲခြင်းခံရပေမည်။

အငယ်၊၄တွင် ပေါလုက ဘုရားသခင်သည် လူအပေါင်းတို့ကို ကယ်တင်ခြင်းသို့ ရောက်၍၊ သမ္မာတရားကို ပြည့်ဝစွာ သိစေခြင်းငှါ အလိုတော်ရှိတော်မူသည်ဟု ပြောဆိုထားသည်။ ကျွန်ုပ်တို့သည် လူသားအားလုံး၏ ကိုယ်စားဆုတောင်းပေးသင့်သည်။ အကြောင်းမှာ ကျွန်ုပ်တို့၏ ကယ်တင်ရှင်ဘုရားသခင်သည် လူသားအားလုံးကို ကယ်တင်ခြင်းသို့ရောက်၍ သမ္မာတရားကိုသိစေခြင်းငှါ အလိုရှိသောကြောင့်ဖြစ်သည်။ ဘုရားသခင်၏ အလိုဆန္ဒကိုသယ်ဆောင်ရန်အတွက် ကျွန်ုပ်တို့၏ ဆုတောင်းခြင်းကို လိုအပ်သည်။ သမ္မာတရားဆိုသည်မှာ စစ်မှန်ခြင်းဟု အဓိပ္ပာယ်ရပြီး၊ ဘုရားသခင်၏ နှုတ်ကပတ်တော်၌ဖွင့်ပြထားသည့် စစ်မှန်သောအရာများအားလုံးကို ဆိုလိုကာ၊ အဓိကအားဖြင့် ဘုရားသခင်၏ ကိုယ်ထင်ရှားခြင်းတည်းဟူသော ခရစ်တော်နှင့် ခရစ်တော်၏ ကိုယ်ခန္ဓာတော်တည်းဟူသော အသင်းတော်ကို ရည်ညွှန်းသည်။ ကယ်တင်ခံရပြီးသောသူအားလုံးတို့သည် ဤအရာများကို ပြည့်ဝစွာသိကျွမ်းခြင်း၊ ပြည့်စုံစွာနားလည်သဘောပေါက်ခြင်းရှိသင့်သည်။(*Life-study of 1 Timothy,* pp. 27-29)

*ပို၍ဖတ်ရန်* – *Life-study of 1 Timothy,* msg. 3

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**၁တိ၊ ၂း၈** **သို့ဖြစ်၍၊ အရပ်ရပ်တို့၌ ယောကျ်ားတို့သည် အမျက်ထွက်ခြင်း၊ ငြင်းခုံခြင်းမရှိဘဲ၊ သန့်ရှင်းသောလက်ကိုချီ၍ ဆုတောင်းစေခြင်းငှါ ငါအလိုရှိ၏။**

**တ၊၁း ၁၃–၁၄** **ရောက်ကြလျှင်၊ ပေတရု၊ ယောဟန်၊ ယာကုပ်နှင့် အန္ဒြေ၊ ဖိလိပ္ပုနှင့်သောမ၊ ဗာသောလမဲနှင့် မဿဲ၊ အာလဖဲ၏သားယာကုပ်၊ ရှိမုန်ဇေလုတ်နှင့် ယာကုပ်ညီယုဒတို့သည် တည်းနေရာအိမ်အထက်ခန်းသို့ တက်ကြ၏။ ထိုသူအပေါင်းတို့သည် ယေရှု၏မယ်တော်မာရိမှစ၍ မိန်းမတို့နှင့်လည်းကောင်း၊ ညီတော်တို့နှင့်လည်းကောင်း၊ အတူတကွ သဘောတညီတညွတ်တည်းဖြင့် အစဉ်ကြိုးစား၍ ဆုတောင်းလျက်နေ၏။**

ဒေသန္တရအသင်းတော်၌ ဦးဆောင်သောသူများသည် ဆုတောင်းခြင်း၏စံနမူနာထားရှိရန်အတွက် ၁တိ၊ ၂း၁– ၂၌ရှိသောတိုက်တွန်းချက်အတိုင်း ဆုတောင်းခြင်းအသက်တာရှိရမည်ဖြစ်သည်။ သို့မှသာ အင်္ဂါဝင်များအားလုံးတို့သည်လည်း အရပ်ရပ်တို့၌ အမြဲတမ်းဆုတောင်းခြင်းဖြင့် ထိုစံနမူနာအတိုင်းလိုက်လျှောက်ကြလိမ့်မည်ဖြစ်သည်။

လက်ဆိုသည်မှာ ကျွန်ုပ်တို့၏လုပ်ဆောင်ခြင်းများကို ပုံဆောင်သည်။ ထို့ကြောင့် သန့်ရှင်းသောလက်ဆိုသည်မှာ သန့်ရှင်းသောအသက်ရှင်ခြင်း၊ ဘုရားမှပိုင်ဆိုင်သော၊ ဘုရားကိုကြည်ညိုလေးစားသောအသက်ရှင်ခြင်းဖြစ်သည်။ ထိုကဲ့သို့ သန့်ရှင်းသောအသက်တာသည် ကျွန်ုပ်တို့၏ဆုတောင်းခြင်းအသက်တာကို ခွန်အားဖြစ်စေသည်။ အကယ်၍ ကျွန်ုပ်တို့၏လက်များသည် သန့်ရှင်းခြင်းမရှိပါက၊ ကျွန်ုပ်တို့၏ အသက်ရှင်ခြင်းသည်လည်း သန့်ရှင်းခြင်းရှိမည်မဟုတ်သည့်အပြင်၊ ဘုရားအတွက်လည်း ဖြစ်နိုင်တော့မည်မဟုတ်ပေ။ ထိုအခါ ကျွန်ုပ်တို့၌ ဆုတောင်းရန်အတွက် ထောက်မသောခွန်အားနှင့် ဆုတောင်းခြင်း၌ ချီမရန် သန့်ရှင်းသောလက်ရှိမည်မဟုတ်ပေ။

အမျက်ထွက်ခြင်းနှင့် ငြင်းခုံခြင်းသည် ကျွန်ုပ်တို့၏ဆုတောင်းခြင်းကို သေစေသည်။ အမျက်ထွက်ခြင်းသည် ကျွန်ုပ်တို့၏ စိတ်ခံစားမှုမှလာသောအရာဖြစ်ပြီး၊ ငြင်းခုံခြင်းသည် ကျွန်ုပ်တို့၏ အသိဉာဏ်မှလာသောအရာဖြစ်သည်။ ဆုတောင်းခြင်းအသက်တာရှိရန်နှင့် အဆက်မပြတ်ဆုတောင်းနိုင်ရန် ကျွန်ုပ်တို့၏ စိတ်ခံစားမှုနှင့် အသိဉာဏ်ကို ပုံမှန်အခြေအနေ၌ရှိဖို့ ကျွန်ုပ်တို့၏ ဝိညာဉ်၌ရှိသော ဝိညာဉ်တော်၏ ထိန်းချုပ်မှုအောက်၌ စည်းကြပ်ခြင်းခံရမည်ဖြစ်သည်။ (၁တိ၊ ၂း၈ မှတ်စု၊၁၊ ၃နှင့် ၄)

# ယနေ့ဖတ်စရာ

တမန်တော်ဝတ္ထုက တမန်တော်များသည် လုပ်ဆောင်မှုအချို့ရှိသောအခါတိုင်း၊ ရှေးဦးစွာ သူတို့သည် ဆုတောင်းကြကြောင်း ပြသသည်။ သူတို့သည် ဆုတောင်းခြင်းမရှိဘဲ၊ ဘယ်သောအခါမျှ အလုပ်ကို အစမပြုခဲ့ကြပါ။ သူတို့သည် တစ်စုံတစ်ခုကို လုပ်ဆောင်လိုသောအခါတိုင်း၊ သူတို့၏ ဆုတောင်းခြင်းအားဖြင့် မိမိတို့ကိုယ်ကို ရပ်တန့်ခဲ့ကြသည်။ သူတို့၏ ဆုတောင်းခြင်းသည် ကိုယ်တော့်အား သူတို့အထဲသို့ကြွလာရန်၊ သူတို့ကို ဖြည့်ပေးရန်နှင့် သူတို့၏ ဖြစ်ခြင်းတစ်ခုလုံး၌ ပျော်ဝင်ပြည့်ဝရန်တို့အတွက်နည်းလမ်းကို ပေးအပ်ခြင်းဖြစ်သည်။ (*The Practical and Organic Building Up of the Church,* p. 93)

သခင်ဘုရားအသေခံခြင်းမတိုင်မီ တပည့်တော်များသည် ဝိညာဉ်ရေးဆိုင်ရာအရာများအတွက် ဆုတောင်းခြင်း၌ စိတ်ဝင်စားမှုမရှိခဲ့ပေ (လု၊ ၂၂း၄၀၊၄၅–၄၆)။ ထို့ထက်ပို၍ သူတို့သည် သူတို့၏ အလယ်တွင် အဘယ်သူသည် အကြီးမြတ်ဆုံးဖြစ်မည်နည်းဟု စဉ်းစားငြင်းခုံခဲ့ကြသည် (လု၊ ၂၂း ၂၄)။ သို့သော် သခင်ဘုရား၏ ရှင်ပြန်ထမြောက်ခြင်းနှင့် တက်ကြွခြင်းပြီးနောက်၊ သူတို့၏ ဝိညာဉ်ရေးရာအခြေအနေသည် အခြေအမြစ်မှစ၍ ပြောင်းလဲခဲ့သည်။ သူတို့၏ အလယ်တွင် ငြင်းခုံမှုများမရှိတော့ဘဲ၊ သူတို့သည် စီမံကိန်းဆိုင်ရာသွန်းလောင်းခဲ့သော တန်ခိုး၏ ဝိညာဉ်တော်ကို လက်ခံရရှိမည့်အချိန်ဖြစ်သော ပင်တေကုတ္တေနေ့မတိုင်ခင်ကပင်၊ တညီတညွတ်တည်းဖြင့် အစဉ်ကြိုးစား၍ ဆုတောင်းရန်ဝန်တာရှိခဲ့ကြသည် (တ၊ ၂)။ (တ၊၁း၁၄ မှတ်စု၊၁)

ဘုရားသခင်သည် သူ၏ ဓမ္မသစ်စီမံကိန်းကို သယ်ဆောင်ခြင်းအတွက် သူ၏ ဝိညာဉ်တော်ကို သွန်းလောင်းရန်အလိုတော်ရှိခဲ့ပြီး၊ ထိုအရာကို လုပ်ဆောင်ရန် ကတိပြုခဲ့သည်။ သို့သော်လည်း ကိုယ်တော်သည် ဤအရာအတွက် ဆုတောင်းရန် သူ၏ ရွေးချယ်ခံလူများကို လိုအပ်နေသေးသည်။ ကောင်းကင်ဘုံ၌ရှိသော ဘုရားသခင်အဖြစ် ကိုယ်တော်သည် သူ၏ အကြံအစည်တော်ကိုသယ်ဆောင်ရန် သူနှင့်အတူ ပူးပေါင်းလုပ်ဆောင်မည့် မြေကြီးပေါ် ရှိလူများကို လိုအပ်သည်။ တစ်ရာ့နှစ်ဆယ်ရှိသောတပည့်တော်များ၏ ဆယ်ရက်ပတ်လုံးဆုတောင်းခြင်းသည် ဘုရားသခင်၏ ဤလိုအပ်ချက်ကို ပြည့်စုံစေသည်။ (မှတ်စု၊၃)

တ၊၁၃ ယေရုရှလင်မြို့၌ရှိသော အထက်ခန်းအကြောင်းကိုပြောဆိုထားသည်။ ထိုအထက်ခန်း၌ တစ်ရာ့နှစ်ဆယ်ရှိသောလူစုတစ်စုသည် တညီတညွတ်တည်းဖြင့် ဆယ်ရက်တိတိဆုတောင်းခဲ့ကြသည်။ သူတို့သည် ဆုတောင်းရုံသာမကဘဲ၊ မိမိတို့ကိုယ်ကို သခင်ဘုရား

ထံသို့ ဆက်ကပ်အပ်နှံကာ၊ မိမိတို့ကိုယ်ကို ကိုယ်တော်ထံသို့ အလွန်စစ်မှန်ခြင်းနှင့် လက်တွေ့ကျသောနည်းလမ်း၌ ပူဇော်ခဲ့ကြလေသည်။

အထက်ခန်း၌ရှိစဉ် ဆယ်ရက်အတောအတွင်းတွင် သူတို့သည် ဘိုးဘေးများ၏ ဘာသာတရား၊ သူတို့၏တိုင်းပြည်၊ အိမ်နီးနားချင်းများ၊ သူငယ်ချင်းများနှင့် အဆက်အသွယ်များ၊ ဆွေမျိုးသားချင်းများ၊ မိသားစုများနှင့် သူတို့၏ အသက်တာစသည်ဖြင့် မည်သို့သောအဖိုးအခကိုမဆိုပေးကာ၊ အရာအားလုံးကို လက်တွေ့ကျသောနည်းလမ်း၌ ဆက်ကပ်အပ်နှံခဲ့ကြသည်။ သူတို့ဂရုစိုက်သည့် တစ်ခုတည်းသောအရာမှာ ကောင်းကင်ဆိုင်ရာရူပါရုံသာဖြစ်သည်။ သူတို့၏ဖြစ်ခြင်းတစ်ခုလုံးမှာ ကောင်းကင်ဆိုင်ရာရူပါရုံအားဖြင့်ချည်နှောင်ခြင်းခံရကာ၊ ကောင်းကင်ဆိုင်ရာရူပါရုံနှင့် အတူတကွရှိနေခဲ့ကြသည်။ ဤသည်မှာ ယနေ့ ကျွန်ုပ်တို့လိုအပ်သော ဆက်ကပ်အပ်နှံခြင်းအမျိုးအစားဖြစ်သည်။

သခင်ယေရှုသည် မြေကြီးပေါ်တွင်ရှိစဉ်အခါက၊ ကြီးမားသောလူအုပ်ကြီးသည် ကိုယ်တော့်နောက်သို့ လိုက်ခဲ့ကြသည်။ များစွာသောလူတို့မှာ ကယ်တင်ခြင်းခံရ၍၊ ရောဂါပျောက်ကင်းသက်သာကြရပြီး၊ လူများစွာတို့သည် ဘုရားသခင်၏ ကူညီမစမှုကို လက်ခံရရှိကြသည်။ မည်သို့ပင်ဖြစ်စေ၊ အဆုံးတွင် လူပေါင်းတစ်ရာ့နှစ်ဆယ်သာလျှင် အထက်ခန်း၌ရှိနေခဲ့ကြသည်။ သခင်ဘုရား၏လှုပ်ရှားမှုသည် စိတ်နှလုံး၌ထိတွေ့၍၊ မျက်စိဖွင့်သော၊ အထက်ခန်း၌ရှိနေကြသောသူတို့နှင့် အတူရှိနေသည်။ ဤသေးငယ်သောအရေအတွက်သည် လောင်ကျွမ်းခြင်းခံရန် အထက်ခန်းသို့လာခဲ့ပြီးနောက်၊ လောကတစ်ခုလုံးကို ဇောက်ထိုးပြောင်းပြန်လှန်ခဲ့ကြသည်။ ယနေ့သည်လည်း ထိုအလေ့အလာအတိုင်းဖြစ်သည်။ သေးငယ်လှသော အရေအတွက်သည် လောကကို ပြောင်းပြန်လှည့်ပြီး၊ ခေတ်ကို ပြောင်းလဲစေလိမ့်မည်ဖြစ်သည်။ (*The Heavenly Vision*, pp. 59, 61, 64)

*ပို၍ဖတ်ရန် – The Practical and Organic Building Up of the Church,ch.*9; *The Heavenly Vision,* ch.6

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––

## *နံနက်ခင်းကျွေးမွေးခြင်း*

**ဧ၊၆း ၁၇–၁၉** **ကယ်တင်ခြင်းတည်းဟူသော သံခမောက်လုံးကိုလည်းကောင်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်တည်းဟူသော ဝိညာဉ်တော်၏သန်လျက်ဓါးကိုလည်းကောင်း၊ အမျိုးမျိုးသောဆုတောင်းခြင်းနှင့် အသနားခံတောင်းလျှောက်ခြင်းတို့ဖြင့် လက်ခံရယူ၍၊ အချိန်တိုင်း ဝိညာဉ်၌ဆုတောင်းလျက်၊ သန့်ရှင်းသူအပေါင်းတို့အဖို့ ဇွဲလုံ့လရှိစွာနှင့် အသနားခံတောင်းလျှောက်ခြင်း၌ စောင့်ကြည့်နေကြလော့။ ငါ့အဖို့လည်း၊ ဧဝံဂေလိတရား၏နက်နဲခြင်းကို ရဲရင့်ခြင်းဖြင့် ဖော်ပြခြင်းငှါ၊ ငါ၏နှုတ်ကိုဖွင့်၍ မြွက်ဆိုခြင်းကိုပေးပါမည့်အကြောင်းကိုလည်းကောင်း၊**

ကျွန်ုပ်တို့သည် အလုပ်အတွက်သာ အလေးထားပြီး၊ ဝိညာဉ်ရေးရာစစ်ပွဲကို အလေးမထားကြပါဟု ကျွန်ုပ်ခံစားမိသည်။ အထူးသဖြင့် ကျွန်ုပ်တို့သည် ဆုတောင်းခြင်း၌အလေးမထားကြခြင်း ဖြစ်သည်။ ထို့ကြောင့် ရန်သူ၏တိုက်ခိုက်ခြင်းကို ကျွန်ုပ်ခံစားမိသည်။ ဆုတောင်းရန်အသစ်သောနည်းလမ်းကို ဆန့်ကျင်မည့်သူအချို့ကို ရန်သူသည် လှုံ့ဆော်ခဲ့သည်။ ဤအကြောင်းကြောင့် ကျွန်ုပ်တို့အားလုံးသည် ဂရုစိုက်စောင့်ကြည့်ရမည်ဖြစ်ကြောင်း ကျွန်ုပ်၏ဝိညာဉ်၌ အာရုံပြုခံစားရသည်။ ကျွန်ုပ်တို့သည် သခင်ဘုရား၏ အလုပ်၌ မအားမလပ်ဖြစ်သောအခါ၊ ကျွန်ုပ်တို့သည် ဝိညာဉ်ရေးရာစစ်ပွဲတွင် ပါဝင်နေခြင်းဖြစ်ကြောင်း နားလည်သဘောပေါက်ရပေမည်။

စစ်ပွဲတွင် အဓိကလိုအပ်ချက်မှာ ရန်သူလုပ်ဆောင်နေသောအရာနှင့် လုပ်ဆောင်ရန်ရည်ရွယ်သောအရာကို သိရှိခြင်းအလို့ငှာ ဂရုစိုက်စောင့်ကြည့်ရန်နှင့် နိုးကြားသတိရှိရန်ဖြစ်သည်။ ရန်သူသည် ပါးနပ်ပြီး၊ လျှို့ဝှက်သောနည်းလမ်းဖြင့် အကြောင်းအရာများကိုအမြဲလုပ်ဆောင်လေ့ရှိသည်။ လုပ်ဖော်ဆောင်ဖက်များ၊ အသက်ကြီးသူများနှင့် အချိန်ပြည့်အမှုဆောင်သူများသည် စုပေါင်းခြင်းဖြင့် ကိုယ်တော်ရှေ့တော်တွင် ဆုတောင်းဖို့များစွာအချိန်ယူရန် သခင်ဘုရားထံမှ ဝန်တာကိုရရှိလိမ့်မည်ဟု ကျွန်ုပ်မျှော်လင့်ပါသည်။ *(Crucial Words of Leading in the Lord's Recovery, Book 1: The Vision and Definite Steps for the Practice of the NewWay,* p. 251)

## *ယနေ့ဖတ်စရာ*

လုပ်ဖော်ဆောင်ဖက်များနှင့် အသက်ကြီးသူများသည် အတူတကွ တွေ့ဆုံကြသောအခါ၊ ဆုတောင်းခြင်းများကင်းမဲ့ပြီး၊ လေးနက်မှုမရှိသော ဆုတောင်းခြင်းများဖြစ်နေ

မည်ကိုလည်း စိုးရိမ်မိပါသည်။ ဤအကြောင်းကြောင့် များမကြာမီက ကျွန်ုပ်၏ စိတ်နှလုံးတွင် လေးလံသောဝန်ကို မကြာခဏ ခံစားမိသည်။ ကျွန်ုပ်၏ ဝိညာဉ်အတွင်းတွင် နက်နဲစွာ အာရုံပြုခံစားမိခြင်းမှာ နောက်ကွယ်တွင် မှောင်မိုက်တန်ခိုး၏ တိုက်ခိုက်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ဤအရာကို လျစ်လျူရှုခဲ့ကြသည်။ အချို့သည် တန်ပြန်ဆုတောင်းခြင်းများဖြင့် ဆုတောင်းနေကြသည်ဟု ကျွန်ုပ်ယုံကြည်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့သယ်ဆောင်နေသောအလုပ်၊ အသင်းတော်နှင့် ကျွန်ုပ်၏ ဦးဆောင်ခြင်းကို ဆန့်ကျင်ရန် ဦးတည်နေသော ဆုတောင်းခြင်းများကို ခုခံဖို့ သခင်ဘုရားကို မေးမြန်းရမည်ဖြစ်သည်။ သခင်ဘုရားသည် ရန်သူအား ဖျက်ဆီးခြင်းအခွင့်နေရာတစ်ခုကိုမျှ မပေးပါရန် ကျွန်ုပ်တို့ကို ကာကွယ်ပေးပါစေသော။

ကျွန်ုပ်တို့သည် ဘုရားသခင်၏ အလုပ်၌ ကံကောင်းသောအရာများမရှိကြောင်း၊ လှံ့လစိုက်ထုတ်ခြင်းမပါဘဲ ရရှိသောအရာများမရှိကြောင်းကို စွဲမှတ်ရန် လိုအပ်သည်။ ထို့အပြင် ကျွန်ုပ်တို့သည် လုပ်ဆောင်မှုနှင့် ကြိုးပမ်းအားထုတ်မှုရှိပါက၊ အောင်မြင်လိမ့်မည်ဟု အာမခံချက်လည်း မရှိပါ။ ကျွန်ုပ်တို့သည် ဝိညာဉ်ရေးရာစစ်ပွဲ၌ ပါဝင်နေခြင်းဖြစ်ကြောင်း နားလည်သဘောပေါက်ရပေမည်။ ကျွန်ုပ်တို့လုပ်ဆောင်သော အရာခပ်သိမ်းနှင့် ကျွန်ုပ်တို့လျှောက်လှမ်းမှုတိုင်း၌ ဂရုစိုက်စောင့်ကြည့်ပြီး၊ တိုက်ပွဲဝင်နေရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဆုတောင်းခြင်းအားဖြင့် အပြင်းအထန်ကြိုးပမ်းရန်၊ တိုက်ပွဲဝင်ရန်နှင့် အရာခပ်သိမ်းကို ရယူရန် လိုအပ်သည်။ *Hymns, # E- 892* ၏ နောက်ဆုံးစာကြောင်းတွင် "ဘုရား၏ကြံစည်တော်ကို သစ္စာရှိစွာ ပြည့်စုံစေရန်၊ ကျွန်ုပ်တို့လုပ်ဆောင်သင့်၊ လုပ်ရမည်၊ လုပ်နိုင်မည်၊ လုပ်လိမ့်မည်"ဟု ပြောဆိုထားသည်။ ဤအရာသည် ကျွန်ုပ်တို့၏ သဘောထားဖြစ်ရပေမည်။ ကျွန်ုပ်တို့သည် မှောင်မိုက်တန်ခိုး၏ လိမ်ညာခြင်းများကို နားမထောင်သင့်ဘဲ၊ ၎င်းအစား စွဲမြဲသောယုံကြည်ခြင်း၌ ဘုရားသခင်ထံ ဆုတောင်းခြင်းများကို ဆက်ကပ်ပူဇော်ရမည်ဖြစ်သည်။

ကျွန်ုပ်တို့သည် အတူတကွ ဆုတောင်းကြသောအခါတိုင်း၊ လူတိုင်းသည် တစ်ယောက်ပြီးတစ်ယောက် ဆုတောင်းကြလိမ့်မည်ဟု ကျွန်ုပ်မျှော်လင့်ပါသည်။ ကျွန်ုပ်တို့၏ ဆုတောင်းခြင်းများသည် ကျယ်လောင်ခြင်း သို့မဟုတ် ရှည်လျားခြင်းမရှိသင့်ပေ။ ဆုတောင်းချက်များသည် တိုတောင်းပြီး ရှင်သန်ရပေမည်၊ တစ်ယောက်ပြီး တစ်ယောက် ဆက်ဆုတောင်းရပေမည်၊ သို့မှသာ ဆုတောင်းချက်များအားလုံးသည် သန်စွမ်းကာ၊ တန်ခိုးနှင့်ပြည့်ဝသော ဆုတောင်းချက်တစ်ခုအဖြစ် အတူတကွ ပေါင်းစည်းနိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘက်စကက်ဘောကစားပါက၊ ဘောလုံးကို မည်သို့လှမ်းပေးရမည်၊

ဖမ်းရမည်ကို သိနေသကဲ့သို့၊ ကျွန်ုပ်တို့ဆုတောင်းရပေမည်။ ကျွန်ုပ်တို့၏ ဆုတောင်းခြင်းများသည် ဘုရားသခင်၏ စံချိန်စံနှုန်းနှင့် လိုအပ်ချက်ကို ဖြည့်ဆည်းပေးပြီး၊ ကိုယ်တော်၏ အလိုဆန္ဒအတိုင်းဖြစ်လိမ့်မည်ဟု ကျွန်ုပ်မျှော်လင့်ပါသည်။

သခင်ဘုရား၊ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်တိုင်နှင့် ကိုယ်တော်၏ အလုပ်၊ ကိုယ်တော်၏ ပြန်လည်ရယူခြင်း၊ ကိုယ်တော်၏ အသင်းတော်နှင့် ကိုယ်တော့်နည်းလမ်းသစ်၏ လက်တွေ့လုပ်ဆောင်မှုခြေလှမ်းများအားလုံးကို ကိုယ်တော်၌၊ ကိုယ်တော်၏ ဖိုးထိုက်သောအသွေးတော်၏ ဖုံးအုပ်ပေးခြင်းအောက်၌ ပုန်းခိုပါသည်။ ကျွန်ုပ်တို့ကို ကိုယ်တော်၏ ဖိုးထိုက်သောအသွေးတော်ဖြင့် ပတ်လည်ဝန်းရံလျက်၊ မှောင်မိုက်တန်ခိုးသည် ကျွန်ုပ်တို့အပေါ် ကျော်ဖြတ်ခြင်းကို အခွင့်မပေးပါရန် ကိုယ်တော်အား တောင်းလျှောက်ပါသည်။ သခင်ဘုရား၊ များစွာနည်းလမ်းတို့ဖြင့် ကျွန်ုပ်တို့ကို လွှမ်းခြုံတော်မူပါ။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ အခွင့်အာဏာနှင့်ဆိုင်သောပလ္လင်တော်ကို တိုးဝင်ထိတွေ့ကာ၊ တန်ပြန်ဆုတောင်းခြင်းများအားလုံးကို ဆန့်ကျင်တိုက်ခိုက်နေကြပါသည်။ အကယ်၍ ကျွန်ုပ်တို့ကို ကိုယ်တော်၏ ရှေ့တော်တွင် ဆန့်ကျင်သောသူအချို့ရှိပါက၊ သူတို့သည် ကျွန်ုပ်တို့ကို ဆန့်ကျင်နေခြင်းမဟုတ်ဘဲ၊ ကိုယ်တော်၏ အသစ်သောလမ်းနှင့် အလုပ်ကို ဆန့်ကျင်နေခြင်းဖြစ်ပါသည်။ သခင်ဘုရား၊ တန်ပြန်ဆုတောင်းခြင်းများအားလုံးကို ဆန့်ကျင်ရန်၊ ရန်သူကိုခုခံရန်နှင့် ကျွန်ုပ်တို့အတွက် တိုက်ခိုက်ရန် ကိုယ်တော့်ကို ကျွန်ုပ်တို့မေးမြန်းပါသည်။ ကျွန်ုပ်တို့သည် စစ်ပွဲကိုတိုက်ခိုက်ရန် ဤနေရာတွင် ရှိနေသောကြောင့်၊ ကျွန်ုပ်တို့ကို အတွင်းငြိမ်သက်ခြင်း ပေးသနားတော်မူပါရန် တောင်းလျှောက်ပါသည်။ သို့မှသာ ကျွန်ုပ်တို့သည် ကိုယ်တော်၏ တိုက်ခိုက်ခြင်းကို မွေ့လျော်ဝမ်းမြောက်ပြီး၊ ကိုယ်တော်၏ တိုက်ခိုက်ခြင်း၌ နားခိုနိုင်မည်ဖြစ်သည်။ *(Crucial Words of Leading in the Lord's Recovery, Book 1: The Vision and Definite Steps for the Practice of the NewWay,* pp. 251-255)

*ပို၍ဖတ်ရန် – Crucial Words of Leading in the Lord's Recovery, Book 1: The Vision and Definite Steps for the Practice of the NewWay,* chs. 13-14

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

# နံနက်ခင်းကျွေးမွေးခြင်း

**ဗျာ၊ တစ်ဖန် ကျောက်သလင်းကဲ့သို့ ကြည်လင်၍၊ ဘုရားသခင်နှင့် သိုးသူ**
**၂၂း၁ ငယ်၏ပလ္လင်တော်ထဲကထွက်သော အသက်ရေစီးရာမြစ်သည် မြို့**
**လမ်းမအလယ်တစ်လျှောက် စီးဆင်းသည်ကို ထိုသူသည် ငါ့အား**
**ပြလေ၏။**

**ယော၊ ငါပေးသောရေကို သောက်သောသူမူကား၊ ရေငတ်ခြင်းနှင့် အစဉ်မ**
**၄း၁၄ ပြတ်ကင်းလွတ်လိမ့်မည်။ ငါပေးသောရေသည် ထိုသူ၌ ထာဝရအသက်**
**အထဲသို့ထွက်သော စမ်းရေတွင်းဖြစ်လိမ့်မည်ဟု မိန့်တော်မူ၏။**

သခင်ဘုရားက “ငါ့ခမည်းတော်သည် ယခုတိုင်အောင် အလုပ်လုပ်တော်မူသည်ဖြစ်၍၊ ငါသည်လည်း အလုပ်လုပ်၏”ဟု ပြောဆိုခဲ့သည် (ယော၊၅း၁၇)။ ဤအရာက စာတန်နှင့် ကျဆင်းခဲ့သောလူ၏ ပုန်ကန်ခြင်းကြောင့်၊ ဘုရားသခင်သည် ယခုတိုင်အောင် အလုပ်လုပ်ခြင်းဖြစ်ပြီး၊ သခင်ဘုရားသည်လည်း အလုပ်လုပ်ခြင်းဖြစ်သည်။ တမန်တော်ဝတ္ထုသည် ဘုရားသခင့်အလုပ်၏ မှတ်တမ်းဖြစ်ပြီး၊ ၎င်းသည် ပြီးဆုံးခြင်းမရှိပေ။ အခန်းကြီးနှစ်ဆယ့်ရှစ်ပြီးနောက်၊ ဘုရားသခင်၏ များစွာသော အသုံးခံများသည် ကိုယ်တော်၏ အလုပ်ကို သယ်ဆောင်နေဆဲဖြစ်သည်။ ကိုယ်တော်၏ အလုပ်ကို ဆက်လက်လုပ်ဆောင်နေပြီး၊ ရပ်တန့်ခြင်းမရှိပေ။ ဘုရားသခင်၏ သက်သေခံချက်သည် ဘယ်သောအခါမျှ ပြီးဆုံးနိုင်ခြင်းမရှိပေ။ ဤစာစောင်သည် အခန်းနှစ်ဆယ့်ကိုး သို့မဟုတ် သုံးဆယ် သို့မဟုတ် အခန်းတစ်ရာရှိပင်လျှင်၊ ကျွန်ုပ်တို့သည် တူညီသောအရာကိုသာပြောဆိုနိုင်ပေမည်။ အခန်းကြီးနှစ်ဆယ့်ရှစ်ပြီးနောက်၊ ရေးသားခြင်းမှတ်တမ်း ဆက်၍မရှိသော်လည်း၊ ဘုရားသခင်၏ အလုပ်သည် ဆက်လက်သွားနေခြင်းဖြစ်သည်။ ပထမရာစု၌ရှိသော အလုပ်သည် အထွတ်အထိပ် မဟုတ်ခဲ့ပေ။ နှစ်ပေါင်းလေးထောင်မျှ ဘုရားသခင်သည် အလုပ်လုပ်နေဆဲဖြစ်သည်။ ဘုရားသခင်၏ အလုပ်သည် ပေါလု၏ အချိန်တွင် အထွတ်အထိပ်ရောက်ရှိခဲ့သည်ဟု ကျွန်ုပ်တို့မယူဆသင့်ပြီး၊ မာတင်လုသာ၏ အချိန်တွင်လည်း အထွတ်အထိပ်ရောက်ရှိခဲ့သည်ဟု မစဉ်းစားသင့်ပေ။ ပထမရာစုသည် ဘုရားသခင့်အလုပ်၏ အဆုံးသတ်မဟုတ်သကဲ့သို့၊ တစ်ဆယ့်ခြောက်ရာစုသည်လည်း ဘုရားသခင့်အလုပ်၏ အဆုံးသတ်မဟုတ်ခဲ့ပါ။ နောက်ဆုံးရာစုနှစ်ပင်လျှင် ဘုရားသခင့်အလုပ်၏ အဆုံးသတ်မဟုတ်ခဲ့ပေ။ ကိုယ်တော်၏ အလုပ်သည် နိုင်ငံတော်တိုင်အောင်၊ ကောင်း

ကင်သစ်နှင့် မြေကြီးသစ်အထိတိုင်အောင် ဆက်လက်သွားလိမ့်မည်ဖြစ်သည်။ ဘုရားသခင်သည် အစဉ်အမြဲတိုးတက်နေပြီး၊ ဘယ်သောအခါမျှ ရပ်တန့်ခြင်းမရှိပေ။ ကျွန်ုပ်တို့သည် ဤအရာကို သိရှိပြီး၊ ဤအရာ၌ ယုံကြည်ပါက၊ ကျွန်ုပ်တို့၏ သခင်ဘုရားကို ချီးမွမ်းကြလိမ့်မည်ဖြစ်သည်။ *(The Collected Works of Watchman Nee,* vol. 37, pp. 121-122)

## ယနေ့ဖတ်စရာ

ဤစမ်းချောင်းသည် ဘုရားသခင့်အလုပ်၏ စမ်းချောင်းလည်းဖြစ်သည်။ စမ်းချောင်းစီးဆင်းသောနေရာတွင်၊ ဘုရားသခင်၏ အလုပ်ရှိသည်။ တမန်တော်ဝတ္ထုသည် ဘုရားသခင်၏ အလုပ်အကြောင်းကို ကျွန်ုပ်တို့အား ပြောဆိုခြင်းဖြစ်ကြောင်း ဤစာစောင်တွင် ရှင်းလင်းစွာ မြင်ရသည်။ ဘုရားသခင်၏ အလုပ်မှာ မည်သို့သောအမျိုးအစားနည်း။ ယင်းမှာ အသက်ရေ၏ စမ်းချောင်း၌ရှိသောအလုပ်ဖြစ်သည်။ အသက်ရေ၏ စမ်းချောင်းစီးဆင်းသောနေရာတွင်၊ ဘုရားသခင်၏ အလုပ်ရှိသည်။ ဘုရားသခင်သည် ဘုရားဆိုင်ရာအသက်၏ စမ်းချောင်းစီးဆင်းခြင်းတစ်လျှောက် အလုပ်လုပ်နေသည်။ သင်သည် တမန်တော်ဝတ္ထု၏ မှတ်တမ်းတစ်ခုလုံးကို စဉ်းစားဆင်ခြင်ကြည့်ပါက၊ ရုပ်ပုံကားချပ်ကို ရှင်းလင်းစွာ မြင်တွေ့ရပေမည်။ ပင်တေကုတ္တေနေ့တွင် ပလ္လင်တော်မှ အုပ်စိုးခြင်းတန်ခိုးနှင့်အတူ ခရစ်တော်၌ရှိသော ဘုရားသခင်ကိုယ်တော်တိုင်မှ ဤဘုရားဆိုင်ရာအသက်စမ်းချောင်းသည် စီးဆင်းလာခဲ့ခြင်းဖြစ်သည်။ ယင်းသည် ယေရုရှလင်မြို့မှ အစပြုကာ စီးဆင်းခဲ့သည်။ ထိုနေရာမှ အန္တိအုတ်မြို့သို့ စီးဆင်းကာ အန္တိအုတ်မြို့မှ အနောက်ဘက်သို့ စီးဆင်းသွားခဲ့သည်၊ ၎င်းသည် အာရှပြည်သို့ စီးဆင်းခဲ့ပြီး၊ အာရှပြည်မှတစ်ဆင့် မာကေဒေါနိပြည်၊ ဥရောပသို့ စီးဆင်းခဲ့သည်။ ဤနေရာ၌ ဘုရားဆိုင်ရာအသက်၏ စမ်းချောင်းစီးဆင်းခြင်းရုပ်ပုံကားချပ်ကို မြင်ရပြီး၊ ဤစမ်းချောင်း၏ စီးဆင်းခြင်းနှင့်အတူ ဘုရားသခင်၏ အလုပ်လည်းရှိနေသည်။ စီးဆင်းခြင်းအားဖြင့် ဘုရားသခင်လုပ်ဆောင်သည်၊ စီးဆင်းခြင်းအားဖြင့် ဘုရားသခင်သည် ဧဝံဂေလိတရားကို ဟောပြောသည်၊ စီးဆင်းခြင်းအားဖြင့် ဘုရားသခင်သည် လူများကို ကယ်တင်ခြင်းသို့ ခေါ်ဆောင်ခဲ့သည်။ အလုပ်၏ စမ်းချောင်း သို့မဟုတ် စီးဆင်းခြင်းဟု ကျွန်ုပ်တို့ခေါ်ဆိုနိုင်သောစမ်းချောင်းတစ်ခုရှိနေသည်။ ၎င်းစီးဆင်းသောနေရာတိုင်းတွင် ဘုရားသခင်၏ အလုပ်လည်း ရှိနေသည်။

တမန်တော်ဝတ္ထုသည် အဆုံးမရှိ၊ နိဂုံးမရှိသည်ကို ဂရုပြုကြရမည်။ ၎င်းသည် အခန်းကြီးနှစ်ဆယ့်ရှစ်အထိရှိသော်လည်း၊ ယနေ့ ကောင်းကင်ဘုံရှိ တမန်တော်ဝတ္ထုတွင် အခန်းပေါင်းတစ်ရာ့နှစ်ဆယ့်ရှစ်ခန်း ရှိကောင်းရှိပေမည်။ ကျွန်ုပ်တို့၏ သမ္မာကျမ်းစာရှိ အခန်းကြီးနှစ်ဆယ့်ရှစ်ခန်းသည် သမိုင်း၏ နှစ်ခြောက်ဆယ် သို့မဟုတ် ခုနစ်ဆယ်မှတ်တမ်းမျှသာ ဖြစ်သည်။ ၎င်းသည် ဖွင့်ထားလျက်ရှိပြီး၊ ပိတ်ထားခြင်းနှင့် နိဂုံးတို့ မရှိပေ။ အကြောင်းမှာ အသက်၏ စမ်းချောင်းသည် စီးဆင်းလျက်ရှိပြီး၊ ဘယ်သောအခါမျှ စီးဆင်းခြင်း မရပ်တန့်ပေ။ အသင်းတော်၏ သမိုင်းက ဤစမ်းချောင်းသည် မျိုးနွယ်တစ်ဆက်မှ နောက်တစ်ဆက်ထိ ယနေ့တိုင်အောင် ဆက်လက်စီးဆင်းကာ၊ စီးဆင်းမြဲစီးဆင်းနေကြောင်း ပြသသည်။ ၎င်းစီးဆင်းသောနေရာတိုင်းတွင်၊ ဘုရားသခင်၏ အသက်၊ ကိုယ်ခန္ဓာတော်၏ မိတ်သဟာယ၊ ယေရှု၏ သက်သေခံချက်နှင့် ဘုရားသခင်၏ အလုပ်ရှိသည်။ ၎င်းသည် အသက်၏ စမ်းချောင်း၊ မိတ်သဟာယ၏ စမ်းချောင်း၊ သက်သေခံချက်၏ စမ်းချောင်းနှင့် ဘုရားသခင့်အလုပ်၏ စမ်းချောင်းဖြစ်သည်။ *(The Divine Stream*, pp. 6-7)

*ပို၍ဖတ်ရန် – The Collected Works of Watchman Nee*, vol. 37, ch. 20; *The Divine Stream*

***အလင်းဖွင့်ပြခံရခြင်းနှင့် နှိုးဆော်ခံရခြင်း***

## နံနက်ခင်းကျွေးမွေးခြင်း

**ယေဇ၊ ထို့နောက်မှ အိမ်တော်တံခါးသို့ တစ်ဖန် ငါ့ကိုဆောင်ခဲ့၍၊ တံခါးခုံ**
**၄၇း၁ အောက်မှ အရှေ့ဘက်သို့ထွက်သောရေကို ငါမြင်၏။ အိမ်တော်ဦး**
**သည် အရှေ့သို့ မျက်နှာပြု၍ ရေသည် အိမ်တော်တံခါးခုံ လက်ယာ**
**အောက် ယဇ်ပလ္လင်တော် တောင်ဘက်မှ စီးသွားလေ၏။**
**မ၊ အကြောင်းမူကား၊ ငါ့ထမ်းပိုးသည် ထမ်းလွယ်၏။ ငါ့ဝန်လည်း ပေါ့**
**၁၁း၃၀ ၏ဟု မိန့်တော်မူ၏။**

ဘုရားအသက်၏ စီးဆင်းခြင်းသည် ပင်တေကုတ္တေနေ့တွင် စတင်ခဲ့ပြီး၊ ထိုနေ့မှ စ၍ မျိုးနွယ်စဉ်ဆက်တစ်လျှောက် စီးဆင်းခဲ့ကာ၊ တစ်ခုတည်းသောစမ်းချောင်းသာ ဖြစ်သည်။ ထိုစမ်းချောင်းသွားသောနေရာတိုင်း၊ စီးဆင်းသောနေရာတိုင်းတွင် များစွာသော စမ်းချောင်းများမရှိဘဲ၊ တစ်ခုတည်းသာရှိသည်။ ထိုစမ်းချောင်းသည် ယေရုရှလင်မြို့မှ စတင်ခဲ့ပြီး၊ အန္တိအုတ်မြို့သို့စီးဆင်းကာ၊ အန္တိအုတ်မှ အာရှိပြည်သို့လှည့်ပြန်၍၊ ထိုနေရာတွင် စီးဆင်းခဲ့သည်။ ထို့နောက် တစ်နေ့တွင် သခင်ဘုရားသည် စမ်းချောင်းကို ဥရောပအထဲသို့၊ မာကေဒေါနိပြည်သို့ စီးဆင်းသွားစေလိုသော်လည်း၊ စမ်းချောင်း၏ စီးဆင်းခြင်း၌ လုပ်ဆောင်နေသော တမန်တော်သည် ထိုအရာကို ရှင်းလင်းမှုမရှိခဲ့ပေ။ သို့သော် နောက်ဆုံးတွင် သူသည် စီးဆင်းခြင်းမှာ အာရှိပြည်မှ ဥရောပသို့ စီးဆင်းခြင်းကို ရှင်းလင်းလာပြီး၊ သူသည် ထိုစီးဆင်းခြင်းနှင့်အတူရှိခဲ့သည်။ မာကေဒေါနိပြည်မှနေ၍ စမ်းချောင်းသည် ၎င်း၏ လမ်းကြောင်းအတိုင်း ကောရိန္တု၊ ရောမ၊ စပိန်နှင့် ဥရောပအနှံ့ အပြားကို ရောက်ရှိခဲ့သည်။ သမိုင်းက ကျွန်ုပ်တို့အား စမ်းချောင်းသည် ဥရောပမှနေ၍ အနောက်ဘက်သို့၊ အမေရိကားသို့ စီးဆင်းခဲ့ကာ၊ အနောက်ဘက်မှနေ၍ အရှေ့ဘက်နှင့် တောင်ဘက်သို့ စီးဆင်းခဲ့ကြောင်း ပြောပြသည်။ အသင်းတော်၏ သမိုင်းကိုဖတ်ရှုရာတွင် ထိုစီးဆင်းနေသောစမ်းချောင်းသည် ဘယ်သောအခါမျှ မရပ်တန့်ကြောင်း တွေ့ရှိရပြီး၊ ထိုစမ်းချောင်းစီးဆင်းသောနေရာတိုင်းတွင်၊ ၎င်းသည် တစ်ခုတည်းသာရှိကြောင်း သတိပြုမိပေသည်။ ၎င်းသည် ယေရုရှလင်၌ တစ်ခုတည်း၊ အန္တိအုတ်၌ တစ်ခုတည်း၊ အာရှိပြည်၌ တစ်ခုတည်း၊ ဥရောပ၌ တစ်ခုတည်းနှင့် ၎င်းစီးဆင်းသောနေရာတိုင်း၌ တစ်ခုတည်းသာဖြစ်သည်။ စမ်းချောင်းနှစ်ခုမရှိကြောင်းကို ရှင်းလင်းစေလိုပါသည်။ တစ်ခုတည်းသောစမ်းချောင်းသာရှိပြီး၊ သင်သည် ဤတစ်ခုတည်းသောစမ်းချောင်း၌ မိမိတို့ကိုယ်ကို စောင့်ထိန်းထားရမည်ဖြစ်သည်။ *(The Divine Stream,* pp. 12-13)

## ယနေ့ဖတ်စရာ

အသင်းတော်၏ သမိုင်းကို ဂရုတစိုက် သင်လေ့လာကြည့်ပါက၊ မျိုးနွယ်စဉ်ဆက်တစ်လျှောက်လုံးတွင် သန့်ရှင်းသောဝိညာဉ်တော်၏ တစ်ခုတည်းသောစမ်းချောင်းသည် အချိန်တိုင်းစီးဆင်းနေကြောင်း တွေ့ရှိလိမ့်မည်ဖြစ်သည်။ များစွာသောသူတို့သည် သခင်ဘုရားအတွက် လုပ်ဆောင်နေကြသော်လည်း၊ အားလုံးတို့သည် တစ်ခုတည်းသော စမ်းချောင်း၏ စီးဆင်းခြင်းတွင် မရှိကြပေ။ သင်သည် သခင်ဘုရားထံမှ ဂရုဏာတော်နှင့် ကျေးဇူးတော်ကို လက်ခံရရှိလျှင်၊ ယနေ့ စီးဆင်းနေသောစမ်းချောင်းအထဲသို့ ခေါ်ဆောင်ခံရပေမည်။

တစ်ခါက ညီအစ်ကိုနီးသည် ကျွန်ုပ်ကို "သင်သည် သန့်ရှင်းသောဝိညာဉ်တော်၏ စီးဆင်းသောနေရာကို နားလည်သိရှိပါက၊ ရိုးစင်းစွာပင် ၎င်းနှင့်အတူ စီးဆင်းပါ။ သခင်ဘုရားအတွက် ထိုနေရာတွင် လုပ်ဆောင်ခြင်းသည် သင့်အဖို့ နားခိုခြင်းဖြစ်ပေမည်။ ထိုနေရာသည် သင်လဲလျောင်းနိုင်သောအိပ်ရာ ဖြစ်ပေမည်။ သန့်ရှင်းသောဝိညာဉ်တော်၏ စီးဆင်းခြင်းတွင်ရှိသောအလုပ်သည် ဝန်တာမဟုတ်ဘဲ၊ နားခိုခြင်းဖြစ်သည်"ဟု ပြောဆိုခဲ့သည်။ ဤစကားများသည် ကျွန်ုပ်ကို မည်မျှအကူအညီဖြစ်စေကြောင်း ပြောပြ၍ မနိုင်ပါ။ ထိုအချိန်မှစ၍ ကျွန်ုပ်သည် သန့်ရှင်းသောဝိညာဉ်တော်၏ စီးဆင်းခြင်းစမ်းချောင်းနှင့်အတူ သွားရမည်ဖြစ်ကြောင်းသင်ခန်းစာကို သင်ယူခဲ့သည်။ ကျွန်ုပ်သည် သန့်ရှင်းသောဝိညာဉ်တော်၏ စီးဆင်းခြင်းစမ်းချောင်းမရှိဘဲ၊ သခင်ဘုရားအတွက် လုပ်ဆောင်ရန် သို့မဟုတ် သခင်ဘုရားအတွက် အလုပ်စတင်ရန် မည်သည့်နေရာတစ်ခုမျှ မသွားရောက်နိုင်ပေ။ ကျွန်ုပ်သည် ထိုသို့လုပ်ဆောင်ရန် မတတ်စွမ်းနိုင်ခဲ့ပါ၊ အရည်အချင်းမပြည့်မီခဲ့ပါ၊ သခင်ဘုရားအားဖြင့် ညွှန်ကြားမခံရပါ။ ကျွန်ုပ်ပြုလုပ်ရမည့်အရာမှာ စီးဆင်းခြင်းနှင့်အတူ သွားရန်သာဖြစ်သည်။ *Hymns*, # E- 907 သည် ဤသို့ ပြောဆိုထားသည်– "ကျွန်ုပ်တို့ ရွေးချယ်သောနေရာသို့ မသွား၊ ယေရှုဦးဆောင်သောလမ်းသို့ သွားမည်။ ထိုနေရာတွင် အသက်ရေစီးဆင်းနေ၊ ကျွန်ုပ်တို့၏ မှောင်မိုက်ခြင်းကို နေ့ဆီသို့ ကူးပြောင်းပေး"။ *(The Divine Stream*, pp. 13, 15-16)

တမန်တော်ဝတ္ထုသည် ဘုရားဆိုင်ရာစမ်းချောင်း၊ ဘုရားဆိုင်ရာစီးဆင်းခြင်းကို ကျွန်ုပ်တို့အား ပြသသည်။ ဤစမ်းချောင်းသည် ကောင်းကင်များရှိ ပလ္လင်တော်မှ စီးဆင်းနေခြင်းဖြစ်သည် (ဗျာ၊ ၂၂း၁)။ တမန်တော်ဝတ္ထု၌ ဖြစ်ပေါ်ခဲ့သောအရာသည်

ဗျာ၊ ၂၂ရှိ ရုပ်ပုံကားချပ်နှင့် အတူတူပင်ဖြစ်သည်။ ဘုရားသခင်နှင့် ခရစ်တော်၏ ပလ္လင်တော်၊ သိုးသူငယ်၏ ပလ္လင်တော်မှနေ၍ စီးဆင်းခြင်းသည် စတင်လာပြီး၊ တမန်တော်ဝတ္ထုတွင် ၎င်းသည် ပထမဆုံးနေရာဖြစ်သော၊ ယေရုရှလင်မြို့မှအစပြုကာ ဤကမ္ဘာမြေကြီးသို့ စီးဆင်းခဲ့ခြင်းဖြစ်သည်။ ခရစ်တော်၏ ကိုယ်ခန္ဓာတော်ရှိ အင်္ဂါဝင်များအားလုံးသည် ဤစီးဆင်းခြင်းတွင် ရှိခဲ့ကြသည်။ ဤစီးဆင်းခြင်းသည် တိုးပွားလာသောအခါ၊ သူတို့သည် ဤစီးဆင်းခြင်း၏ စမ်းချောင်း၌ ရိုးစင်းစွာပင် ရွေ့ရှားခဲ့ကြသည်။

တမန်တော်ဝတ္ထုရှိ စီးဆင်းခြင်း၏ အလယ်ဗဟိုကျသောလေးနက်မှုမှာ ရှင်ပြန်ထမြောက်ခြင်းနှင့် တက်ကြွခြင်း၏ အဓိပ္ပာယ်ကို သိရှိသောလူအုပ်စုဖြစ်သည်။ သူတို့သည် မိမိတို့အားဖြင့် အသက်မရှင်ဘဲ၊ သူတို့၏ အသက်တည်းဟူသော ခရစ်တော်အားဖြင့် အသက်ရှင်ကာ၊ အချို့သောနည်းလမ်းများ သို့မဟုတ် နည်းစနစ်များအတိုင်း မဟုတ်ဘဲ၊ သူတို့၏ ခွန်အား၊ တန်ခိုး၊ နည်းစနစ်နှင့် နည်းလမ်းတည်းဟူသော အသက်ရှင်သော ခရစ်တော်အားဖြင့် ပြုမူလုပ်ဆောင်ကြသည်။ သူတို့သည် ကိုယ်ခန္ဓာတော်ဖြစ်ကြောင်း နားလည်သဘောပေါက်ကြပြီး၊ တစ်ခုတည်းသော ဘုရားဆိုင်ရာစမ်းချောင်းတွင် ကိုယ်ခန္ဓာတော်၌၊ ကိုယ်ခန္ဓာတော်အတွက် အမြဲပြုမူလုပ်ဆောင်ကြသည်။ ကျွန်ုပ်တို့အားလုံးသည် မိမိတို့အားဖြင့်မဟုတ်ဘဲ၊ ကိုယ်ခန္ဓာတော်၌၊ ကိုယ်ခန္ဓာတော်အတွက်နှင့် တစ်ခုတည်းသော စီးဆင်းခြင်းတွင်ရှိကာ၊ ရှင်ပြန်ထမြောက်ခြင်း၌ အသက်ရှင်ပြီး၊ တက်ကြွခြင်း၌ လုပ်ဆောင်သောသူများဖြစ်ကြပါစေသော။ *(A General Sketch of the New Testament in the Light of Christ and theChurch,Part 1:The Gospels and the Acts,* pp.91-93)

*ပို၍ဖတ်ရန် – A General Sketch of the New Testament in the Light of Christ and the Church, Part 1:The Gospels and the Acts,* chs. 6-8; *The World Situation and God's Move,* chs. 5, 7

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

***Hymns*, # E-907**

**ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ**